
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

မယဉ်ရက်စရာ

စာမူခွင့်ပြုချက်အမှတ်
၅၁၀၇၂၂၁၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၁၀၀၁၀၀

၂၀၁၀ ခုနှစ်၊ မတ်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

ဆုမြတ်မွန်မွန်
မယဉ်ရက်စရာ/ဆုမြတ်မွန်မွန်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) မယဉ်ရက်စရာ

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# သုမြတ်မွန်မွန်




စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ဩကာသ ... ဩကာသ ... ဩကာသ ... ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးသောကံတို့ဖြင့် ပြစ်မှားမိသည် ရှိသော် ..."

သူ့နားထဲသို့ တိုးဝင်လာသော အမေ့ရဲ့ဘုရားရှိခိုးသံ အကျယ်ကြီးကြောင့် မနက်ငါးနာရီထိုးပြီ ဆိုတာကို သိလိုက်ရသော်လည်း သူက အိပ်ရာမှ မထဖြစ်သေးပါ။ အမေ့ရဲ့စည်းချက်ကျနေသော ဘုရားရှိခိုးသံကို နားထောင်ရင်း နိုးတစ်ဝက်၊ အိပ်တစ်ဝက်ဖြင့် မှေးတေးတေး မှိန်းနေ၊ နှပ်နေရသော အရသာကို သူက အင်မတန် မက်မောလှသည်။ အမေက ဘုရားမရှိခိုးခင် ထမင်းအိုး တည်ခဲ့ကာ၊ အမေ ဘုရားရှိခိုးပြီးတာနဲ့ ထမင်းအိုးကျက်တာနဲ့ အံကိုက်ဖြစ်ပြီး သူ့အတွက် ထမင်းကြော်ပြီးလျှင် လာနှိုးတော့မှာကို သူက ကြိုသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျမှ သူက အိပ်ရာက လူးလဲထ၊ မျက်နှာသစ် သွားတိုက် တစ်ကိုယ်ရေ သန့်ရှင်းရေးကိစ္စ ပြီးတာနှင့် အမေနဲ့အတူတူ နံနက်ခင်းစာကို စားသည်။ ပြီးလျှင် တစ်ကိုယ်ရေ သန့်ရှင်းရေးကိစ္စပြီးတာနှင့် အမေနဲ့အတူတူ နံနက်ခင်းစာကို စားသည်။ ပြီးလျှင် တစ်နေ့တာအတွက် သူ့လုပ်ငန်းခွင်ကို စတင်ပြီဖြစ်သည်။ အမေ့ရဲ့ ဘုရားရှိခိုးသံကျယ်ကျယ်သည် အိပ်ချင်မူးတူး ဖြစ်နေသော သူ့ရဲ့အာရုံထဲတွင် တဖြည်းဖြည်းဝါးသွားကာ ဘယ်လိုလုပ် ပြန်အိပ်ပျော်သွားသလဲတော့ မပြောတတ်။ သူ့ထင်ပါးကို ပုတ်နှိုးသော အမေ့ရဲ့အသံ ကြားတော့မှပင် ပြန်နိုးလာတော့သည်။

"ဟဲ့ ... သား ထတော့လေ၊ ထတော့၊ ငါးနာရီခွဲတော့မယ်"

"ဟုတ် ... အမေ။ ထပြီ ... ထပြီ"

သူက အိပ်ရာထဲမှ လူးလှိမ့်ထလိုက်လျှင် အမေက ထုံးစံအတိုင်း ခြင်ထောင်ကို တင်ပေးကာ စောင်ခေါက်ပေးသည်။ ပြီးတော့မှ မျက်နှာသစ် သွားတိုက်ပြီးကာ မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။ စားပွဲပေါ်တွင် အမေ့လက်ရာ ပဲပြုတ်ထမင်းကြော်က အငွေ့တထောင်းထောင်းနှင့် အမေကိုယ်တိုင် အချိုခြောက်ကိုနှပ်ဖျော်ထားသော လက်ဖက်ရည်တိုင်ကီခွက် တစ်ခွက်တို့က ရှိနေသည်။ သူက၊ ထမင်းကြော်ကို ဇွန်းနဲ့တစ်ချက်မွှေကာ ...



"အမေ ... မနက်ဖြန်ကျရင်တော့ ထမင်းကြော်ကို ကြက်ဥနဲ့ ဝက်အူချောင်းနဲ့ကြော်ဗျာ"

"အေးပါ ... စားချင်ရင် ကြော်ပေးပါ့မယ်၊ နေ့ခင်းရော ထမင်းဗူးထည့်စားဦးမှာလား သား"

သူ့အမေက ထမင်းကြော်ကို အားရပါးရ ဝှေးနေသော သားဖြစ်သူအား ကြင်နာစွာကြည့်လျက် မေးသည်။ ဒီလောကကြီးထဲတွင် ပြေးကြည့်တော့မှ သူတို့သားအမိနှစ်ယောက်တည်းသာ ရှိခြင်းဖြစ်လေရာ သူ့အမေက သူ့ကို အလွန်အင်မတန် တွယ်တာသည်။ အရင်ကတော့ သူ့အဖေ ရှိခဲ့သေးသော်လည်း အဖေ ဆုံးသွားသည်မှာ နှစ်,နှစ်လောက်ပဲ ရှိသေးသည်။ အဖေသည် အစာအိမ်သွေးကြောပေါက်ပြီး ရုတ်တရက် ဆုံးပါးသွားခြင်းဖြစ်လေရာ အဖေ ဆုံးသွားခြင်းကြောင့် သူ့ရဲ့မျှော်လင့်စိတ်ကူးတွေလည်း အားလုံး ပြိုကွဲပျက်စီးခဲ့ရသည်။

သူ့အဖေက Taxi မောင်းသည့်အလုပ်ဖြင့် မိသားစု စားဝတ်နေရေးကို ဦးဆောင်ဖြေရှင်းနေသူဖြစ်သည်။ သားအမိသုံးယောက်တည်းသာရှိသော သူတို့မိသားစုဘဝလေးသည် မပြည့်စုံတောင် သိပ်အကျပ်အတည်းကြီး မဟုတ်ခဲ့။ အဖေကလည်း ရိုးရိုးသားသားနှင့် ကြိုးစားရှာဖွေသလို အမေကလည်း စစ်စစ်စီစီ တိုင်းထွာသုံးစွဲတတ်သည်။ သူကလည်း ရည်မှန်းချက်တစ်ခုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာကိုသာ ကြိုးစားသင်ယူခဲ့သည်မို့ သူတို့မိသားစုဘဝက လေးက အားလုံး စိုစိုပြည်ပြည်ပင်။ သူက ဆယ်တန်းအောင်တော့ GTC တက်ကာ ကျောင်းပြီးသွားလျှင်တော့ သင်္ဘောလိုက်ချင်သည် ဟု အဖေ့ကို ပူဆာထားလေရာ အဖေကလည်း မဖြစ်,ဖြစ်အောင် ကြိုးစားပေးမည်ဟု သူ့ကို ပြောထားပြီးသား။

သူ သင်္ဘောလိုက်ချင်တယ် ဆိုတာလည်း မိဘကို ဒီ့ထက်ပြည့်ပြည့်စုံစုံထားကာ လုပ်ကျွေးချင်သော ဆန္ဒကြောင့်ဖြစ် လေရာ မိဘတွေကလည်း သူ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ပေးဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။ အားလုံး အဆင်ပြေ နေအောင် ကြိုးစားကြမည်ဟု စဉ်းစားမျှော်လင့်ထားတုန်း၊ သူ ဆယ်တန်းစာမေးပွဲဖြေအပြီး နှစ်လလောက်မှာပင် သူ့အဖေက ရုတ်တရက် ကြီး ဆုံးပါးသွားခြင်း ဖြစ်လေရာ သူ သင်္ဘောတက်ဖို့ဆိုတာ လည်း မဖြစ်နိုင်တော့။

သူ့အမေကတော့ သူ့အဖေ Taxi ဆွဲနေသည့် ကားလေးကို ရောင်းကာ မဖြစ်ဖြစ်အောင် ကြိုးစားဖို့ပြောသော် လည်း သူက အစိုးမရသော သေခြင်းတရားကို ကောင်းကောင်း သဘောပေါက်သွားကာ သူ့အမေကို ခွဲသွားဖို့လည်း မစဉ်းစား တော့ပါ။ တခြား ဘာအလုပ်မှလဲ ထွေထွေထူးထူးလုပ်ဖို့ ထပ်မ စဉ်းစားတော့ဘဲ လောလောဆယ် အဆင်ပြေနေသည့် သူ့အဖေရဲ့





အမွေ Taxi ကားလေးကိုသာ တက်မောင်းဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်သည်။

သူက လူငယ်လည်း လူငယ်ဖြစ်ကာ၊ အပင်ပန်း လည်းခံနိုင်၊ အကွက်လည်း မြင်တတ်သောကြောင့် သူ့အဖေဆွဲ တုန်းကထက်တောင် ဝင်ငွေပိုရသေးသည်။ သူကလည်း အသောက် အစား အသုံးအဖြုန်း သိပ်မရှိသူမို့ သူတို့သားအမိနှစ်ယောက်မှာ အေးအေးဆေးဆေး ဖူဖူလုံလုံ ရှိသည်ဟု ပြော၍ရပါမည်။ ဒါကြောင့် သူ့အမေက စားတဲ့ သောက်တဲ့ဘက်မှာတော့ မချွေ တာချေ။

သူကြိုက်သော အစားအသောက်လေးများကို နေ့ည မနက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးတတ်သည်။

"အင်း ... ဝေးတဲ့ဘက်တွေ ပါမသွားရင်တော့ လာစား ဖြစ်မယ်နဲ့တူတယ်၊ နည်းနည်းနောက်ကျသွားရင်တော့ လာ စားမယ်၊ အရမ်းနောက်ကျသွားရင်တော့ ပြန်မစားတော့ဘူး အမေရာ ...

အမေ ဘာချက်မလို့လဲ"

"ဝက်သားနဲ့တညင်းသီးနဲ့ နှပ်မလို့။ မနေ့က ငါးခြောက် ကြော်လေးလည်း ရှိသေးတော့လေ။ အဲဒါနဲ့ ချဉ်ပေါင် ချဉ်ရည်ဟင်းလေးနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အားပါး ... ကြားတာနဲ့တင် စားချင်လာပြီ၊ အင်း ... နှပ်ချင်နှပ်လေ၊ မနက်ဖြန်တော့ ညစာဟင်းကို လွှဲချက်အမေရာ၊ သား မြို့ထဲက ကြေးအိုးဝယ်ခဲ့မယ်၊ အမေလည်း ကြေးအိုး မသောက်ရတာ ကြာပြီ မဟုတ်လား"

"အေး အေး ... ဟုတ်သား၊ ကြေးအိုးလေး သောက်ရရင် ကောင်းမယ်"

"သောက်ရယ် ... သောက်ရမယ်၊ ကဲ ... အဲဒါဆို ဒီနေ့ အမေ ဝက်သားနှပ်မှာ ဆိုရင်လည်း နှပ်ထား။ သား အဆင်ပြေရင်လည်း ပြန်လာစားမယ် ...

သန့်လျှင်တို့ ဘာတို့ဘက်တွေ ပါသွားရင်တော့ အဆင်ပြေသလိုပေါ့ အမေရာ၊ ဆယ့်နှစ်နာရီလောက်ဆို သားကို စောင့်မနေနဲ့တော့ စားနှင့်တော့"

"အေးပါ သားရယ်၊ အမေဆာရင်တော့ စားပါ့မယ်။ကဲ ... ကဲ ... သောက်၊ အဝေးပြေးကွင်းကို သွားမှာမဟုတ်လား"

"ဟုတ်တယ် အမေ၊ ကဲ ... သား လစ်ပြီ"

"အေး ... အေး၊ ဂရုစိုက်မောင်းသွား 'သားလေး"

သူက အမေ့ကို ခေါင်းညိတ်ပြလိုက်ကာ အိမ်ရှေ့မှာ ထိုးရပ်ထားသော ကားလေးပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ သူကတော့ ခေတ်လူငယ်ပီပီ ကားမှာ သပြေပန်းထိုးတာ





စံမယ်ပန်းချိတ်တာတွေ ဝါသနာမပါပါ။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ စိတ်ကောင်း စေတနာသည်သာ ကုသိုလ်ကံတို့ရဲ့ အကျိုးပေးဟု လက်ခံထားသည့်အတိုင်း ဘဝကိုရိုးရိုးရှင်းရှင်းနဲ့ လေးနက်စွာ ဖြတ်သန်းနေထိုင်သူဖြစ်သည်။ သူ့ဘဝကို ကံ၊ ဉာဏ်၊ ဝီရိယ ဟူသော လမ်းကြောင်းပေါ်မှာသာ အရင်းတည်ထားတာ ဖြစ်ပါသည်။

သူက နံနက်စောစောမှာ လန်းဆန်းနေသောစိတ်ဖြင့် အောင်မင်္ဂလာအဝေးပြေးကားကွင်းသို့ ဦးတည်ကာ မောင်းလာခဲ့သည်။ နံနက်စောစောမှာ မြို့ပြင်ကို ဦးတည်ပြီး မောင်းရသူမို့ ရှင်းလင်းစွာ မောင်းနှင်ခွင့် ရနေသည်။ နံနက်ငါးနာရီနှင့် ခုနစ်နာရီကြားမှာ ရန်ကုန်–မန္တလေး Express အဝေးပြေးကားကြီးတွေ ဆိုက်ချိန်မို့ သူ့ရဲ့တစ်နေ့တာ အစီအစဉ်ကို အဲဒီမှာစဖွင့်တာဖြစ်သည်။

အဲဒီကိုသွားလျှင် ခရီးသည် မရမှာတော့ မပူရ။ တစ်ယောက်တည်းသမားတွေကို လိုက်စုနိုင်လျှင် ကိုယ့်အတွက် တွက်ခြေတော်တော်ကိုက်တတ်သည်။ သူက မနက်ငါးနာရီမှာ စတင်ထုတ်လွှင့်သော မန္တလေး FM ၏ တေးသံသာလေးကို နားထောင်ကာ အဝေးပြေးကားကွင်းသို့ ခပ်သွက်သွက် မောင်းနှင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်သွားသောအခါ Express နှစ်စင်းလောက်က ဝင်ကာစပဲ ရှိသေးသည်။ ခရီးသည်တွေတောင် ကားပေါ်က သေချာမဆင်းရသေး။ သူက ကားကို လှမ်းရာနေရာမှာ ထိုးထားလိုက်ရင်း သူ့ပါတနာကောင်လေးကို ရှာဖွေလိုက်သည်။ ခရီးသည်တွေရဲ့ ဝန်စည်စလယ်တွေကို ကူညီသယ်ဆောင်ပေးသော ကောင်လေးဟာ သူ့အတွက် ခရီးသည်ရှာပေးသော ကောင်လေးလည်း ဖြစ်သေး၏။ ပြီးတော့မှ သူက ကောင်လေးကို မုန့်ဖိုးလေး ဘာလေး ပြန်ပေး။

"အစ်ကို ... အစ်ကို"

"ဩော် ... အေး၊ ငါက မင်းကို ရှာနေတာ"

"ဒီမှာ ... ဒီအစ်မက လှည်းတန်းသွားမှာ အစ်ကို"

"ဩော် ... လှည်းတန်း၊ အေး ... ရတယ်လေ၊ မင်း ဘယ်လောက်ပြောထားလဲ"

"ငါးထောင် အစ်ကို"

"အေး ... ညီမ၊ ငါးထောင်လေ လှည်းတန်းကို"

သူ့ပါတနာ ခေါ်ထားပေးသော ကောင်မလေးမှာ သူနှင့်မတိမ်းမယိမ်း ဖြစ်သော်လည်း သူကတော့ တော်တန်ရုံဆို ညီမဟု ခေါ်လိုက်တာပဲများသည်။ မိန်းကလေးတွေက သူတို့ကို အစ်မတို့ အန်တီတို့ခေါ်လျှင် တော်တန်ရုံ သိပ်မကြိုက်တတ်သော





ကြောင့် ဖြစ်သည်။ ကောင်မလေးက ငါးထောင်ဟူသော ဈေးကို မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ ပုံစံကြည့်ရတာတော့ တောကတက်လာတဲ့ပုံတော့ မဟုတ်ပါ။ ဒီခေတ် မိန်းကလေးတို့၏ ခရီးသွားစတိုင်လ်အတိုင်း ဂျင်း(န်)ဘောင်းဘီ အရှည်ကို ခေါင်းစွပ် စပို့ရှပ်လက်ရှည်တစ်ထည်နှင့် ပေါ့ပါးလှုံခြုံစွာ ဝတ်ဆင်ထားသည်။

ဘေးမှာက လတ်ဂေ့ချ်ကြီးတစ်လုံးနှင့် ပလတ်စတစ်ခြင်းတောင်းကြီး တစ်ခုကို ချထားကာ သူ့ကို ခပ်တည်တည်ကြည့်လျက် ...

• "နှစ်ထောင့်ငါးရာ ထားလိုက်"

သူက ဟက်ခနဲ ရယ်ချင်သွားသည်။ ခေါက်ချိုးဆစ်သော ထုံးစံကို ဘယ်သူကများ တီထွင်သွားခဲ့သလဲတော့ မသိပါ။ ကောင်မလေးကတော့ အရေးပေါ်ရိုက်လာဟန်တူသော ခရီးသွားလက်ချာတွေအတိုင်း ခေါက်ချိုး ဆစ်နေပြီ။

"ညီမ တစ်ယောက်တည်းလား၊ တစ်ယောက်တည်း အိတ်တစ်လုံး ခြင်းတစ်ခြင်း၊ ဟုတ်ပြီ ... လေးထောင့်ငါးရာတော့ ပေးလိုက်၊ ဟုတ်ပြီလား"

"အို ... မပေးပါဘူး၊ နှစ်ထောင့်ငါးရာပဲ ပေးမှာ"

"ဟာ ... နှစ်ထောင့်ငါးရာတော့ မရပါဘူး ညီမရယ်၊ ဆီဖိုးနဲ့ ကိုက်တောင်မကိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုဖိုးလဲ၊ ရှင့်ကား စီအန်ဂျီ မဟုတ်ဘူးလား"

သူက ကောင်မလေးရဲ့စကားကြောင့် ရယ်ချင်သွားကာ ပြုံးစိစိ ဖြစ်သွားရသည်။ မျက်နှာကြီးကြီးနှင့် ဝါးအနည်းငယ် ဖောင်းချင်သော ကောင်မလေးမှာ မန္တလေးသူအစစ်လား မစစ်လားတော့ မသိ။ အသားလေးကတော့ ဖြူရှာသည်။

"ကဲပါ ... စီအန်ဂျီဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပါ ညီမရှယ်၊ နှစ်ထောင့်ငါးရာတော့ ဘယ်နည်းနဲ့မှ မရပါဘူး၊ ခေါက်ချိုးဆစ်တဲ့ ဒီဇိုင်းတွေက လွန်ခဲ့တဲ့ နှစ်,နှစ်ဆယ်လောက်မှာ ကျန်ခဲ့ပြီ ...

ညီမ ရန်ကုန်မရောက်တာ ကြာပြီနဲ့ တူတယ်"

သူက အဲဒီလို ပြောလိုက်လျှင် သူမက ရှုံ့ရှုံ့ရှဲရှဲ ဖြစ်သွားသည်။

နှုတ်ခမ်းတွေကလည်း ရှေ့ကို တစ်တောင်လောက် ထွက်လာလေသည်။

"ဘာမှ မဆိုင်တာတွေ လာပြောမနေနဲ့၊ ကဲ ... သုံးထောင်ပေးမယ်၊ ရလား မရဘူးလား၊ ဒါပဲပြော"

"အေးပါ ... ကဲ ... လျှော့ပေးလိုက်ပါမယ်၊ တက် ... တက်၊ ဝင်းမြင့် သူ့အထုပ်တွေ တင်ပေးလိုက်၊ ညီမ ကားပေါ်ကစောင့်၊ ခဏလေးပဲ"





"ဘာခဏလေးလဲ ထွက်တော့လေ၊ လူစောင့်ဦးမှာဆို မလိုက်ဘူးနော်"

"ခြော် ... ကားမှာက ညီမတစ်ယောက်တည်းလေ၊ အစ်ကိုက နောက်ထပ် နှစ်ယောက်လောက်တော့ တင်လို့ရသေးတယ် ...

လမ်းသင့်တဲ့လူမှ တင်မှာပါ၊ ဒါမှလည်း အစ်ကိုတို့ ကိုက်မှာပေါ့၊ ခဏလေးပါ ညီမရဲ့၊ အကြာကြီး မစောင့်ရပါဘူး"

"အာ ... ဘာလဲ၊ ရှင့်ကားကို ကျွန်မက ငှားထားပြီးပြီလေ။ ရှင် ကျေနပ်တဲ့ဈေးကို ပေးပြီးပြီပဲ ဘာ့ကိစ္စ လူထပ်တင်ရမှာလဲ ...

အဓိပ္ပာယ်မရှိတာ"

"ခြော် ... ခက်တာပဲဗျာ၊ အစ်ကိုတို့ကလည်း ဒီလိုသွားမှ ကိုက်တာလေ ညီမရဲ့၊ ဒီကားကွင်းကနေ ညီမသွားချင်တဲ့ လှည်းတန်းအထိ သုံးထောင်နဲ့ တစ်ယောက်တည်း ဘယ်လိုလုပ် ကိုက်မှာလဲ ...

သုံးယောက်လောက်တင်မှ ကိုက်တာပေါ့၊ လမ်းသင့်တဲ့ လူတွေကိုပဲ တင်တာလေကွာ၊ တောင်တစ်လမ်း မြောက်တစ်လမ်းတော့ မတင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကျွတ် ... သူ့ကို ရှင်းပြနေရတာနဲ့ပဲ လူတွေတောင် လွတ်ကုန်ပြီ”

သူက ပြောလည်းပြော၊ ခရီးသည်ထပ်ခေါ်ဖို့ရာ အတွက် လှည့်အထွက်မှာပဲ သူမက သူ့အကျီစကို လှမ်းဆွဲထားလျှင် သူ့မှာ တော်တော်စိတ်ပျက် စိတ်အိုက်သွားရသည်။ စောစောစီးစီး ဘယ်လိုဟာမျိုးနဲ့ လာတွေ့နေမှန်းကို မသိချေ။

“ကျွတ် ... ဘာလဲကွာ၊ ပြဿနာကလည်း ရှာလိုက်တာ”

“ဒီမယ် ... ကားကို အခု ထွက်ပေးတော့၊ ရှင့်ကို ကျွန်မ မစောင့်နိုင်ဘူး၊ ရှင် ခရီးသည်တွေကို တစ်ယောက်ပြီးတစ်ယောက် တစ်မြို့လုံး ဝတ်ပို့နေမှာကိုလည်း တန်အောင် လိုက်စီးပြီး စိတ်မရှည်ဘူး”

“ဟား ... ပြဿနာပါလား၊ ဒီမှာ မကိုက် ...”

“ရှင် ကြိုက်သလောက်တောင်း။ ကားကို အခု ထွက်ပေး”

သူမစကားသံမာမာက သူ့စကားမဆုံးခင် ဖြတ်ထွက်လာလျှင် သူက ဒေါသနည်းနည်းတော့ ထွက်သွားသည်။ သူမကလည်း မျက်နှာကြောကို လုံးဝမလျှော့ပါ။ မေးတစ်ချက်ကိုတောင် ပင့်တင်လိုက်သေးလျက် ...

“ဟုတ်တယ်လေ၊ ရှင် မကိုက်ဘူးဆိုရင် ကိုက်လောက်တဲ့ အထိ တောင်းပေါ့၊ ကျွန်မ သွားချင်တဲ့နေရာကို မြန်မြန် ရောက်ချင်တာ ကျွန်မ ဆန္ဒပဲ ...





ကဲ ... ပြော၊ ဖြစ်မလား”

သူက စိတ်တိုလာသော်လည်း မိန်းကလေးနှင့် ပြိုင်မပြောချင်သဖြင့် စိတ်ကို လျှော့ချလိုက်သည်။ စောစောစီးစီး ဒေါသလည်း မထွက်ချင်တော့ပါ။ သူမ သွားလိုသည့် လှည်းတန်းဆိုတာကလည်း သူ ထွက်လာခဲ့သော သူ့အိမ်ရှိသည့်အပိုင်းဖြစ်သည်။

“ကဲ ... တက် ... တက်၊ တက်တော့ အစ်မ၊ သိပ်မပြောချင်တော့ဘူး။ အဲဒါ လှည်းတန်းအထိ တစ်သောင်းပဲ”

“ရတယ် ... ရှင်သာ မောင်းတော့”

သူက တတ်လည်း တတ်နိုင်လွန်းသော ကောင်မလေးကို စိတ်ကုန်စွာဖြင့် ဘာမှမပြောတော့ဘဲ ကားပေါ်သို့တက်ကာ ကားတံခါးကို ချိုင်းခနဲမြည်အောင် ဆွဲပိတ်လိုက်သည်။ မရွှေချောက နောက်ခန်းကနေ ခပ်မိန့်မိန့်ကြီး ဝင်ထိုင်သည်။ သူက အဲဒီပုံစံကို နှုတ်ခမ်းတစ်ချက် မဲ့ရွဲ့မိကာ ကားကို ဆောင့်ထွက်လိုက်သည်။ ဆောင့်ထွက်လိုက်သောကြောင့် သူမက ဟန်ချက်ပျက်သွားကာ မိန့်မိန့်ကြီးပုံစံကနေ ရှေ့သို့ငိုက်ဆင်းကျသွားသည်။ သူက အဲဒီမြင်ကွင်းကို နောက်ကြည့်မှန်ထဲမှကြည့်ကာ သဘောကျစွာဖြင့် တစ်ချက်ပြုံးမိသည်။ သူမက ဘာတမနဲ့ ခေါင်းမော့လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ကားကို ညင်ညင်သာသာ မောင်းပါ၊ အကြမ်းပတမ်း မလုပ်ပါနဲ့"

"မင်းပဲ အရေးကြီးတယ်ဆို၊ နေပါဦး ... လှည်းတန်းက ဘယ်နေရာလဲ၊ ဘယ်လမ်းလဲ"

"သုခနန္ဒီလမ်း၊ အိမ်နံပါတ်(၁၆)။ အဲဒီရှေ့မှာ ရပ်ပေး"

သူက စိတ်ထဲမှ ခြော်ခနဲ ဖြစ်သွားသည်။ သုခနန္ဒီလမ်းက အိမ်နံပါတ်(၁၆)ကို သူ သိပါသည်။ သိဆို အဲဒီခြံဝင်းကလေးက အဆောင်ဖွင့်ထားတာ ဖြစ်သည်။ အဆောင်နာမည်ကလည်း သုခနန္ဒီအဆောင်ပဲဖြစ်ကာ သူ့ကားနှင့် အဲဒီအဆောင်ကို သွားမည့် မိန်းကလေး သုံး,လေးယောက်လောက်ကို ပို့ပေးဖူး၍ ဖြစ်သည်။

သူ့အိမ်ကတော့ အဲဒီလမ်းနှင့် တစ်လမ်းကျော်မှာရှိသည်။ သူတို့လမ်းထဲမှာတော့ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်၊ စာအုပ်အငှားဆိုင်၊ အခွေငှားဆိုင်၊ မိတ္တူကူးဆိုင် စသဖြင့် အတော်စည်စည်ကားကား ရှိသည်။ ဒီနားတစ်ဝိုက်မှာလည်း အဆောင်သူ အဆောင်သားတွေ များသောကြောင့် ညနေဆိုလျှင် ဈေးတန်းလေးသဖွယ် ဖြစ်နေတတ်သည်။

သူက စကားအပို ထပ်မဆိုတော့ဘဲ ကားကိုသာ ဂရုတစိုက် မောင်းလာခဲ့သည်။ တစ်ချက် တစ်ချက်မှာလည်း



နောက်ကြည့်မှန်ကတစ်ဆင့် သူမကို လှမ်းကြည့်တတ်တာကိုလည်း ဝန်ခံပါသည်။ မိန်းကလေးတစ်ယောက်ရဲ့ အလှစစ်ကို ကြည့်ချင်ရင် အိပ်ရာထကာစကို ကြည့်ရတယ်ဟု သူ ကြားဖူးထားသည်။ ဒီကောင်မလေးလည်း ဒီပုံစံဟာ အိပ်ရာထကာစပုံစံ ဖြစ်နိုင်ပါသည်။ ပခုံးကျော်ပြီး အလိပ်လိပ် အခွေခွေတွေ ကျနေသော နီညိုရောင်ဆံနွယ်တွေကြားထဲမှ လပြည့်ဝန်းလို တင်းနေသည့် မျက်နှာခပ်ပြည့်ပြည့်လေးနှင့် နှုတ်ခမ်းထူထူလေးသည် သူမကို ဆွဲဆောင်မှုတစ်ခု ဖြစ်စေသည်ဟု ထင်သည်။

ခန္ဓာကိုယ်က သိပ်မဝပါဘဲနှင့် မျက်နှာလေးက ပြည့်ဖောင်းဖောင်းလေး ဖြစ်နေသောကြောင့် သူမ ပုံစံလေးက ချစ်ဖို့ကောင်းသွားသည်ဟု ထင်သည်။ ဒါပေမဲ့ ဖြစ်ချင်တော့ကို တစ်ဖွတ်ထိုး လုပ်တတ်သော၊ စကားပြော ခပ်ကျော့ကျော့ ခပ်ရင့်ရင့်ပုံစံကတော့ ချစ်ဖို့မကောင်းလှပါ။ ပေါင်းသင်းဆက်ဆံရေးကို အဓိကထား ဦးတည်သော မြို့ပြကြီးမှာ ဒီလိုခပ်ရင့်ရင့် ပုံစံမျိုးနဲ့ သူမ ဘယ်လိုများ ရင်ဆိုင်မှာပါလိမ့်။ ကြည့်ရတာတော့ အလုပ် လုပ်ဖို့ လာတာထက် သင်တန်းတွေ ဘာတွေတက်ဖို့လာတာနဲ့ ပို၍ဆင်တူသည်။

သူကတော့ သူများ Taxi သမားတွေနဲ့ သိပ်မတူပါ။ သူ ပို့ဆောင်ရသော ခရီးသည်ကို ဂရုတစိုက်နှင့် စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်တတ်သည်။ လူတွေ လူတွေ တစ်နေ့ တစ်နေ့ သွားကြလာကြနှင့် လှုပ်ရှားနေတာကို သူကလည်း City FM Radio လေး တငြိမ့်ငြိမ့် နားထောင်ကာ လူတွေကြားထဲမှာပဲ လှုပ်ရှားရုန်းကန်ရင်း အကဲခတ် ဝေဖန် ဆန်းစစ်ရတာကို ပျော်နေရတာဖြစ်သည်။

အခုလည်း ဒီကောင်မလေးဟာ သူနဲ့မလှမ်းမကမ်းမှာ နေထိုင်သူမို့ မကြာခဏတော့ တွေ့ရဦးမည်ဟု ထင်သည်။

"ကဲ ... ရှေ့လမ်းဆို ရောက်တော့မယ်၊ မင်းပြောတာ သုခနေဒီအဆောင် မဟုတ်လား"

သူက မှန်ထဲမှာကြည့်ရင်း လှမ်းမေးလိုက်လျှင် သူမက သူ့ကို မျက်လုံးပြူးကြည့်သည်။ သဘောကတော့ သူ သိနေသဖြင့် အံ့သြနေသည့်သဘော။ သူကတော့ သိပ်ဂရုစိုက်မနေတော့ဘဲ လမ်းကိုချိုးခွေ့ကာ မှတ်မိသိရှိနေသော သုခနေဒီအဆောင်ရှေ့မှာ ကားကိုထိုးရပ်ပေးလိုက်သည်။ ပြီးတော့ ဝတ္တရားရှိသည့်အတိုင်း နောက်ခန်းထဲမှာ ထည့်သိုထားသော သူမရဲ့အိတ်နဲ့ခြင်းကို ချပေးလိုက်သည်။

အင်း ... ခြင်းထဲမှာလည်း အကြော်အလှော်ဘူးတွေက တန်းစီပြီးနေသည်။ သူမက ထွေထွေထူးထူး သိပ်မပြောဘဲ သူ့ကို တစ်ထောင်တန်တွေ ရေတွက်ပေးသည်။





ပြီးတော့ တစ်ချက်မှ လှည့်မကြည့်တော့ဘဲ လက်ဝေ့ချိုကို ကိုင်းကဆွဲကာ ခြင်းတစ်လုံးဖြင့် အဆောင်ထဲသို့ လျှောက်ဝင်သွားတော့သည်။ သူသည်လည်းပဲ တစ်ခုခုဆို လုပ်နေကျပုံစံအတိုင်း ပခုံးတွန့်ကာ ကားပေါ်တက်ပြီး ဆက်မောင်းထွက်လာခဲ့သည်။ တစ်နေ့တာအတွက် ရာရ ဖွေရဦးမှာ ဖြစ်လေသည်။

♥ ✱ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၂

ရတီသည် မျက်လုံးနှစ်လုံး ပွင့်,ပွင့်ချင်းမှာပဲ ငါ ဘယ်ရောက်နေပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် တွေးမိသွားသည်။ အိပ်ရာကို စမ်းနေသော လက်များသည် တရွေ့ရွေ့။ အရင်လို ချောမွေ့အိစက်သော စပရိန်မွေ့ရာ၏ အထိအတွေ့ကို စမ်းမိရမည့်အစား မာခေါက်ခေါက် ပလတ်စတစ်ဖျာကိုသာ စမ်းမိသည်။ တစ်လက်စတည်းမှာပဲ စိတ်ဓာတ်ကျစွာဖြင့် ခေါင်းကို အသာခါယမ်းမိလေသည်။ ရတီ အင်မတန် သွားချင်လှသော၊ မေမေ အင်မတန် တားနေသည့်ကြားမှ ခွတ်ထွက်လာခဲ့သော ရန်ကုန်သို့ ရတီ ရောက်လာခဲ့ပြီ။ အခု ရတီ ဘာဆက်လုပ်မည်နည်း။

ရတီသည် အိပ်ရာပေါ်တွင် ဆန့်ဆန့်ကြီးလှဲကာ မျက်လုံးနှစ်လုံးက မှောင်နှောကြိုက်သို့ စိုက်ကြည့်နေရာမှ ဆတ်ခနဲ ထကာ ခုတင်ဘေးက စားပွဲပေါ်မှာ တင်ထားသော ရေသန့်ဘူး





ကို တစ်ရှိန်ထိုး မော့သောက်ချလိုက်သည်။ ပြီးတော့ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်လျှင် ပြင်ပလေနုအေးက အခန်းထဲသို့ တန်းဝင်လာသည်။ ရတီနေရသောအခန်းက အပေါ်ထပ် ထောင့်ခန်းမို့ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းတာကိုတော့ သဘောကျရသေးသည်။ ရတီသည် ပြတင်းပေါက်မှာရပ်လျက် ဆက်လုပ်ရမည့် အစီအစဉ်တွေကို စဉ်းစားသည်။ တကယ်တော့ အထူးအထွေလည်း စဉ်းစားစရာ မလိုပါ။ မန္တလေးမှာထဲက ရတီ ဘာလုပ်ရမယ် ဆိုတာကို လမ်းကြောင်းဆွဲပြီးသား စဉ်းစားစီစဉ်ပြီးသားဖြစ်သည်။

ရတီသည် တစ်ခဏတော့ မတ်တတ်ရပ်ကာ တွေဝေဆေးမောနေပေမယ့် ပြတင်းပေါက်မှ ချာခနဲ လှည့်ထွက်လိုက်သည်။ ရပ်နေလို့တော့ ဘာမှမထူး။ အရင်ဆုံးတော့ သမုဒ္ဒရာဝမ်းတစ်ထွာဖြစ်သော ဟာနေသည့်ဗိုက်ကို ဖြည့်ရမည်။

ညက အိပ်ရာပြောင်းသဖြင့် တော်တော်နှင့် အိပ်မပျော်သောကြောင့် ဗိုက်တွေပြန်ဆာလာတာကို မှတ်မိနေသေးသည်။ အခုလည်း နိုးနိုးချင်းမှာ ဗိုက်ကပြန်ဆာလာပြန်ပြီ။ အခုမှရောက်လာစမို့ ကော်ဖီမစ်ထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ ဟိုမုန့် ဒီမုန့် တောလေးတွေ တစ်ကိုယ်ရေ ပစ္စည်းပစ္စယလေးတွေက ဘာမှ ဆယ်ခြမ်းရသေး။ ဒီအဆောင်မှာက လျှပ်စစ်မီးသုံးစွဲခွင့်ရသော်လည်း ရေနွေးကျိုအိုး၊ ခေါက်ဆွဲပြုတ်အိုး၊ မီးပူတိုက်အိုးလောက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရကာ ဟော့ပ်ပလိတ်သုံးခွင့် မရချေ။ မရလည်းပဲ ကိစ္စမရှိ။ ရလည်း ရတီက ချက်ပြုတ်စားသောက်မည့်သူမျိုး မဟုတ်ပါ။

ရတီသည် အောက်ထပ်သို့ဆင်းပြီး ရေချိုးကန်မှာ မျက်နှာသစ် သွားတိုက် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ပြီးသော အခါ အပေါ်ပြန်တက်မည် အလုပ်မှာပင် မိန်းမတစ်ယောက်က အဝတ်လျှော်ရင်းမှ ရတီ့ကို လှမ်းရယ်ပြသည်။

"ညီမလေးက အဆောင်သူ အသစ်ထင်တယ်"

ရတီက လူတွေကို သိပ်မခေါ်နှောတတ်သော ထုံးစံအတိုင်း ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်သည်။ ထိုမိန်းမက အဝတ်တွေကို တဖုန်းဖုန်းဆောင့်လျှော်တာကို ရပ်နားလိုက်ရင်းမှ...

"အစ်မက ဒီအဆောင်မှာ အဝတ်လာ,လာလျှော်တာကွယ့်၊ အဝတ်လျှော် မီးပူတိုက် အပ်လို့ရတယ်၊ အကြော်အလော် တွေလည်း ညီမတို့ စားချင်တာ ကြော်ပေးတယ်၊ အဲဒါ အဝတ်အပ်ချင်ရင် ပြောလေ"

အဲဒီအပြောကြောင့် ရတီ မျက်( )းနည်းနည်းကျယ် သွားသည်။

"အင်း ... အဲဒါဆို အပ်မယ်လေ၊ နေ ဒ်ဖြန်မှ ) စုပေး တော့မယ်"

"ရတယ် ... ရတယ်။ အစ်မ မနက်ဆို ဒီအုတ်ကန်မှာ အမြဲရှိတယ်။ အစ်မလက်ရာကို ဒီက အဆောင်သူတွေသိ



တယ်၊ အဝတ်အစား အပျက်အစီး မရှိဘူး၊ ဆပ်ပြာမှုန့် လည်း ကောင်းတာ သုံးတာ"

ရတီက ရွှန်းရွှန်းဝေအောင် ကြော်ငြာနေသော ထို မိန်းမကို ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် အပေါ်သို့ ပြန်တက် လာခဲ့သည်။ အခန်းမှာတော့ ဘာမှစားစရာမရှိ။ လောလောဆယ် တော့ လမ်းထိပ်ဘက်ကို လျှောက်ကာ ရှမ်းခေါက်ဆွဲလေး ဘာ လေးစားဖို့ စဉ်းစားရမည်။ အဆောင်သူအသစ်ဖြစ်သော ရတီ့ကို ဘေးခန်းက မိန်းကလေးတစ်ယောက်ကတော့ ဖော်ရွေစွာ လာ နှုတ်ဆက်ကာ မိတ်ဖွဲ့ရင်း အဆောင်နားက မလေ့စရိုက်အချို့ကို ပြောပြထားသဖြင့် ဘယ်နားမှာ ဘာရှိတယ်ဆိုတာကို သိနေသည်။ ဒီအဆောင်မှာက တော်တန်ရုံ ပိုက်ဆံတတ်နိုင်သော မိန်းကလေး တွေ နေထိုင်ကြတာကိုလည်း သတိပြုမိသည်။

ရတီသည် ဟာနေသော ဝမ်းဗိုက်ကို ဖြည့်တင်းပြီး သောအခါ အဆောင်မှာ ပစ္စည်းလေးတွေ ထားသိုရှင်းလင်းပြီး နောက် ရေမိုးချိုးဖို့ ပြင်ဆင်သည်။ ရေချိုးခေါင်းလျှော်ပြီးသော အခါ တော်တော်လေး လန်းဆန်းသွားလေသည်။ အနည်းငယ်ပို အိုက်စွတ်စိုချင်သော ရာသီဥတုကြောင့် ရတီက ချည်သားဂါဝန် တိုတစ်ထည်ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ကာ မျက်နှာကိုလည်း ပေါ့ပေါ့ပါးပါးပဲ ပြင်ဆင်ပြီးနောက် အပြင်သို့ ထွက်လာခဲ့သည်။ ရတီ ဘယ်ကို အရင်သွားရမည်လဲ။

www.burmeseclassic.com

www.burmeseclassic.com

သောသောဆယ်တော့ Shopping အရင် ထွက်ရမည် ထင်သည်။ ထမင်းဆိုင်ကနေ ထမင်းချိုင့်ဆွဲစားဖို့အတွက်က သုံးဆင့်ချိုင့်စတီးလက်ချိုင့်တစ်လုံး ပေးရမည်။ ရေနွေးကျိုဖို့အတွက် လျှပ်စစ်ခရားတစ်လုံး၊ ကော်ဖီဖျော်ဖို့ခွက်၊ ဇွန်း၊ ခေါက်ဆွဲပြုတ်ဖို့ လျှပ်စစ်ပလပ်ပေါက်အိုးငယ်၊ ပန်းကန်ခွက်ယောက်၊ တခြားတီလိုထွာလီလေးများ စသဖြင့် ဝယ်ရမည်။

ဝယ်ရတာတော့ ဟုတ်ပါပြီ။ ဘယ်မှာဝယ်ရမလဲ။ ဒီနေရာနဲ့နီးတဲ့ စူပါမားကက်တစ်ခုခုဆို အဆင်ပြေလောက်သည်။ ရန်ကုန်ကလည်း မရောက်တာကြာပြီဖြစ်လေရာ ဘယ်နေရာက ဘာတွေရှိလို့ရှိမှန်းလဲ မသိရချေ။ Taxi သမားတွေ နှပ်ချမှာကိုလည်း မခံချင်လေရာ ရတီသည် ဘေးခန်းက မိန်းကလေးကို မမေးခဲ့ရလေခြင်းဟု နောင်တရမိနေတော့သည်။ အခုမှတော့ မထူးတော့။ ခပ်တည်တည်နှင့် ဖိန့်ရတော့မည်ဟု စဉ်းစားကာ ရတီက ခပ်ဖြည်းဖြည်းပဲ လျှောက်လာခဲ့သည်။ မျက်လုံးက Taxi တစ်စီးစီးကို ရှာဖွေနေသော်လည်း မြင်ကွင်းထဲမှာက ဘယ် Taxi ကိုမှ မတွေ့ရသေး။ ဒီနေရာကလည်း အတွင်းပိုင်းကျသော လမ်းသွယ်တွေမို့ လမ်းထိပ်ရောက်အောင် သွားမှသာ တွေ့တော့မည်ဟု ထင်သည်။

လမ်းထိပ်ရောက်အောင် လျှောက်ဖို့ကလည်း နည်းနည်းလှမ်းသေးလေရာ ရတီက စိတ်ပျက်လက်ပျက်ဖြင့် ရှုံ့မဲ့နေ



မိတော့သည်။ အဲဒီအချိန်မှာပဲ ရတီရဲ့မျက်လုံးတို့က တိုက်ခန်းတစ်ခုရဲ့အောက်မှာ ထိုးရပ်ထားသော Taxi တစ်စင်းကို သွားမြင်လျှင် ပျော်သွားသည်။ အဲဒီနားသို့ လျှောက်သွားသော ခြေလှမ်းတွေပင်လျှင် သွက်နေသယောင် ရှိလာသည်။ အနားရောက်၍ကားထဲ ငုံ့ကြည့်လိုက်သောအခါ ဒရိုင်ဘာကို မတွေ့ရ။ ရတီက ဒရိုင်ဘာများ ဆေးလိပ် ကွမ်းယာ သွားဝယ်သလားဟု ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေသော်လည်း အနီးအပါးမှာ ဘယ်သူမှမရှိ။

မြေညီထပ်တိုက်ခန်းထဲမှ မိန်းမတစ်ယောက်က ရတီရဲ့အဖြစ်ကို သတိထားမိသွားကာ ...

"ကားသွားမလို့လား ညီမ"

ရတီက ခေါင်းညိတ်ပြလိုက်လျှင် ထိုမိန်းမက ကြိုးကိုဆွဲကာ အပေါ်ထပ်သို့ အော်ပေးသည်။ ပြီးတော့ ရတီ့ကိုလည်း လှည့်ပြောသေးသည်။

"ကားဆရာက သူ့အိမ်ပေါ်ကို ခဏတက်သွားတာ၊ ဆင်းလာလိမ့်မယ်"

ရတီက ပြောပြပေးသော အမျိုးသမီးကို တစ်ချက်ပြုံးပြလိုက်သည်။ ဒီလိုကျတော့လည်း ရန်ကုန်သူ ရန်ကုန်သားတွေက သိပ်မဆိုးပါလားဟု တွေးမိသွားရသည်။ အဲဒီအချိန်မှာပဲ ရတီရဲ့နောက်နားသို့ အသံတစ်သံက ရောက်ရှိလာသည်။

"ကားသွားမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ရတီက ချာခနဲ လှည့်ကြည့်လိုက်လျှင် တစ်စုံတစ်ယောက်ရဲ့မျက်နှာကို မြင်တဲ့အခိုက်မှာ စိတ်ထဲက ဟင်ခနဲ ဖြစ်သွားရသည်။ ထိုတစ်ယောက်ရဲ့ ပုံစံကလည်း ရတီ့ကို မြင်ရတဲ့အခိုက်မှာ အံ့သြသွားတဲ့ပုံပင်။ အဲဒီတစ်ယောက်သည် ရတီ ရန်ကုန်ရောက်ကာစတုန်းက အဆောင်ကို လိုက်ပို့ပေးခဲ့သော Taxi သမားဖြစ်သော်လည်း လူပုံစံက ထောင့်သိပ်မကျိုး။ လူကလည်း ရတီနှင့် မတိမ်းမယိမ်းဖြစ်ကာ ကြော့ကြော့မော့မော့ပုံစံနှင့် Taxi မောင်းတာဖြစ်သည်။ တီရှပ်နှင့် ဂျင်း(န်)ဘောင်းဘီကိုသာ ဝတ်ဆင်ထားသော်လည်း သူ့ကိုယ်သူ ဂရုတစိုက် ဝတ်စားထားသည်ဟု ရတီကတော့ ထင်သည်။

သူက ရတီ့ကို မှတ်မိသလိုပုံစံဖြင့် ကြည့်ကာ "ဘယ်သွားမှာလဲ"ဟု မေးသည်။ နဂိုတည်းက သွားမည့်နေရာကို အတိအကျ မသိသော ရတီသည် အဲဒီအမေးကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဒါပေမဲ့ ဒီလူရှေ့မှာ အင်း အဲ မလုပ်ချင်၍ ခပ်တည်တည်ပဲ ပြောလိုက်သည်။ သိပ်မဖုံးချင်တော့။ သူလည်း ကိုယ် တခြားမြို့က ရောက်တယ်ဆိုတာ သိနေသောကြောင့်ပင်။

"ဒီနားနဲ့ အနီးဆုံး စူပါမားကတ်ထစ်ခု သွားချင်တာ"

"ဘာဝယ်ချင်တာလဲ"





ရတီက စပ်စုရန်ကောဟူသော အကြည့်တို့ဖြင့် အဲဒီလူကို ကြည့်လိုက်လျှင် ထိုလူက အဲဒီလိုအကြည့်တောင် မခံနိုင်ဘူးဟူသော ပုံစံဖြင့် ...

"မင်းအတွက် ပြောနေတာ၊ မင်း လိုချင်တဲ့ အသုံးအဆောင်တွေကို ကြည့်ပြီးတော့ မင်း သွားရမယ့်နေရာကို ပို့ပေးမလို့ ...

စေတနာကို နားမလည်ဘူး"

"ကျွန်မ အိမ်သုံးပစ္စည်းတချို့ဝယ်မှာ၊ ဒီနားမှာ City Mart မရှိဘူးလား"

"ရှိတယ်၊ မြေနီကုန်း City Mart ကို သွားမလား၊ ဒါပေမဲ့ ဒီ့ထက် ကျယ်ကျယ်ပြန့်ပြန့် ဝယ်ချင်ရင် Ocean ရှိသေးတယ်"

"တော်ပြီ၊ City Mart ပဲ ပို့တော့"

"အိုခေ ... တက်"

သူက ကြော့ကြော့မော့မော့ပုံစံဖြင့် ကားပေါ်အရင်တက်သွားလျှင် ရတီ တက်ပြီးတာနှင့် သူက ကားကိုမောင်းထွက်သည်။ ရတီသည် မတွေ့တာကြာပြီဖြစ်သော ရန်ကုန်မြို့၏ ရှုခင်းများကို လိုက်လံငေးမောကာ မနက်ဖြန်မှာတော့ ကိုယ့်လုပ်ငန်းကို စတော့မည်ဟု ဆုံးဖြတ်ထားလိုက်သည်။ ဒီနေ့တော့ လိုအပ်သည် တစ်ကိုယ်ရေ တစ်ကာယ အသုံးအဆောင်လေးများ



www.burmeseclassic.com

www.burmeseclassic.com



ကို အပြည့်အစုံ ဝယ်ထားရမည်ဟု စဉ်းစားကာ ဘာတွေလိုအပ်သလဲဟု ကိုယ့်ဟာကိုယ် စိစစ်လာသည်။ ဟိုငေး ဒီငေးဖြင့် City mart ရှေ့သို့တောင် ဘယ်လိုရောက်လာမှန်း မသိချေ။

ရှေ့ကလူက ပြောတော့မှပင် သိတော့လေသည်။

“ရောက်ပြီ အစ်မလေး၊ ထောင့်ငါးရာကျတယ်”

ရတီက ဘာမှမပြောတော့ဘဲ အိတ်ထဲကနေ ပိုက်ဆံတစ်ထောင့်ငါးရာကို ထုတ်ပေးလိုက်သည်။ ရတီ ထုတ်ပေးသော ပိုက်ဆံကို ယူကာ သူက ကျေးဇူးပဲဟု ရေရွတ်သည်။ ရတီသည် ဘာမှပြောမနေတော့ဘဲ ခြေလှမ်းများကို City Mart ထဲသို့ ဦးတည်လိုက်လေသည်။ City Mart ထဲသို့ ရောက်သောအခါ ဝယ်ချင်စရာတွေက များလွန်းသဖြင့် နဂိုစဉ်းစားခဲ့တာတွေကိုတောင် မနည်းပြန်စဉ်းစားယူရလေသည်။

ရတီသည် ဟိုဟိုဒီဒီ အေးအေးဆေးဆေး လျှောက်ကြည့်ရင်းမှ လက်ရှိအခြေအနေကို မေ့လျော့သွားခဲ့သည်။

♥ ❋ ♥



( ၃ )

“ဟော့ကောင် ... ဒီနေ့ညနေ နားတယ်ပေါ့”

လက်ဖက်ရည်ဆိုင်ထဲသို့ သူ ဝင်ဝင်ချင်းမှာပဲ အရင်ရောက်နေသော သူ့သူငယ်ချင်းနှစ်ယောက်က လှမ်း၍နှုတ်ဆက်သည်။ သူက ခေါင်းညိတ်ပြရင်းမှ ခုံတစ်လုံးကို ဆွဲထုတ်ကာ ဝင်ထိုင်လိုက်သည်။ သူက ကားကို တစ်ပတ်မှာ သုံးရက်လောက်က ညဘက်တွေအထိပါ ဆွဲလျှက် ကျန်တဲ့ရက်တွေမှာတော့ ညနေငါးနာရီလောက်ဆို သိမ်းပြီဖြစ်သည်။ သူ့သဘောအတိုင်းဆိုလျှင်တော့ နေ့တိုင်းဆွဲချင်သည်။ သို့သော် သူ့အမေက နားနားနေနေ လုပ်ခိုင်းတာမို့ သူကလည်း လိုက်လျောခဲ့တာဖြစ်သည်။ ကားစောစောသိမ်းသော ညနေမျိုးဆိုလျှင် သူက သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်မှာ ထွေရာလေးပါးပြော၊ မုန့်စား လက်ဖက်ရည်သောက်၊ ပြီးတော့ စာဖတ်ဝါသနာပါသောသူက စာအုပ်လေး ဘာလေး ငှားကာ ပြန်တတ်သည်။ အိမ်ရောက်လျှင် အမေ့နဲ့အတူတူ ထမင်းစား၊ TV လေး ဘာလေး ကြည့်ပြီးလျှင် အမေ အိပ်ရာဝင်သောအခါ သူက စာအုပ်တစ်အုပ် သီချင်းတို့ဖြင့်ငြိမ့်၊ ဒီလိုပဲ သူ့ရဲ့နေ့စဉ်ဘဝဖြတ်သန်းမှုတွေဟာ ရိုးရှင်းလှပါသည်။ သူ့သူငယ်ချင်းတွေကလည်း ကိုယ်စီ အလုပ်လုပ်ကြသူတွေမို့ ဘယ်သူမှ လက်ဖက်ရည်ဆိုင်ကို မနက်ခင်းမှာ မထိုင်နိုင်။ ဒီတော့ ညနေခင်းမှာသာ စိတ်လည်းအပန်းဖြေရင်း ဘော်ဒါတွေနဲ့လည်း ဆုံဖြစ်တော့သည်။

"ရှယ်ပုံမှန် ဝမ်းတီးကွာ"

သူက အနားရောက်လာသော စားပွဲထိုးလေးကို မှာလိုက်ရင်းနှောက် စားပွဲပေါ်မှာကျန်နေသော စမူဆာတစ်ခုကိုကောက်ဝါးလိုက်သည်။ သူ့သူငယ်ချင်း ဘာဘူက သူ့ကိုပြုံးကြည့်ကာ ...

"ဘယ်လိုလဲ၊ ဒီနေ့ရော စည်လား"

"အင်း ... မဆိုးပါဘူး၊ နှစ်သောင်းခွဲလောက် ကျန်ပါတယ်"

"မင်းက အုံနာဒရိုင်ဘာ ဆိုတော့ အဆင်ပြေပါတယ်ကွာ။ ငါတို့အုပ်စုထဲမှာ မင်းက အူအစိုဆုံးပါ"

သူက စကားကြီး စကားကျယ်တွေ သိပ်ပြောသော ရာဇာ့ကို မျက်လုံးပြူးကြည့်လိုက်သည်။





"ဩော် ... မင်းကတော့ အူခြောက်နေတယ်ပေါ့၊ လာခဲ့၊ မင်းအူကို ငါ ရေဖျန်းပေးမယ်"

"မဟုတ်ပါဘူးကွာ၊ ငါ့အလုပ်က လစာနည်းတော့ စိတ်ပျက်နေလို့ပါ၊ ဒီထက် သုံးလေးသောင်းတော့ ပိုရသင့်ပြီလေ"

"အင်း ... ခဏတော့ မှိန်းနေလိုက်ဦးပေါ့ကွာ၊ လက်ထဲမှာ အလုပ်ရှိနေတာပဲ တော်သေးတယ် ပြောရမှာ၊ ခုခေတ်က ကျပ်တည်းနေတာလည်း မင်းတို့သိတာပဲ ...

မင်းက အိမ်ကို ပြန်ထောက်ရတာလည်း မဟုတ်ဘဲနဲ့များ"

"အိမ်ကို ပြန်မထောက်ရပေမယ့် မိန်းမယူဖို့တော့ စုရမယ်လေကွာ"

"ဩော် ... ဒါကြောင့်ကိုး"

သူက လာချပေးသော လက်ဖက်ရည်ကို အရသာခံကာ ငုံလိုက်ရင်း ခေါင်းညိတ်ရေရွတ်လိုက်သည်။

"အေးပေါ့ကွာ၊ မင်းတို့ကတော့ မိန်းမယူချင်တဲ့ကောင်တွေဆိုတော့ စုကြဆောင်းကြပေါ့၊ ငါတို့ကတော့ အေးဆေးပဲ ...

နေပါဦး၊ မင်းက ဘယ်တော့လဲ၊ ဒီဝါကျွတ်လား"

"မဟုတ်ပါဘူးကွာ၊ နောက်ဝါကျွတ်တောင် ဖြစ်နိုင်ပါ့မလား မသိဘူး၊ သူလည်း စုနေတာပဲ။ ခေတ်ကြီးက စရိတ်တွေကြီးတော့ သမင်မွေးရင်း ကျားစားရင်း ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါတွေက ဟိုဟာ ဒီဟာတွေ ပါလို့ပါကွာ။ တကယ်တမ်း ယှဉ်ချင်မှဖြင့် ဘာမှကို မလိုဘူး။ တရားရုံးမှာ လက်မှတ် ထိုးလိုက် ပြီးပြီ၊ ဒါပဲ"

"မင်းကြီးတော်ကြီး၊ မင်း မိန်းမယူတော့မှပဲ အဲလိုလုပ်တော့"

ရာဇာက သူ့ကို ပြန်နှိပ်ကွပ်သော်လည်း သူက မဖြုံချေ။ လက်ကျန်စမူဆာကို ပါးစပ်ထဲ ထိုးထည့်ဝါးကာ လက်ဖက်ရည်ကိုပါ မြို့လိုက်ရင်း ...

"ငါ့အလှည့်ကျရင်တော့ လုပ်ရမှာပဲဟေ့၊ ငါက အဲလို မင်္ဂလာဆောင်ရတာတွေ ဘာတွေ ဝါသနာမပါပါဘူးကွာ။ စိတ်ရှုပ်လွန်းလို့။ စိတ်အိုက်တယ် ...

နှစ်ယောက်တည်း တစ်ဘဝ ထူထောင်မယ့်ကိစ္စမှာ ပကာသနတွေ မလိုဘူးလို့ ထင်တယ်"

"ဪ ... ဒါက မင်းရဲ့အတွေးကို မင်းရဲ့မိန်းကလေးရဲ့ အတွေးက ရှိသေးတယ်လေ။ ပြီးတော့ သူ့ရဲ့မိဘအသိုက် အဝန်း ...

အချစ်ဆိုတဲ့ အရာနှစ်ခုကသာ လူနှစ်ယောက်တည်း နဲ့ ပြီးနေပေမယ့် လက်ထပ်ခြင်းကျတော့ နှစ်ယောက်တည်း နဲ့ မပြီးတော့ဘူး။ ဒါပေမဲ့ နှစ်ယောက်စလုံးကို ဟိုဘက် ဒီဘက်က သဘောမတူဘူး ဆိုရင်လည်း နှစ်ယောက်တည်း နဲ့ ပြီးပြန်ရော"





"မင်းတို့က ဘယ်တော့လောက် မှန်းထားလို့လဲ။ နောက် ထပ် နှစ်နှစ်လောက်မှ ဆိုရင်ကို မင်းအသက်က တွမ်တီ ဖိုက်ပဲ ရှိသေးတာ။ ဒါတောင် မင်းကောင်မလေးက မင်း ထက် နှစ်,နှစ်လောက်ငယ်တယ် မဟုတ်လား ...

ဘာတွေ လောနေတာလဲ၊ မခွဲနိုင်တော့ဘူးပေါ့လေ ဟုတ်လား"

သူ့အပြောကို ရာဇာက ဝန်ခံသလိုလိုဖြင့် ခေါင်း တညိတ်ညိတ်ဖြင့် ပြုံးနေသည်။ ဘာဘူကတော့ ကုန်သွားသော လက်ဖက်ရည်ခွက်ထဲတွင် ရေနွေးကျင်းသောက်ကာ ...

"ငါ တစ်ခုမေးမယ်၊ ဟော့ကောင် စစ်မှန်၊ မင်းက စာတွေ ဖတ်တဲ့သူဆိုတော့ မင်းကို အဓိကထား ဦးတည်ပြီး မေးရ တော့မှာပဲ ...

ငါတို့ယောကျ်ားလေးတွေမှာ မိန်းမကို စောစောယူ တာနဲ့ နောက်ကျမှယူတာ ဘယ်ဟာက ပိုကောင်းလဲ"

သူက လုပ်ပြီ ဟူသော အကြည့်တို့ဖြင့် ဘာဘူကို ကြည့်လိုက်သည်။ ရာဇာကတော့ သူ အချွန်နဲ့အမ,ခံရပြီဟူသော ပုံစံဖြင့် ပြုံးစိစိ။ မေးတာကို ချက်ချင်း အစားခံလိုက်သည့်အထိ သူက မအ,သေးချေ။ ဒါကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"နေပါဦး၊ မင်း မေးတဲ့ စောစောနဲ့ နောက်ကျတယ်ဆို တာက ဘယ်အသက်အရွယ်ကို ပြောတာလဲ ...


www.burmeseclassic.com

www.burmeseclassic.com



စောတာက လူပျိုဖော်ဝင်စာ ဆယ့်သုံး,လေးနှစ်နဲ့ နောက်ကျတာက အသက်ကိုးဆယ်။ ဘိုးဘွားရိပ်သာက King အရွယ်ကို ပြောတာလား"

"ဟော့ကောင် ... မဖီး ဘာမှလျှော်မပစ်နဲ့။ အဲဒါတွေကို ဆိုလိုတာ မဟုတ်ဘူးဆိုတာ မင်း သိတယ်"

"အေး ... သိတော့ သိတယ်လေ။ ဒါပေမဲ့ မင်းက ဘယ်အသက်အရွယ်ကို ဆိုလိုတယ် ဆိုတာကိုတော့ အတိအကျမှ မသိတာ ...

မင်းမေးတဲ့ မေးခွန်းကို အတိအကျ ပြောလေကွာ။ မင်းက ဘယ်အသက်အရွယ်ကို စောတယ် သတ်မှတ်ပြီး ဘယ်အရွယ်ကိုတော့ အတော်ပဲ၊ ဘယ်အရွယ်ကတော့ နောက်ကျနေပြီလို့ ပြောချင်ရတာလဲ"

ဘာဘူက သူ့ကို ဖြစ်ရတယ်ဟူသော အကြည့်မျိုးဖြင့် စောင်းငန်းငန်းကြည့်သည်။ သူကတော့ ထုံးစံအတိုင်း ပခုံးတစ်ချက် တွန့်လို့သာပင်။

"ထားပါတော့ကွာ၊ ဆယ့်ခုနစ် ဆယ့်ရှစ်ကတော့ ကျောင်းတွေဘာတွေ တက်တုန်းမို့။ နှစ်ဆယ် နှစ်ဆယ့်သုံးပေါ့ကွာ။ အဲဒါဆိုရင် စောတဲ့အရွယ် ...

နောက်ကျတာတော့ သုံးဆယ်ကျော်သွားရင်ပေါ့ ...





အဲဒီတော့ ဘယ်အရွယ်က မိန်းမယူဖို့ အသင့်တော်ဆုံးအရွယ်လဲ"

"မင်းကလည်းကွာ၊ အဲဒါမျိုးက သီအိုရီထုတ်လို့ရတာမှ မဟုတ်တာ၊ ဒါပေမဲ့ ငါက အဲလိုပြောရင်လည်း မင်းက ကျေနပ်မှာ မဟုတ်ဘူး ...

ငါ တစ်ခုပြောမယ်ကွာ၊ ယောကျ်ားယူတယ် မိန်းမယူတယ်ဆိုတဲ့ နေရာမှာ အချက်နှစ်ချက်ကြောင့်ပဲ ယူကြတာ"

"Main Point က နှစ်ချက်လား"

"အေး ...။ ဘာတွေလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်နေလို့ စောစောစီးစီး ယူပစ်လိုက်တာမျိုး၊ အဲဒါကတော့ နှစ်ဆယ်ပတ်လယ် ခပ်ငယ်ငယ်စုံတွဲတွေပေါ့။ အချစ်ကြောင့် ယူတာ၊ အချစ်က အဓိကပဲ ...

နောက်တစ်ခုကတော့ ယူချိန်တန်လို့ ယူတာ၊ ဒါကတော့ မင်းတို့လို အတွဲမျိုးတွေပေါ့၊ ဖြစ်နိုင်ရင်တော့ ခုယူချင်တာပဲလေ၊ ဒါပေမဲ့ အခြေအနေက မပေးတော့ အောင့်အည်းနေရတာပေါ့ ...

ဘယ်အချိန်ယူတာ အကောင်းဆုံးလဲ ဆိုရင်တော့ အစစအရာရာ အဆင်ပြေတဲ့အချိန်ယူတာ အကောင်းဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... ဒါကတော့ မင်း ပြောမှလား၊ ငါမေးတာ အသက်နှစ်ဆယ်နဲ့ အသက်သုံးဆယ်မှ ယူတာနဲ့ ဘယ်ဟာက ပိုကောင်းလဲ၊ အဲဒါဖြေ"

သူက ဗွတ်ကို ဗွတ်ဖြစ်နေသည့် ရာဇာ့ကိုကြည့်ကာ ဟားခနဲ ရယ်မိသည်။

"ဒုက္ခပဲ၊ မင်းက ကောင်းတယ်ဆိုရင် တကယ်ယူမှာမို့လို့လား။ ဟေ့ကောင် ... ဒါမျိုးက သီအိုရီထုတ်လို့ မရဘူးကွ၊ လူဆိုတာ ကိုယ့်ဘဝကိုယ်ကျေနပ်ဖို့က အရေးအကြီးဆုံးပဲ ...

အသက်နှစ်ဆယ်မှာ မိန်းမယူပြီး ကမ္ဘောဒိုးလိုးတွဲလောင်းနဲ့ အသုံးစရိတ်ကမလောက်၊ မိန်းမက ပူညံပူညံဆိုလည်း မင်း စိတ်ပျက်ရမယ်။ မယူမိတာ ကောင်းသားပဲပေါ့။ အေး အသက်(၃၀)ဆိုရင်တော့ ဘာပဲပြောပြော stable ဖြစ်နေလောက်ပြီ၊ ပြဿနာတွေ အတန်အသင့်တော့ နည်းမယ်ပေါ့ ...

အဲဒါပဲ၊ တကယ်တမ်းတော့ ဒါမျိုးက သီအိုရီတိတိကျကျထုတ်လို့ မရပါဘူးကွာ။ ဒါက မင်းတစ်ယောက်တည်းနဲ့ ပြီးတဲ့ကိစ္စ မဟုတ်ဘူး။ ကောင်းတာကတော့ နှစ်ဆယ့်ငါးနဲ့ သုံးဆယ်ကြားက ယောကျာ်းလေးတိုင်း မိန်းကလေးတိုင်းအတွက် သင့်တော်တာပေါ့။ ခုခေတ်ရဲ့





အတွဲတွေကလည်း အဲဒီ Age လောက်ကိုပဲ Target ထားကြတာ များတယ်ပေါ့ ...

ငယ်တုန်း ရွယ်တုန်းမှာ အစစအရာရာ အဆင်ပြေပြီး ယူဖြစ်တယ်ဆိုရင်တော့ Ok တယ်၊ ပိုပျော်ဖို့ ကောင်းတာပေါ့။ ဒါပေမဲ့ တချို့ဘဲတွေက သုံးဆယ်တန်း၊ ကောင်မလေးတွေက ဆယ့်ရှစ် နှစ်ဆယ် ပတ်ဝန်းကျင်လေးတွေနဲ့ လန်းနေတာတွေလည်း ရှိတာပဲ ...

သက်တူရွယ်တူချင်းမှ ယူရမယ်လို့ ဥပဒေထုတ်ထားတာမှ မဟုတ်တာ၊ ကဲ ... မင်းကို ပြောရတာ အာခြောက်တယ်ကွာ"

"အာခြောက်ရင်လည်း ရေနွေးကြမ်းသာ ငုံ့သောက်တော့"

"ငါတို့ကတော့ မိန်းမယူဖို့လည်း မစဉ်းစားသေးဘူးဟ။ တွေ့တဲ့အလန်းလေးတွေ ရှိုးနေရရင်ကို အိပ်ပျော်စားဝင်ပြီ၊ ဟော ... ပြောရင်း ဆိုရင်း ဟိုကောင်မလေးက မှည့်လိုက်တာ ...

ဘူလေးလည်း မသိဘူး၊ ရှိုးစမ်းပါ သော်ဒါတို့"

ဘာဘူက သူတင် မျက်စိအရသာခံရုံတင် မကဘဲ သူတို့ကိုပါ လက်တို့သည်။ သူတို့ကလည်း မောက်စ်လေးတစ်ချက် ရွှေ့ရုံနဲ့ ကမ္ဘာကြီးရဲ့တံခါးတွေကို ဖွင့်နိုင်သော အိုင်တီ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကြီးထဲမှာ မျက်လုံးလေးတစ်ချက် ရွှေ့ဖို့လောက်တော့ မတွန့်တိုကြပါ။ သူက ဘာဘူ ပြသောနေရာသို့ လှမ်းကြည့်လိုက်လျှင် သူ့မြင်ကွင်းထဲသို့ တစ်စုံတစ်ယောက်က တန်းတန်းမတ်မတ် ဝင်လာသည်။ သူသည် အဲဒီကောင်မလေးကို မြင်သောအခါ အံ့ခနဲ ဖြစ်သွားသည်။ ဒီကောင်မလေးနဲ့ သူကလည်း တော်တော်ရေစက်ပါသည်ဟု ထင်သည်။

သူမက စာအုပ်ဆိုင်သို့ စာအုပ်လာငှားနေကျဖြစ်သည်။ စာအုပ်ဆိုင်ထဲသို့ ဝင်သွားသော သူမရဲ့ပုံစံဟာ အိမ်နေရင်းလွတ်လွတ်လပ်လပ်ပုံစံ ဖြစ်သော်လည်း မြင်သူတိုင်းကတော့ ဖျတ်ခနဲ ငေးလောက်စရာ ခပ်မိမိလေး ဖြစ်နေသည်။ အသားဖြူဖြူ အရပ်မြင့်မြင့်မှာမှ မျက်နှာကြီးမျိုးဖြစ်သော သူမရဲ့မျက်နှာဖွေးနုနုလေးသည် နီညိုရောင်ဆံနွယ်တွေကြားမှာ လမင်းကြီးတစ်စင်း ထွက်သာနေသလို လင်းချင်း ဝင်းပနေသည်။ တီရှပ်အဖြူတစ်ထည်ကို ဂျင်း(န်)သရီးကွာတားတစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော ကောင်မလေးသည် လူက မဝပါဘဲနှင့် မျက်နှာလေးက ခပ်ကြီးကြီး ဖြစ်နေတာက တစ်မျိုးဆွဲဆောင်မှုရှိသည်ထင်သည်။

ဒီကောင်မလေး ရန်ကုန်ကို ဘာလာလုပ်တာပါလိမ့်။ သူသည် မိန်းကလေးတစ်ယောက်အကြောင်းကို မတွေ့စဖူး စပ်စပ်စုစု တွေးမိသွားသည်။





"စာအုပ်ငှားတယ်ဆိုတော့ ဒီနားကပဲလား မသိဘူး။ သူ့ကို အရင်က မမြင်ဖူးပါဘူး။ လန်းတာတော့ လန်းတယ်နော်"

"အင်း ... အဲဒါ သုခနဒီအဆောင်ကပေါ့"

"ဟာ ... မင်းက ဘယ်တုန်းက သိသွားတာလဲ"

"သြော် ... သိဆို။ ဒီကလေးမက တစ်နေ့ကပဲ အဝေးပြေးကွင်းကနေ ငါ့ကားကို ငှားလာတာလေ"

"အင်း ... ဒါကြောင့်ကိုး။ ဒါဆို နယ်ကပေါ့။ နယ်ကလူကလည်း မှည့်လှချည်လား။ ဝင်းနေတာပဲ ... ဟဲ ... ဟဲ ... ရေဆေးငါးကြီး"

"ကြည့်ရတာ မော်လမြိုင်က လာတာနဲ့ တူတယ်"

"မဖြစ်နိုင်တာ၊ သူ စီးလာတဲ့ကားက ရန်ကုန်–မန္တလေး Express ကွ"

"အေးပါ၊ ဘယ်ကပဲဖြစ်ဖြစ်ပေါ့ကွာ၊ ရေဆေးငါးကြီးပါပဲ"

"ဟော့ကောင် ... ဒီခေတ်က ရေဆေးငါးခေတ် မဟုတ်တော့ဘူးကွ၊ အီကြာကွေးခေတ်၊ ဒါပေမဲ့ ခုနက ပြောသလိုပဲ မိုက်တယ်"

"ကဲ ... ကဲ ... မိုက်မနေကြနဲ့၊ သွားရအောင်"

သူက လက်ဖက်ရည်ဖိုး ပိုက်ဆံရှင်းပြီးပြီဖြစ်၍ ထိုင်ရာမှ ထဖို့ပြင်သည်။ အဲဒီအချိန်မှာပဲ သူမကလည်း စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးအုပ် ပိုက်လာကာ စာအုပ်ဆိုင်ထဲမှ ပြန်ထွက်လာသည်။ သူတို့ကလည်း လက်ဖက်ရည်ဆိုင်ထဲက ထွက်တာနှင့် တည့်တည့်ပဲ ဆုံလေသည်။ ခပ်ဖြည်းဖြည်း လျှောက်လာသော သူမသည် သူ့ကို လှမ်းမြင်သွားသည်။ သူကလည်း သူမကို လှမ်းကြည့်နေတာဖြစ်သောကြောင့် အကြည့်တို့က ဆုံသွားခြင်းဖြစ်လေရာ သူမက သူ့ကို တစ်ချက်ကြည့်ပြီးနောက် ချက်ချင်း အကြည့်လွှဲသွားသည်။

ဒါပေမဲ့ သူ့ကို လှမ်းကြည့်ခဲ့သော အကြည့်တို့ထဲတွင် သိနေတဲ့ အရိပ်အယောင်တွေ ပါနေတာကို မြင်ရလျှင် သူ နည်းနည်းလှုပ်ခတ်သွားရသည်။ နည်းနည်း အခြေကြီးချင်သယောင် ရှိသည့် မျက်လုံးတောက်တောက်များနှင့် နှုတ်ခမ်းထူထူလေးများသည် သူ့အာရုံတွင် မှတ်မှတ်ထင်ထင်ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ သူ့ဘဝတွင် မိန်းကလေးများစွာကို တွေ့ခဲ့ဖူးသော်လည်း ဒီလိုမှတ်မှတ်ထင်ထင် တစ်ခါမှတော့ မရှိခဲ့ဘူးချေ။ ဒီကောင်မလေးကိုကျမှ ...

"ဟေ့ကောင် ... အဆောင်ထိ လိုက်သွားမလို့လား"

သူမနောက်ကျောမှာ စိုက်ဝင်နေသည့် မျက်လုံးများကို ရာဇာက သတိထားမိဟန်ဖြင့် မေးသည်။ ဘာဘူကတော့ နောက်ကကြည့်တော့ ပိုလှသည့် အိုးလေးအကကို မစားရဝခမန်း ရှုစားနေသည်။ ဒါတောင် သူမက တီရှပ်အရှည် ဝတ်ထားတာ





ဖြစ်သည်။ ဒါပေမဲ့ ဂျင်နီဖာလိုပက်စ်လို တင်သားလှလှများကို တီရှပ်မပွတပွကလည်း လုံခြုံအောင် ဖုံးမထားနိုင်ပါ။

ဘာဘူနဲ့ ရာဇာတို့ရဲ့ အရသာခံအကြည့်များကြောင့် သူရင်ထဲ၌ မနှစ်မြို့သွားသည်။ ဒီကောင်တွေက မိန်းကလေးလှလှ မြင်လျှင် ဒီလိုပဲ အရသာခံကြည့်နေကျ ဖြစ်သော်လည်း ခါတိုင်းမှာတော့ သူ ဘယ်လိုမှ မနေခဲ့။ ဒီတစ်ခါတော့ သူ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားသလဲ မသိချေ။

"ဟေ့ကောင်တွေ၊ မင်းတို့ကလည်းကွာ ကြည့်နေလိုက်ကြတာများ၊ နှမချင်း မစာနာ"

"အောင်မာ ... မင်းနဲ့ ဘာတော်လို့လဲ၊ မင်းညီမ မို့လို့လား"

"ငါ့ညီမ မဟုတ်လို့ပေါ့။ ငါ့ညီမသာဆို မင်းတို့ကို အနားတောင် အကပ်မခံဘူး။ အရသာခံပြီး ကြည့်နေလိုက်တာ၊ အားမနာ လျှာမကျိုး ...

တော်တာန်ရုံကြည့်ရင် တော်ရောပေါ့။ ခုတော့ တံတွေးမျိုချသံတောင် ကြားနေရတယ်။ ဟင်း ..."

ထိုနှစ်ကောင်လုံးက သူ့ကို တစ်ခါမှ မမြင်ဘူးဟန်ဖြင့် တအံ့တဩ လှည့်ကြည့်ကြသည်။ တကယ့်ကို စိတ်ဆိုးမာန်ဆိုးလေသံဖြင့် မခံမရပ်နိုင်အောင် ပြောနေသော သူ့လေသံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နှစ်ကောင်လုံးမှာ ရုတ်တရက်တော့ ကြောင်နေကြပြီး ပြီးတော့မှ သူ့ကို ကောတော့သည်။

"ဟော့ကောင် ... မင်းက ဘာလဲ။ ဘုန်းကြီးလား။ ဘုရားဖြစ်မယ့် အုတ်နီခဲကြီးလား။ ယောကျ်ားတိုင်းက ဒီလိုချည်းပဲကွ ...

မင်း မကြားဖူးဘူးလား၊ ယောကျ်ားမှန်ရင် ဒူးရင်ဒူး မဒူးရင်ဘူးမှာပဲ"

"အေးလေ ... မင်း အရင်က ဒါမျိုးမဟုတ်ပါဘူး၊ ငါတို့ပြောရင်တောင် လိုက်မပြောပေမယ့် စပ်ဖြဲဖြဲနဲ့ နားထောင်နေတာပဲ ...

ခုမှ ဘာတစ်လုံး ပိုရှုံနေတာလဲ၊ ဘာလဲ ... မင်း Heart ထိနေတဲ့ ကောင်မလေးမို့လို့လား"

"နေစမ်းပါကွာ၊ မပြောတော့ဘူး"

"ဒီကောင်တော့ မရိုးတော့ဘူး။ ပိုးက ထချင်နေပြီ၊ ထရင်လည်း ပွင့်ပွင့်လင်းလင်းပြော၊ အုံ့ပုန်းပိုးတော့ မလုပ်နဲ့"

သူက ဝေဖန်လေသော စကားများကို ဘာမှပြန်မပြောတော့။ တကယ်လည်း သူ့ရင်ထဲ၌ သူမနဲ့ပတ်သက်ပြီး ဘယ်လိုဖြစ်သွားမှန်း မသိပါ။ ဘာကြောင့်များ မခံမရပ်နိုင်ဖြစ်သွားသလဲတော့ မပြောတတ်။ သေချာတာတော့ သူမနောက်သို့





လိုက်မသွားခဲ့ပါ။ တမင်တကာကြီး ဖန်တီးထားသော ဆုံတွေ့ခြင်းထက် အမှတ်တမဲ့ ဆုံတွေ့ခွင့်လေးကိုသာ မသိစိတ်က မျှော်လင့်တောင့်တနေသောကြောင့်ဖြစ်သည်။

♥ ❋ ♥

www.burmeseclassic.com

www.burmeseclassic.com



# ၁၄ ၄ ၁၆

ရတီသည် မိုးမျှော်တိုက်ကြီးဖြစ်သော အထပ် ဘယ်နှထပ်ရှိမှန်း မသိသည့် Tower အဆောက်အအုံကြီးကို မော့ကြည့်ကာ ရင်ထဲ၌ ချီတုံချတုံ ဖြစ်လာသည်။ တကယ်တမ်း အရောက်သွားရမည် ဆိုသော်လည်း ရတီ စိတ်ထဲတွင် မဝံ့ရဲတော့ချေ။ တစ်ခုခုကို ချီတုံချတုံဖြစ်ကာ စိုးရွံ့နေသည်။ တကယ်တမ်းကျတော့လည်း ရတီ့ထံတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု သိပ်မရှိတော့။

Tower ထဲသို့ဝင်ဖို့ ကျော့က်ပြားလှေကားထစ်တွေကကို ဘယ်နှထစ်မှန်း မသိရှိလေရာ ရတီသည် အဲဒီလှေကားရင်းနားက ရောမစဥ္စပန်းအိုးကြီးနားမှာ တွေဝေငေးမောရပ်နေမိတာဖြစ်သည်။





အဲဒီအချိန်မှာပဲ ကောင်မလေးတစ်ယောက်က ဖုန်းပြောကာ ဘေးနားကနေ ဖြတ်လျှောက်သွားသည်။ ရတီသည် အဲဒီမြင်ကွင်းကိုကြည့်ကာ ရင်ထဲ၌ မှုန်တင်းသွားသည်။ သူတို့ကတော့ ဒီ့ထက်မကသည့် မိုးထိမြင့်မား စည်းစိမ်များနှင့် ခံစားပျော်ပါးနေသည့် အချိန်တွင် ရတီကတော့ ...။ ရတီသည် ဆက်မတွေးတော့ဘဲ အံကိုတင်းတင်းကြိတ်လိုက်သည်။ ဒီလို မခံချင်စိတ်တွေ ဝင်လာတော့လည်း ရတီ့ သွေးတွေက ချက်ချင်းပူနွေးလာသည်။

ရတီသည် ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားစိတ်ဖြင့် ကျောက်သားလှေခါးများအပေါ် အားမာန်အပြည့်ဖြင့် နင်းဖြတ်တက်လျှောက်လိုက်သည်။ အဝင်ဝမှာက လုံခြုံရေး စစ်ဆေးနေကာ ရတီ့ကို တားသည်။

"ဘယ်ကို သွားမှာလဲ"

"ဆယ်လွှာ"

"ဟုတ်ကဲ့၊ အိတ်လေး ခဏလောက် ဖွင့်ပေးပါ"

ရတီက လွယ်ထားသောအိတ်ကို ဇစ်ဖြုပေးလိုက်သည်။ လုံခြုံရေးက အိတ်ကိုလည်းစစ်၊ ရတီ့ တစ်ကိုယ်လုံးကိုလည်း စစ်ဆေးပြီးမှ အထဲသို့ ဝင်ခွင့်ပေးသည်။ ရတီသည် ဓာတ်လှေကားရှေ့သို့ ရောက်သောအခါ တစ်ချက် ချီတုံချတုံ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ဆယ်လွှာသို့ ရတီ ရောက်သွားပါပြီတဲ့။ ရတီ ဘာဆက်လုပ်ရမှာလဲ။ New Life Trading ရဲ့ M.D ဦးသီဟနဲ့ တွေ့ချင်လို့ပါဟု ပြောရမှာလား။ ဒီလိုလူတစ်ယောက်နဲ့ တွေ့ဖို့ရာ အနည်းဆုံး နှစ်ရက်လောက်တော့ Appointment ကြိုတင်ယူရသည် ဆိုတာလည်း ရတီ သိထားသေးသည်။

ဒီတော့ ဆယ်ထပ်ကို ရတီ တက်သွားပြီး ဘာဆက်လုပ်ရမှာတဲ့လဲ။ အို ... ဘာပဲဖြစ်ဖြစ် တက်ဖြစ်အောင်တော့ တက်ရမယ်။

ရတီသည် ပြန်တက်လာသော စိတ်ဓာတ်အင်အားတို့နဲ့အတူ ဓာတ်လှေကားကို ရောက်တဲ့အရပ်မှ ဆင့်ခေါ်လိုက်သည်။ ခဏနေတော့ ဓာတ်လှေကားတံခါးက ပွင့်သွားသည်။ ရတီသည် ဓာတ်လှေကားထဲဝင်ပြီးနောက် ဆယ်ထပ်သို့ မောင်းနှင်လိုက်သည်။ ဘယ်လောက်မှ မကြာပါ။ ဆယ်ထပ်သို့ ခဏချင်းပဲ ရောက်သွားသည်။ ဓာတ်လှေကား ပွင့်သွားလျှင် ရတီသည် New Life Trading ဟူသော စာလုံးများပါဝင်သည့် ငွေရောင်လက်နေသည့် ဆိုင်းဘုတ်ကြီးကို တွေ့မြင်လိုက်ရလျှင် လူကရှိန်းခနဲ ဖြစ်သွားသည်။ ဒါပေမဲ့ နေရာကတော့ တုပ်တုပ်မှမရွေ့ရသေး။ အဲဒီအချိန်မှာပဲ ရုံးထဲမှ လူတစ်ယောက် ထွက်လာကာ ရုံးရှေ့မှာ ထောင်ထားသော ဘုတ်ပြားပေါ်တွင် စာရွက်နှစ်ရွက်





ကို လာကပ်နေလျှင် ရတီသည် စိတ်ဝင်တစားဖြင့် မျက်မှောင်ကြုတ်သွားရသည်။ အဲဒီတော့မှပင် ရတီရဲ့ခြေလှမ်းများသည် အဲဒီနားသို့ သွက်သွက်လှမ်းမိသွားတော့သည်။

"အဲ ... အဲဒါ ဘာလဲဟင်"

ကပ်နေသောလူက ရတီ့ကို အသာငဲ့ကြည့်ကာ ပုံစံကို မြင်သွားတာနှင့် အရေးတယူ ဖြေသည်။

"ဒီကုမ္ပဏီက Vacancy တွေအတွက် အလုပ်ခေါ်တာလေ။ စိတ်ဝင်စားရင် ဖတ်ကြည့်ပေါ့"

ရတီရဲ့ရင်ထဲတွင် ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ချက်ချင်းတောင် ခြေဖျားလက်ဖျားတွေ အေးစက်လာသလိုပင်။ တဒိတ်ဒိတ် ခုန်လာသော ရင်အစုံဖြင့် ရတီက အငမ်းမရထပ်မေးမိသည်။

"ဟို ... ဒီရုံးချုပ်မှာ လုပ်ရမှာလားဟင်။ သတင်းစာထဲမှာရော မကြော်ငြာဘူးလား"

ထိုလူက ရတီ့ပုံစံကို ထပ်လှည့်ကြည့်ကာ စိတ်ရှည်စွာဖြင့် ဖြေပေးပါသည်။

"ရုံးချုပ်က Vacancy တွေလည်း ပါတယ်လေ။ စက်ရုံတွေမှာရော ဖတ်ကြည့်ပေါ့၊ သတင်းစာထဲမှာလည်း ကြော်ငြာမှာပါ၊ မနက်ဖြန်မှ ပါမယ်ထင်တယ်။ ဒီမှာလည်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



Tower က ဖြတ်သွားဖြတ်လာတွေ တွေ့အောင် ကပ်ပေးတာ။ အောက်ထပ်မှာလည်း ကပ်မှာပါ ...

စိတ်ဝင်စားရင် သေချာဖတ်ကြည့်ပေါ့။ လျှောက်လွှာက နှစ်ဆယ်ရက်နေ့ထိ လက်ခံမှာပါ"

"ဟုတ်ကဲ့ ... သင့်ခ်ယူနော်"

ထိုလူက ပြုံးကာ လုပ်လက်စအလုပ် ပြီးသွားလျှင် ရုံးထဲသို့ ပြန်ဝင်သွားသည်။ ရတီသည် သင်ပုန်းမှာ ကပ်ထားသော ကြော်ငြာစာများကို ဖတ်ရင်းမှ ရင်ထဲတွင် လှိုက်လှိုက်ပြီး တက်လာသည်။ ဒီအခွင့်အရေးကို ရတီ ဘယ်လိုမှ လက်လွှတ်ခံ၍ မဖြစ်ချေ။ ကံကောင်းလို့ ဟူသော စကားသည် ရတီ့ ရင်ထဲ၌ အကြိမ်ကြိမ် ပဲ့တင်ထပ်နေသည်။ ရတီသာ ဒီကိုရောက်မလာခဲ့လျှင် ဒီကြော်ငြာအလုပ်ခေါ်ကြောင်းကို လုံးဝသိရမှာမဟုတ်။ ရတီမှာ သတင်းစာလည်း ဖတ်လေ့ဖတ်ထ မရှိသူမို့ ကြော်ငြာပါလည်း သိမှာမဟုတ်ချေ။ ရန်ကုန် ဆင်းလာတည်းက အလုပ်လုပ်ဖို့ ရည်ရွယ်ချက် မရှိခဲ့သူမို့ ရတီ့ခေါင်းထဲတွင် ရှေ့ဖရေးအစီစဉ်တွေက သေချာမသိရဘဲ ဝေဝေဝါးဝါး။

ခုတော့ ဘာရယ်မှ အကြောင်းပြချက် မယ်မယ်ရရ မရှိဘဲ သွားကို သွားဦးမယ်ဟူသော ရတီ့ရဲ့ဆန္ဒများသည် ကိုယ့်စောင့်နတ်က နှိုးဆော်ခဲ့တာပဲ ဖြစ်ပါသည်။ ရတီသည် ကျေနပ်





လှုပ်ရှားသော စိတ်တို့ဖြင့် ကြော်ငြာစာရွက်ကို စေ့စေ့စပ်စပ် ဖတ်ရလိုက်သည်။ ရတီနဲ့ ကိုက်ညီသော အလုပ်ဟာ ဘာရှိမလဲ။ ရှာစမ်း ... ရှာစမ်း ... ဟော ... တွေ့ပြီ။ ကွန်ပျူတာစာရင်းကိုင် အဲဒီထက် စိတ်ဝင်စားတာက စက္ကရီတေရီရာထူးဖြစ်သည်။ စက္ကရီတေရီရာထူးကတော့ လုပ်သက်ရှိသူကို ဦးစားပေး ခေါ်ထားကာ အမျိုးသမီးသီးသန့်ဖြစ်ပြီး တခြား Position တွေကတော့ ကျား၊ မတွေ အားလုံးခေါ်ထားသည်။ ရတီသည် ဦးသီဟ အနားမှာ အနီးကပ်နေရမည့် စက္ကရီတေရီရာထူးကို အင်မတန်မှ လိုချင်လေသည်။ ဒါပေမဲ့ ရတီ့ထံမှာ စက္ကရီတေရီတစ်ယောက်မှာ ရှိသင့်ရှိထိုက်သည့် အရည်အချင်းမျိုး ရှိရဲ့လားဟု လက်သည်းကိုက်ကာ စဉ်းစားနေမိသည်။

ဘာသာစကား တတ်ကျွမ်းမှု၊ ကွန်ပျူတာကို ကိုင်တွယ်သုံးစွဲတတ်မှု၊ လိုအပ်လျှင် ခရီးထွက်နိုင်ခြင်း စတာတွေဟာ ရတီ့မှာရှိနေသည့် အရည်အချင်းတွေပဲဖြစ်သည်။ ဒီ့ထက် အဆစ်ပိုတာက ရတီ့တွင် MBA လက်မှတ်တစ်ခုတောင် ရထားသေးသည်။ ဒါကလည်း အလုပ်တွင် အထောက်အကူ ဖြစ်မယ်ထင်ပါရဲ့။ ရတီသည် သိပ်မစဉ်းစားတော့ဘဲ စက္ကရီတေရီ လျှောက်ဖို့ပဲ စဉ်းစားကာ ဆယ်ထပ်မှ ပြန်ဆင်းဖို့ရာအတွက် ဓာတ်လှေကားကို စောင့်နေလိုက်သည်။ အဲဒီအချိန်မှာပဲ ဓာတ်လှေကားတံခါးဝ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ခနဲ ပွင့်သွားကာ လူသုံးယောက်က ထွက်လာသည်။ အဲဒီထဲတွင် ရှေ့ဆုံးမှ ထွက်လာသော လူတစ်ယောက်ကိုမြင်လျှင် ရတီသည် ငေးခနဲ ဖြစ်သွားသည်။

ဟင် ... ခနဲ မြည်သံသည် ရင်ထဲမှာ အကြိမ်ကြိမ် ပဲ့တင်သွားလေသည်။ စူးစိုက်ကြည့်နေသော ရတီ့ရဲ့မျက်လုံးကြောင့် တစ်ဖက်ကလည်း ရတီ့ကို အမှုမဲ့ အမှတ်မဲ့မှ အနည်းငယ်ဆိုသလို ဂရုစိုက် ပြန်ကြည့်သည်။ တစ်စက္ကန့်မှာ ဖြစ်ပျက်သွားသော တစ်စုံတစ်ရာသည် ရတီ့ရင်ထဲကို လှိုင်းထန်သွားစေသည်။ ရတီက နေရာမှာတင် မလှုပ်မယှက် ကျန်ရစ်ခဲ့သော်လည်း ဦးသီဟအပါအဝင် လူသုံးယောက်ကတော့ ရုံးခန်းထဲသို့ ဝင်ရောက်သွားပြီဖြစ်သည်။ ရတီ သတိဝင်လာသောအချိန်မှာ ဓာတ်လှေကားက ပိတ်သွားခဲ့ပြီ။ ဒီတော့မှပဲ ရတီသည် ဓာတ်လှေကားကို ပြန်ဖွင့်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ လူကသာ အောက်ထပ်သို့ ဝေဝေဝါးဝါး ဆင်းလာခဲ့သော်လည်း ရတီရဲ့ မျက်လုံးထဲတွင် ဦးသီဟရဲ့ ပုံရိပ်တို့က မထွက်ချေ။

အသက်လေးဆယ့်ခုနစ်နှစ်ရှိပြီဟု သိထားရသော ဦးသီဟသည် လုပ်နေသော ရာပ်ငန်းကြီးတွေနဲ့ မမျှအောင် နုပျိုသေးတာ ဖြစ်သည်။ ဒီလိုဖြစ်အောင်လည်း သူ့ရဲ့နေ့စဉ်ဘဝတွေသည် အားကစား ကျန်းမာရေးနှင့် အနားယူချိန်၊ အလုပ်လုပ်





ချိန်တို့ကို သမမျှတအောင် ရောစပ်ထားသူ ဖြစ်သည်။ မြင့်မားသော အရပ်အမောင်း၊ ကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ယောကျ်ားပီသသော မျက်နှာပေးတို့ဟာ တော်တန်ရုံ အနားမကပ်ရဲလောက်အောင် ရှိန်စရာ ကောင်းလွန်းလှသည်။ နဂိုဥပမိရုပ်ကလည်း ကောင်း၊ စည်းစိမ်ဥစ္စာ ကြွယ်ဝမှု အရှိန်အဝါကလည်း လူတိုင်းနီးပါးသိသည့် သူဌေးတစ်ယောက် ဖြစ်လေရာ တော်ရုံလူသည် ဦးသီဟကို မျက်လုံးချင်းဆုံအောင်တောင် မကြည့်ဝံ့ဟု ဆိုကြသည်။ ရတီကတော့ မျက်လုံးချင်း ဆုံအောင်လည်း ကြည့်ဝံ့လေသည်။

ရတီသည် ဒီကုမ္ပဏီကြီးမှာ အလုပ်လျှောက်ရမည့်အရေးကို အတက်ကြွကြီး တက်ကြွကာ အဆောင်သို့ ချက်ချင်းပြန်သည်။ အလုပ်လျှောက်ဖို့ရာအတွက် ပတ်စ်ပို့ဓာတ်ပုံရိုက်ရန်ရေတစ်ခါထပ်ချိုးကာ မျက်နှာကို ကြည့်ကောင်းသေသပ်အောင်နောက်တစ်ခေါက် ထပ်၍ပြင်ဆင်သည်။ စက္ကရိတောရီပုံပေါက်အောင် ဆံထုံးတွေ ဘာတွေထုံးကာ ကော်လာပါသော အကျႌအဖြူပေါ်တွင် အနက်ရောင်ကုတ်အတိုကို ထပ်ဝတ်သည်။ ဘွဲ့လက်မှတ်၊ သင်တန်းဆင်း လက်မှတ်တွေကို လိုရ မယ်ရ ထည့်ယူလာသောကြောင့် အတော်ပဲ ဖြစ်သွားရသည်။ အဲဒီနောက် ရတီသည် လိုအပ်သောပစ္စည်း အစုံအလင်ဖြင့် အပြင်သို့ တစ်ခေါက်ပြန်ထွက်သည်။ ဓာတ်ပုံရိုက်ပြီးနောက် ကွန်ပျူတာဆိုင်မှာ CV



www.burmeseclassic.com

www.burmeseclassic.com



Form ကို ကွန်ပျူတာဖြင့် သပ်သပ်ရပ်ရပ် စာစီခိုင်းကာ လိုအပ်သော လက်မှတ်တွေကို မိတ္တူကူးလေသည်။ အားလုံးပြည့်စုံပြီဟု အထပ်ထပ် စစ်ဆေးပြီးသာအခါ New Life Trading သို့ နောက်တစ်ကြိမ် ထပ်ရောက်သွားသည်။

"အလုပ်လျှောက်လွှာ လာတင်တာပါ"ဟူသော ရတီ့ရဲ့စကားကို လက်ခံသူ မိန်းကလေးက တအံ့တသြ မော့ကြည့်တာနှင့် ကြုံရလေသည်။ ရတီက မျက်နှာကို အချိုဆုံးပြုံးကာ ...

"လူတွေ့အင်တာဗျူးက ဘယ်တော့လဲဟင်"

"ခြော် ... ဒီမှာ ထပ်ကြော်ငြာမှာပါ၊ CV Form ထဲမှာ ဆက်သွယ်ဖို့ ဖုန်းနံပါတ် ထည့်ထားတယ် မဟုတ်လား ... အဲဒါဆိုလည်း ဖုန်းဆက် အကြောင်းကြားပေးမှာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်နော်"

"ဟုတ်ကဲ့ပါ"

ရတီသည် ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် Tower ကြီးထဲမှ ပြန်ထွက်လာခဲ့သည်။ ကျောက်ပြားလှေခါးထစ်များပေါ်သို့ ရောက်သောအခါ အားမာန်အပြည့်ဖြင့် Tower ကြီးကို လှည့်ပြီး မော့ကြည့်မိလေသည်။ အင်မတန်မြင့်မားကာ ခမ်းနားလှသော ဒီ Tower ကြီးသည်လည်းပဲ အောက်ခြေကနေ စတင်ကာ ရက်လရှည်များ တည်ဆောက်ခဲ့ရသည်။





ဒီလိုပဲ ရတီသည်လည်း ဦးသီဟ ဆိုသော လူတစ်ယောက်အနားကို ရောက်ဖို့အတွက် ရက်လရှည်များ စောင့်ခဲ့ရသည်။ ခုတော့ သူနဲ့ လက်တစ်ကမ်းအကွာမှာ ရောက်လို့နေခဲ့ပြီ။

ဘယ်လိုအာရုံမျိုးလဲတော့ မပြောတတ်။ ဒီကုမ္ပဏီမှာ ရတီ တစ်ယောက် အလုပ်ရလိမ့်မည်ဟုကို အပြည့်အဝ ယုံကြည်နေမိလေသည်။

♥ ❋ ♥



www.burmeseclassic.com

www.burmeseclassic.com

## ၅

"သား ... ဒီနေ့လည်း ကားဆွဲဦးမလို့လားကွယ်။ နားနား နေနေ နားစမ်းပါ သားရယ်။ တစ်ခါတလေ နားလို့လည်း ဘာမှမဖြစ်ပါဘူး"

သူ့အမေက အပြင်သွားတော့မလို့ဟန် ပြင်နေသည့် သူ့ကို မှုပန်ဟန်ဖြင့် ဟန့်တားသည်။ သူက အမေ ဖျော်ပေးထား သော ကော်ဖီကို တစ်ချက်ကောက်မော့ကာ ...

"သား နေကောင်းပါပြီ အမေရဲ့။ ဘာမှမဖြစ်ပါဘူး။ ကောင်းနေပါပြီ၊ အိမ်ထဲမှာချည်း နေရတော့လည်း ပျင်း လာတယ် ..."

ကားမောင်းနေကျလူက ကားလေး ဘာလေး လျှောက်မောင်းနေရမှ။ မနက်လည်း စောစောထရတာမှ မဟုတ်တာ၊ ညနေလည်း စောစောပြန်လာမှာပဲဟာ၊ တစ် သောင်းလောက် ရတော့လည်း အမြတ်ပေါ့ အမေရယ်"





"အေးပါ၊ နေကောင်းရင်လည်း ပြီးတာပဲ၊ အမေက သား နေမကောင်းရဲ့သားကြီးနဲ့ ကားထွက်ဆွဲနေမှာစိုးလို့ ...

နေကောင်းကျန်းမာတုန်းက မသုံးမဖြုန်းဘဲနဲ့ ကြိုးစား ရှာထားတယ်ဆိုတာ ဒီလို မမာမကျန်း ဖြစ်တဲ့အခါမှာ အေးအေးလူလူ နားနေ သုံးစွဲနိုင်အောင်လို့လေ"

"ဟုတ်ပါတယ် အမေရယ်၊ ခု သား နေကောင်းပါပြီ၊ ကားဆွဲရင်လည်း သက်သက်သာသာပဲ ဆွဲပါ့မယ်။ အမေ ရော မြို့ထဲကို ဘာမှာဦးမလဲ၊ ပြော"

"မမှာတော့ပါဘူး၊ သားသား ဂရုစိုက်ပါ"

"ဟုတ်ကဲ့ အမေ။ ဒါဆို သား သွားပြီ"

သူက လက်ကျန်ကော်ဖီကို ကောက်မော့ကာ ကား သော့ကိုယူလျက် လှေကားထစ်များမှ ဆင်းလာခဲ့သည်။ အောက် ထပ်မှာ ထိုးထားသော ကားပေါ်သို့ တက်မောင်းလာရင်းမှ ထူး ဆန်းသော စိတ်တို့သည် ဘာရယ်မဟုတ်ဘဲ သုခနုဒီအဆောင်မှ ကောင်မလေးကို ဖျတ်ခနဲ သတိရသွားလေသည်။ သူ ကားမဆွဲ နိုင်ခဲ့သည်မှာ လေး,ငါးရက်လောက် ကြာခဲ့ပြီဖြစ်သည်။ မိုးမိရာ မှ အစပြု၍ အအေးမိပြီး ဖျားလေရာ အဖျားဒဏ်ကြောင့် ကားမ ဆွဲနိုင်တော့။ သုံးရက်လောက် ဆေးခန်းသွားပြီးတော့မှပဲ ထူထူ ထောင်ထောင် ဖြစ်လာတော့တာဖြစ်သည်။ ဒီနေ့တော့ ကားမဆွဲ တာ ငါးရက်မြောက်ပြီမို့ သူက ပျင်းလည်း ပျင်းလာတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟိုနား ဒီနားတော့ ဆွဲမည်ဟု စိတ်ကူးကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

ထွက်လာတော့လည်း စိတ်တို့က ဘာရယ်မဟုတ်ဘဲ မျက်နှာကြီးကြီး (မျက်နှာပြည့်ပြည့် ဆိုပါတော့လေ) ကောင်မလေးကို သွားသတိရစိတ်ဖြင့် ဘာရယ်မဟုတ်ဘဲ ကားခေါင်းကို သူမတို့အဆောင်ရှိရာ လမ်းဘက်သို့ ဦးတည်မိလေသည်။ သူမတို့အဆောင်နှင့် သူ့အိမ်က တစ်လမ်းကျော်ပဲ ခြားလေရာ နီးနီးလေးဆိုသော အသိကလည်း သူ့ရင်ကို ဘာလိုလို ညာလိုလို ဖြစ်စေသည်။

သူသည် ကောင်မလေးတို့ အဆောင်ရှေ့ကို မဖြတ်ခင်မှာပဲ သူမကို အဆောင်ထဲမှ ထွက်လာတာနှင့် တွေ့လိုက်ရလျှင် သူ့မျက်စိကိုတောင် သူ မယုံနိုင်ဖြစ်သွားသည်။ ဒါကြောင့်ကားကိုလည်း အရှိန်လျှော့ပြီးသား ဖြစ်သွားလေသည်။

သူမက အဆောင်ထဲမှ ထွက်လာကာ လမ်းဘက်ကို ဟိုဟိုဒီဒီ ကြည့်သည်။ ကြည့်ရတာ ကားငှားဖို့ Taxi ရှာသည့်ပုံစံပဲ ဖြစ်လေသောကြောင့် သူက ဝမ်းတစ်ချက်တွန့်မိသွားသည်။ ဒီကောင်မလေး တွေ့လိုက်ရင် Taxi ငှားနေတာချည်းပဲ ဖြစ်သည်။ ဒီပုံအတိုင်း ဆိုရင်တော့ ပါသမျှပိုက်ဆံတွေ မြန်မြန်ပြောင်ဖို့မြင်လေသည်။ ဒါပေမဲ့လည်း အိမ်ကမိဘက ဖိုသလောက်ပို့နိုင်ရင်တော့လည်း မဆိုးဘူးပေါ့။





သူက တဝေ့ဝေ့ဖြင့် ကားကို အသာလေးလိမ့်မောင်းသွားလျှင် သူမက သူ့ကားကို လက်တစ်ဖက်ပြကာ တားသည်။ သူကလည်း နဂိုထဲက မြင်ပြီးသားမို့ ဆားဘက်မှာ အသာကပ်ရပ်လိုက်သောအခါ သူမက လမ်းရဲ့တစ်ဖက်အဆောင်ရှေ့ကနေပြီး ကူးလာပါသည်။ ဒီနေ့မြင်ရသော သူမရဲ့ပုံစံသည် ခါတိုင်းထက် ဝင်းချင်းလှပနေသည်။ ကိုယ့်ကိုယ်ကိုယ် သေချာကို ဂရုတစိုက် ပြင်ဆင်ထားသည့် ပုံစံမျိုးဖြစ်သည်။ နီညိုရောင်အခွေအလိပ် ဆံနွယ်များကို ခပ်မြင့်မြင့် စုစည်းထားမှုကြောင့် ပြည့်ဖူးသော မျက်နှာလေးသည် ထင်းထွက်နေသည်။ အဖြူရောင်မိန်းမဝတ်ရှပ်အင်္ကျီ လက်စကလေးက ကော်လာပြဲပြဲလေးဖြစ်ကာ အောက်က ဒူးနဲ့အတိ မီနီစကတ်အတို အနက်ရောင်လေးကို ဝတ်ထားကာ လေဒီရှူးအနက်ရောင်ကို စမတ်ကျစွာ ဝတ်ဆင်ထားသည်။

သူက ငေးနေတုန်းမှာပဲ သူမက ကားနားသို့ရောက်လာကာ ကားထဲသို့ ငုံ့ကြည့်သည်။ သူ့ကိုမြင်သွားသောအခါ မှတ်မိသွားသော မျက်ဝန်းများကြောင့် သူ ပျော်သွားသည်။ ဒါပေမဲ့ သူမ မျက်ခုံးလေးတွေ ယောင်ယောင်မျှ တွန့်ချိုးသွားသောကြောင့် သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားရသေးသည်။ ကိုယ်နဲ့ မဆုံချင်လို့လား ကောင်မလေးရယ်။

"ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်တထောင်"

"ဗိုလ်တထောင် ဘယ်နားလဲ"

"New Life Tower"

"နှစ်ထောင်ပဲ ပေးပါ"

သူမက စျေးနှုန်းတွေကိုတော့ တီးခေါက်မိသွားသည် ထင့်။ ဘာမှမပြောတော့ဘဲ ကားတံခါးကိုဖွင့်ကာ နောက်ခန်းထဲသို့ ဝင်ထိုင်သည်။ သူမ ထိုင်ပြီးတာနှင့် သူက ကားကိုညင်သာစွာ မောင်းထွက်လိုက်သည်။ ပြီးတော့ Mandalay FM ကို ခပ်တိုးတိုး ဖွင့်ပေးထားလိုက်ပါသည်။ သူသည် ခါတိုင်းဆိုလျှင် ကားကို ခပ်သွက်သွက် ရမောင်းလေ့ရှိသော်လည်း ဒီတစ်ခါတော့ ခပ်ဖြည်းဖြည်းသာ မောင်းနေမိသည်။ ပြီးတော့ နောက်ကြည့်မှန်မှတစ်ဆင့် သူမရဲ့မျက်နှာလေးကို လှမ်းလှမ်းငေးနေမိတာကိုလည်း ဝန်ခံရလိမ့်မည်။

သူမကတော့ သူ့ကို သတိတောင် ထားမိပုံမပေါ်။ သူမရဲ့မျက်နှာလေးသည် တစ်ခုခုကို ဖောကပ်နေပုံဖြင့် ဆန္ဒတစ်ခုကို လိုက်လံရှာဖွေသလို ဖြစ်နေသည်။ သူ့ကားက မီးပွိုင့်မိသွားလျှင် သူသည် အလုပ်မရှိ၍ မေးသလိုလို အထာဖြင့် နောက်ကြည့်မှန်မှတစ်ဆင့် သူမကို လှမ်းမေးမိသွားသည်။

"ရန်ကုန်မှာ အဆင်ပြေရဲ့လား"





သူမက သူမေးမယ်လို့ မထင်ထားပုံဖြင့် ကြောင်သွားကာ ပြီးတော့မှ ခေါင်းမညိတ်ချင် ညိတ်ချင်ပုံစံဖြင့် ခေါင်းညိတ်ပြသည်။ သဘောကတော့ သူ့ကို သိပ်အရောမဝင်ချင်ဘူးဟူသော ပုံစံမျိုး။ သူက တစ်ချက် ဝမ်းနည်းသွားသော်လည်း သူမကို စာနာနားလည်ပေးလိုက်ပါသည်။ တစ်မြို့ တစ်ရွာကနေ ရန်ကုန်မြို့မှာ တစ်ယောက်တည်း လာရောက်ရပ်တည်နေရသည့် မိန်းကလေးတစ်ယောက်အနေဖြင့် သူ့ကို ချက်ချင်း အရောဝင်ချင်ပုံ မရသည်မှာ သဘာဝတော့ ကျပါသည်။

"ညဘက်တွေ ဘာတွေ ကားသုံးချင်ရင် ပြောလေ။ ဟိုတစ်နေ့က မင်းတွေ့တဲ့ ကားရပ်ထားတဲ့ တိုက်ခန်းမှာ ကိုယ်က နေတာ ...

ပထမထပ်ပေါ့။ အရေးပေါ်သုံးချင်ရင် လာခေါ်လို့ ရပါတယ်"

"ကျွန်မက ဘာကို အရေးပေါ် သုံးချင်ရမှာလဲ"

သူမရဲ့အသံက ခပ်ဆတ်ဆတ် ထွက်ပေါ်လာလျှင် သူက ပြုံးမိသွားသည်။ တစ်လက်စတည်းမှာပဲ သူမကို နောက်ချင်စိတ်လေးတွေ ပေါ်လာခဲ့သည်။

"ဩော် ... ဒါတော့ ဘယ်ပြောတတ်မလဲ။ အရေးပေါ်လိုအပ်လာရင် ပြောတာပါ။ မင်းက Taxi ပဲ အမြဲစီးတဲ့သူဆိုတော့ ဖောက်သည်ချိတ်ထားတဲ့ သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖောက်သည်မှ မချိတ်ပါနဲ့၊ ကျွန်မက ကြုံရာစီးတာ"

"အေးပါ ... လိုအပ်ရင် ပြောတာပ့ါ။ သိအောင် ပြောပြထားတာ"

"မလိုပါဘူး၊ မီးစိမ်းနေပြီ ဘိုးတော်"

သူက ကားကို အသာမောင်းထွက်လိုက်ရင်းမှ သူမစကားကို အံ့ဩတကြီး ပြန်မေးမိသည်။

"ကိုယ့်ကို ဘဲယ်လိုခေါ်လိုက်တယ်၊ အဲလိုမျိုးတော့ ကိုယ်ထင်ရာ နာမည်တွေ လျှောက်မပေးပါနဲ့။ ကိုယ့်နာမည်က စစ်မှန်တဲ့"

"ရှင့်ကို ဘယ်သူက နာမည်ပေးနေလို့လဲ။ ရှင့်နာမည်ရော ဘယ်သူက သိချင်နေလို့ လာပြောနေရတာလဲ"

သူက ကက်ကက်လန် ပြန်ပြောသော ကောင်မလေးရဲ့စကားကြောင့် ရယ်ချင်သွားသည်။ ကြည့်စမ်း ... ပုံစံလေးနဲ့ မလိုက်အောင် စွာလိုက်တာ။ ဒါပေမဲ့ အဲဒီလို စွာတာလေးက သူမကို ပို၍ကလေးဆန်သွားစေကာ ပို၍ချစ်ဖို့ကောင်းသွားစေသည်။ ကြည့်စမ်း ... သူဟာ မိန်းကလေးတစ်ယောက်နဲ့ အချေအတင် စကားပြောနေရတာကို ပျော်နေလိုက်တာများ။

သူ့ခံစားမှုတွေကိုတော့ ဘော်ဒါတွေနဲ့ ဆန်းစစ်ဖို့ လိုပြီထင်ပါသည်။





"နို့ ... မင်းပဲ ကိုယ့်ကို ပြောလိုက်တာ မဟုတ်ဘူးလား။ မီးစိမ်းနေပြီ ဘိုးတော်တဲ့"

"အေးလေ ... ဘိုးတော်ဆိုတာ ရှင့်ကို နာမည်ပေးတာလား"

"ဟင် ... ဒါဆို မင်းက ကိုယ့်ကို ဘာဖြစ်လို့ ဘိုးတော်လို့ ခေါ်တာလဲ။ သြော် ... ပေါက်ပြီ။ ကိုယ့်ကို အသက်ကြီးပြီဆိုပြီး ဖွဲ့တာလား ...

ကိုယ့်အသက်က နှစ်ဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ်။ ဘိုးတော်လို့တော့ မခေါ်သေးပါနဲ့ဦး"

"ကျွတ် ... ဝေးပါ"

"သြော် ... ထပ်နီးရှုံးမှာလား။ ဘာလဲ ... မင်းကအဓိပ္ပာယ်နဲ့ ပြောတာလား၊ ဘိုးတော်ဆိုတော့ မ,တယ်လေ။ အချွန်နဲ့မ,တာကို ပြောတာလား"

"ဒီမှာ ဘိုးတော် ဆိုတာ အရပ်သုံးစကားရှင့်။ ကျွန်မတို့ဘက်မှာ ယောကျ်ားလေးကို အဲလို သုံးကြတာ ...

ဟင်း ... ခက်လိုက်တာ။ နေပါဦး ရှင့်ကားက လည်း ဒီ့ထက်မြန်အောင် မောင်းလို့မရတော့ဘူးလား။ ကျွန်မ မြင်သမျှတော့ ကားတိုင်းက ရှင့်ကားကို ကျော်တက်သွားတာချည်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရုံးကို ကိုးနာရီအရောက် သွားရမှာ။ ကိုးနာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်။ ဒီထက်မြန်အောင် မမောင်းနိုင်ရင်လည်း ကားရပ်ပေးတော့"

"မြန်အောင် မောင်းနိုင်ပါတယ်၊ မင်း ကြောက်နေမှာစိုးလို့ပါ"

"လုံးဝမကြောက်ဘူး၊ မြန်မြန်သာမောင်း"

"အေးပါ၊ သဘောအတိုင်းပါပဲ၊ ဒါနဲ့ စပ်စုတယ် မထင်နဲ့နော်၊ မင်းနဲ့ ကိုယ်နဲ့က မျက်မှန်းတန်းမိနေတော့ မေးကြည့်တာပါ။ မင်းက ရန်ကုန်ကို အလုပ်လာရှာတာလား။ ကျောင်းတက်ဖို့ လာတာလား"

"အဲဒါ ရှင့်အပူ ပါလို့လား။ ရှင်နဲ့ ဘာဆိုင်လဲ"

သူမက သူ့ကို ခပ်ဆတ်ဆတ် ပြန်ပြောသည်။ မိန်းကလေးတစ်ယောက်ဟာ မြို့ကြီးပြကြီးက သူစိမ်းယောက်ျားလေးတစ်ယောက်ကို ဒီလောက်ထိ မယုံကြည်စွာ ဆက်ဆံတာ သဘာဝကျပါသည်။ သူ့စိတ်ကလည်း သူမကို သူ့အား မလိုက်လျောစေချင်။ ခက်ခက်ထန်ထန် မာရေကျောရေ ဆက်ဆံလေလေ ပိုသဘောကျရလေ ဖြစ်သည်။ လူ့စိတ်တွေ ဆိုတာလည်း ဘယ်လိုရူးကြောင် မူးကြောင် စိတ်တွေမှန်း မသိပါ။

"ဘာမှတော့ မဆိုင်ပါဘူး။ အလုပ်လုပ်ဖို့ လာတာဆိုရင်တော့ မင်းပါတဲ့ ပိုက်ဆံတွေ ပြောင်မှာစိုးလို့ပါ။ ဘတ်စ်ကားတွေ မစီးတတ်လို့လား"





"ရှင်တော်တော် လျှာရှည်ပါလား။ ကျွန်မဟာ ကျွန်မ ပြောင်ပြောင် မပြောင်ပြောင် ရှင်နဲ့ ဘာမှမဆိုင်ပါဘူး"

သူမရဲ့စကားကြောင့် သူက ခိခနဲ ရယ်မိသွားလျှင် သူမက သူ့ကို မျက်လုံးပြူးကြည့်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်လုံးပြူးကြည့်ပုံသည် တော်တော်ချစ်စရာကောင်းသောပုံစံလေးပဲ ဖြစ်တော့သည်။

"မင်းအတွက်တော့ မဆိုင်ပါဘူး၊ ဟုတ်ပါတယ်။ ကိုယ့်အတွက်လည်း ဆိုင်တယ်လို့တော့လည်း မဟုတ်ဘူးပေါ့။ မျက်မှန်းတန်းမိလို့ မေးတာပါလို့ ပြောပြီးသားပဲ ...

မင်း ရန်ကုန်ကို ရောက်ခါစနေ့တည်းက တွေ့ဖူးပြီး မကြာ မကြာ တွေ့မိနေတော့ ဒီလိုပဲ မေးမိတဲ့ သဘောပါကွာ။ တစ်မျိုးတော့ လျှောက်မထင်ပါနဲ့"

သူ့ရဲ့ပြေရာပြေကြောင်း စကားကို သူမကနားထောင်သော်လည်း ဘယ်လိုမှ မတုံ့ပြန်ပါ။ ခပ်တင်းတင်း ပုံစံနှင့်ပင် ကားတံခါး ပြတင်းပေါက်ကနေ အပြင်ဘက်သို့ ငေးနေသည်။ သူနဲ့ စကားဆက်မပြောတော့ဘူးဆိုသော ပုံစံမို့ သူက သဘောတကျနှင့်ပြုံးကာ ပခုံးတစ်ချက် တွန့်မိလေသည်။

ဒီလိုနှင့် သိပ်မကြာခင်မှာပဲ သူမ သွားလိုသော New Life Tower ကြီးရှေ့သို့ ရောက်သွားသည်၊ သူမက ကားပေါ်မှ ဖျတ်ခနဲ ဆင်းကာ သူ့လက်ထဲသို့ တစ်ထောင်တန်နှစ်ရွက်ကို ထိုးထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပိုက်ဆံကိုယူရင်းမှ သူမကို မော့ကြည့်သော်လည်း သူမက သူ့မျက်နှာကို ကြည့်မနေပါ။ "ကျေးဇူးပဲ"ဟူသော သူ့ရဲ့တုံ့ပြန်သံ စကားကိုလည်း ဂရုစိုက်မနေဘဲ ချာခနဲနေအောင် လှည့်ထွက်သွားလေသည်။ သူသည် စည်းချက်ကျကျ လမ်းလျှောက်သွားသော သူမရဲ့နောက်ပိုင်းအလှကို သတိလက်လွတ် ငေးမောနေပြီးမှ သတိဝင်လာသောအခါ ကိုယ့်ကိုယ်ကိုယ် ရှက်သွားသည်။ မိန်ကလေးတစ်ယောက်ရဲ့ အလှကို အဲဒီလို တပ်မက်စိတ်ဖြင့် ငေးရတာကို သူ အင်မတန် ရှက်ပါသည်။ ပြီး… အားနာပါသည်။

ခုတော့ သူ သတိလက်လွတ် ငေးမောမိသူမှာ သူမဖြစ်သည့်အတွက် ပို၍အားနာသည်။ ဆောရီးပါ ကောင်မလေးရယ်၊ ဒါပေမဲ့ မင်းရဲ့နာမည်လေးကိုတော့ အမှန်တကယ်ပဲ သိချင်ခဲ့ပါတယ်။

♥ ❋ ♥





## ၆

ရတီသည် လူတွေ့အင်တာဗျူး ဆိုတာကြီးကို အခုမှ ပထမဦးဆုံးအကြိမ် နှဖူးတွေ့ ဒူးတွေ့ ကြုံရခြင်း ဖြစ်လေရာ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် ပြင်ဆင်လာ ပြင်ဆင်လာ တကယ်တမ်း ရင်ဆိုင်ရမယ်ဆိုသောအခါ ရင်တော့ နည်းနည်းခုန်ချင်သည်။ ရတီ့လိုပင် အတွင်းရေးမှူးရာထူး လာလျှောက်သော မိန်းကလေးတွေကလည်း အများကြီးပဲ ဖြစ်လေရာ ငါ ရမှရပါ့မလားဟူသော စိုးရိမ်စိတ်ကလည်း ဝင်လာသေးသည်။ အားလုံးကလည်း လှလှပပ ထက်ထက်မြက်မြက် ပုံစံတွေဖြစ်လေရာ ရတီသည် အတွင်းရေးမှူးရာထူးကို လျှောက်မိတာတောင် မှားပြီဟု ထင်မိလေသည်။

ရတီ့အတွက် ဒီအခွင့်အရေးသည် ဘုရားပေးသော အခွင့်အရေး ဖြစ်လေရာ ဒီအခွင့်အရေးကို ဘယ်လိုမှ လက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ခံ၍ မရချေ။ ဒီ New Life Trading မှာ အလုပ်လုပ်ခွင့်ရလျှင် ရတီ့စိတ်ကူးတွေ ရည်မှန်းချက်တွေကို ပိုမိုမြန်ဆန်စွာ အကောင်အထည် ဖော်နိုင်မည် ဖြစ်လေရာ ဒီအလုပ်သည် ရတီ့အတွက် အင်မတန် အရေးကြီးသည်။ တကယ်ဆိုလျှင် အတွင်းရေးမှူး ရာထူးက တစ်ယောက်တည်းပဲ ခေါ်မှာဖြစ်ပြီး တခြားရာထူးတွေက လေး,ငါးယောက်ခေါ်ခြင်း ဖြစ်လေရာ ကိုယ့်အတွက် Chance က ပိုများသည်။ ခုတော့ ....

မရခဲ့လျှင် အတွေးတွေဖြင့် ရတီ ရင်ထဲတွင် ပို၍ ပူလောင်လာသည်။ ဒီလိုပူလောင်နေလျှင် မဖြစ်သေးရဲ့ဟု ကိုယ့်ကိုယ်ကိုယ် သိကာ ရတီက ကိုယ့်စိတ်ကိုယ် ယုံကြည်ချက် ပြန်မွေးကာ ထိုင်နေရာမှ ပြတင်းပေါက်မှန်ချပ်များရှိရာသို့ ထ၍လမ်းလျှောက်သွားလိုက်သည်။ အဝေးက မြင်နေရသော ရှုခင်းများကို ငေးမောရင်းမှ ရတီ ဖြစ်ချင်သည့်ဆန္ဒတွေကို တစ်ခုချင်းနှလုံးသွင်းကာ စိတ်ကို အတည်ငြိမ်ဆုံး စုယူလိုက်သည်။ အဲဒီအခါမှာ အခုနကထက် စာလျှင်တော့ တော်တော်လေး သက်သာသွားသည်။

ရတီက အင်တာဗျူးဖြေရမည့် အခန်းဘက်သို့ ပြန်လျှောက်လာနေတုန်းမှာပဲ ရတီ့ရှေ့က တစ်ယောက်က ထွက်လာကာ ခဏနေတော့ လူခေါ်ပေးသည့် မိန်းကလေးတစ်ဦးကပါ ထွက်လာသည်။ ထိုင်နေသော လူများကို ဝေ့ဝဲရှာဖွေပြီးနောက် ...

"ရတီဝတ်မှုံ ရှိပါသလား"





"ရှိပါတယ်"

"ဟုတ်ကဲ့ ... ဝင်လို့ ရပါပြီ"

ရတီသည် အသက်ကို ဝဝရှူပြီးနောက် ခါးကို မတ်မတ်ထားကာ လာခေါ်သော မိန်းမငယ်လေးနောက်မှ ကြော့ကြော့မတ်မတ် လိုက်ပါသွားသည်။ မိန်းကလေးက အခန်းတံခါးကို ဖွင့်ပေး၍ ဝင်ပါ ဟူသော သဘောဖြင့် လက်ကိုဆန့်တန်းပြပေးသည်။ ရတီက အသိအမှတ် ပြုလိုသဖြင့် ခေါင်းတစ်ချက်ဆတ်ပြကာ အခန်းတွင်းသို့ ဝင်လာခဲ့သည်။ ကျယ်ဝန်းသော အခန်းထဲတွင် စားပွဲရှည်ကြီးနှင့်အတူ လူပုဂ္ဂိုလ်တစ်ဦးက ထိုင်နေသည်။ ရတီ ဝင်လာတာကို စူးရှသော မျက်လုံးများဖြင့် ကြည့်နေသော ပုဂ္ဂိုလ်သည် ရတီ အင်မတန် တွေ့ချင်နေသော ဦးသီဟ ဆိုသူသာဖြစ်သည်။

ရတီသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ဖြင့် ဦးသီဟ ရှေ့တွင် ဝင်ရပ်လိုက်ကာ ခေါင်းတစ်ချက်ညွှတ်ကာ နှုတ်ဆက်လိုက်သည်။

"ထိုင်ပါ"

တိကျပြတ်သားသော စကားသံအဆုံးတွင် ရတီက တစ်ခုံတည်းသော ထိုင်ခုံ၌ ဝင်ထိုင်လိုက်သည်။ ပြီးတော့ မျက်လွှာချမထားဘဲ ရတီ့ကို ကြည့်နေသော ဦးသီဟရဲ့မျက်လုံးများကို တည့်တည့်ရင်ဆိုင်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလျှောက်တဲ့ ရာထူးက ကိုယ့်ရဲ့စက္ကရီတေရီရာထူး နော်။ ဘာကြောင့် ဒီရာထူးကို မင်းက လုပ်ချင်ရတာလဲ"

"အကြောင်းနှစ်ချက်ကြောင့်ပါ။ ပထမတစ်ချက်ကတော့ ကျွန်မရဲ့စားဝတ်နေရေးအတွက်ပါ။ နောက်တစ်ချက်ကတော့ ဒီစက္ကရီတေရီ အလုပ်ကို ကျွန်မ အကောင်းဆုံး လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိလို့ပါ"

မေးတာကို ချက်ချင်း ပြန်ဖြေသော ရတီရဲ့တိကျပြတ်သားသော စကားကြောင့် ဦးသီဟက မျက်ခုံးတစ်ချက်ပင့်ကာ ခေါင်းတစ်ချက် ဆတ်သည်။ ရတီသည် ဦးသီဟကို ကြည့်ရင်းမှ နှလုံးသွေးထဲက ပူနွေးတုန်ယင်လာသော အသိကို ခံစားရသည်။ လှုက် ရယ်ချင်သလိုလို၊ ငိုချင်သလိုလို ဖြစ်လာသော ခံစားချက်တို့ကို အားတင်းပြီး ထိန်းချုပ်ထားရသောကြောင့် မင်ပန်းလွှန်းလှလေသည်။ ဦးသီဟကတော့ ရတီ့အဖြေကို သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းမှာ လုပ်သက်အတွေ့အကြုံ မရှိဘူးနော်။ ဒါနဲ့များ ဘာကြောင့် အကောင်းဆုံး လုပ်နိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားရတာလဲ"

"အဲဒါကတော့ ကျွန်မမှာ ဒီအလုပ်အပေါ်ကို အကောင်းဆုံးလုပ်ပေးစေချင်တဲ့ စိတ်စေတနာ ရှိလို့ပါ ...





ကျွန်မ ဒီအလုပ်ကို ရခဲ့ရင် အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်မျိုး အပြည့်အဝ ရှိပါတယ်"

"အင်း ... ဟုတ်ပါပြီ။ ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့နေရာမှာ မင်းအတွက် ကြိုးစားမှာလား။ ကုမ္ပဏီအတွက် ကြိုးစားမှာလား။ ဒါမှမဟုတ် မင်းတာဝန်ယူရမယ့် မင်းရဲ့ဘော့စ်အတွက် ကြိုးစားမှာလား"

ဒီမေးခွန်းကိုတော့ ရတီ နည်းနည်းစားသွားသည်။ ဒါပေမဲ့ လုပ်ငန်းရှင်တို့မည်သည် မေးခွန်းမေးလျှင် အ,ထစ် အ,ထစ် ဖြစ်နေတာကို လုံးဝသဘောမကျတတ်ကြောင်း ရတီ သိပြီးသားဖြစ်သည်။ သိရင် သိတယ်၊ မသိရင် မသိဘူး ခပ်တည်တည် ဖြေလိုက်တာက သိက္ခာကျစရာ မရှိကြောင်း နားလည်ရပြီးသား။

ဒါပေမဲ့ ရတီသည် အဲဒီမေးခွန်းတွေကို ဖြေနိုင်သောကြောင့် ခပ်သွက်သွက် ဖြေဆိုလိုက်သည်။

"ပြောရရင်တော့ ကျွန်မရဲ့ဘော့စ်အတွက် ကြိုးစားမှာပါ။ ကျွန်မရဲ့အလုပ်ရှင်အတွက် အကောင်းဆုံး ကြိုးစားပေးခြင်းဟာလည်း ကျွန်မအတွက် ကြိုးစားခြင်းပါပဲ။ သူများရဲ့အလုပ်ကိုလုပ်ပြီး သူများရဲ့ငွေကြေးကို ယူထားတယ်ဆိုမှတော့ တာဝန်ကျေအောင် ကြိုးစားရမှာက စန့်ထမ်းတိုင်းရဲ့တာဝန်ပဲ မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားပုံတောင် ရှိသေးတာပဲလေ။ သူ့ဆန်စားရဲမှတဲ့"

ရတီရဲ့စကားကို ဦးသီဟက ယောင်ယောင်လေးမျှ ပြုံးသည်။ သူ ယောင်ယောင်လေးမျှ ပြုံးပေမယ့် စိတ်ထဲမှ သဘောကျသွားကြောင်းကိုတော့ ရတီ သိလေသည်။

"အင်း ... မင်းက စကားပြောတော့ တော်တော်ကောင်းတယ်နဲ့ တူတယ်နော်။ အေးပေါ့ ... မန္တလေးက စကားဆိုတဲ့ စာဆိုတောင် ရှိသေးတာပဲ"

"ကျွန်မ စကားပြောကောင်းတာ မဟုတ်ပါဘူး။ ကျွန်မ ရင်ထဲကရှိတဲ့ ခံယူချက်အတိုင်း ပြောနေတာပါ"

ရတီက ခပ်မှန်မှန်လေး ပြန်ပြောလိုက်လျှင် ဦးသီဟက တယ်လာပါလားဟူသော ပုံစံဖြင့် နှုတ်ခမ်းတစ်ချက်ကို မဲ့ပြသည်။ လူတွေဟာ ပြောသမျှကို ငုံ့မခံဘဲ ကိုယ်မှန်တယ် ထင်တာကို ရဲရဲဝံ့ဝံ့ ပြန်ပြောတတ်ခြင်းကိုလည်း သဘောကျတတ်ကြောင်း ရတီက လူ့သဘောကို နားလည်ထားပြီးသား ဖြစ်သည်။

"ဟုတ်ပါပြီ။ အလုပ်နဲ့တော့ မဆိုင်ပါဘူး၊ တခြားမေးချင်တာလေးတွေ မင်းကို မေးမယ်၊ ကိုယ်က လူတစ်ယောက်ရဲ့ IQ ထက် EQ ကို ပိုပြီးအလေးထားတယ်လေ ...

ဒီခေတ်ကြီးထဲမှာ လူတွေက ကြိုးစားမှ တော်ကာကျမယ် ဖြစ်ကုန်ကြတော့ အပြိုင်အဆိုင်တွေ ကြိုးစားလာ





ကြတယ်။ အဲဒီအတွက်လည်း သူမသာ ကိုယ်မသာတွေ ချည်းပဲ၊ ဒါကြောင့် ကိုယ်ချင်းစာတရားတွေလည်း ခေါင်းပါးလာကြတယ်လေ ...

အဲဒီတော့ မင်းအနေနဲ့ မင်းရဲ့ဘဝ ခံယူချက်ကို သိချင်တယ်။ မင်း တန်ဖိုးအထားရဆုံး အရာကို သိချင်တယ်"

"ကျွန်မဘဝရဲ့ ခံယူချက်ကတော့ မိမိကိုယ်သာ ကိုးကွယ်ရာပါ၊ ကျွန်မ တန်ဖိုးအထားရဆုံး အရာကတော့ ကိုယ်ကျင့်တရားပါပဲ"

"တန်ဖိုးထားရတဲ့ ကိုယ်ကျင့်တရားဆိုတာ ဘာကို ပြောတာလဲ"

"ဗုဒ္ဓဘာသာအရ ပြောရမယ် ဆိုရင်တော့ ကံငါးပါးကို လုံခြုံအောင် စောင့်ထိန်းတာပေါ့။ အဲဒါက ဘာသာရေးအနေနဲ့တင် မကဘဲ ဒီနေ့ခေတ် လူ့အဖွဲ့အစည်းကြီးအတွက်ပါ လိုအပ်ပါတယ် ...

ဒီအတိုင်း ကိုယ်ကျင့်တရားသက်သက်ကို ပြောရမယ်ဆိုရင်တော့ ရိုးသားဖြောင့်မတ်မှုကို တန်ဖိုးထားပါတယ်။ သူများကို အပြုသဘောမျိုးနဲ့ပဲ ယှဉ်ပြိုင်ပါတယ်။ သူများ ဒုက္ခရောက်မယ့် ကိစ္စမျိုးကို ရှောင်ကျဉ်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းပြောတဲ့ ကိုယ်ကျင့်တရားတွေက ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ စီးပွားရေးလောကမှာက အဲဒီလောက် သဘောကောင်းနေလို့ မရဘူးကွ။ တစ်ခါတလေမှာ သူများထက် နှာတစ်ဖျားသာအောင် လုပ်ရတဲ့ ကိစ္စမျိုးတွေ ရှိတယ်"

"ဟုတ်ကဲ့ ... အဲဒါလည်း ဦးနှောက်ချင်း ယှဉ်ပြိုင်တဲ့ပွဲတွေမှာ တွေ့ရတာပါ။ ကျွန်မက တရားသော နည်းလမ်းတွေနဲ့ ယှဉ်ပြိုင်ခြင်းကို မဆိုလိုပါဘူး။ သိက္ခာတရားကို ရှေ့တန်းတင်တဲ့ အန်ကယ်တို့ ကုမ္ပဏီကြီးတွေကလည်း တစ်ဖက်သားကို အကြောင်းမဲ့ ထိခိုက်အောင်တော့ လုပ်မှာမဟုတ်ဘူး ...

ကျွန်မ ပြောတာ မှန်ပါသလားရှင်"

ရတီက ပြန်လည်မေးခွန်းထုတ်လိုက်သောကြောင့် ဦးသီဟက ရတီကို မျက်ခုံးပင့်ကြည့်သည်။

"နေပါဦး၊ အင်တာဗျူး လုပ်နေတာက ကိုယ်က မင်းကို ပါနော်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အန်ကယ့်ရဲ့မေးခွန်းကို ကျွန်မက reason နဲ့ ပြန်ဖြေတာမို့ ကျွန်မရဲ့အဖြေကို လက်ခံနိုင်လား လို့ ပြန်မေးတာပါ"





"ထားပါတော့။ ကဲ ... မင်းကို နောက်ဆုံးမေးခွန်းတစ်ခု မေးမယ် ...

ဒီအလုပ်ကို ရနိုင်လိမ့်မယ်လို့ မင်း ထင်သလား။ ဘယ်လောက်အတိုင်းအတာထိ မျှော်လင့်ထားလဲ"

ရတီသည် အသက်ကို ဝဝရှူလိုက်ကာ ...

"ကျွန်မ အကောင်းဆုံးကို မျှော်လင့်ထားပါတယ်ရှင့်"

ဦးသီဟက ရတီကို ခပ်နက်နက် စိုက်ကြည့်သည်။ ရတီသည် ကိုယ့်ကိုစိုက်ကြည့်နေသော မျက်ဝန်းများထဲသို့ တမ်းတခြင်းအပြည့်ဖြင့် ငေးမောကြည့်မိလျှင် ဦးသီဟရဲ့မျက်လုံးတွေက တစ်မျိုးဖြစ်သွားသည်။ အခုနက ယုံကြည်ချက်အပြည့်ဖြင့် တောက်ပခဲ့သော မျက်လုံးများသည် အခုတော့ တစ်စုံတစ်ရာသော အရိပ်အငွေ့တွေဖြင့် မှုန်မှိုင်းသွားကြသည်။ အဲဒါကြောင့် ရတီကို ကြည့်နေသော ဦးသီဟရဲ့မျက်လုံးများမှာ အကဲခတ်ရိပ်နှင့် ပြည့်နက်သွားပြီးနောက် မေးစေ့အောက်မှာ ယှက်ထားသောလက်ကို ဖြုတ်ကာ ...

"အိုကေ ... ကောင်းပါပြီ။ မင်း ကံကောင်းနိုင်ပါစေ။ သွားလို့ရပြီ ရတီဝတ်မှုန်"

"ဟုတ်ကဲ့ ...။ ကျေးဇူးတင်ပါတယ်ရှင့်။ ကျွန်မတို့ နောက်တစ်ကြိမ် ထပ်ဆုံကြဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရတီက မတ်တတ်ထရပ်ရင်းမှ ခေါင်းညွတ်နှုတ်ဆက်ကာ ပြောလိုက်လျှင် ဦးသိဟက ရတီ့ကို မော့ကြည့်သည်။ ရတီသည် ကိုယ့်ကိုကြည့်လာသော မျက်လုံးများထဲသို့ တည့်တည့်စိုက်ကြည့်ကာ ပြုံးပြလိုက်ပြီးနောက် ထထွက်လာခဲ့သည်။ ဦးသိဟသည် ရတီရဲ့နောက်ကျောပြင်ကို ကြည့်ကာ အတွေးတစ်ခုခုမှားပြီး ကျန်ရစ်ခဲ့မယ်ဆိုတာကို အတိအကျ သိပါသည်။

ဘာကြောင့်မှန်းတော့ မသိ။ ဒီအလုပ်ကို ရလိမ့်မယ်ဆိုတာ ရတီ့ရင်ထဲ၌ အလိုလို သိနေသည်။ ဒါဟာလည်း မမြင်ရသော ကြိုးလေးတစ်ချောင်းကြောင့်ပဲ ဖြစ်ပါမည်။

♥ ❋ ♥





## (၇)

"ဟော့ကောင် ... မင်း ငါ့ကို ဘာကျွေးမှာလဲ"

ဘာဘူက သူ့ဆားကခုံမှာ ဝင်ထိုင်လိုက်ရင်းမှ အရင်းမရှိ အဖျားမရှိ ထပြီးမေးလိုက်လျှင် သူက လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ရင်း မသောက်ဖြစ်သေးဘဲ ကြောင်ပြီးလှည့်ကြည့်မိသည်။ ရာဇာကတော့ သူ့ကိုယ်စား "ဘာကိစ္စ ကျွေးရမှာလဲ"ဟု ဝင်မေးပေးသည်။

"ကျွေးရမှာပေါ့၊ မင်းရဲ့အသည်းကျော်မလေးနဲ့ မင်းကို ရွှေလမ်း ငွေလမ်း ဖောက်ရအောင် မိတ်ဆက်ပေးမယ့်သူ ပေါ်လာလိမ့်မယ် ...

ဒီအတိုင်းဆို မင်းကောင်မလေးက မင်းကို မခင်မင်နိုင်ဘူး မဟုတ်လား၊ မင်းမှာက ခွတ်လည်း ဝင်မလုံးရဲတော့ ဒီအတိုင်းပဲ မျှော်တော်ယောင် လုပ်နေရတာ၊ ငါတို့လည်း မကြည့်ရက်တော့ ကြံရဖန်ရတာပဲ မောင်ရေ"



www.burmeseclassic.com

www.burmeseclassic.com



ဘာဘူက အဆုံးသတ်စကားကို ရွှေဥဒေါင်း အိုက်တင်ဖြင့် ပြောသည်။ သူက ဘာဘူရဲ့စကားကို စိတ်လှုပ်ရှားစွာဖြင့် မျက်တောင်တွေတောင် တဖျပ်ဖျပ် ခတ်မိလေသည်။ သုခနဒီအဆောင်မှာနေသော ကောင်မလေးကို ဟိုနား ဒီနားမှာ မကြာမကြာ တွေ့မိနေပေမယ့် သူနဲ့သူမသည် ဘယ်လိုမှ ခင်မင်မှု မရနိုင်သေး။ ခပ်တင်းတင်း နေတတ်သော သူမရဲ့ပုံစံလေးကြောင့် သူကလည်း အနားသို့ သိပ်မကပ်ရဲသေးချေ။

စာဖတ်ဝါသနာပါသော ကောင်မလေးက ညနေတိုင်း စာအုပ်တွေ၊ မဂ္ဂဇင်းတွေ ငှားဖတ်တတ်သောကြောင့် သူက သူမလေးကို တွေ့နိုင်သော တစ်ခုတည်းသော မျှော်လင့်ချက်ဖြင့် ညနေဘက်ဆိုလျှင် လက်ဖက်ရည်ဆိုင်မှာ လာ,လာထိုင်နေတတ်သည်မှာ တစ်ပတ်ကျော်ခဲ့ပြီဖြစ်သည်။ အဲဒါကြောင့် ညနေဘက်မှာဆိုလျှင် ကားတောင် ထွက်မဆွဲဖြစ်တော့။

"နေပါဦး၊ မင်းက ဘာတွေ ကြံဖန်လာလို့လဲ"

"ငါနဲ့ခင်တဲ့ သန္တာဆိုတဲ့ ကောင်မလေးက အဲဒီအဆောင်ကပဲလေ။ ငါက သန္တာ့ကို နည်းနည်းပါးပါး ကပ်ရတာပေါ့ကွာ ...

သန္တာကလည်း မင်းကို သိနေတာကိုး။ အဲဒါ မိတ်ဆက်ပေးပါမယ်ဆိုပြီး ဖြစ်တာ။ ခဏနေ သူတို့ ရောက်လာလိမ့်မယ်။ ဟိုကောင်မလေးကတော့ ကြိုမသိဘူးပေါ့ကွာ"





"ဟင် ... တကယ်လား၊ မင်းကကွာ ကြိုတော့ မပြောဘူး"

"အောင်မာ ... ကြိုပြောတော့ မင်းက မိတ်ကပ်လိမ်းလာမလို့လား၊ မလုပ်စမ်းပါနဲ့၊ ဒီပုံလေးလည်း လှပါတယ်"

ရာဇာက တီရှပ်အဖြူနှင့် သရီးကွာတား ဘောင်းဘီတိုကို လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထားသော သူ့ပုံစံကိုကြည့်ကာ မေးဆတ်ပြရင်း ပြုံးစိစိ ပြောသည်။

"မဟုတ်ပါဘူးကွာ ကြိုသိရတော့ ဘာပြောရမယ်ဆိုတာ နည်းနည်းပါးပါး ပြင်ဆင်ထားလို့ ရတာပေါ့။ ခုတော့ ရင်ထဲမှာ ဝုန်းဒိုင်းကြဲလာပြီ ...

ဟေ့ကောင်တွေ ငါ ဘာပြောရမှာလဲ"

"သြော် ... ဘာပြောရမှာလဲ။ ပြောချင်တာ ပြောပေါ့ကွ၊ ဒုက္ခပဲ၊ ဒါတောင် သင်ပေးနေရဦးမှာလား"

"ဟ ... ငါ့မှာမှ အတွေ့အကြုံ မရှိတာ။ မင်းတို့ကလည်းကွာ၊ ဟေ့ကောင် ရာဇာ၊ မင်း ကောင်မလေးနဲ့တုန်းက ဘာတွေပြောလဲ"

"ကျွတ် ... ဒါမျိုးက ထပ်တူမကျတတ်ဘူးလေကွာ။ ငါ့ကောင်မလေးနဲ့ ငါက ကျောင်းမှာတွေ့တာဆိုတော့ ဒီလိုပဲ သူ့ကို ငါက လိုက်တာကွ။ ဘာတွေပြောလဲဆိုတာ မှတ်တောင် မမှတ်မိတော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ကြားဖူးတာတော့ မိန်းကလေးတွေက Sexy ဖြစ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ဟာသဉာဏ်ရှိပြီး အာဝဇ္ဇန်းရွှင်တဲ့ ယောကျ်ားတစ်ယောက်မှာ၊ ဟာသဉာဏ်ရှိတဲ့ ယောကျ်ားလေးကို ပိုပြီးသဘောကျတတ်တယ်ကွ …

ဒီတော့ သူ ရယ်ရမယ့်ဟာလေးတွေ လျှောက်ပြောပေါ့”

“အင်း … မီးစင်ကြည့် က,ရမှာပဲပေါ့ကွာ၊ နေပါဦး သူ့နာမည်က ဘယ်သူတဲ့လဲ။ သူ့အကြောင်းရော မင်းက ဘယ်လောက်သိထားလဲ၊ အရေးကြီးတာတော့ မပြောပဲနဲ့”

“သြော် … ဒါကတော့ ခဏနေရင် မင်း သိမှာပဲလေ။ သူ့နာမည်က ရတီဝတ်မှုန်တဲ့။ ဇာတိက မန္တလေးကတဲ့။ ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်ထားတယ်လို့ ပြောတာပဲ …

သူနဲ့ပတ်သက်တာတော့ အဲလောက်ပဲ သိတယ်တဲ့ကွ”

“ငါ ထင်တာတော့ မန္တလေးက သူ့မိဘတွေကလည်း ရှိတော့ရှိပုံပေါ်တယ်နော်။ သူ့ကြည့်ရတာ ဆင်ယင်ထားလိုက်ရင်တော့ အလန်းတွေချည်းပဲ …

စားဝတ်နေရေးကြောင့် အလုပ်လာလုပ်တယ်လို့တော့ မထင်ဘူး”





“သြော် … အရေးထဲမှာ ဒီဆားပုလင်းနှင်းမောင်က တစ်မျိုင့်။ အေးပေါ့၊ ဒါကြောင့် သူ့ကြည့်ရတာ ခပ်တင်းတင်းလေး ဖြစ်နေတာပေါ့။ အဆောင်သူသာ ပြောတာ ဘတ်စ်ကားစီးတာလည်း တစ်ခါမှ မတွေ့ဘူးနော် …

ဝတ်လိုက်ရင်လည်း ကောင်းပေ့ ညွှန့်ပေ့ဆိုတာ ချည်းပဲ၊ ညနေခင်း စာအုပ်ဆိုင် ထွက်လာတာတောင် freestyle ဝတ်လာတဲ့ အဝတ်အစားက တန်ကြေးနည်းတာ မဟုတ်ဘူး၊ ရှော်တွေ၊ ဘော်စနီတွေကို ဟိုနားဒီနား ထသွား လာသွား ဝတ်နေတာနဲ့ တူတယ် …

အဆောင်မှာလည်း ချက်ပြုတ်စားတာ မဟုတ်ဘူးတဲ့။ အဝတ်တောင် ကိုယ့်ဘာသာ လျှော်ဝတ်တာ မဟုတ်ဘူးတဲ့မောင်ရေ။ ဒိုဘီပေးတာ”

“လောင်ဒရီ လုပ်စမ်းပါကွာ။ ဒါမှမဟုတ် ပင်းမင်းဆိုလည်း ပင်းမင်းပေါ့၊ ဒိုဘီဆိုတာက ဘာလဲကွ”

“မသိဘူးကွာ၊ ဟော့ကောင် … ဟိုမှာလာနေပြီကွ။ ခပ်ဟည်တည်နေတော့”

ဘဲဘဲ့ရဲ့စကားကြောင့် သူက ရင်တစ်ချက် ဆောင့်ခုန်သွားကာ သူမလှောရာလမ်းသို့ တိတ်တခိုး ချောင်းကြည့်မိသည်။ သူမက ကောင်မလေးတစ်ယောက်နဲ့အတူ လက်ဖက်ရည်ဆိုင်ထဲသို့ ခပ်အေးအေးပဲ ဝင်ရောက်လာသည်။ သန္တာ ဆိုသောကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးကအကယ်ဒမီပေးလောက်သော အိုက်တင်ဖြင့် ဘာဘူကို စတင်နှုတ်ဆက်သည်။

"ဟဲ့ ... ဘာဘူ၊ နင်ကလည်း ခုမှပဲ ဖမ်းမိတော့တယ်။ ဒါ့ဆီက ငှားထားတဲ့ CD က ဘယ်တော့ပြန်ပေးမှာလဲ။ အပြီးယူထားတော့ မဟုတ်ပါဘူးနော်"

"ပေးရင်တော့ ယူမှာပေါ့ ... ဟဲ ဟဲ ...။ အလကား နောက်တာပါ၊ ထိုင်ဦးလေဟာ၊ နင်ကလည်း၊ တွေ့တုန်း ကြုံခိုက် လက်ဖက်ရည်လေး ဘာလေး သောက်သွားပါဦး"

"အေး ... မိုးကောင်းအောင် သောက်ရတာပေါ့၊ ရတီ ခဏထိုင်မယ်နော် ဖြစ်တယ်မလား။ ဒါ သန္တာ့ သူငယ် ချင်းတွေပါ"

"ရပါတယ်"

သုံးမက အေးဆေးသော မျက်နှာထားနှင့်ပင် ထိုင်ခုံ ၁ ဝင်ထိုင်သည်။ သူသည် ကိုယ့်ထက်တောင် ပြည့်စုံကုံလုံပုံရ သည့် ကောင်မလေးကို သူမ မသိအောင် တိတ်တခိုး ငေးမော ကြည့်နေမိသည်။ သူမက တီရှပ်အဖြူအကျပ်လေးကို ရေစိုဒီဇိုင်း ရှိသော စပန့်ချ်စကတ်ရှည်ဝဲဝဲကြီးဖြင့် ဖက်ရှင်ကျစွာ ဝတ်စား ဆင်ယင်ထားသည်။ နီညိုရောင် အခွေအလိပ် ဆံနွယ်တွေက ရင် ဘတ်ရှေ့မှာ စုံကျလျက်။ မန္တလေးသူမို့ အသားအရေက ဝါနုစ် နုစ်လေး ဖြစ်နေသည်။ နားရွက်ထဲသို့ နားသယ်စပ်က ဆံစလေး





တွေကို စုထည့်ထားတာမို့ နားတစ်ဖက်မှာ နားပေါက်နှစ်ပေါက် ဖောက်ထားတာကို မြင်တွေ့နေရသေးသည်။

"နင်တို့ တစ်ခုခုမှာလေ၊ ဘာသောက်ကြမှာလဲ"

"ငါက ဗိုက်ဆာနေတာ ရှမ်းခေါက်ဆွဲစားမှာ၊ ရတီရော ဘာစားမှာလဲ"

"ဟင့်အင်း ... တော်ပြီ"

သူမက လုပစ္စာ ခေါင်းခါရင်း ငြင်းဆန်သည်။ ဘာဘူက သူ့ကိုယ်စား ဝင်ပြောပေးပြန်သည်။

"တစ်ခုခုတော့ သောက်ပါ။ အားမနာပါနဲ့၊ ဟဲ့ ... သန္တာ နင့်သူငယ်ချင်းကို ပြောဦးလေ"

"သောက်ပါ ရတီရဲ့၊ အားမနာပါနဲ့၊ တစ်ခုခုသောက်ပေါ့"

"အင်း ... ဖရုတ်ဖျော်ရည်တို့ တစ်ပုလင်းပဲ"

သန္တာက သူ့ကို တစ်ချက်လှမ်းကြည့်ကာ ခေါင်း တစ်ချက်ဆတ်ပြီး သူမနှင့် သူတို့ကို စတင်မိတ်ဆက်ပေးသည်။

"ရတီ ... ဒါ သန္တာ့သူငယ်ချင်းတွေပါပဲ။ သူက ဘာဘူ တဲ့။ သူက ရာဇာ။ သူကတော့ စစ်မှန်တဲ့ ...

ဒီရုပ်ကွက်သားတွေပဲ။ ရတီ ခင်ခင်မင်မင် ဆက်ဆံ လို့ ရတယ်၊ ရှော့မရှိဘူး သိလား"

သူမက သူတို့ကို ဇဝေဇဝါကြည့်ရှုကာ ခြိုင့်ပြီး ပြုံးပြ သည်။ သူမရဲ့အပြုံးကို သုံးယောက်ဝေမျှယူရသောကြောင့် သူက



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကျေနပ်ပါ။ ရာဇာကတော့ နဂိုတည်းက သွက်သွက်လက်လက် သူမကို သွားသုံးဆယ့်နှစ်ချောင်းလုံး ဖြဲပြကာ ...

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ကို ယုံယုံကြည်ကြည်နဲ့ ခင်ခင်မင်မင် ဆက်ဆံလို့ ရပါတယ်"

"ဒါကတော့ သန္တာတို့အဆောင်က သူငယ်ချင်းအသစ်လေ၊ ရတီဝတ်မှုန်တဲ့။ မန္တလေးသူပေါ့။ ရောက်လာတာ တစ်လ လောက်ပဲ ရှိသေးတယ်"

"ဟုတ်လား၊ ရန်ကုန်ကို မော်ဒယ်လာလုပ်တာလား"

ဘာဘူက ထုံးစံအတိုင်း မြှောက်ထိုးပင့်ကော် စလုပ်သည်။ အတည်ပေါက် ဒီဇိုင်းကြီးနှင့် မေးတာမို့ သူမက မျက်လုံး ဝိုင်းသွားရင်းမှ ခေါင်းခါပြသည်။

"မဟုတ်ပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ"

"သိပါဘူး။ မော်ဒယ် လာလုပ်တာလားလို့။ ကျွန်တော်တို့ ဒီဆိုင်မှာထိုင်ရင် ရတီဝတ်မှုန်ကို တစ်ခါတလေ လှမ်း,လှမ်း တွေ့ရတယ်လေ ..."

အဲဒါ အချင်းချင်း လက်တို့ပြီး ပြောနေတာ။ မော်ဒယ် လားပေါ့။ ခုခေတ်က သိတဲ့အတိုင်း အဆိုတော်တို့ မော်ဒယ်တို့ စာရေးဆရာတို့က အရမ်းပေါနေတာဆိုတော့ လမ်းလျှောက်သွားလို့ ပခုံးချင်း မတိုက်မိနဲ့ အဲဒါ အနုပညာ ရှင်ပဲ ...





ဒါကြောင့် ရတီဝတ်မှုန်က စတိုင်လ်ကလည်း မိုက် တော့ မော်ဒယ်ထင်တယ်ဆိုပြီး မေးနေကြတာ"

အပီအပြင်ကြီး မြှောက်နေသော ဘာဘူရဲ့စကား ကို သူမက အနည်းငယ် အနေရခက်သွားပုံဖြင့် အသာရယ်သည်။ အဲဒီလို ရယ်လိုက်သောအခါ သူမဆီမှာ ရှိသမျှ အလှအားလုံးကို ဖွင့်ချလိုက်သလို ဖြစ်သွားတာမို့ သူက အံ့သြစွာ ငေးမောမိသွား သည်။ ကြည့်စမ်း ... ရယ်လိုက်သောအခါ သူမက တော်တော်လှ တာပါလား။

"မော်ဒယ်လ် မလုပ်ပါဘူး။ ဝါသနာလည်း မပါ,ပါဘူး"

"ဟုတ်လား၊ ဒါဆိုရင် ရန်ကုန်ကို သင်တန်းတွေ ဘာတွေ လာတက်တာလား"

အဲဒီမေးခွန်းကိုတော့ သူက ဝင်မေးတာဖြစ်သည်။ သူမက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် သူ့ရင် ထဲ၌ အေးခနဲ ဖြစ်သွားရသည်။ ကြည့်စမ်း ... ဒီကောင်မလေးနဲ့ ပတ်သက်လာရင် သူ့ဆီမှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်ပြီး ကျန်ရစ်ခဲ့ တာချည်းပါပဲလား။

"ကျွန်မ အလုပ်,လုပ်ဖို့ လာတာပါ"

"ဩော် ... အခုမှ ရှာတုန်းလား။ ဘယ်လိုအလုပ်မျိုး လုပ် ချင်တာလဲ၊ အကူအညီလိုရင် ပြောလေ၊ ကိုယ်တတ်နိုင် တာဆို ကူညီပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ကားတွေ ဘာတွေ လပေးစီးချင်ရင်လည်း ပြောနော်။ အဲလိုဆိုလည်း ဖြစ်တယ် သိလား"

သူက နောက်လိုက်လျှင် သူမက တစ်ချက်ကြည့်ပြီးနောက် ဘာမှတော့ မပြောတော့ချေ။ ဘာဘူကပဲ ဝင်ပြောသည်။

"ဒီကောင်ကလည်း လူကြား သူကြားထဲ ရောက်ရင် သူ့ကားကိုစီးပြီး မြို့ပတ်ဖို့ မတရား ကြော်ငြာတာပဲ ...

ဒါတောင် ဟန်းဒ်ဖုန်း မရှိလို့၊ ဟန်းဒ်ဖုန်းများရှိရင် သူ့နံပါတ်ကိုပေးပြီး ရောက်တဲ့နေရာက လှမ်းဆက်ခေါ်ပါ၊ လာကြိုပါ့မယ်ဆိုပြီး ဖြစ်နေမှာ။ ဒီလောက်တောင် စီးပွားရေး သောင်းကျန်းချင်နေရင်လည်း ကတ်ဖုန်းလေး ဝယ်ထားပြီး ဖောက်သည်တွေဆီ လိုက်ဝေထားပါလား"

"သြော် ... မင်းတို့ကလည်း၊ ငါကလည်း ငါတတ်နိုင်တာ ပြောတဲ့သဘောပါ။ လူရှေ့သူရှေ့ရောက်ရင် ဖွဲ့ဖို့ချည်းပဲ ...

အင်း ... ဘယ်တော့ ... မန္တလေးကဆိုတော့ မန္တလေး အကြောင်း နည်းနည်းမေးရဦးမယ်။ ကိုယ်လည်း မန္တလေး မရောက်တာ လေး၊ ငါးနှစ်လောက် ရှိသွားပြီဆိုတော့ သိပ် မသိတော့ဘူး

မန္တလေး ... တော်တော်စည်လာမှာပဲနော်"





"မန္တလေးက လွန်ခဲ့တဲ့ နှစ်၊နှစ်ဆယ်တည်းက စည်ကားတာပါ"

သူမရဲ့အပြောကြောင့် သူမှလွဲ၍ ကျန်တဲ့လူအားလုံး ပြုံးစိစိ ဖြစ်သွားကြသည်။ သူကလည်း ရုတ်တရက် ဘာပြန်ပြောရမှန်း မသိစွာဖြင့် ကြောင်တောင်တောင် ဖြစ်သွားသည်။ သူမ ကတော့ ခပ်တည်တည်မင် ဖရူတိုမုလှင်းကို စုပ်သောက်နေသည်။

"အင်းလေ ... ဒါဆို အခု ပိုစည်မှာပေါ့လို့ ဆိုလိုတာပါ"

"အမြဲတမ်း စည်တယ်"

"ရတီဝတ်မှုက စာဖတ်တာ တော်တော်ဝါသနာပါတယ်နဲ့ တူတယ်နော်။ စာအုပ်ငှားတာကို အမြဲတမ်း တွေ့ရတယ်။ ဘာစာအုပ်တွေဖတ်လဲ"

"အစုံပါပဲ"

သူက သူငယ်ချင်းတွေကို မသိမသာ ပခုံးတွန့်ပြမိသည်။ ကလေးမဟာ စကားကို အဖွဲ့ကျကျ ပြောချင်စိတ်ကို မရ။ မေးတစ်ခွန်း ပြောတစ်ခွန်းမို့ အခြေအနေမကောင်းမှန်း သန္တာလည်း ရိပ်မိကာ ပြန်ဖို့ပြင်ဆင်သည်။

"ကဲ ... နောက်နေ့မှ တွေ့မယ်ဟာ။ သူ့ထမင်းဆိုင်မှာ ထမင်းချိုင့်ဝင်ယူရဦးမယ်။ အားလုံးပဲ တာ့တာ"

သန္တာက နှုတ်ဆက်ပြီး မတ်တတ်ထရပ်လျှင် သူမ ကပါထရပ်သည်။ ပါးစပ်ကတော့ နှုတ်ဆက်သည့်စကား တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်မလာ။မျက်လုံးကသာ နှုတ်ဆက်သည့်သဘောဖြင့် တစ်ချက်ဝေ့ကြည့်လျက် လှည့်ပြန်သွားသည်။ သူမတို့နှစ်ယောက် အပြင်ရောက်သွားမှ ဘာဘူက မလွယ်ဘူး ဆိုသော သဘောဖြင့် ပခုံးတစ်ချက် တွန့်ပြသည်။

"မင်းဟာလေးက အကြောတင်းလေးကွ။ ငါ သိတာကတော့ အညာသူတွေက ပွင့်လင်းပြီး ဖော်ရွေကြပါတယ်။ သူ့ကျမှပဲ တစ်ခွန်းမေး တစ်ခွန်းဖြေ ...

စကားကလည်း ပြောချင်သလိုလို မပြောချင်သလိုလိုနဲ့ ဟက်ဟက်ပက်ပက်ကို မရှိဘူး။ ကေန္တတော့ မင်းကို စတွေ့တည်းက Taxi ခ ဈေးတင်ထားလို့ မကြည်တာနဲ့တူတယ်"

"ပြောတတ်ပါဘူး၊ စတွေ့တည်းကတော့ ပုံစံက အဲဒီလိုမာရေကြောရေပဲ၊ လူစုတင်တာတောင် လက်ခံတာ မဟုတ်ဘူး ...

ကားကို သူ တစ်ယောက်တည်း စီးရပါမှဆိုပြီး အားလုံးစာ ပိုပေးစီးတာ။ မန္တလေးက မာနကြီးကြီး သူဌေးသမီးလေး နေမှာပေါ့ကွာ"

သူက ဆွေးဆွေးလျလျ ပြောလိုက်လျှင် သူ့သူငယ်ချင်းတွေက စာနာနားလည်ဟန်ဖြင့် ဘာမှမပြောတော့ချေ။ သူက ဖျော့တော့သော နှလုံးသားဖြင့် လောလောလတ်လတ် မြင်တွေ့ခဲ့ရသော သူမရဲ့ပုံရိပ်လေးကိုသာ အထပ်ထပ် မြင်ယောင်ကြည့်ကာ အသံမမြည်သော သက်ပြင်းတွေကို အကြိမ်ကြိမ် အခါခါ ချနေမိခဲ့သည်။

♥ ❋ ♥







www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ရတီရေ ... စာလာတယ်ဟေ့"

ရတီသည် အိပ်ရာပေါ်မှာ ဝမ်းလျားထိုးရင်း မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်နေရာမှ အခန်းအပြင်သို့ ခေါင်းထောင်ပြီး ကြည့်မိသွားသည်။ အပြင်ဘက် ကော်ရစ်တာမှာ အဆောင်သူတစ်ယောက်က စာအိတ်အညိုရောင်တစ်အိတ်ကို ထောင်ပြနေသည်။ ရတီသည် အဲဒီစာအိတ်ကိုမြင်လျှင် ထိတ်ခနဲ ဖြစ်သွားသောရင်အစုံဖြင့် ခုတင်ပေါ်မှ လူးလဲထမိသည်။ အခန်းအပြင်ဘက်သို့ရောက်သွားပြီး စာအိတ်ပေါ်မှစာကို ဖတ်မိလျှင် လူတစ်ကိုယ်လုံးမြောက်သွားသလို ခံစားရသည်။

စာက New Life Trading လိပ်စာနှင့် လာခြင်းဖြစ်ကာ အလုပ်ခန့်သောစာမှလွဲ၍ တခြားဘာမှမဖြစ်နိုင်ဟု ကြိုသိနေသော်လည်း စာအိတ်ကိုဖွင့်နေသော ရတီရဲ့လက်များမှာ တဆတ်



ဆတ် တုန်ယင်နေကြသည်။ စာအိတ်ပွင့်သွား၍ အထဲကစာကို ဖတ်မိလျှင်တော့ ရတီ တစ်ကိုယ်လုံး ပျော်ရွှင်စိတ်ဖြင့် မြောက်ခနဲ ဖြစ်သွားရသည်။ အဟုတ်ကိုပဲ ဦးသီဟရဲ့လက်မှတ်နှင့်လာသော အလုပ်ခန့်စာဖြစ်ကာ ဒီလကုန် သုံးဆယ်ရက်နေ့မှာ အလုပ်ခန့်စာရကြောင်း ရုံးသို့အစီရင်ခံစာ လာတင်ရမည်ဖြစ်ပြီး ရှေ့လ တစ်ရက်နေ့မှာ ရုံးစတက်ရမှာဖြစ်သည်။

ရတီသည် အဟုတ်ကိုပဲ New Life Trading မှာ အလုပ်ရသွားခဲ့ပြီ။ အထူးသဖြင့် ဦးသီဟရဲ့ စက္ကရီတေရီရာထူးကို ရခဲ့ပြီဖြစ်သောကြောင့် နှုတ်ခမ်းတောင် မစေ့နိုင်ဖြစ်ရသည်။ မေမေသာ သိလျှင်တော့ ဘယ်လောက်တောင်များ အံ့သြမလဲ မပြောတတ်ပါ။

ရတီသည် မေမေ့ကို ဖုန်းဆက်ပြီး ပြောပြဖို့ရာအတွက် အဆောင်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အဆောင်ပိုင်ရှင်ကို အသိပေးပြီး မန္တလေးက အမေ့ဆီ ဖုန်းခေါ်လိုက်သောအခါ ဖုန်းက ချက်ချင်းဝင်သွားသည်။

"ဟယ်လို မေမေလား"

"အေး ... သမီးလား ပြော၊ နေကောင်းရဲ့လား"

"ကောင်းပါတယ်။ မေမေ့ကို အရမ်းထူးခြားတဲ့ သတင်းတစ်ခု ပြောမလို့ မေမေရဲ့။ မေမေ သိရင် အရမ်းအံ့သြသွားမှာ၊ သမီး တစ်စုံတစ်ခုကို စွမ်းဆောင်နိုင်ခဲ့ပြီ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



ရတီက အသက်ရှူရပ်မတတ် ပြောနေသော်လည်း မေမေကတော့ တစ်စုံတစ်ခုကို သဘောပေါက် နားလည်ဟန်ဖြင့် အသာနှုတ်ဆိတ်နေသည်။

"မေမေ ... သမီးလေ New Life ကုမ္ပဏီမှာ အလုပ်ရခဲ့ပြီ၊ ဦးသီဟရဲ့ စက္ကူစက်ရုံ အဲဒီမှာပဲ စက္ကရီတေရီ လုပ်ရမှာ မေမေ"

"ဘာရယ်"

"ဟုတ်တယ်၊ အစက မသေချာသေးလို့ မေမေ့ကို ဘာမှ မပြောတာ၊ အခုမှ အလုပ်ခန့်စာ ရောက်လာတာ မေမေ ...

သမီး အလုပ်ရသွားပြီ"

"ကျွတ် ... ဘယ်လိုဖြစ်ရတာလဲ သမီးရယ်။ ညည်းရဲ့ အဲဒီအကြံအစည်တွေကို မလုပ်ပါနဲ့ဆိုတာ ၊ ဘာဖြစ်လို့ မေမေ့စကားကို နားမထောင်ရတာလဲ ...

ညည်းစိတ်ကူးတိုင်း ဖြစ်လာမယ်လို့ ထင်လို့လား။ မြင့်မိုရ်တောင်ကို ဘာဖြစ်လို့ ဆီးစေ့နဲ့ ပေါက်ချင်ရတာလဲ၊ မဖြစ်နိုင်တာတွေကို လက်လျှော့စမ်းပါ ...

မန္တလေးကိုပဲ အေးအေးဆေးဆေး ပြန်လာခဲ့စမ်းပါ ရတီရယ်"

"အို ... ဘာဖြစ်လို့ ပြန်ရမှာလဲ မေမေကလည်း၊ အခု တောင် ခြေတစ်လှမ်းပဲ လှမ်းရသေးတယ်၊ အဆင်ပြေနေပြီပဲ ...





သမီးကို မယုံကြည်ဘူးလား မေမေ၊ သမီးက ပြောရင် ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တတ်တဲ့သူပါ။ ကိုယ်ရမယ့် အခွင့်အရေးကိုတော့ လက်လွှတ်မခံနိုင်ဘူး မေမေ။ အစွမ်းရှိသလောက်တော့ ကြိုးစားရမှာက သမီးတာဝန်ပဲ ...

မေမေ ဘာမှစိတ်မပူပါနဲ့။ သမီး အကောင်းဆုံးဖြစ်အောင် ကြိုးစားမှာပါ"

"အေး ... ညည်းကတော့လေ၊ တကယ်ကို ပြောမရ ဆိုမရနဲ့ တယ်ခက်တဲ့ ကောင်မလေးပဲ။ အဆောင်မှာရော အဆင်ပြေရဲ့လား"

"ပြေပါတယ်။ သမီးအတွက် ဘာမှစိတ်မပူနဲ့၊ အားလုံး အဆင်ပြေတယ် မေမေ။ မေမေသာ ကျန်းမာရေးကို ဂရုစိုက်ပါ"

"အေးပါ ... အေးပါ၊ အလုပ်က ဘယ်တော့ ဝင်ရမှာလဲ"

"ရှေ့လ(၁)ရက်နေ့ မေမေ"

"အင်း ... အေးပါလေ။ တစ်ခုခုကို လုပ်တော့မယ်ဆိုရင် နည်းနည်းပါးပါးတော့ စဉ်းစားဆင်ခြင်ပြီးတော့ သင့်၏ မသင့်၏ တွေးပါ ရတီရယ် ...

စိတ်လိုက်မာန်ပါတော့ မလုပ်ပါနဲ့"

"ဟုတ်ကဲ့ပါ မေမေရယ်၊ ရတီ မေမေ့ဆီကို အခြေအနေ အကျိုးအကြောင်း အမြဲပြောပါမယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆို နောက်မှ ထပ်ဆက်မယ်လေ၊ ဒါပဲနော် မေမေ"

"အေး ... အေး"

ရတီသည် ဖုန်းကိုချပြီးသောအခါ အခန်းရှိရာသို့ ပြန်တက်လာခဲ့သည်။ ကြည့်လို့မဝသော အလုပ်ခန့်စာကို အထပ်ထပ် အကြိမ်ကြိမ် ကြည့်ရင်း ရတီသည် New Life ၏ လေကားထစ်ကို နင်းခဲ့မိပြီဟု ကိုယ့်ကိုယ်ကိုယ် မှတ်ယူမိပါသည်။

♥ ❋ ♥





ရတီသည် ကိုယ့်ပုံရိပ်ကိုယ် မှန်ထဲမှာ တစ်ချက်ကြည့်လိုက်ပြီးနောက် ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ ဒီနေ့ ရုံးသို့ ရတီ Report သွားတင်ရမှာဖြစ်သည်။ အဲဒီအတွက် ရုံးဝန်ထမ်းတစ်ယောက် ပီသစွာ ပြင်ဆင်ရသည်။ အရင်လို ခေတ်မီလှပတိုင်း သိပ်ဝတ်၍မရတော့။ လူကြီးတွေ၊ တခြားဝန်ထမ်းတွေ မျက်စိမနောက်ရအောင် ဝတ်စားဆင်ယင်ရတာမို့ ရတီက International Style အတိုင်း အောက်ပိုင်းကတော့ ဒူးနဲ့အတိစကတ်အတိုများကိုသာ ဝတ်ဆင်ဖို့ ရွေးချယ်ထားပြီး၊ အပေါ်က အင်္ကျီများကတော့ ကုတ်ဆန်ဆန်၊ ရှပ်အင်္ကျီဆန်ဆန်၊ ဒါမှမဟုတ် Classics ဆန်ဆန် အင်္ကျီများ ဖြစ်သည်။

အခုလည်း လည်ပင်းအတိ ကြက်သွေးရောင်ဖဲသား Classics အင်္ကျီကို မီးနီစကတ်အနက်အတိုဖြင့် တွဲဖက်ဝတ်ဆင်ထားကာ ရတီရဲ့ နီညိုရောင် ဆံနွယ်တွေကိုတော့ ပိုမိုလှပအောင် Hair Spary ဖြင့် ပုံသွင်းထားလိုက်သည်။ ရတီသည် လက်က



www.burmeseclassic.com

www.burmeseclassic.com



နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သောအခါ ရှစ်နာရီခွဲဖို့ ဆယ့်ငါးမိနစ် လိုသေးသည်။ ရုံးကို ကိုးနာရီအရောက် သွားရမည်ဖြစ်လေရာ ဒီအချိန်လောက်ထွက်မှ အတော်ပဲ ဖြစ်တာမို့ ရတီက အဆုံးသတ် ပြင်ဆင်မှုအနေနှင့် ရေမွှေးဆွတ်ပြီးသောအခါ အဆောင်ထဲမှ ထွက်လာခဲ့သည်။

ရတီတို့ လမ်းသွယ်ထဲမှာ ကားအသွားအလာက ရှားပါးမှာမို့ ရတီက လမ်းထိပ်ဘက်သို့ပဲ ခပ်ဖြည်းဖြည်း ဦးတည်ပြီး လျှောက်လာခဲ့သည်။ အဲဒီအချိန်မှာပဲ ရတီရဲ့ဘေးသို့ ကားတစ်စင်းက ထိုးရပ်လာလျှင် ရတီက အသာငဲ့ကြည့်မိသည်။ ပြီးတော့ စိတ်ထဲမှာလည်း ချက်ချင်းပဲ "ဟင် ... ဟိုလူ" ဆိုပြီး ဖြစ်သွားရသည်။

"ရတီ အပြင်သွားမလို့လား၊ တက်လေ"

ရတီက ကြည့်နေရုံပဲရှိသေး သူက ပြုံးရွှင်စွာခေါ်သည်။ ရတီသည် ခေတ်မီနီးကလေးမီပီ အဲဒီတစ်ယောက်ရဲ့အကြည့်တွေကို နားလည်သလိုလိုရှိသည်။ လူတစ်ယောက်ရဲ့ ခံစားချက်ဆိုတာ မျက်လုံးတွေထဲမှာ အတိအကျ ပေါ်တတ်သည်ဖြစ်လေရာ သူ ရတီ့အပေါ်မှာ ဘယ်လိုသဘောထားနေပြီလဲ ဆိုတာကို ရိပ်မိသိရှိပြီးဖြစ်သည်။

ဒါကြောင့် သူ့ကားကိုတော့ အလကား လိုက်မစီးလိုသဖြင့် တစ်ခါတည်း မိတ်ပြောထားလိုက်သည်။





"ကျွန်မက ကားငှားမှာနော်"

"ရပါတယ် ငှားပါ၊ ကိုယ်ကလည်း အလကား ပို့ပေးတဲ့အထိ မတတ်နိုင်ပါဘူး"

အဲဒီအပြောကြောင့် ရတီက ကားနောက်ခန်းတံခါးကို ဖွင့်၍ဝင်ထိုင်လိုက်သည်။ နောက်ကြည့်မှန်ကတစ်ဆင့် လှမ်းကြည့်လာသော သူ့အကြည့်များကို မြင်လိုက်သော်လည်း မမြင်ချင်ဟန်ဆောင်လိုက်ရသည်။ သူဟာ Taxi မောင်းသော သူတစ်ယောက် ဆိုပေမယ့် ရတီတို့အရွယ် လူငယ်တစ်ယောက်ပဲမို့ သူ့ကြည့်လိုက်ရင်တော့ ကြော့ကြော့မော့မော့ သန့်သန့်ရှင်းရှင်းပဲဖြစ်သည်။ အသားလတ်လတ်နှင့် သပ်သပ်ရပ်ရပ် နေတတ်သော သူတစ်ယောက်မို့ ကြည့်ကောင်းသည်ဟု ဆိုနိုင်လေသည်။

"ဘယ်ကို ပို့ပေးရမလဲဟင် ရတီ"

"New Life Tower ဘယ်လောက်လဲ"

"ပေးနေကျအတိုင်းပဲ ပေးပေါ့"

"ပေးနေကျဆိုတာ ဘယ်လောက်လဲ၊ ကျွန်မ မမှတ်မိဘူး"

"နှစ်ထောင်ပဲ ပေးပါ၊ အဲဒါ ပေးနေကျပဲလေ၊ ရတီက New Life မှာ အလုပ် လုပ်တာလား"

"ဟုတ်တယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ရတီက ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်လျှင် သူက ဩော် တစ်လုံးနှင့် နှုတ်ဆိတ်သွားပြန်သည်။ ရတီသည် နောက်ဘက်ပိုင်းက မြင်နေရသော သူ့နားရွက်ဖျားများနှင့် ကုပ်ပိုးသားများကို ဘာရယ်မဟုတ် တစ်ချက်ငေးနေရင်းမှ သူက နောက်ကြည့်မှန်ထဲမှတစ်ဆင့် ကြည့်လာလျှင် ကပျာကယာ မျက်စိလွှဲလိုက်ရသည်။ ဘို့

သူက ဆက်ကြည့်နေပြီး ပြောသည်ထင့်။ စကားသံတွေ ထွက်လာသည်။

"ရတီက ကိုယ့်ကို သိပ်စကားပြောချင်ပုံ မရဘူး။ မခင်ဘူးနဲ့တူတယ်နော်။ ဘာလဲ … ကိုယ်က တစ်မြို့လုံး ကိုးချင်းကိုးချောင်း လျှောက်သွားရတဲ့ Taxi မောင်းတဲ့သူဆိုပြီး မယုံဘဲနဲ့ မခင်တဲ့ သဘောလားဟင်"

အဲဒီအပြောကြောင့် ရတီသည် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ လောကကြီးကို စိတ်တိုင်းမကျကာ လူတွေကိုလည်း အလွယ်တကူ မခင်မင် မယုံကြည်တတ်သော ရတီရဲ့ပုံစံဟာ အဲဒီလို ဖြစ်နေတတ်သလားတော့ မသိပါ။ အခုလောလောဆယ်မှာ ရတီရဲ့ ရည်မှန်းချက်တွေကို ဘယ်လို အကောင်အထည်ဖော် ဆောင်ရွက်ရမလဲ ဆိုတာသာ့ ခေါင်းထဲမှာရှိသဖြင့် ရတီသည် ဘယ်သူဘယ်ဝါကိုမှ ခေါင်းထဲမှာ အဲဒီလောက် အာရုံမစိုက်မိချေ။





စစ်မှန် ဆိုသော လူတစ်ယောက်က အဲဒီလိုပြောလာခဲ့သည့်အခါမှာ နည်းနည်းတော့ အားနာသနားသွားသည်။ သူဟာ အမေကို လုပ်ကျွေးနေသော ရိုးသားဖြောင့်မတ်သည့် လုငယ်တစ်ဦး ဆိုတာလည်း သန္တာ့ဆီက သိပြီးသားမို့ မခင်မင်ရဲရော အကြောင်းတော့လည်း မရှိပါ။ ရတီ ကိုယ်၌ကိုယ်က ကိုယ့်ဘာနဲ့ကိုယ် ကပ်နေတာ ဖြစ်လေသည်။

"အဲလို မဟုတ်ပါဘူး။ ကျွန်မက ဒီအတိုင်းပဲ နေတတ်လို့ပါ"

"ဩော် … ဒါဆိုရင်တော့ တော်သေးတာပေါ့၊ ကိုယ့်ကိုမို့ တမင် မခင်တာလားလို့။ များသောအားဖြင့် အထက်အညာကလူတွေက ဒီဘက်ကလူတွေထက် ဖော်ရွေခင်မင်တတ်ကြတယ်လေ"

"ဒါကတော့ လူတစ်ကိုယ် တစ်မျိုးပေါ့ရှင့်။ အထက်အညာက လူတိုင်းလည်း မဖော်ရွေတတ်ကြတာ ရှိသလို၊ ရန်ကုန်က လူတွေကလည်း ဖော်ရွေခင်မင်တတ်ကြတာတွေ ရှိတာပဲ"

"ဒါပေါ့ … ဒါပေါ့၊ အဲဒီထဲမှာ ကိုယ်လည်း ပါဝင်တာပေါ့"

အဲဒီအပြောကိုတော့ ရတီက ဘာမှမပြောတော့ဘဲ ခေါင်းကိုသာ တစ်ချက်ဆွဲဆန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတီက New Life ကုမ္ပဏီမှာ ဘာအလုပ် လုပ်တာလဲ ဟင်၊ စပ်စုတယ်တော့ မထင်နဲ့နော်။ ရတီ မန္တလေးက ရောက်လာပြီး အဲဒီမှာ အလုပ်ရသွားတာ သိပ်မကြာတော့ ကံကောင်းတယ် ထင်တယ် ...

အဲဒီကုမ္ပဏီက နာမည်ကြီးပဲလေ"

"ကျွန်မ အဲဒီကုမ္ပဏီက စက္ကရီတေရီပါ"

"သြော် ... ဟုတ်လား၊ ကောင်းတာပေါ့။ မိန်းကလေးနဲ့ ကုမ္ပဏီဝန်ထမ်း အလုပ်ကတော့ လိုက်ပါတယ်။ ကိုယ်က တော့ တစ်နေ့ရာတည်း အဲလိုထိုင်လုပ်နေရမှာ ပျင်းတယ်။ ဒါကြောင့် အဖေ့အမွေကိုပဲ ဆက်ခံလိုက်တာ။ ဒါတောင် ကိုယ်က အစတုန်းက သင်္ဘောလိုက်ဖို့ စဉ်းစားထားတာ လေ။ ကမ္ဘာပတ်ပြီး စွန့်စားရတဲ့ အလုပ်ကို ဝါသနာပါ တာ ...

အဖေဆုံးသွားတော့ သင်္ဘောတက်ဖို့ မဖြစ်နိုင်တော့ တာနဲ့ ကမ္ဘာတော့ မပတ်တော့ဘူး။ ရန်ကုန်ပဲ ပတ်တော့ ဖို့ ဆုံးဖြတ်လိုက်တာ ... ဟဲ ဟဲ ...

မင်းလည်း ကိုယ်နဲ့ တူတယ်နဲ့ ထင်တယ်နော်"

ရတီက အဲဒီစကားကြောင့် ဆတ်ခနဲ ဖြစ်သွားကာ...

"ဘာတူတာလဲ"





"သြော် ... မင်းလည်း မန္တလေးကနေ ရန်ကုန်အထိ မိန်း ကလေးတစ်ယောက်တည်း စွန့်စွန့်စားစား အလုပ်တွေ ဘာတွေ လာလုပ်တာပဲလေ ...

ကိုယ့်မြို့ကိုယ့်ရွာမှာ အေးအေးချမ်းချမ်းနေလို့ ရပါ လျက်နဲ့ တိုးတက်ရာ တိုးတက်ကြောင်းအတွက် စွန့်စား ချင်တဲ့ စိတ်ဓာတ်လေးက ကိုယ်နဲ့တူတယ် ပြောတာပါ ... ဟဲ ဟဲ"

"ဘာဆိုင်လဲ။ ရှင်က ဘာတွေများ စွန့်စားထားလို့လဲ"

"သြော် ... စွန့်စားထားတာတော့ မရှိဘူးပေါ့။ ဒါပေမဲ့ စွန့်စားချင်တဲ့စိတ်လေး ရှိတာကို ပြောပြတာ။ အဲလိုစိတ် လေး ရှိတာကိုက မင်းနဲ့တူနေပြီလေ။ စွန့်စားချင်တဲ့စိတ် ရှိတာ တူတာကို ပြောတာပါ ... ဟဲ ဟဲ"

ရတီက မျက်နှာပိုးမသေစွာ ပြောနေသောလူကို မျက်စောင်းတစ်ချက် ထိုးမိမလို ဖြစ်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် အမြန်ထိန်းသိမ်းလိုက်ရသည်။ ဒီလူဟာ မျက်နှာချိုပြီး ဖော်ရွေ လျက် ရိုးသားသောလူဆိုတာကို သိပါသော်လည်း သူနဲ့ သိပ်ရော ရောကြီး မနေချင်သေးသည်မှာ ဘာကြောင့်ပါလဲဟု ကိုယ့်ကိုယ် ကိုယ် ဆန်းစစ်၍ မရချေ။

ဒါပေမဲ့ ရတီက ခပ်တည်တည်နေလေလေ သူက အဲဒီလိုနေတာကို လိုက်ဖြေတဲ့သဘောဖြင့် ရယ်အောင်လုပ်တာလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ စိတ်ထဲမှာ ဘယ်လိုမှန်းမသိ ဖြစ်ရသည်။ ရတီသည်လည်း မြို့ကြီးပြကြီးမှာ ကြီးပြင်းလာသော မိန်းကလေးတစ်ယောက် ဖြစ်တာကြောင့် ကိုယ့်အနားမှာ ဝိုင်းဝိုင်းလည်နေသည့် ယောကျာ်းတွေ ရှိခဲ့သော်လည်း ဘယ့်နှယ်မှ မနေခဲ့ပါ။ ငယ်ငယ်လေးတည်းက ထက်သန်ခဲ့သည့် ဆန္ဒတစ်ခုအတွက် ရတီရဲ့နှလုံးသားသည် အစဉ်အမြဲ အေးစက်နေခဲ့သည်ဟုပဲ ပြောရပါမည်။

"New Life မှာ အလုပ်ရသွားပြီဆိုတော့ နေ့တိုင်း ရုံးတက်ရတော့မှာပေါ့၊ ဘာနဲ့သွားမယ် စဉ်းစားထားလဲ။ Taxi ငှားမယ် ဆိုရင်တော့ ကိုယ့်ကားကို လပြတ်ငှားပါလားဟင်။ ဈေးလျှော့ပေးပါ့မယ် ...

ဖောက်သည်ပဲဟာ"

"ရပါတယ်၊ ရုံးကား ရှိမှာပါ"

"ဪ ... အင်းပေါ့။ တစ်ခုခု သွားစရာ လာစရာ လိုအပ်တာရှိရင်တော့ ကိုယ်ကို အချိန်မရွေး အကူအညီ တောင်းနော်"

"ဟုတ်ကဲ့ပါ"

ကားကို New Life Tower ကြီးရှေ့သို့ ရောက်ပြီမို့ ရတီက ကားပေါ်မှဆင်းကာ သူ့ကို တစ်ထောင်တန်နှစ်ရွက် ကမ်းပေးလိုက်သည်။ သူက လှမ်းယူရင်းမှ ရတီ့ကို ကြည့်ကာ ခပ်တိုးတိုးခေါ်သည်။





"ရတီ"

ရတီက သူ ခေါ်ပုံ ထူးဆန်းနေသောကြောင့် ပြန်မထူးမိဘဲ မျက်လုံးများနှင့်သာ ဘာပါလိမ့်ဟု စူးစမ်းမိသည်။

"တကယ်ဆိုရင် ကိုယ် မင်းဆီက ပိုက်ဆံမယူချင်ပါဘူး။ ပိုက်ဆံမယူရင်လည်း မင်းက ကိုယ့်ကားကို လိုက်စီးမှာ မဟုတ်လို့ ယူရတာပါ ...

ကျေးဇူးပြုပြီး ကိုယ့်ကို ကိုယ်ခင်သလို ပြန်ခင်ပါ ရတီ"

ရတီက ပင့်သက်တစ်ချက်ကို ရှိုက်ပြီးမှ ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်သွားသည်။ ရတီ့ကို နှစ်မျောစွာကြည့်နေသော မျက်ဝန်းများကြောင့် နောက်ဆုံးမှာတော့ သူ့ကို တစ်ခုခုပြောဖို့ စဉ်းစားလိုက်ရသည်။

"ကျွန်မ ရှင့်ကို ခင်ပါတယ်"

အဲဒီစကားကြောင့် သူက သွားဖြူတန်းများ ပေါ်လာအောင် လှစ်ခနဲ ရယ်ပြသည်။ အဲဒီ အရယ်မျက်နှာကြောင့် ရတီ့စကားသည် သူ့ကို ဘယ်လောက်ပျော်ရွှင်သွားစေသလဲဆိုတာ သိသာစေလေသည်။ အဲဒီအသိကြောင့်ပဲ ရတီ့ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ သူကတော့ ဘာကိုမှ သတိမထားမိတော့ တဲ့ပုံစံဖြင့် ရတီ့ကို လက်တပြပြလုပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ … အိုကေ … သင့်ခ်ယူပဲ ရတီ။ အလုပ်မှာအဆင် ပြေပါစေနော်"

ရတီက ခေါင်းတစ်ချက်ညိတ်ပြကာ လှည့်ထွက်လာခဲ့သည်။ ကျောက်ပြားလှေကားထစ်များကို နင်းဖြတ်လာခဲ့သော ရတီရဲ့ခြေလှမ်းများသည် မျှော်လင့်ချက်အပြည့်၊ အားမာန်အပြည့်ဖြင့် တောက်ပ၍ နေခဲ့လေသည်။

♥ ❋ ♥





## ၉

ရတီသည် ရုံးတက်ချိန်ထက် ရုံးကိုနာရီဝက်လောက် အမြဲစောရောက်အောင် လာတတ်သူ ဖြစ်လေရာ ရုံးသို့ရောက်တာနှင့် ဘုရားခန်းထဲမှာ ဘုရားပန်းလဲတာ၊ သန့်ရှင်းရေးလုပ်တာ၊ နောက်ပြီးတော့ ဘော့စ်ရဲ့ရုံးခန်းထဲမှာ သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းပေးတာ၊ တစ်နေ့တာ အစီအစဉ်တွေကို ကြိုတင်စီစဉ်ထားပေးတာ စသဖြင့် အားလုံးကို ထောင့်စိနေအောင် လုပ်တတ်သော အကျင့်ကို လုပ်ထားသဖြင့် ဦးသီဟ၏ သဘောကျနှစ်လိုဖွယ်ရှိခြင်းကို ခံရလေသည်။ အလုပ်ကို အခုမှ ပထမဆုံး စလုပ်ဖူးတာ ဖြစ်သော်လည်း တကယ့်ကို လုပ်ချင်စိတ်နှင့်အတူ ကြိုးစားမှု၊ စေတနာကောင်းတို့ ပါဝင်သောကြောင့် အလုပ်မှာ အဆင်ပြေခြင်းကို ကြုံတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ရုံးကို ရောက်နေသူပီပီ သူဌေးရဲ့ အခန်းကို သန့်ရှင်းရေးလုပ်ကာ Air fresher ဖျန်းခြင်း၊ ရေနွေး ကျိုထားခြင်း စတာတွေကို လုပ်ထားလိုက်သည်။ ကိုးနာရီထိုးသောအခါ ဦးသီဟက ရုံးခန်းထဲသို့ ဝင်ရောက်လာသည်။ ရတီက မတ်တတ်ရပ်နေရာမှ ခေါင်းကိုညွှတ်ကာ နှုတ်ဆက်လိုက်သည်။

"ဂွတ်ဒီမောနင်းပါ အန်ကယ်"

"အေး ... မောနင်း။ ကဲ ... ရတီ၊ ဒီနေ့ Schedules တွေ ပြောစမ်းပါဦး"

ရတီက လည်သာဆုလည်မှာ ဝင်ထိုင်လိုက်သော ဦးသီဟရဲ့ ဘေးမှာ Note Book တစ်အုပ်ကိုဖွင့်လျက် သာယာချိုအေးသော အသံဖြင့် စတင်ပြောသည်။

"ဒီနေ့မနက် ကိုးနာရီခွဲမှာ ဧည့်သည်တစ်ယောက်နဲ့ တွေ့စရာရှိပါတယ်။ ဆယ့်တစ်နာရီမှာ လူကြီးတစ်ယောက်နဲ့ သွားတွေ့ဖို့ Appointment ယူထားပြီးသားပါ။ ခဏနေရင် ရတီ Confirm ထပ်လုပ်ပါ့မယ် ...

ဆယ့်နှစ်နာရီကနေ တစ်နာရီက အန်ကယ့်ရဲ့ Lunch time ပါ၊ အဲဒီအချိန်မှာ ဖိတ်ထားတဲ့ ပရိမိုးရှင်းပွဲတစ်ပွဲလည်း ရှိပါသေးတယ်၊ သုံးနာရီမှာ လှိုင်သာယာကစက်ရုံကို သွားရပါမယ်၊ လောလောဆယ် စဉ်ထားတာ ဒါပါပဲ အန်ကယ်"





"ဟုတ်ပြီ။ အီးမေးလ်တွေ၊ ဖက်စ်တွေက ဘာတွေဝင်လဲ"

"စင်ကာပူက အီးမေးလ်နှစ်စောင်နဲ့ မလေးရှားက ဖက်စ်တစ်စောင်ပဲ လောလောဆယ် ဝင်ပါသေးတယ် ...

မနေ့က ဆိပ်ကမ်းအာဏာပိုင်တွေနဲ့ စကားပြောဖို့ ကိစ္စက ကျန်ပါသေးတယ် အန်ကယ်၊ အဲဒါ အန်ကယ့် တပည့်တစ်ယောက်ယောက်ကို ထပ်လွှတ်ရဦးမှာပါ"

"အေး ... ငါ သိပြီ"

"ဟုတ်ကဲ့"

"အေး ... အဲဒီဝင်လာတဲ့ အီးမေးလ်တွေ ဖက်စ်တွေ ငါ့ဆီကိုတင်၊ ငါ ဖတ်ပြီးရင် မင်း ပြန်ပို့ဖို့ လုပ်တော့"

"ဟုတ်ကဲ့ပါ၊ ဒီမှာ ရပါပြီ အန်ကယ်"

ရတီက အဆင်သင့် ပရင့်ထုတ်ထားသော copy စာရွက်တစ်ထပ်ကို ဦးသီဟရှေ့သို့ ချပေးလိုက်သည်။ ဦးသီဟက ရတီ့ကို တစ်ချက်မော့ကြည့်ကာ ဘာမှမပြောတော့ဘဲ အီးမေးလ်စာရွက်များကို စစ်ဆေးဖတ်ရှုသည်။ ပြီးတော့ ဘယ်ဟာကို ဘယ်လိုပို့ဆိုတာကို ရတီ့အား ညွှန်ကြားသည်။ ရတီက ဦးသီဟ ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် မှတ်သားကာ ချက်ချင်းပဲ အီးမေးလ်ပြန်စီသည်။

"အန်ကယ် ... ရတီ ရေးထားတဲ့မေးလ်ကို တစ်ချက်လောက် ကြည့်ချင်သေးလားရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟက ရတီ့ကို တစ်ချက်လှမ်းကြည့်သည်။ သူပြောတဲ့အထဲတွင် ရတီ့ကို ရေးပြီးရင် ပို့လိုက်ဟုပဲပါကာ သူ့ကို ပြန်ပြဦးဟု မပါဝင်ပါ။ ဒါပေမဲ့ ရတီက အကွက်စိစိသဘောဖြင့် လိုရ မယ်ရ မေးလိုက်ချင်သေးသဖြင့် လှမ်းမေးလိုက်တာဖြစ်သည်။

"အေး ... ပြကြည့်စမ်း"

ရတီက လာပြလိုက်လျှင် ဦးသီဟက ဖတ်ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ရတီ့ကို ပြုံးကြည့်သည်။

"မင်း မဆိုးပါဘူး။ လုပ်တာ ကိုင်တာ အကွက်စိသားပဲ။ ကိုယ့်လူကြီးက အတိအကျ လမ်းမညွှန်ထားပေမယ့် ဖြစ်နိုင်တဲ့ အရာတွေကို ကိုယ့်အရည်အချင်းနဲ့ကိုယ် စဉ်းစားတွေးတောတတ်ခြင်းကလည်း ဉာဏ်ပညာတစ်ခုပဲ ...

အိုကေ ... ကျန်တာဖွေလည်း အဲဒီအတိုင်းပဲပို့၊ မင်း အရည်အချင်းကို ယုံကြည်ပါတယ်"

"ဟုတ်ကဲ့ပါ အန်ကယ်"

ရတီက ဦးသီဟ အနားမှ လှည့်ထွက်ဖို့ အပြင်မှာ စူးရှစွာ ကြည့်တတ်သော မျက်လုံးများက တစ်စုံတစ်ခုကို သွားမြင်သည်။ အဲဒါကတော့ ဦးသီဟရဲ့ ကုတ်အင်္ကျီက လက်အနားမှာ ကြယ်သီးတစ်လုံးက ပြုတ်ကာ ကြိုးတန်းလန်းနှင့် ဖြစ်နေခြင်းပင်။ ဘယ်လိုဖြစ်ရတာပါလိမ့်။ ဦးသီဟရဲ့အိမ်သူဇနီးက အပြင်





ထွက်ခါနီး လင်ယောကျ်ားကို နည်းနည်းလေးလောက်တောင် စစ်ဆေးမပေးလိုက်ဘူးလား။

ရတီသည် အဲဒီကိုကြည့်ကာ ပြောသင့် မပြောသင့် တွေဝေစဉ်းစားနေမိသည်။ ပြောရင်ရော ကောင်းပါ့မလား။ မပြောရင်ရော ဒေါ်သည်တွေနဲ့ တွေ့တဲ့အခါမှာ ဦးသီဟ ဟူသော ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် မကောင်းဘူးထင်သည်။ ရတီ တစ်ယောက် အတွေးနှစ်မျှင်ဖြင့် ချီတုံချတုံ ဖြစ်နေဆဲမှာပဲ ဦးသီဟက မော့ကြည့်လာသည်။

အခုထိ အနားက ထွက်မသွားသေးသော ရတီ့ကို နားမလည်သလိုမြင့် ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ရတီဝတ်မှုံ"

"ဩော် ... ဟိုဟာလေ၊ အန်ကယ့်ရဲ့ အင်္ကျီလက်က ..."

"အင်း ... ဘာဖြစ်လဲ အင်္ကျီလက်က"

ရတီက ဆက်မပြောသဖြင့် ဦးသီဟက မျက်မှောင်ကုတ်ကာ ပြန်မေးသည်။

"ဟို ... အင်္ကျီလက်က ကြယ်သီးတစ်လုံး ပြုတ်နေတယ် အန်ကယ်"

ဦးသီဟရဲ့ ကုတ်နေသော မျက်ခုံးနှစ်ဖက်က အပေါ်သို့မြင့်တက်သွားပြန်သည်။ သူ့အင်္ကျီလက်ကို သူ ပြန်ငုံ့ကြည့်လိုက်လျှင် အဟုတ်ကိုပဲ ညာဘက်လက်က ကြယ်သီးတစ်လုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



အပ်ချည်ကြိုးပြေလျက် တန်းလန်းကြီး ပြုတ်နေတာကို တွေ့လိုက်ရသည်။ ဒီတော့မှာ သူ့ဟာသူ သိကာ ...

"အေး ... ဟုတ်သားပဲ၊ ကြည့်စမ်းကွာ ... ကျွတ် ... ဘယ်လိုဖြစ်တာပါလိမ့်"

ဦးသီဟက စိတ်အနှောင့်အယှက် ဖြစ်သွားသော့ပုံစံဖြင့် မျက်နှာက တွန့်ချိုးသွားပြန်သည်။ ရတီက ခေါင်းလေးတစ်ချက်ညွတ်ကာ ...

"ရတီ ကူညီနိုင်ပါတယ် အန်ကယ်၊ တစ်ဆိတ်လောက်သာ အန်ကယ့်ရဲ့အင်္ကျီကို ချွတ်ပေးပါ။ ရတီ ကြယ်သီးကို အပ်ချည်နဲ့ ပြန်တပ်ပေးပါ့မယ် ...

ပြန်တပ်မှ ဖြစ်မှာပါ။ အန်ကယ်က ဧည့်သည်တွေနဲ့လည်း တွေ့ရဦးမှာဆိုတော့"

ဦးသီဟက ရတီ့ကို တစ်ချက်စိုက်ကြည့်သည်။ ရတီက ထပ်၍ welcome လုပ်သည့်သဘောဖြင့် ခေါင်းတစ်ချက်ညွတ်ပြလိုက်သည်။ ဦးသီဟက ဘာမှထပ်မပြောတော့ဘဲ အင်္ကျီကို အသာချွတ်လိုက်သည်။ ရတီသည် အင်္ကျီကို အသာယူသွားကာ ကိုယ့်အခန်းထဲက တိုလီမိုလီဘူးလေးကို ထုတ်ယူကာ အပ်နဲ့ အပ်ချည်ကို တွဲယူလိုက်သည်။ ပြီးတော့ အင်္ကျီကြယ်သီးကို သွက်လက်စွာပဲ ကျွမ်းကျွမ်းကျင်ကျင် တပ်လိုက်လေသည်။ ဒါကြောင့် ခဏအကြာမှာပဲ တပ်၍ပြီးစီးသွားသည်။





ရတီသည် ကြယ်သီးတပ်၍ ပြီးစီးသွားသောအင်္ကျီကို လက်တစ်ဖက်ပေါ်မှာ အသာချိတ်တင်ပြီး ယူလာကာ ဦးသီဟရဲ့ရှေ့မှာ ခါးညွတ်ပြီး ရိုရိုသေသေ ကမ်းပေးလိုက်သည်။ ရတီ့ပုံစံသည် စနစ်တကျ လေ့ကျင့်ထားသူလို ဝန်ထမ်းကောင်းပီသစွာ စမတ်ကျပြီး Formal ဖြစ်နေသည်။

"အင်္ကျီရပါပြီ အန်ကယ်"

ရတီက တရိုတသေ ကမ်းပေးလိုက်လျှင် ဦးသီဟက ခေါင်းဆတ်ပြပြီး "သင့်ခ်ယူ"ဟု ပြောသည်။ အဲဒီအပြောကိုတော့ ရတီက အပြုံးတစ်ခုဖြင့် ခေါင်းညိတ်လက်ခံယူလိုက်သည်။

"ရတီ အလုပ် ဆက်လုပ်လိုက်ပါဦးမယ် အန်ကယ်"

ဦးသီဟက ရတီ့ကို မော့ကြည့်ရင်းမှ ခေါင်းတစ်ချက်ညိတ်ပြသည်။ ရတီက လှည့်ထွက်မယ်အလုပ်မှာပဲ နောက်ပါးမှ ခေါ်သံတစ်ခုက ထွက်ပေါ်၍လာသည်။

"ရတီဝတ်မှုံ"

ရတီက ကျောခိုင်းလှည့်ထွက်ပြီးသားမို့ ခြေစုံရပ်လိုက်ကာ လည်ပြန်အနေအထားဖြင့် လှည့်ကြည့်လိုက်သည်။ ဦးသီဟက ရတီ့ကို စကားချက်ချင်းမပြောသေးဘဲ စူးစမ်းသည့်မျက်လုံးများဖြင့် ကြည့်နေတော့မို့ ရတီက ကိုယ့်လူကြီးကို လေးစားသောအားဖြင့် ကိုယ်ကို တည့်တည့်မတ်မတ် ပြန်လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ပြောပါ အန်ကယ်"

"မင်းနဲ့ ကိုယ်နဲ့ တစ်နေရာမှာ ဆုံခဲ့ဖူးကြသလား"

ရတီက ပြုံးပြုံးလေးနှင့် ခေါင်းခါယမ်းလိုက်သည်။

"မဆုံဖူးပါဘူး အန်ကယ်"

"အင်း ... ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ကဲ ... မင်းဆက်လုပ်လို့ရပြီ"

"ဟုတ်ကဲ့ ... အန်ကယ် ကော်ဖီသောက်ချင်ရင် ရတီ့ကို ပြောပါနော်"

"အေး ... အေး"

ရတီက ကိုယ့်အခန်းထဲသို့ ပြန်ဝင်လာကာ လုပ်လက်စ အလုပ်တွေကို ဆက်လုပ်လိုက်သည်။ အလုပ်လုပ်ရင်းနဲ့ မှလည်း နာရီကို မကြာခဏ ကြည့်ရသေးသည်။ ကိုးနာရီခွဲမှာ ဦးသီဟက ဧည့်သည်တစ်ယောက်နဲ့ တွေ့ဆုံရမှာမို့ ရတီ့မှာ သတိပေးရမည့်တာဝန် ရှိသေးသည်။ ရတီသည် အီးမေးလ်တွေ ရေးနေရင်း တန်းလန်းကြာနေ ဦးသီဟကို အင်တာကွန်ကနေတစ်ဆင့် ဆက်သွယ်လိုက်သည်။

"အန်ကယ် ကိုးနာရီခွဲမှာ ဧည့်သည်နဲ့ တွေ့ရပါတော့မယ်"

"အေး ... သိတယ်။ ဧည့်သည်ကို ဧည့်ခံဖို့ မင်း စီစဉ်ပါ။ လိုအပ်တဲ့ ကြည့်ရမယ့် ဖိုင်တွေကိုလည်း ကိုယ့်အတွက် Ready လုပ်ပေးထားပါ"





"ဟုတ်ကဲ့ ... စိတ်ချပါ အန်ကယ်"

ရတီ အီးမေးလ်ပို့တာကို လက်စသတ်ပြီးနောက် ဦးသီဟအတွက် လိုအပ်တာတွေကို ပြင်ဆင်ပေးရသည်။ အဲဒီအချိန်မှာပဲ အပြင်ဘက်က Rception က လှမ်းမေးသဖြင့် ဝင်လို့ရပြီဖြစ်ကြောင်း အသိပေးလိုက်ရသည်။

ဧည့်သည်ရောက်လာလျှင် ရတီက ဆီးကြိုကာ ခရီးဦးကြိုပြုပြီးနောက် ဧည့်သည်အတွက် စားဖို့ သောက်ဖို့ ပြင်ဆင်ပေးရသည်။

ဦးသီဟ အတွက်ပါ ကော်ဖီတစ်ခွက် ထည့်ဖျော်လာပြီးနောက် စားပွဲဝိုင်းမှာ ချပေးပြီးလျှင် ရတီက မလှမ်းမကမ်းမှာပဲ Lap top တစ်လုံးဖြင့် အလုပ်တွေ ဆက်လုပ်နေလိုက်သည်။ ခဏကြာသောအခါ စကားပြောတာ ပြီးသွားသည်။ ဧည့်သည်ပြန်သွားလျှင် ရတီက ဦးသီဟ အနားသို့ အသာကပ်ကာ ...

"အန်ကယ် (......)နဲ့တွေ့ဖို့ ရတီ Comfirm လုပ်ပြီးပါပြီ။ (၁၁)နာရီမှာ တွေ့ရပါမယ်"

"အေး ... ရတယ်။ ဆယ်နာရီခွဲလောက်ကျရင် ဒရိုင်ဘာကို ရယ်ဒီလုပ်ထားဖို့ မှာလိုက်"

"ဟုတ်ကဲ့ပါ၊ ဟိုဟာလေ အန်ကယ်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟက ရတီ့ကို မေးဆက်ပြီး မေးသည်။ ရတီသည် အလုပ်ဝင်တာ ဆယ်ရက်ပဲ ရှိသေးပေမယ့် ဦးသီဟရဲ့ အကြည့်တွေက တစ်နေ့တခြား ကိုယ့်အပေါ်ကို အာရုံစူးစိုက်လာတာကို သတိထားမိသည်။ ရတီရဲ့ ပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံတွေကို အသေအချာ အကဲခတ်နေတာကိုလည်း ရတီ သိလေသည်။ အဲဒီလို အကဲခတ်ရအောင်လည်း ရတီသည် ကိုယ်လုပ်သော အလုပ်အပေါ်ကို Whole heartedly ထည့်ပြီး လုပ်ခဲ့တာဖြစ်သည်။ ကိုယ့်အလုပ်ကလည်း ဘော့စ်ရဲ့ စက္ကရီတေရီ ဖြစ်လေရာ သူနဲ့ပတ်သက်သမျှ အရာအားလုံးကို I care small things ဆိုသော စကားအတိုင်း အသေးအမွှားကအစ ဂရုစိုက်ခဲ့တာဖြစ်သည်။

"အန်ကယ် ဆယ့်တစ်နာရီမှာ ဆေးသောက်ရမယ်လေ။ အဲဒါ ဒီကတစ်ခါတည်း သောက်သွားမှ ဖြစ်မယ်ထင်လို့ သတိပေးတာပါ ...

လူကြီးနဲ့ တွေ့နေရင် စကားပြောရင်းနဲ့ ဆေးသောက်ဖို့ အဆင်မပြေမှာ စိုးလို့ပါ"

ဦးသီဟက ရတီ့ကို ခပ်နက်နက် တစ်ချက်စိုက်ကြည့်ကာ ခေါင်းညိတ်သည်။

"အိုကေ ... ဒီကထွက်ခါနီးမှ သောက်မယ်။ ခဏလောက် စကားပြောဦးမယ်။ မင်းက အခု လှည်းတန်းက အဆောင်တစ်ခုမှာ နေတယ်လို့ CV Form ထဲမှာ ထည့်ထားတယ်နော် ...





ရန်ကုန်မှာ အလုပ်လာလုပ်တဲ့ သဘောပေါ့၊ အဲဒီတော့ ဒီမှာ ဘယ်လောက်ကြာကြာလုပ်ဖို့ စဉ်းစားထားလဲ"

"အချိန်ကာလ အတိုင်းအတာ တစ်ခုကိုတော့ ရတီ ဆွဲမထုတ်ပြတတ်ပါဘူး အန်ကယ်။ ဒါပေမဲ့ ဒီအလုပ်ကို ရတီ စိတ်ဝင်စားပြီး ပျော်ရွှင်ပါတယ် ...

ဒါကြောင့် အဆင်ပြေသရွေ့ လုပ်မှာပါ"

"ဘယ်လို အဆင်ပြေသရွေ့လဲ။ ကိုယ်နဲ့ အဆင်ပြေသရွေ့ကို ပြောတာလား"

ဦးသီဟရဲ့ မေးခွန်းက ထွက်ပေါက်မရှိသဖြင့် ရတီဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ ဒါပေမဲ့ ရတီသည် အဖြေတစ်ခုကိုတော့ ခပ်ရဲရဲပဲ ဖြေဆိုခဲ့လေသည်။

"အန်ကယ်ရော ရတီရော တစ်ယောက်ကို တစ်ယောက် လိုအပ်နေတဲ့ အချိန်ထိပေါ့ အန်ကယ်"

ရတီရဲ့ စကားကြောင့် ဦးသီဟရဲ့ မျက်ခုံးနှစ်ဖက်က မြင့်တက်သွားသည်။ ရတီက ဦးသီဟက အပြင်ထွက်ဖို့ကိစ္စကို စီစဉ်ပေးရမှာမို့ ပြန်လှည့်အထွက်မှာပဲ ဦးသီဟက ထပ်၍မေးလာသည်။

"မင်း စကားက ဘာကို ဆိုလိုတာလဲ ရတီဝတ်မှုံ"

"ရိုးရိုးလေးပါ အန်ကယ်။ ကျွန်မလည်း ကျွန်မရဲ့ စားဝတ်နေရေး ရပ်တည်ရေးအတွက် အန်ကယ့်ဆီမှာ အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုအပ်ပါတယ်။ အန်ကယ့်အတွက်လည်း ကျွန်မက ဝန်ထမ်းကောင်းအဖြစ် လိုအပ်နေသရွေ့တော့ ကျွန်မ ဒီအလုပ်ကို ဆက်လုပ်နေဖြစ်မှာပါ ...

အဲဒါကို ဆိုလိုတာပါ"

"ဒါဖြင့်ရင် ငါ အလုပ်မဖြုတ်မချင်း မင်းက ဒီမှာမြဲမယ်ပေါ့၊ ဟုတ်လား"

"အဲလိုတော့ ဖြစ်ဖို့များပါတယ် အန်ကယ်"

ဦးသီဟက ရတီရဲ့စကားကို ဘာမှထပ်မပြောတော့ဘဲ လူငယ်ဆန်ဆန်ပဲ ပခုံးကို တွန့်လေသည်။ ရတီသည် သွားလို့ရပြီ ဆိုတာကို သဘောပေါက်လျက် နေရာမှ ထွက်လာခဲ့သည်။ အပြင်သွားခါနီးမှာ ဦးသီဟ ဆေးသောက်ဖို့အတွက် ရေတစ်ဖန်ခွက်ကို ချပေးလိုက်လျှင် ဦးသီဟက ဘာမှမပြောတော့ဘဲ ဆေးနဲ့ရေကို မော့သောက်လေသည်။ သူ သောက်ပြီးသောအခါ ရတီက ရေခွက်ကို ပြန်ယူရင်း လှည့်ထွက်လိုက်လျှင် ခေါ်သံက နောက်ပါးမှကပ်၍ လွင့်လာသည်။

"ရတီဝတ်မှုံ"

ရတီက လှည့်ကြည့်လိုက်လျှင် ဦးသီဟက စားပွဲပေါ်တွင် တင်ထားသော ဆေးဘူးကို မေးဆတ်ပြကာ ...

"ဒီဆေးဘူးကို မင်းပဲ သိမ်းထားလိုက်တော့။ ဆေးတိုက်ဖို့တာဝန်ပါ ရသွားပြီလို့ မှတ်ထားလိုက်ပေါ့ကွာ"





အဲဒီစကားကိုတော့ ဦးသီဟက ပြုံးပြီးပြောတာဖြစ်သည်။ ရတီသည် ဦးသီဟရဲ့စကားကို ဘာမှပြန်မပြောတော့ဘဲ ကြည်ကြည်နူးနူး ပြုံးမိသွားသည်။ စေတနာသည် ရောင်ပြန်ဟပ်သော သဘောကို ဆောင်တတ်လေသည်။

♥ ❋ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သား၊ သားက ဘယ်သွားမှာမို့လို့ ရေတွေချိုးနေရတာလဲ"

သူက ရေချိုးခန်းထဲမှ ပြန်ထွက်လာရင်း သူ့အမေကို ဟဲခနဲ ရယ်ပြလိုက်ရင်းမှ ဘယ်လိုဖြေရမလဲဆိုတာ စဉ်းစားလိုက်သည်။

တစ်ခုခု လိမ်ပြောဖို့ စဉ်းစားသော်လည်း သူ့ခေါင်းထဲမှာ အဖြေမထွက်ပါ။ တစ်သက်လုံးက မလိမ်ခဲ့သော အမေ့ကို အခုကျမှတော့လည်း မလိမ်ချင်။ ပြီးတော့ အမေကလည်း သူ့ကို [illegible]မတန်နားလည်သော လိမ်စရာမလိုသော အမေ ဖြစ်ပါသည်။

"အဟဲ ... သားကောင်မလေးက ဒီနေ့ အောင်ဆန်းကွင်း သွားမှာမို့ လိုက်ပို့မလို့ အမေရဲ့။ ဟိုဟာလေ အမေ ထမင်းဆာရင် စားနှင့်နော်၊ သား အဆင်ပြေရင်လည်း အပြင်မှာပဲ စားခဲ့မလို့"





"အောင်မာ ... အောင်မာ ... ငါ့သားက ဘယ်တုန်းကများ စွံသွားရတာလဲ။ မအေတောင် မသိလိုက်ရပါလား။ ပြောစမ်း ... ဘယ်က ကောင်မလေးလဲ။ အဆင်ပြေတယ်ထင်ရင်လည်း လက်ထပ်ဖို့ပါ စဉ်းစားပေါ့ကွယ်။ အမေလည်း မိသားစုလေး သိုက်သိုက်ဝန်းဝန်းနဲ့ နေချင်သေးတယ် ...

တစ်နေ့ တစ်နေ့ ဘာအလုပ်မှ မရှိတော့ မြေးလေး ဘာလေးတွေ ထိန်းချင်သေးတယ် သားရဲ့။ တစ်ရက်လောက်လည်း အိမ်ခေါ်လာခဲ့ဦးလေ"

သူက အပိုင်ကြီးပြောနေသော သူ့အမေရဲ့စကားကြောင့် ခန္ဓာကိုယ်အနှံ့ကို တဘက်နှင့်သုတ်ရင်းမှ တဟားဟား အော်ရယ်မိလေသည်။ ဒီစကားကို ရွှေမန္တလာသူ ရတီဝတ်မှုံသာ ကြားလို့ကတော့ မျက်လုံးပြူးကာ သွေးတက်ပြီး လဲတောင်သေလိမ့်မည်ဟု ထင်လာသည်။

"အဲဒီလောက်လည်း အထင်မကြီးပါနဲ့ အမေရယ်။ သားကြိုက်နေတာဖြင့် သူက သိတောင်မသိပါဘူး။ သားကသာ တစ်ဖက်သတ်နဲ့ နားရွက်ပြတ်ပြီး ကျိတ်ပိုးနေရတာပါ ...

သူကတော့ တည်လွန်း တင်းလွန်းလို့ ..."

"သြော် ... အဲလိုလား။ အဲလိုဆိုလည်း ကြိုးစားလေ သားရယ်။ သူက ဘယ်ကတဲ့တုန်း။ သားနဲ့ ဘယ်မှာတွေ့ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တာကတော့ ကားဌားစီးရင်းနဲ့ တွေ့တာပါပဲ။ သူက မန္တလေးက လာတာလေ။ သုခနန္ဒီအဆောင်မှာနေတာ အမေရဲ့ ...

New Life ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေပြီ"

"ဪ ... ဪ"

"အခု သူ့သူငယ်ချင်းတစ်ယောက်ဆီက သတင်းရထားတယ် အမေရဲ့။ သူ့အိမ်ကို ပါဆယ်ထုပ် သွားပို့မယ်ဆိုလို့ သားက အဆောင်နားက သွားစောင့်မလို့ အမေရဲ့။ အခုမှ ပိုးတုန်း ပန်းတုန်းပါ အမေရယ်"

"အေးပါ ... အေးပါ၊ ဒါဆိုလည်း မြန်မြန်လုပ်၊ နောက်ကျနေဦးမယ်"

"ဟုတ် ... အမေ့"

သူက အမေ့ကို ပြန်ပြောပြီးနောက် အခန်းထဲသို့ ဝင်လာကာ အဝတ်အစားဝတ်သည်။ သူမနဲ့တွေ့မှာမို့ သူ့စိတ်ထဲ၌ အရမ်းကို လှချင်နေလေသည်။ ဒါကြောင့် ကားဆွဲလျှင် သိပ်မဝတ်သော စပို့ရှပ်အဖြူရောင်ကိုတောင် ထူးထူးခြားခြား ထုတ်ဝတ်လိုက်သည်။ နောက် သူ အင်မတန်ကြိုက်သော ဂျင်း(န်) ဘောင်းဘီအနက်ရောင်ကိုဝတ်ကာ ခေါင်းကို ခေါင်းလိမ်းဆီလေးဘာလေး လိမ်းလိုက်လျှင် အပြင်သွားဖို့ ပြည့်စုံသွားပြီဖြစ်သည်။





အဲဒီနောက် အပိတ်အနေဖြင့် Brut Body Spary ကို ဆွတ်ဖျန်းလိုက်သေးလေသည်။

သူမရဲ့အနားသို့ ကပ်လျှင်လည်း သူက မွှေးပျံ့ချင်သေးသည်။ အားလုံး ပြီးစီးသွားသောအခါ သူက Wallet ကို ခါးကြားထိုး၊ ကွင်းထိုးဖိနပ်ကိုစီးကာ ကားသော့ကိုယူပြီး ထွက်လာခဲ့သည်။ ဒီနေ့ဟာ သူမရဲ့ရုံးပိတ်ရက် တနင်္ဂနွေနေ့ဖြစ်ကာ သူမက တစ်ပတ်မှာ ခြောက်ရက် ရုံးတက်ရသူလေးဖြစ်သည်။ ဒီနေ့တော့ သန္တာ့ဆီကနေ၍ သတင်းတစ်ခု ရထားတာကြောင့် သူက အဲဒီအခွင့်အရေးလေးကို ရခဲလှစွာနှင့် အသုံးချရမှာဖြစ်လေသည်။

သူမက မန္တလေးက အမေဖြစ်သူထံ အောင်ဆန်းကွင်း ကားဂိတ်ကနေ ပါဆယ်ထုပ်ပို့မှာ ဖြစ်လေရာ သူက အဲဒီအတွက် အဆောင်နားမှာ သွားစောင့်မည်။ သူသည် ရင်တခုန်ခုန်ဖြင့် ကားကို အဆောင်နားသို့ မောင်းလာခဲ့သည်။ အဆောင်မရောက်ခင် မလှမ်းမကမ်းမှာ ကားကိုရပ်ပြီး စောင့်ရသည်။ သူမက ဆယ့်တစ်နာရီလောက်မှာ အဆောင်က ထွက်လာမည်ဟု သတင်းအတိအကျ ရထားသောကြောင့် သူက မနက်ခြောက်နာရီလောက်တည်းက ကားထဆွဲထားကာ ခုနကမှ အိမ်ပြန်ဝင်ပြီး ရေမိုးချိုးထားရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ရင်ထဲမှာ မြတ်မြတ်နိုးနိုးနဲ့ ချစ်မိနေပြီဆိုတာ တစ်နေ့ထက်တစ်နေ့ သေချာလာသောအခါ သူသည် ဒီကလေးမလေးကို ဒီအတိုင်းပဲ အလှမကြည့်ချင်တော့ပြီ။ ဖွဲလမ်းမှုတွေက သူမရဲ့အချစ်ကိုရဖို့ လှုံ့ဆော်သော အကြောင်းတရားတွေဖြစ်စေသောကြောင့် သူလည်း ကြိုးစားမှ ဖြစ်တော့မည်ဟု နားလည်ရလေသည်။ သူသည် ကားကိုရပ်ထားရင်းမှ ဟိုဟိုဒီဒီ စဉ်းစားတွေးတောနေတုန်းမှာပဲ သူမကို အဆောင်ထဲမှ ထွက်လာတာကို တွေ့လိုက်ရသည်။ လက်ထဲမှာ အနွယ်တော်ကတ်ထူစက္ကူပုံး တစ်ပုံးကို ပိုက်ထားသော သူမသည်လည်း အဖြူရောင်အကျႌ၊ မရမ်းရေ့ရောင် Skinney ဂျင်း(န်)အကျပ်တို့ဖြင့် ထင်ရှားစွာလှပနေသည်။ သူသည် ရင်ခုန်စွာဖြင့် တစ်ချက်ငေးနေပြီးတော့မှ သတိဝင်လာပြီးနောက် ကားကို စက်နှိုးကာ မောင်းထွက်လာခဲ့သည်။

သူမအနားသို့ ရောက်သွားလျှင် သူက ဟွန်းတစ်ချက်တီးလိုက်သည်။ သူမက ဟွန်းသံကို ကြားပြီးနောက် လှည့်ကြည့်လျှင် သူ့ကားကို မှတ်မိသွားသည်။ သူက ကားထဲမှ ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြပြီးနောက် ...

"ရတီ ဘယ်သွားမလို့လဲ ... တက်လေ"

သူမက သူ့ပုံစံကို တစ်ချက်အကဲခတ်ပြီးတော့မှ ဝေခွဲမရသလို ဖြစ်နေသည်။ သူက ကားပေါ်မှ ဆင်းပြီးနောက်





သူမဘက်သို့ ကားကိုပတ်ကာ လျှောက်သွားလိုက်သည်။ သူမက သူ့ရဲ့သပ်ရပ်သန့်ရှင်းသော ပုံစံကို တစ်ချက်လောက် ငေးကြည့်သဖြင့် သူက ပဲများလာရခြင်းအပေါ် နည်းနည်းကျေနပ်သွားသည်။

"လက်ထဲက ပါဆယ်ထုပ်ကို ကိုယ့်ကိုပေးလေ။ ပါဆယ်သွားပို့မလို့လား၊ စာတိုက်ကြီးက ဒီနေ့ ပိတ်တယ် ထင်တယ် ...

တနင်္ဂနွေနေ့ ဆိုတော့လေ"

သူက သိသိကြီးနှင့် ဖောလိုက်သေးသည်။ သူမက ခေါင်းကို အသာယမ်းပြကာ ...

"စာတိုက်ကြီး မဟုတ်ပါဘူး၊ အောင်ဆန်းကွင်းပါ"

"အော် ... ကားနဲ့ ပါဆယ်ပို့ပေးမှာလား၊ အောင်ဆန်းကွင်းဆိုရင်တော့ ရတယ်၊ အိုကေ ... တက်လေ ရတီရဲ့"

သူက သူမလက်ထဲက ပါဆယ်ထုပ်ကို လှမ်းယူရင်း ကားနောက်ခန်းထဲသို့ထည့်ကာ သူမကိုလည်း ဝင်ပါဟုသော သဘောဖြင့် လက်ဆန့်တန်းပြလိုက်လျှင် သူမက ချက်ချင်းဝင်မထိုင်သေးဘဲ ဆရာမက တပည့်ကို တရားခံကြည့်သော အကြည့်မျိုးဖြင့် ကြည့်သည်။

"သွားတာက ဟုတ်ပါပြီ။ ကားခက ဘယ်လောက်ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရတီရယ်။ အဲဒီဈေးစကားတွေ စကားထဲထည့် မပြောပါနဲ့တော့ကွာ။ လာပါ ... တက်ပါ"

"ဩော် ... ရှင် တက်ဆိုတိုင်း တက်လို့ဖြစ်မလား။ တော်ကြာ မတန်တဆတွေ တောင်းနေရင် ဘယ့်နှယ်လုပ်မလဲ"

"ဟာ ... မတန်ဘူး ထင်ရင် မပေးနဲ့။ ရတယ် အလကားစီးသွား"

"အို ... သူများပစ္စည်းကို အလကားလည်း မစီးချင်ဘူး"

"ဟုတ်ပါတယ်၊ အလကားလည်း မစီးပါနဲ့၊ တန်ရာတန်ကြေးပဲ ပေးစီးပါ၊ နှစ်ထောင်ဝဲ ပေးပါ"

သူမက နှုတ်ခမ်းကို တစ်ချက်မဲ့ပြသည်။ နှစ်ထောင်လည်း များသေးသည်ဟူသော သဘော။ သူက အဲဒီပုံစံလေးကို အသည်းယားစွာဖြင့် ပြုံးပြီး သတိလက်လွတ် ငေးမောကြည့်မိသွားသည်။ သူမက သူ့ကို ဘာဖြစ်တာလဲဟူသော ပုံစံဖြင့် စိုက်ကြည့်တော့မှ သူ သတိဝင်လာပြီးနောက် စပ်ဖြဲဖြဲ ရယ်မောမိသည်။

"ကဲပါ ... နှစ်ထောင်များတယ် ထင်ရင်လည်း ထောင့်ငါးရာပဲ ပေးပါ။ တက် ... တက် ... တက်တော့"

သူမက သူ့ကို မျက်လုံးတစ်ချက် စွေကြည့်ကာ ကားနောက်ခန်းထဲသို့ တက်ထိုင်သည်။ သူမ တက်ပြီးသောအခါ သူက ကားကို ညင်ညင်သာသာလေးပဲ မောင်းထွက်လိုက်သည်။ သူမကို ကားနောက်ကြည့်မှန်ထဲကနေ၍ ချောင်းမြှောင်းကြည့်ရှု





ပြီးနောက် ကျေနပ်စွာ ပြုံးလိုက်သည်။ လောကမှာ ကိုယ်ချစ်တဲ့သူတွေရဲ့ မျက်နှာကို အမြဲမြင်တွေ့နေရတာလည်း စိတ်ချမ်းသာခြင်း တစ်မျိုးပဲလားတော့ မသိပါ။

သူသည် သူမရဲ့မျက်နှာလေးကို မြင်ရတဲ့အခိုက်မှာ ဘာနဲ့မှမတူသော ပြည့်စုံခြင်းတစ်မျိုးကို ခံစားရလေသည်။

"အောင်ဆန်းကွင်း ဘယ်ကားဂိတ်လဲ ရတီ"

"အင်း ... ဘယ်ကားဂိတ်ကပို့ရင် အဆင်ပြေမလဲ မသိဘူး၊ တစ်ခါမှတော့ မပို့ဖူးဘူး"

"ရပါတယ်၊ ကိုယ် ကြည့်လုပ်ပေးပါ့မယ်၊ ဝါဆယ်ပေါ်မှာ လိပ်စာအတိအကျ ရေးထားတယ် မဟုတ်လား။ ကိုယ် ဆင်းပို့လိုက်မယ်လေ၊ ရတီ ကားပေါ်ကနေပဲ စောင့်နေလိုက်ပေါ့"

သူက မှန်ထဲမှကြည့်ပြီး ပြောလိုက်လျှင် သူမကလည်း မှန်ထဲကို လှမ်းကြည့်နေတာနဲ့ ကြုံရသည်။ သူ့အပြောကို သူမက ငြင်းဆန်ခြင်း မပြုပါ။ ခေါင်းလည်းမညိတ်တဲ့ တစ်မျိုးသော အကြည့်လေးနှင့်သာ ပြန်ကြည့်နေတာမို့ သူ ပြောတာကို လက်ခံတယ်ဆိုတာ သိရသည်။ သူမရဲ့ပုံစံလေးဟာ သူ့ကိုမခင်တာလည်း မဟုတ်၊ စကားမပြောချင်တာလည်း မဟုတ်ဘဲ မပွင့်တပွင့် ပြောတတ်ပုံလေးက ဘယ်လိုစွဲမက်ဖို့ကောင်းမှန်း မသိပါ။

"ရတီ့အိမ်ကို ပို့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဪ ... မို့ပြီးရင် ဘယ်ကိုသွားဦးမှာလဲ၊ Sunday ဆိုတော့ Shopping လေး ဘာလေး မထွက်တော့ဘူးလား"

"အောင်ဆန်းကွင်းကနေ ကျွန်မကို ယုဇနပလာဇာ ပို့ပေးပါ"

"ယုဇနပလာဇာ ! အိုကေ၊ ပို့ပေးမယ်လေ"

သူမက ခေါင်းတစ်ချက်ညိတ်ပြီး ဆက်မပြောတော့ချေ။ သူကလည်း ဘာမှဆက်မပြောတော့ဘဲ ကားကိုသာ အောင်ဆန်းကွင်းသို့ ဦးတည်ပြီး မောင်းနှင်လိုက်သည်။ အောင်ဆန်းကွင်းသို့ ရောက်သာအခါ သူမရဲ့ပါဆယ်ထုပ်ကို သူကပဲ ပို့ပေးလိုက်သည်။ ကားပေါ်သို့ ရောက်သောအခါ သူမ သိချင်သော အရာများကို မေးစရာမလိုတော့အောင် သူကပဲ တန်းစီပြီးပြောပြလိုက်သည်။

"ရတီ ... ကားက ရွှေမန္တလာကားနဲ့ ပို့ခဲ့တယ်၊ ကားနံပါတ်က (......)တဲ့၊ ဖုန်းနံပါတ်က(......)။ မနက်ဖြန်မနက် ကိုးနာရီလောက်ဆို မန္တလေးမှာ ရွေးလို့ရပြီတဲ့"

"ပါဆယ်ပို့ခက ဘယ်လောက်တဲ့လဲ"

"သုံးထောင်"

"ဟုတ်ပြီ။ ယုဇနပလာဇာကျရင် အားလုံးကို ကျွန်မပေါင်းရှင်းပေးမယ်"





သူမက အဲဒီစကားကို ရိုးရိုးတန်းတန်း ပြောတာဖြစ်သော်လည်း သူက နည်းနည်းတော့ စိတ်မကောင်း ဖြစ်သွားရသည်။ သူက ဖြစ်နိုင်လျှင် သူမကို ဒီလိုပုံစံမျိုးနဲ့ မပတ်သက်မဆက်ဆံချင်ပါ။ အခုတော့ သူတို့ရဲ့ ပတ်သက်ဆက်ဆံမှုမှာ ခရီးသည်နှင့် ဒရိုင်ဘာအဆင့်ထက် မပိုသလို ဖြစ်နေသည်။ သွားရမည့်နေရာ၊ ပေးရမည့် Taxi အဖိုးအခ၊ စသဖြင့် ဒါတွေပဲ ပြောနေရသလို ဖြစ်တာကို သူက နည်းနည်းတော့ စိတ်ပျက်ချင်လာသည်။

ဖြစ်နိုင်လျှင် သူမနဲ့အတူတူ ဒီ့ထက်ပိုသော စိတ်ဝင်စားဖွယ်ရာ အကြောင်းလေးများကို ပြောချင်ပါသည်။

"ရတီ ... ကျေးဇူးပြုပြီးတော့ ကိုယ်နဲ့စကားပြောရင် ငွေရေးကြေးရေးအကြောင်းတွေမဲ ဦးတည်ပြီး မပြောပါနဲ့။ မိတ်ဆွေတွေလိုပဲ တခြား အကြောင်းအရာလေးတွေ ပေါ့ပေါ့ပါးပါး ဖြစ်စေမယ့် အရာတွေပဲ ပြောပါလား"

သူမက သူ့ကို မှန်ထဲမှ တစ်ချက်လှမ်းကြည့်သည်။ ဘာမှတော့ မပြောတော့။ သူမ နည်းနည်းလက်ခံသွားသည်ဟု ထင်၍ သူက ထပ်၍ အရဲစွန့်ကာ ပြောလိုက်သည်။

"[illegible] ... ယုဇနပလာဇာရောက်ရင် ချက်ချင်း ဈေးဝယ်တော့မှာလား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ပလာဇာက ဖုတ်ဒ်ကော့ထ်မှာ တစ်ခုခုစားမယ်၊ နေ့လယ်စာ စားမယ်ဆိုရင် ကိုယ် ကျွေးချင်လို့ပါလို့။ ကျေးဇူးပြုပြီး ခွင့်ပြုပေးပါ ...

တကယ်လို့ မစားသေးဘူး ဈေးပဲ ပတ်ဝယ်မယ်ဆိုရင်လည်း ဘယ်အချိန်လောက် ပြီးမလဲ၊ ကိုယ်ပြန်လာခေါ်ချင်လို့ပါ"

သူက ထစ်ခါတည်းပဲ ပြန်လာခေါ်မယ် မပြောဘဲ ခေါ်ချင်လို့ပါဟုသာ စကားကို ပိတ်ပြောထားလိုက်သည်။ ဘာဘူ ပြောသော စကားကို သတိရသွား၍ ဖြစ်သည်။ ဒီနေ့လို အခွင့်အရေးမျိုးဆိုတာ နောက်တစ်ကြိမ်ရဖို့ သိပ်မလွယ်သဖြင့် ဒီလို အခြေအနေမျိုးမှာ သူမနဲ့ ရင်းနှီးမှု အတိုင်းအတာတစ်ခုကို တည်ဆောက်ရမယ် ဆိုတာကိုလည်း သူ့ကိုယ်သူ ကောင်းကောင်း သဘောပေါက်ထားလေသည်။

သူက မဖြေသေးသော သူမကို မှန်ထဲမှနေ၍ ထပ်မေးသည့်သဘောဖြင့် မေးဆတ်ပြလိုက်လျှင် ...

"ရပါတယ် မခေါ်ပါနဲ့၊ တက္ကူးတကကြီး လာခေါ်နေရမှာ အားနာလို့ပါ၊ ကားတွေ ဒီလောက်ပေါနေတဲ့ဟာပဲ ငှားပြန်လို့ ရပါတယ်"

"အားမနာပါနဲ့ ရတီရယ်၊ ရတီ ဒီလိုအပြင်လေး ဘာလေး ထွက်တုန်း ကိုယ်က ဒီလိုလုပ်ပေးခွင့် ရတာပါ ... ဘာမှ





အားနာစရာ မလိုဘူး။ ရတီသာ အဲဒီလို အခွင့်အရေး ပေးခဲ့ရင် ကိုယ် တကယ်ပဲ ပျော်မိမှာ"

သူ့စကားကို သူမက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးသည်။ အဲဒီအပြုံးကြောင့် သူ တကယ်ပဲ စိတ်ချမ်းသာလို့ သွားရသည်။

"တစ်နာရီခွဲလောက် ဆိုရင်တော့ ကျွန်မ ပြီးလောက်ပါပြီ"

"အိုကေ ... ဒါဆိုရင် ကားပါကင်မှာ ကိုယ်ရောက်နေမယ်၊ တစ်နာရီ ဆယ့်ငါးလောက်တည်းက ရောက်နေမယ်၊ အိုကေ"

"အင်း"

သူက ယုဇနပလာဇာသို့ရောက်လျှင် စေတနာပိုစွာဖြင့် ပလာဇာရှေ့မှာတင် ကားမရပ်ဘဲ အပေါ်ထပ် ကားပါကင်သို့ တက်ကာ ကားပါကင်မှာပါ ရပ်ပေးလိုက်သည်။ ကားပေါ်က ဆင်းသွားသော သူမက သူ့ကို အပြုံးတစ်ချက်ဖြင့် နှုတ်ဆက်လျှင် သူ အင်မတန် ပျော်သွားပါသည်။

"ကိုယ် ဒီနေရာမှာပဲ တစ်နာရီဆယ့်ငါးလောက် ရောက်လာပြီး စောင့်နေမယ်"

"ကောင်းပါပြီ"

သူမက အပြုံးနဲ့ပြောပြီးနောက် လှည့်ထွက်သွားသည်။ သူသည် Sknney ဂျင်းဘောင်းဘီ အောက်ရှူးအကျပ်ကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော သူမရဲ့နောက်ပိုင်းအလှကို သတိလက်လွတ် ငေးမော နေပြီးမှ သတိဝင်လာတာ ကားကို ပလာဇာထဲမှ ပြန်ထွက်လာခဲ့ သည်။ သူ့ရင်ဘတ်ကြီးတစ်ခုလုံးသည် နိမ့်ချည် မြင့်ချည်ဖြစ် ကာ ဘယ်လိုခံစားမှုမျိုးလဲဟု သူ့ကိုယ်သူ ခေါင်းစဉ်မတပ်နိုင်ပါ။ မန္တလေး FM က လက်ရှိလွှင့်နေသော သီချင်းလိုပင် ဖြစ်နေသည်။

"သိပ်ပျော်လိုက်တာ ရင်တောင်တုန်တယ် ... ပြန်စာ ပြန်စာ ချစ်လေးကပေးလာ ... ထမင်းလည်းမဆာ ... ရင်မှာပြည့်လာ ... မာနခဲလေး မောင့်ရဲ့ချစ်သူ ..."

အဲဒီသီချင်းထဲကလိုပင် သူသည်လည်း သူမထံက ဒီလို လိုက်လျောမှုလေး ရတာကို ရွှေရုပ်လေး ကောက်ရတဲ့သူလို ပျော်ရွှင်နေခဲ့တာဖြစ်သည်။ ခါတိုင်းက မှုန်မှုန်တင်းတင်းနဲ့ မာရေ ကျောရေ ဆက်ဆံမှုများကိုသာ ကြုံခဲ့ရသဖြင့် ပြောင်းလဲလာသော သူမအခြေအနေဟာ သူ့အတွက်တော့ အပေါင်းလက္ခဏာပဲ ဖြစ် ပါသည်။ ဒီနေ့ဟာ အမြူးဓာတ်ခံကြောင့် စိတ်ချမ်းသာ ပျော်ရွှင် နေပြီး လာဘ်တွေ ကောင်းနေသလားတော့ မပြောတတ်ပါ။ ပလာဇာကအထွက်မှာပဲ ဈေးဝယ်ပြီးပြန်လာသော မိန်းမနှစ်ယောက် က စမ်းချောင်းသို့ ကားငှားသည်။ စမ်းချောင်းကနေ ခရီးသည် ပြန်ရကာ ဘုရင့်နောင်သို့ သွားရပြန်သည်။

ဘုရင့်နောင်ကနေပြီးတော့ သိမ်ကြီးဈေး။ သိမ်ကြီး ဈေးကနေ ပြန်ထွက်တော့ သူက နာရီကြည့်လိုက်လျှင် တစ်နာရီ





ထိုးတော့မှာကို တွေ့လိုက်ရသည်။ ဒါကြောင့် ပါဆင်ဂျာထပ်မ ယူတော့ဘူးဟု ဆုံးဖြတ်လိုက်သော်လည်း သူ့ကိုလာငှားသောနေ ရာမှာ ကျောက်မြောင်း ဖြစ်နေသဖြင့် လမ်းကြောသင့်နေသော ကြောင့် သူက အေးအေးဆေးဆေးပဲ ထွက်လာခဲ့သည်။ ကျောက် မြောင်းမှာ ပါဆင်ဂျာကိုချပေးပြီး ယုဇနပလာဇာကို ပြန်ထွက်လာ လျှင် တစ်နာရီတောင် ထိုးပြီးသွားပြီဖြစ်သည်။ သူမများ စော ရောက်နေမလားဟူသော စိုးရိမ်စိတ်ဖြင့် ကားကို ခပ်သွက်သွက် မောင်းတက်ခဲ့သော်လည်း သူမက မရောက်သေး။

သူက အေးအေးဆေးဆေး အမောဖြေကာ သီချင်း နားထောင်ရင်း ငြိမ့်နေတုန်းမှာပဲ သူမကို ထွက်ပေါက်တစ်ခုထဲမှ အိတ်တွေဆွဲပြီး ထွက်လာတာကို တွေ့လိုက်ရသည်။ သူက ကား ပေါ်မှ ကမန်းကတန်းဆင်းကာ သူမဆီကို အပြေးလေးသွားလျက် ခရီးဦးကြို ပြုလိုက်သည်။

သူမက သူ့တောင် ဘာမှ မပြောရသေးခင်မှာပဲ အပြုံးတစ်ပွင့်ဖြင့် ဆီးကြိုပြီးပြောသည်။

BURMESE CLASSIC .com

"ရှင် ထမင်းစားပြီးပြီလား"

"ဟင့်အင်း မစားရသေးပါဘူး။ ရတီရော မဆာဘူးလား။ တစ်နာရီတောင် ခွဲနေပြီ။ အင်းပေါ့လေ မိန်းကလေးတွေက Shopping လုပ်မယ်ဆိုရင် ထမင်းမေ့ ဟင်းမေ့ကိုး။ ဗိုက် ဆာရကောင်းမှန်းလည်း သိတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်။ ဒီအချိန်ထိ အဆာခံနိုင်တာ ကျွန်မ အဆောင်က ထမင်းစားလာပြီးသားမို့လေ။ ခုတော့ ဈေးပတ်လိုက်တာမို့ ဗိုက်တောင် ဆာလာပြီ ...

ထမင်းတော့ မစားချင်ပါဘူး။ ကိုရီးယားအစားအစာလေး ဘာလေး စားရင်ကောင်းမလားလို့။ ရှင် ကိုရီးယားအစားအစာ ကောင်းကောင်းရတဲ့ဆိုင်ကို သိလား"

"အင်း ... ကိုရီးယားအစားအသောက်ရတဲ့ဆိုင်တော့ သိတယ်။ ကောင်း မကောင်းတော့ မသိဘူး။ ကိုယ်က ရန်ကုန်မှာသာ နေတာ တောသားကွ။ အဲဒါမျိုးတွေ စားဖူးတာ မဟုတ်ဘူး"

"ဟုတ်လား ... ဒါဖြင့်ရင် အခု စားကြည့်ပေါ့။ ကိုရီးယားထမင်းသုပ်ဆိုတာ စားကြည့်လေ၊ မြန်မာ ပါးစပ်နဲ့ ကိုက်စပ်ပါတယ် ...

ကျွန်မကတော့ ပဲခေါက်ဆွဲ စားမှာ"

"အိုကေ ... အိုကေ ... ကိုယ်လိုက်ပို့ပေးမယ်"

သူက သူမလက်ထဲမှ အိတ်များကို နောက်ခန်းထဲသို့ စုပြုံပြီး ပို့လိုက်လျှင် သူမက ပြုံးကာ ရှေ့ခန်းမှာပဲ ဝင်ထိုင်သည်။

အဲဒီအပြုအမူသည် သူ့ကို တစ်တန်းတည်းထားသော အပြုအမူ ဖြစ်တာကြောင့် သူ့ရင်ထဲတွင် လှိုက်ခနဲ ပျော်သွားသည်။





အား ... ဒီနေ့အဖို့ သူ ပျော်တာတွေ တော်တော်များနေပြီ ထင်ပါသည်။ ဒါကြောင့် ကားမောင်းတာတောင် ပါးစပ်မပိတ်နိုင်ဘဲ တပြုံးပြုံး ဖြစ်နေသည်။ သူက နေ့ခင်းဘက် ကားမောင်းလျှင် နေကာမျက်မှန် တပ်လေ့ရှိတာကြောင့် သူမဘက်သို့ မကြာခဏ လှည့်ကြည့်ပြီး ပြုံးမိလျှင် သူမကတောင် မနေနိုင် မထိုင်နိုင် မေးလာသည်။

"ရှင် ဘာကို တပြုံးပြုံး ဖြစ်နေတာလဲ"

"ဩော် ... အဟဲ၊ ဒီနေ့ အားလုံး အဆင်ပြေနေလို့ပါ"

"ဘာကို အဆင်ပြေတာလဲ"

"ဩော် ... ရတီနဲ့လည်း အဆင်ပြေတယ်လေ။ ပြီးတော့ ရတီ ဈေးဝယ်နေတုန်း ကိုယ် ကားဆွဲတာလည်း လေး,ငါး ခေါက် ရတယ် ...

အဆင်ပြေတာကို ပြောတာပါ။ ဒါကြောင့် ရတီ စားချင်တဲ့ ကိုရီးယားစာလည်း ကိုယ် ကျွေးမယ်"

"ဟင် ... အဲလိုတော့ မရဘူးနော်။ ရှင့်ကားခတွေကို ခုထိ ကျွန်မ မပေးရသေးဘူး၊ အခုနက ကားဂိတ်မှာ ပါဆယ် ပို့ခကိုလည်း ရှင်စိုက်ထားပေးသေးတယ် ...

ကိုရီးယားစာကို စားရင် ကျွန်မရှင်းရမှာဖြစ်မယ်။ မဟုတ်ရင်တော့ အဲဒီဆိုင်ရှေ့မှာချပြီးတာနဲ့ ရှင့်ကို ပိုက်ဆံ ရှင်းပေးမယ်၊ ရှင် လစ်တော့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ သူမရဲ့ ဘုကျကျ အပြောလေးကို ချစ်စနိုး ဖြစ်သွားရကာ ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မိလေသည်။ သူမက သူ ရယ်တာကို လိုက်မရယ်ပါ။ ရှုတည်တည်ပဲ ကြည့်နေသောကြောင့် သူက သူမမေးသော အဖြေကို အမြန်ပြောလိုက်ရသည်။

“ကဲပါ ... မင်းကျွေးတဲ့ ကိုရီးယားစာကို ဝမ်းမြောက်ဝမ်းသာနဲ့ စားပါ့မယ်။ လစ်တော့ မလစ်ပါရစေနဲ့ အစ်မတော်လေးရယ်၊ ဟုတ်ပြီလား”

သူမက ကျေနပ်သွားသော ပုံစံဖြင့် ဘာမှမပြောတော့ချေ။ အဲဒီနောက်မှာတော့ သူက ဖြတ်သွားဖြတ်လာ ပုံစံဖြင့် မြင်ဖူးထားသော ကိုရီးယားဆိုင်လေးသို့ မောင်းလာခဲ့သည်။ ဆိုင်လေးက တိတ်ဆိတ်အေးချမ်းသောကြောင့် သူမလည်းပဲ သဘောကျသွားဟန်တူသည်။ အစားအသောက် မှာသောအခါ သူမက ပဲခေါက်ဆွဲမှာ၍ သူ့အတွက် ကိုရီးယားထမင်းသုပ်မှာပေးလေသည်။ သူ့ရှေ့မှာ ပဲခေါက်ဆွဲကို ပဲမများပဲ အားရပါးရ စားနေသော သူမပုံစံကို သူက ရင်ခုန်မြတ်နိုးစွာ စိုက်ကြည့်နေမိသည်။ သူမက စားနေရင် တန်းလန်းမှ သူ့ကို မော့်ကြည့်လျှင် အရာမယွင်းသေးသော သူ့ပန်းကန်ကို မေးဆတ်ပြကာ မေးသည်။

“ရှင်က ကိုရီးယားစာ မကြိုက်ဘူးနဲ့တူတယ်၊ ဘယ်လိုမှ စားလို့မဖြစ်ဘူးလား”





“မဟုတ်ပါဘူး စားဖြစ်ပါတယ်။ စားကောင်းပါတယ်။ ရတီ စားတာကို အားကျပြီး ကြည့်နေတာ။ ရတီက ပဲခေါက်ဆွဲကို တော်တော်ကြိုက်တယ်နဲ့ တူတယ်”

“အင်း ... ကြိုက်တယ်၊ မန္တလေးမှာတည်းက ကြိုက်တာ”

“ဟုတ်လား၊ ဒီဆိုင်ကရော ကောင်းရဲ့လား။ ကိုယ်လည်း သိတဲ့ဆိုင်က ဒီတစ်ဆိုင်တည်းမို့သာ ခေါ်လာရတာ။ မကောင်းမှာတော့ စိုးရိမ်သားပဲ”

“ကောင်းပါတယ်။ စားလို့ကောင်းတယ်။ စား ... စား ... ရှင်လည်းစား၊ ကျွန်မရှေ့မှာမို့ ရှက်ပြီး စားမဝင် ဖြစ်မနေနဲ့ ...

ရှင်လည်း ဗိုက်ဆာနေမှာပေါ့”

ဒီလိုကျပြန်တော့လည်း သူမက ဆရာမကြီးသဖွယ် ခပ်တည်တည်နှင့် စကားတွေ ပြောထွက်သွားပင်။ သူ့ကို ရှိန်နေတာမျိုး မပွင့်တပွင့် စကားပြောတာမျိုး မရှိဘဲ ရင်းနှီးပြီးသား လူတွေသဖွယ် ပြောဆို ဆက်ဆံတာကို သူက ပြုံးပြီးကြည့်နေမိသည်။

“ရတီက ခုလိုကျတော့လည်း ပွင့်ပွင့်လင်းလင်း ဖော်ဖော်ရွေရွေ ဆက်ဆံသားပဲနော်။ အဲဒီအတွက် ဝမ်းသာပါတယ်။ ကိုယ်လိုချင်တာလည်း အဲဒီလို ဆက်ဆံရေးမျိုးပဲလေ ရတီ”



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရတီ ဒီမှာ ဘာအခက်အခဲပဲရှိရှိ ကိုယ့်ကိုပြောနော်။ ကိုယ် တတ်နိုင်တဲ့ကိစ္စကို ကူညီပါရစေ”

သူမက ပဲခေါက်ဆွဲကို တူနှင့်မွှေရင်းမှ သူ့ကိုပြူးစစ စိုက်ကြည့်လာသည်။ အဲဒီအကြည့်တွေကြောင့် သူ့ရင်တွေ တကယ်ပဲ ပရမ်းပတာ ခုန်လို့သွားလေသည်။

“မတတ်နိုင်တဲ့ ကိစ္စဆိုရင်တော့ မကူညီဘူးပေါ့လေ”

“ဩော် ... အဲဒီလို ဆိုလိုတာတော့ မဟုတ်ပါဘူး။ စကားကို အဲဒီလို အကျူမကောက်ပါနဲ့ ရတီရဲ့၊ ကိုယ်က ရတီရဲ့ ဘာကိစ္စကိုပဲဖြစ်ဖြစ် ကူညီချင်တဲ့သူပါ ...

ရတီ့ကို တစ်ခုလောက် မေးလို့ ရမလား”

“မေးလေ”

“ရတီ ရန်ကုန်မှာ ဘယ်လောက်ကြာကြာနေဖို့ စိတ်ကူးထားလဲဟင်”

“ဘာဖြစ်လို့လဲ။ အဲဒီကိစ္စက ရှင့်အတွက် အရေးကြီးနေလို့လား”

“အင်း ... ကြီးတာပေါ့”

သူ့ရဲ့မပွင့်တပွင့် ပြန်ဖြေသံကို သူမက မျက်စောင်း တစ်ချက်ထိုးသည်။ အဲဒီမျက်စောင်းကြောင့် သူ့ကော်လာကိုတောင် ဆွဲထောင်ပစ်ချင်စိတ် ပေါက်သွားလေသည်။





“ကျွန်မက ဘာဖြစ်လို့ ခဏလေးနေဖို့ ရောက်လာမှာလဲ။ အလုပ်တောင် လုပ်နေပြီပဲဟာ”

“ဩော် ... အလုပ် လုပ်ပေမယ့် ရတီက ဝမ်းရေးအတွက် လုပ်ရတာ မဟုတ်ဘူးလေ။ ဒါကြောင့်”

သူ့စကားတောင် မဆုံးသေး။ သူမက ဖြတ်အော်လေသည်။

“အံမယ် ... နေပါဦး ... နေပါဦး။ ဝမ်းရေးအတွက် လုပ်ရတာ မဟုတ်ဘူးလို့ ရှင့်ကို ဘယ်သူပြောလဲ”

“ဘယ်သူမှတော့ မပြောဘူးပေါ့။ ဒါပေမဲ့ ရတီ့ ပုံစံကိုကြည့်ရင် သိသာတာပဲလေ။ ရတီက အလုပ် လုပ်ချင်တဲ့စိတ်၊ တိုးတက်ချင်တဲ့စိတ်၊ တစ်နည်းအားဖြင့် သူများမြို့ရွာမှာ ရပ်တည်ကြည့်ချင်တဲ့စိတ်ကြောင့်သာ ရန်ကုန်ကို ရောက်လာတာ မဟုတ်လား ...

အကြောင်းအမျိုးမျိုးကြောင့် ရတီ မန္တလေးကို ခဏလေးနဲ့ ပြန်သွားမှာကို စိုးရိမ်လို့ပါ”

“ပြန်စရာလား၊ ဘာလို့ ပြန်ရမှာလဲ”

သူမက ခပ်ဆောင့်ဆောင့်လေး ဖြေလျှင် သူက အဲဒီပုံစံလေးကိုကြည့်ကာ သူမကို အဆုံးမရှိ ချစ်မြတ်နိုးပြီဟု ညီလိုက်ရလေသည်။ ဘာအကြောင်းကြောင့်နဲ့မှ အဝေးမခံတော့ဘဲ အနားမှာပဲ တစ်သက်လုံး ခေါ်ထားချင်လောက်အောင် ချစ်သည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတာလည်း သေချာသွားခဲ့ပြီ။ အဲဒီနေ့က ကိုရီးယားဆိုင်မှာ စားသောက်ပြီးသောအခါ သူမကို သူက အဆောင်ထိ ပြန်လိုက်ပို့ပေးသည်။

ဘာပဲပြောပြော သူနဲ့ သူမကြားမှာ အတိုင်းအတာတစ်ခုအထိ ရင်းနှီးခင်မင်မှုကို တည်ဆောက်ပြီးပြီမို့ သူ့နှလုံးသားသည် အဲဒီအဖြစ်အပျက်ကို ကျေနပ်စိတ်ဖြင့် အင်မတန် ကြည်နူးရှင်လန်းနေခဲ့သည်။

♥ ✱ ♥





## ၁၀

"ရတီရေ ... ဒီမှာ ရှင့်လူက အဆောင်အောက်ကို လာပို့သွားတာတဲ့။ ပြည်ပလာတာ ကတ်ကြေးကိုက်တဲ့"

"အယ် ... ဟုတ်လား။ သန္တာက ယူလာပေးတာကိုး။ ကျေးဇူးပဲ သန္တာရယ်၊ စားဦးလေ။ ရတီ တစ်ယောက်တည်း မကုန်ပါဘူး"

"အေးပါ ... စားပေးရမှာပေါ့"

ရတီက သန္တာကမ်းပေးသော ပလာတာပါဆယ်ထုပ်ကိုယူကာ ပန်ကန်ပြားထဲသို့ ထည့်ရန်ပြင်နေတုန်းမှာပဲ အောက်ထပ်က တစ်ယောက်က ဖုန်းလာနေသည်ဆိုပြီး လာခေါ်သည်။ ရတီသည် အောက်ထပ်သို့ဆင်းကာ ဖုန်းကိုကိုင်၍ ထူးလိုက်လျှင် ထင်ထားသည့်အတိုင်း စစ်မှန် ဆိုသော လူတစ်ယောက်၏ ကြည်ရွှင်ရွှအသံက နားစည်သို့ လာရောက်ရိုက်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတီ ... ကိုယ် စစ်မှန်ပါ။ အဆောင်စောင့်နဲ့ ပလာတာ ပေးလိုက်တာ ရလားဟင်"

"အင်း ... ခုပဲ သန္တာ လာပေးတယ်၊ ခုမှ ကားသိမ်းလာတာလား"

ရတီက နံရံမှာ ချိတ်ထားသော ဆယ်နာရီခွဲခန့်ရှိနေသည့် နာရီကိုကြည့်ကာ မေးလိုက်တာဖြစ်သည်။

"ဟုတ်တယ်။ ရွှေဂုံတိုင်ဘက် ရောက်တာနဲ့ ဝယ်လာတာ၊ အဲဒီက လက်ဖက်ရည်ဆိုင်က ပလာတာကတ်ကြေးကိုက် ကောင်းလို့လေ ...

ရတီ့ကို သတိရတာနဲ့ ဝယ်လာလိုက်တာ"

ရတီသည် အဲဒီအပြောကြောင့် ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။ အဲဒီတစ်ယောက်ကို အစတုန်းကတော့ တစ်မြို့တစ်ရွာသားမို့ သိပ်မယုံရဲဘဲ ရှိခဲ့ပေမယ့် ခုချိန်မှာတော့ ခင်မင်တွယ်တာလာခဲ့ရပြီဖြစ်သည်။ ရိုးသားကာ နူးညံ့လင်းဖြာနေသည့် သူ့မျက်ဝန်းတွေထဲမှ ကိုယ့်ကို အစစ်အမှန် ပျော်ဝင်နေသော အကြင်နာတွေကို ရတီ ကိုယ်၌ကလည်း တဖြည်းဖြည်း အသိအမှတ် ပြုလာရပြီ။ သူက ရတီ့ကို တစ်မြို့တစ်ရွာက လာသူလေးအဖြစ် အကြင်နာပိုကာ ဂရုစိုက်ရှာတာကို ရတီက သဘောအကျဆုံးပဲ ဖြစ်တော့သည်။





ရတီ့ကို သူက ညီမတစ်ယောက်လိုလည်း နွေး
ထွေးထွေး ဂရုစိုက်ရှာပါသေးသည်။ ဘက်

"ကျေးဇူးပဲနော် ကိုစစ်မှန်"

"ရတီကလည်းကွာ၊ ကိုယ့်ကို ကိုစစ်မှန်လို့ မခေါ်စမ်းရင်း

"ကိုစစ်မှန်လို့ မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ၊ စေစ်ဝင်လာခေါ်ရမှာလား" ဥတ်ဘဲ

"ဘာရယ် ... ဘာရယ် ... စေစ်မှန် ဟုတ်လား" တော့

"ဟုတ်တယ်၊ ကျွန်မတို့ အညာဘက်မှာ သိပ်ရင်းနှီးတ ပီတယ် ပိုင်တယ် ဆိုရင် နာမည်ရှေ့က င,တပ် ခေါ်ကြတာ"

"သြော် ... အဲလိုလား၊ ဟဲ ဟဲ ... ဒါဆိုရင်တော့ စေစ်မှန်လို့ မခေါ်ပါနဲ့။ စစ်မှန် ဆိုရင်လည်း လုံလောက်ပါပြီ။ ကို,တပ်ခေါ်တာကျတော့ နည်းနည်းစိမ်းနေသလားလို့။ ရတီနဲ့ ကိုယ်နဲ့က ရွယ်တူပဲဟာ"

"အေးပါ ... ငယ်ကလည်း ငယ်ချင်သေးတယ်၊ ကဲ ... မိုးချုပ်နေပြီ၊ မပြန်သေးဘူးလား၊ အခု ဘယ်ကဆက်နေတာလဲ"

"လမ်းထိပ်က စတိုးဆိုင်ကပါ၊ ပြန်တော့မယ် ကားသိမ်းလာပြီလေ။ အဲဒါ ရတီများ ဗိုက်ဆာနေမလားဆိုပြီး ဝင်ပေးတာ။ ရတီ မအိပ်သေးဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အလုပ်လေးတွေ နည်းနည်းရှိသေးလို့လေ။ အလုပ်က ခုနကမှ လုပ်တာပါ၊ အစောပိုင်းက TV ကြည့်နေလို့"

"အဲဒါဆို အခု ပုန္နေးတုန်းလေး စားလိုက်တော့လေ၊ ကိုယ် ဖုန်းချတော့မယ်၊ Good Night နော် ရတီ"

"အိုကေ ... Good Night ပါ"

နေသည့် ရတီက နှုတ်ဆက်ပြီးသောအခါ ဖုန်းကိုချပြီးနောက် ပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ သန္တာ့က သဘောကောင်းစွာဖြင့် ကော်ဖီကိုတောင် ဖျော်ထားပြီး ဖြစ်လေသည်။ ရတီသည် သန္တာ ကမ်းပေးသော ကော်ဖီခွက်ကို လှမ်းယူရင်းမှ "သင့်ခ်ယူ"ဟု ပြောလိုက်ရသည်။

"သန္တာ စားလေ၊ ရတီ တစ်ယောက်တည်း မကုန်ပါဘူး"

"အင်းပါ၊ စားမှာ မပူနဲ့။ စစ်မှန်က ရတီ့ကိုတော့ တော်တော်ကြွေတယ်နဲ့ တူတယ်နော် ...

သူ့ခမျာ အချိန်အားလေး ရတဲ့အခါကြားက ပြေးပြေးလာလိုက်ရတာ"

ရတီက အဲဒီစကားကိုတော့ ဘာမှမပြောဘဲ ပြုံးရုံသာပြုံးရင်း ကော်ဖီကို ငုံ့သောက်နေလိုက်သည်။

"သန္တာ့ကို မေးခိုင်းနေတယ် သိလား။ ရတီ့မှာ ရည်းစားရှိလားတဲ့"





"အင် ... သန္တာ့က ဘယ်လိုဖြေလိုက်လဲ"

"မရှိပါဘူးလို့ပဲ ဖြေလိုက်တာပေါ့။ ရတီ့ကို တစ်ခုလောက် မေးချင်တယ်၊ ရတီ စစ်မှန်ကို ဘယ်လိုမြင်လဲဟင်"

ရတီက ပလာတာတစ်ဖတ်ကို ကောက်ဝါးရင်းမှ ရှင်းသန့်ဖြူစင်သော သူ့ရုပ်သွင်ကို မျက်လုံးထဲမှာ မြင်ယောင်လာမိသည်။ မင်းသားတွေလို ချောမောသော ရုပ်သွင်မျိုးမဟုတ်ဘဲ သဘာဝမင်းသားတစ်ယောက်လို ဆွဲဆောင်မှုအား ကောင်းတာတော့ ဘယ်လိုမှ မငြင်းနိုင်ချေ။

ရတီနဲ့ သက်တူရွယ်တူ နှစ်ဆယ့်သုံး,လေးလောက်ပဲ ရှိပေမယ့် ကိုယ့်ဒူးကိုယ်ချွန် အလုပ်ကို ကြိုးကြိုး စားစားလုပ်ကာ ဘဝကို ရိုးသားစွာ ဖြတ်သန်းနေသူတစ်ယောက်ဟုလည်း အသိအမှတ် ပြုလာရပြီဖြစ်သည်။

"အင်း ... သူက ခင်ဖို့ကောင်းတဲ့ လူတစ်ယောက်ပေါ့"

"အံမယ် ... ခင်ဖို့ ကောင်းရုံတင်ပဲလား။ သူ့ personality ကိုရော ဘယ်လောက် အမှတ်ပေးလဲ၊ ဘယ်လိုမြင်လဲလို့ မေးနေတာ"

"အင်း ... မဆိုးပါဘူး။ သပ်သပ်ရပ်ရပ် ရှိပါတယ်။ သူ့အလုပ်သူ ကြိုးကြိုးစားစားလုပ်ပြီး ရိုးသားရောင့်ရဲတတ်တဲ့ လူတစ်ဦးလို့ မြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတွေ အမှတ်ပေးထားတယ်ပေါ့လေ၊ မွန်မွန်ပြော စမ်း၊ ရတီ သူ့အပေါ်မှာ ခံစားချက်က ဘယ်လိုရှိလဲ"

"ဟင် ... သန္တာကလည်း ဘာတွေ လာမေးနေတာလဲ။ ဘယ်လိုရှိရမှာလဲ၊ ဒီလိုပါပဲ"

"ဒီလိုပါပဲတော့ မလုပ်နဲ့လေ၊ သန္တာတို့က ပြောနေတာ။ ရတီနဲ့ စစ်မှန်နဲ့ကို လိုက်တယ်လို့။ စစ်မှန်က ရတီ့ကို တော်တော်ကြွေနေတာနော် ...

သူ့သူငယ်ချင်း ဘာဘူနဲ့ သန္တာနဲ့က ဟိုအရင်တည်းက သိတာလေ။ အဲဒါ ဘာဘူက သူ့အကြောင်းတွေပြော ပြတာ။ သူ့ဘဝမှာ ဘယ်ကောင်မလေးတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးဘူးတဲ့။ ရည်းစားလည်း မထားခဲ့ဖူးဘူးတဲ့ ...

အခု ရတီနဲ့ တွေ့တော့မှ အသည်းအသန် ဖြစ်သွား တာတဲ့"

"အံမယ်လေး ... တော်ပါ။ ဒီအသက်အရွယ် ရောက်နေ တဲ့ ယောကျ်ားလေးတစ်ယောက်က ရင်မခုန်ခဲ့ဖူးဘူး၊ ရည်းစားမထားခဲ့ဖူးဘူး ဆိုတာ ဖြစ်နိုင်လား။ ယုံချင်စရာ"

"သြော် ... ဟုတ်ပါတယ်ဆို။ ကဲပါ ယုံချင်စရာကောင်း လား မကောင်းလား ဆိုတာ နောက်တော့ သူကိုယ်တိုင် ပြောပြပါလိမ့်မယ် ...





ခုတော့ စားလို့လည်းဝပြီ၊ သွားတော့မယ်၊ Good Night"

"အင်းပါ ... အင်းပါ ... Good Night"

သန္တာ ထွက်ခွာလို့သွားလျှင် ရတီသည် ကျန်ရှိနေ သေးသော အလုပ်တွေကို ဆက်လုပ်နေရင်းမှ စိတ်ကလည်း ဗလာတာပို့ပေးလေသော ကျေးဇူးရှင် စစ်မှန်ထံကို ရောက်သွား သည်။

သူဟာ ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားတယ ဆိုတာ တဖြည်းဖြည်း သိမြင်လာရပြီ ဖြစ်သော်လည်း အဲဒါတွေကို ဆန့်ကျင်စိတ် မရှိသည်မှာ ဘာကြောင့်ပါလိမ့်။

ရတီသည် အလုပ်တွေ လက်စသတ်ပြီးသောအခါ ခါးညောင်းသွားသဖြင့် ခုတင်ပေါ်၌ ပက်လက်လှန်လှဲကာ အကြော တွေကို ဖြေလျှော့လိုက်သည်။ ပြတင်းပေါက်က ဝင်လာသော လေနုအေးကို ရှူရှိုက်ရင်းမှ မန္တလေးက လေညင်းလေးကို ဖျတ် ခနဲ သတိရသွားသည်။ ရတီ တစ်ယောက် ရန်ကုန်ကို လာခဲ့တဲ့ ရည်ရွယ်ချက်က ဘာပါလဲ။ ရတီသည် ကိုယ့်ကိုယ်ကိုယ် ဘာသဲ ဘယ်လဲဟု အမြဲဆန်းစစ်နေသူ ဖြစ်လေရာ ရည်မှန်းချက်တွေ မပြည့်မဝချင်း နှလုံးသားရေးရာကို စဉ်းစားသင့်ပါသလားဟု တွေးတောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း ဒါတွေဟာ သလဲသီးများလို တစ်ကန့်စီ တစ်ကန့်စီပါ ဖြေတွေး တွေးနေမိတာကိုက စစ်မှန်အပေါ်တွင် သဘောထားတွေ ပြောင်းလဲနေပြီဟု ထင်လေသည်။ ရတီကိုယ်၌ကရော နူးညံ့တဲ့ အပြုံးအောက်မှာ ကျဆုံးချင်နေပြီတဲ့လား။

♥ ❋ ♥





"အန်ကယ် ... အန်ကယ့်ရဲ့ နေ့လယ်စာ အစီအစဉ်ကို ဘယ်လိုစီစဉ်ပေးရမလဲဟင်"

ဦးသီဟက ရတီ့ကို အလုပ် လုပ်နေရာမှ မော့ကြည့်သည်။ အခုဆိုလျှင် ရတီ အလုပ်ဝင်ခဲ့တာ နှစ်လကျော် သုံးလထဲ ရောက်လာပြီမို့ လုပ်ငန်းသဘောသဘာဝတွေကိုရော၊ ဦးသီဟရဲ့သဘောသဘာဝတွေကိုရော အတော်အတန် သိနားလည်ကာ ဦးသီဟက မျက်လုံးတစ်ချက် ကြည့်လိုက်တာနှင့်တင် ဘာလိုချင်တယ် ဘာပြောချင်တယ် ဆိုတာကို ကောင်းကောင်းသဘောပေါက်သူ ဖြစ်လို့နေချေပြီ။

ရတီသည် ဒီအလုပ်ပေါ်မှာ ကိုယ်ရောစိတ်ပါ အပြည့်အဝနှစ်ထားကာ ဦးသီဟအပေါ်မှာလည်း အင်မတန်ကို ဂရုစိုက်မှုထားလေသောကြောင့် ဦးသီဟကဆိုလျှင် ရတီ့ကို အမြဲတမ်းစူးစမ်းသော အကြည့်တွေနဲ့သာ ကြည့်တတ်သည်။ ဦးသီဟ ကြည့်သော အကြည့်တွေကို ရတီ သဘောပေါက်လေသည်။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေး ငါ့အပေါ်မှာ ဒီလောက် ဂရုစိုက်နေတာ ဘာသဘောပါလိမ့် ဟူသော ဝေဖန်ဆန်းစစ်သည့် အကြည့်များကို ရတီကလည်း သဘောပေါက်သည်။ ဒါပေမဲ့ ရတီရဲ့ အပြုအမူတွေဟာ ရိုးသားသည်။ စေတနာအပြည့်အဝပါကာ နက်ရှိုင်းလေသောကြောင့် ဦးသီဟ အနေဖြင့် ရတီနှင့် ပတ်သက်ပြီး အတွေးပွားရမယ်ဆိုတာကို နားလည်လေသည်။

"အေး ... ဒီနေ့ ကိုယ့်အမျိုးသမီး ထမင်းချိုင့်နဲ့ လာလိမ့်မယ်၊ အဲဒီကျရင်သာ လိုအပ်တာ ကူညီပြင်ဆင်ပေးလိုက်ပေါ့"

ဦးသီဟရဲ့စကားကို ကြားလိုက်လျှင် ရတီသည် ပြုံးမိတော့မလို ဖြစ်သွားသော နှုတ်ခမ်းများကို တင်းတင်းဆွဲစေ့ထားလိုက်ရသည်။ ဒါတောင်မှ အနည်းငယ် ပြုံးမိသွားရသေးသည်။ ဒါပေမဲ့ ဦးသီဟက ရတီ ပြုံးတာကို သူ့ကို ပြုံးတယ်ဟု ထင်မှာမဟုတ်ပါ။ ရတီ့မျက်နှာသည် ရုံးမှာတော့ မြင်သူ ရင်အေးရအောင် အမြဲပြုံးနေသော မျက်နှာထားမျိုးလေး ဖြစ်သည်။

"ဟုတ်ကဲ့ပါ အန်ကယ်။ အန်တီရော ဒီမှာ စားမှာလားဟင်"

"အေး ... သူပါ စားလိမ့်မယ်"

ရတီက ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် ဦးသီဟက ရတီ့ကို တစ်ချက်မော့ကြည့်ကာ ...





"အင်း ... အဲဒီတော့ မင်း ထမင်းစားရင် အရင်စားထားလိုက်တော့လေ။ ကိုယ်တို့ ထမင်းစားချိန်မှာ မင်း အားနေမှ ဖြစ်မှာ"

"ဟုတ်ကဲ့ပါ အန်ကယ်"

ရတီက ခေါင်းတစ်ချက်ညွှတ်ကာ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဓာတ်လှေကားနှင့် တစ်ထစ်ဆင်းလျှင် အောက်ထပ်မှာက ဝန်ထမ်းတွေအတွက် ဒိုင်းနင်းရှမ်း ရှိလေရာ ရတီသည် အောက်ထပ်မှာပဲ ရုံးကကျွေးသောထမင်းကို စားလိုက်သည်။ ခပ်သွက်သွက်စားပြီး ပြန်တက်လာသောအခါ ဦးသီဟက ရတီ့ကို စောင့်ကြိုပြီး ဆီးပြောသည်။

"အတော်ပဲ ရတီရေ၊ သိပ်မကြာခင် ကားပါကင်ကို ကိုယ့်အမျိုးသမီး ရောက်လာတော့မယ် ...

လိုအပ်တာတွေ အဆင်သင့် လုပ်ထားလိုက်တော့။ သူ ရောက်တာနဲ့ ကိုယ်တို့ ချက်ချင်း ထမင်းစားမှာ"

"ဟုတ်ကဲ့ပါ အန်ကယ်"

ရတီက ဦးသီဟရဲ့ သီးသန့်ထမင်းစားခန်းထဲသို့ ဝင်ကာ လိုအပ်တာတွေကို ပြင်ဆင်ထားလိုက်သည်။ ခဏကြာသောအခါ ရီဆပ်ရှင်က ခေါ်ပြီမို့ ရတီသည် ဦးသီဟကတော်ကို ရီဆပ်ရှင်ကနေ၍ ထွက်ကြိုရလေသည်။ သူနဲ့ ကိုယ်ဟာ တစ်ခါမှ မမြင်ဘူးသူတွေ ဆိုသော်လည်း ဦးသီဟ အခန်းထဲမှာ ချိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော မိသားစုဓာတ်ပုံကြီးကို တွေ့ဖူးထားသူ ဖြစ်လေရာ ဦးသီဟရဲ့ မယောသီ ဒေါ်မျိုးမြတ်သူကိုလည်း မသိစရာအကြောင်းမရှိချေ။

ရတီသည် ရီဆပ်ရှင်ကောင်တာနားမှာ အသင့်စောင့်နေရာမှ ဒေါ်မျိုးမြတ်သူ ဝင်လာလျှင် အဆင်သင့်ပြုံးပြထားပြီးသား ဖြစ်တာမို့ ခေါင်းညွတ်နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ အန်တီ။ ကျွန်မက အန်ကယ့်ရဲ့ စက္ကရီတေရီ ရတီဝတ်မှုန်ပါရှင်"

ဒေါ်မျိုးမြတ်သူက ရတီ့ကို ခြေဆုံး ခေါင်းဆုံး ခဏလေးနဲ့ အကဲခတ်ကာ အထက်ဆီးဆန်သော အပြုံးမျိုးဖြင့် ချွေတာစွာ ပြုံးပြသည်။ ရတီက အလိုက်သိစွာနှင့်ပင် ဒေါ်မျိုးမြတ်သူရဲ့ ဒရိုင်ဘာလက်ထဲက ခြင်းတောင်းကို ဆွဲယူလိုက်ကာ ဦးသီဟ အခန်းထဲသို့ ဝင်သွားသော ဒေါ်မျိုးမြတ်သူရဲ့နောက်မှ ကပ်လိုက်လာခဲ့သည်။ အခန်းထဲသို့ ရောက်တာနှင့် ဒေါ်မျိုးမြတ်သူရဲ့ အသံစာစာက ညံစီ ညံစီ ထွက်ပေါ်လာသည်။

ရတီသည် ထမင်းချိုင့်ခြင်းတောင်းကို ထမင်းစားခန်းထဲသို့ ယူသွားရင်းမှ သူတို့ စားဖို့သောက်ဖို့အတွက် ပြင်ဆင်ရသည်။ ရတီသည် ထမင်းပွဲကို ပြင်ဆင်ရင်းနဲ့မှ ဒေါ်မျိုးမြတ်သူ ဘာကြောင့် ရောက်လာသလဲ ဆိုတာကို စဉ်းစားကြည့်နေမိသည်။ တကယ်တော့ ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာ မလိုပါ။ ဒေါ်မျိုးမြတ်သူသည် ရုံးကို လာခဲတယ် ဆိုတာ ရတီ သိပြီးသား





ဖြစ်သည်။ အခုလာတာသည် ရတီ့ကို အကဲခတ်ရုံသက်သက်လာတယ်ဆိုတာ ရတီ မရိပ်မိသည်အထိ မညံ့သေးချေ။ အင်းပေါ့လေ ... အချိန်တိုတွင်းမှာ ဦးသီဟရဲ့ အားအကိုးရဆုံး စက္ကရီတေရီတစ်ယောက်အဖြစ် ပန်းသတင်း လေညင်းဆောင်လို့နေမှာပေါ့။

ရတီက ထမင်းဝိုင်း ပြင်ပြီးသောအခါ ရှေ့သို့ထွက်လာခဲ့သည်။

"အန်ကယ်နဲ့ အန်တီ ... ထမင်းသုံးဆောင်လို့ ရပါပြီ"

ရတီက တမင်ပင် ဘွဲ့တော်ရဲ့နာမည်ကိုပါ ထည့်ပြောလိုက်တာဖြစ်သည်။ မဟုတ်လျှင် အန်ကယ် တစ်ယောက်ပဲ စားလို့ရတာလား၊ အန်တီရော စားလို့မရဘူးလားလို့ ချဲ့တွေးချင် တွေးနိုင်သေးသည်။

ဒေါ်မျိုးမြတ်သူက ထိုင်ရာမှ ထလာကာ ရတီ့ကို ခပ်ပြုံးပြုံးကြည့်သည်။

အဲဒီအပြုံးကြီးဟာ ရင်ထဲက မပါသော အပြုံးကြီး ဆိုတာ ရတီ သိသည်။

"ရတီဝတ်မှုန်ကို နာမည်ကြားတည်းက နာမည်လေးက လှလိုက်တာ၊ နာမည်အရင်းရော ဟုတ်ရဲ့လားလို့ တွေးနေမိတာ။ မော်ဒယ်တို့၊ စာရေးဆရာမတို့ လုပ်ဖို့ ပေးထားတဲ့ နာမည်လားပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လူက နာမည်ထက် အဆပေါင်းများစွ
ပိုလှနေပါလား။ မင်းသမီးလုပ်ဖို့ ကောင်းတယ်"

ဒီစကားက ရင်ထဲမှ မပါသော စကားတွေဆိုတာ
ရတီ သိသော်လည်း ခပ်ပြုံးပြုံးပဲ ပြုံးနေလိုက်သည်။ ကျေးဇူးတင်
ပါတယ် အန်တီလို့ ပြန်မပြောတာကို သတိထားမိလျှင်တော့ ဒီ
ဘွားတော်ရဲ့စကားကို ရတီ လက်မခံဘူးဆိုတာ နားလည်နိုင်ဗ
လိမ့်မည်။

"မန္တလေးသူ ဆိုပေမယ့် အသားဖြူတယ်နော်"

"ဟုတ်ကဲ့ ... အမေက ဖြူလို့ပါ"

"ဪ ... ဟုတ်လား၊ အလုပ်မှာလည်း တိကျပြီး အရေ
တော်တယ်လို့ ကြားတယ်၊ ကိုကို အကူအညီတွေ အများ
ကြီးပေးနိုင်တယ် ဆိုပဲ ...

အင်း ... ပြီးမှ စကားဆက်ပြောကြတာပေါ့။ ထမင်
စားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... အေးအေးဆေးဆေး သုံးဆောင်ပါ အန်တီ"

သူဌေးလင်မယားနှစ်ယောက် စားတော်ပွဲတည်ေ
တုန်းမှာ ရတီက အချိုတည်းဖို့အတွက် ပန်းသီးနဲ့ လိမ္မော်သီးက
ပြင်ဆင်နေလိုက်သည်။ ထမင်းစားပြီးသောအခါ ထင်တဲ့အတိုင်း
ဒေါ်မျိုးမြတ်သူက ရတီ ခွဲထားသော ပန်းသီးစိတ်လေးများက
အရသာခံရင်းမှ ရတီ့ကို အင်တာဗျူးခန်း စပါတော့သည်။



"ရတီ့ဇာတိမှုက အဆောင်မှာ နေတယ်နော်၊ ဘယ်နားက
အဆောင်လဲ"

"လှည်းတန်းကပါ အန်တီ"

"ဪ ... ဪ ... မိဘတွေကတော့ နယ်မှာပဲပေါ့"

"ဟုတ်ပါတယ်၊ မန္တလေးမှာပါ"

"ဟုတ်လား ... ရန်ကုန်ကို အလုပ် လုပ်ဖို့ ရည်ရွယ်ချက်
တစ်ခုတည်းနဲ့ ရောက်လာတာလား"

ဒီမေးခွန်းကိုတော့ ရတီက ချက်ချင်းမဖြေဘဲ ဒေါ်မျိုး
မြတ်သူကို စေ့စေ့ကြည့်ကာ ပြုံးပြလိုက်သည်။ တကယ့်ရည်ရွယ်
ချက် အစစ်အမှန်ကို သိတော့ရော ရှင်က ဘာလုပ်ပေးနိုင်မှာမို့
လို့လဲ။ ဒီလိုတောင် ရင်ထဲကမပါတဲ့ဟန်ဆောင်စကားတွေတောင်
ပြောနိုင်မယ်လို့ ထင်လို့လား။

"အလုပ် လုပ်ဖို့ လာခဲ့တာတော့ မဟုတ်ပါဘူး အန်တီ"

ဒေါ်မျိုးမြတ်သူက ရတီ့ကို ဒါဆိုရင် ဘာလို့လာခဲ့
တာလဲ ဟူသော စကားအား မျက်လုံးတွေဖြင့် ဆက်မေးသည်။

"ဒီတာဝါကြီးကို ကိစ္စတစ်ခုနဲ့ ရောက်ရင်း အလုပ်ခေါ်စာ
ကပ်နေတာကို မြင်တာနဲ့ စိတ်ဝင်စားပြီး အချက်တွေက
လည်း ကိုယ်နဲ့ကိုက်ညီတယ်လို့ ထင်တာနဲ့ အလုပ်လျှောက်
ဖြစ်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် ဦးသီဟကပါ ရတီ့ကို တစ်ချက်ကြည့်သည်။ ဒီစကားကို ဦးသီဟတောင် သိပုံမပေါ်ပါ။

"သြော် ... ဒါဖြင့်ရင် သွားရင်း လာရင်းတွေ့လို့ လျှောက်ဖြစ်တဲ့သဘောပေါ့"

ဦးသူဟရဲ့ကိုယ်စား ဒေါ်မျိုးမြတ်သူက မနှစ်မြို့ဟန်ဖြင့် မေးလေသည်။ ရတီက အပြုံးမပျက်စေရဘဲ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းကာ ...

"သွားရင်း လာရင်းနဲ့ တွေ့တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ New Life Trading က အလုပ်ခေါ်တယ်ဆိုတော့ စိတ်ဝင်စားသွားခဲ့တာပါ"

"ဒါဖြင့်ရင် ရတီဝတ်မှုံက စားဝတ်နေရေးအတွက် အဓိက လုပ်ဖြစ်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး အန်တီ။ အလုပ် လုပ်ချင်တဲ့စိတ်ကြောင့်သာ လုပ်ဖြစ်သွားတာပါ"

"သြော် ... အဲဒီလိုကိုး"

ဒေါ်မျိုးမြတ်သူက ခေါင်းတညိတ်ညိတ် လုပ်နေတုန်းမှာပဲ ရတီ့ကို ဦးသီဟက လှမ်းကြည့်လိုက်တာနှင့် ကြုံသည်။ ရတီက နားလည်ဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ပြုံးပြလိုက်ပြီးနောက် နာရီကို တစ်ချက်ကြည့်လိုက်သည်။ တစ်နာရီမှာ ဦးသီဟတစ်ယောက် ဟိုတယ်ကြီးတစ်ခုမှာ နိုင်ငံခြားသားတစ်ဦး





နှင့် သွားတွေ့ရမည့်ကိစ္စ ရှိသည်။ ဒီအတွက် ပြင်ဆင်စရာ ရှိတာတွေကိုပြင်ဆင်ပေးရတော့မည်။ ရတီက ဒေါ်မျိုးမြတ်သူကို ခွင့်တောင်းသလို တစ်ချက်ကြည့်ကာ ဦးသီဟ အတွက် လိုအပ်သော စာရွက်စာတမ်းတွေကို ပြင်ဆင်ယူဆောင်လာပေးလိုက်သည်။

ဒါကို ဒေါ်မျိုးမြတ်သူက လေ့လာအကဲခတ်ရင်းမှ ...

"ကို Appointment ရှိသေးလို့လား"

"အင်း ... တစ်နာရီမှာ ဧည့်သည်တစ်ယောက်နဲ့ တွေ့စရာရှိတယ်လေ"

"သြော် ... အင်း၊ ဒါဆိုလည်း လုပ်လေ။ မျိုးလည်း ပြန်လိုက်ဦးမယ်။ ညနေဘက် ဒင်နာမရှိဘူး မဟုတ်လား"

"အင်း ... မရှိပါဘူး၊ မရှိဘူး ထင်တယ်။ ရတီ ... ညနေဘက် ဘာရှိလဲ"

"ဘာမှ မရှိပါဘူး အန်ကယ်၊ ရုံးဆင်းပြီးရင် ပြီးသွားပါပြီ"

"အိုကေ ... ဒါဆို အိမ်မှာပဲ ကို ကြိုက်တဲ့ ညစာတွေစီစဉ်ထားလိုက်တော့မယ်။ ပြန်တော့မယ် ကို၊ ရတီဝတ်မှုံရေ၊ သွားဦးမယ်"

"ဟုတ်ကဲ့ပါ အန်တီ"

ရတီက ဒေါ်မျိုးမြတ်သူကို အပေါက်ဝအထိ လိုက်ပို့ရသေးသည်။ ပြန်ရောက်လာသောအခါ ဦးသီဟက ဖိုင်တစ်ချပ်ကို ကြည့်နေရာမှ ရတီ့ကို မော့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရတီရေ ... ကိုယ်ပြနေတဲ့ ဆရာဝန်ဆီ ဖုန်းဆက်ပြီး Appointment ယူထားပေးစမ်း။ မျက်ရိုးတွေကိုက်ပြီး ဇက်ကြောတွေ ထိုးလိုက်တာ"

"ဟုတ်ကဲ့ပါ အန်ကယ်။ အန်ကယ် ဇက်ကြောတွေ အရမ်း တက်နေလားဟင်၊ ရတီ ဇက်ကြောဆွဲပေးရမလား"

"နေ ... နေ ... ရတယ်"

"မရပါနဲ့ အန်ကယ်။ မျက်ရိုးကိုက်တာကိုလည်း ခဏ သက်သာအောင် ရတီ လုပ်ပေးပါ့မယ်။ အန်ကယ် စာမ ဖတ်ပါနဲ့။ အန်ကယ် ဖတ်ရမယ့် စာတွေကို ရတီ ဘေးက နေ ဖတ်ပြပါ့မယ်။ ရတီ ဖတ်ပြတာကို အန်ကယ် ပြန် ဆွေးနွေးရရင် ဖော်ရိန်နာတွေနဲ့ စကားပြောတာ အဆင်ပြေ မှာပါ ...

ခဏလေး အန်ကယ်"

ရတီက ဦးသီဟကို ခဏခွင့်တောင်းကာ နောက် ခန်းထဲသို့ ပြန်ဝင်လာခဲ့ရင်း ရေခဲသေတ္တာထဲမှာ သိမ်းထားသော ကွမ်းရွက်တစ်ရွက်ကို ထုတ်ယူလာခဲ့သည်။ ဦးသီဟ တစ်ယောက် မကြာခဏ မျက်ရိုးကိုက်တတ်တယ် ဆိုတာကို သတိထားမိ၍ ရတီ ဆောင်ထားခဲ့တာဖြစ်သည်။ ရတီက ကွမ်းရွက်ကို ယူလာ သောအခါ ဦးသီဟက ရတီ့ကို နားမလည်သလို ကြည့်နေသည်။





"ဒါလေးကို မျက်လုံးမှာ ခဏကပ်ထားပြီး မျက်စိမှိတ်ထား လိုက်ပါ အန်ကယ်။ ခဏနေ သက်သာသွားမှာပါ။ ရတီ ဇက်ကြောဆွဲပေးပါ့မယ် ...

စိတ်သန့်သန့်နဲ့ ခံယူပါ အန်ကယ်။ ခဏလောက်ဆို အန်ကယ် သက်သာသွားမှာပါ။ စာလည်း မဖတ်ပါနဲ့၊ ရတီ ဖတ်ပြပါ့မယ်။ အိုကေနော် ... အန်ကယ်"

ရတီက ပြုံးပြီးမေးလိုက်လျှင် ဦးသီဟက ရတီ့ကို စူးစူးစိုက်စိုက် ငေးကြည့်ရင်း အတန်ကြာတော့မှ ခေါင်းညိတ်ပြ သည်။ ရတီက လှစ်ခနဲ ပျော်သွားသောစိတ်ဖြင့် ကွမ်းရွက်လေး တွေကို ဦးသီဟရဲ့ မျက်လုံးပေါ်မှာ ကပ်ပေးလိုက်သည်။ ပြီးတော့ ရတီ့ရဲ့လက်များသည် ဦးသီဟရဲ့ပခုံးပေါ်မှာ စည်းချက်ကျကျ နှိပ်နယ်လျက် ရှိလေသည်။

သက်သာသွားပြီ ဆိုတော့မှ ရတီက ဦးသီဟကို မျက်လုံးမဖွင့်စေဘဲ လိုအပ်သော စာများကို ဖတ်ပြကာ ဆွေးနွေး ပေးလိုက်သည်။ ဒီလိုနှင့် တစ်နာရီထိုးခါနီးတွင် အားလုံး အဆင် ပြေလို့ သွားလေသည်။ ဦးသီဟက ရတီ့ကို နွေးထွေးသော မျက်လုံးများဖြင့်ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျေးဇူးပဲ ရတီ။ ဒီနေ့တော့ မင်းကို တကယ်ကျေးဇူး တင်ရမယ် ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ထင်နေရုံ ဆိုရင်တော့ တင်မနေပါနေ့တော့ အန်ကယ် ရယ်"

ရတီရဲ့ ရှုပ်ပွပွနှင့် ကလေးဆန်သလို အပြောကို ဦးသီဟက အံ့သြသောမျက်နှာနှင့် စောင်းငဲ့ကြည့်သည်။ ပြီးတော့မှ ဘာကို သဘောကျသွားမှန်း မသိဘဲ တဟားဟားနှင့် ရယ်မော လေတော့သည်၊ ရတီသည် ဦးသီဟ တစ်ယောက် အဲဒီလိုရယ် တာကို တစ်ခါမှ မမြင်ဖူးသဖြင့် ပထမတော့ အံ့သြပြီး ငေးနေ မိသည်။ ပြီးတော့မှ အသာရယ်မောမိလေသည်။ ရတီ ရင်ထဲ၌ ဘာနဲ့မှ မတူသော ကြည်နူးခြင်းမျိုးနှင့် ကြည်နူးနေတာကို ကိုယ့် ကိုယ်ကိုယ်ပဲ သိလေသည်။

"အိုကေ ... အိုကေ ... Thank you so much ရတီ"

"ရတီ ကျေးဇူးတင်ခံချင်လို့ လုပ်ပေးတာ မဟုတ်ပါဘူး။ အန်ကယ့်ရဲ့ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးချင် တာကိုက ရတီရဲ့ စိတ်ရင်းစေတနာပါ"

ရတီရဲ့စကားကြောင့် ဦးသီဟက ဘာမှမပြောတော့ ဘဲ ငေးကြည့်လာသည်။ ရတီနဲ့ ဦးသီဟသည် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ကြည့်ရင်း တစ်ယောက်ရဲ့အဓိပ္ပာယ်ကို တစ်ယောက်က ရှာဖွေနေမိကြသည်။ တွေ့သလား မတွေ့ဘူးလား ဆိုတာကိုတော့ ကိုယ်တိုင်ပဲ အသိဆုံး ဖြစ်ပေလိမ့်မည်။





အတန်ကြာတော့မှ ဦးသီဟက ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"အိုကေ ရတီ၊ မင်း စေတနာတွေကို အသိအမှတ် ပြုပါ တယ်။ I need you ! "

ရတီသည် အဆုံးသတ်စကားလေးကြောင့် မျက်ရည် လည်မတတ် ကြည်နူးသွားရလေသည်။ အဲဒီစကားကို တကယ် ဖြစ်သွားစေချင်ပါတယ်လေ။

♥ ❋ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဒီနေ့ သူ့ရင်ထဲ၌ အင်မတန်ကို ပျော်ရွှင်ကျေနပ်၍ နေလေသည်။ အဘယ်ကြောင့်ဆိုသော် ရတီနဲ့အတူတူ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းအတူတူလျှောက်ခွင့်ရမှာ ဖြစ်သောကြောင့်ပင်။ တစ်နေ့ညက ရတီနဲ့ ဖုန်းပြောသောအခါ စပ်မိစပ်ရာ တွေ့ရာလေးပါးတွေ ပြောကြရင်းမှ ရတီ အင်းလျားကန်ပေါင်ပေါ်ကို ရောက်ဖူးလားဟု သူက ဘာရယ်မဟုတ် မေးမိသွားသည်။ ရတီက ဟင့်အင်းဟု ဆိုသဖြင့် သူက အံ့သြခြင်းကြီးစွာ ဖြစ်ရကာ စနေနေ့ညနေမှာ လမ်းသွားလျှောက်ရအောင်ဟု ချိန်းလိုက်လျှင် ရတီက အနည်းငယ်မျှ စဉ်းစားကာ သဘောတူ လက်ခံလိုက်လေသည်။

စနေနေ့မှာတော့ ရတီက နေ့တစ်ဝက် ရုံးတက်ရသည် ဖြစ်လေရာ သူကတော့ စောစောစီးစီးထဲက အိမ်ပြန်လာ





လျက် ရေမိုးချိုးပြီး ရှိုင်းရသည်။ သူချစ်သော ကောင်မလေးက လှလှပပ ချစ်စဖွယ် စွဲမက်စဖွယ်လေးမို့ သူသည်လည်း သူမနဲ့ တွဲသွားလျှင် မကျန်ခဲ့ချင်ပါ။ သူက အဖြူခံပေါ်မှာ ဝါစိမ်းနီပြာလိုင်းစင်းအနုလေးတွေပါဝင်သော သပ်ရပ်ကောင်းမွန်သည့် D2 စပို့ရှပ်ကို ဂျင်း(န်)ပန့်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ပြီးသောအခါ အပြင်ထွက်ဖို့ အဆင်သင့် ဖြစ်သွားပြီ ဖြစ်သည်။ နာရီကို ကြည့်လိုက်သောအခါ လေးနာရီခွဲပြီးနေပြီမို့ ရတီ့ထံကို ဖုန်းဆက်ရန် အောက်ထပ်သို့ ဆင်းလာခဲ့လျှင် တိုက်တိုက်ဆိုင်ဆိုင်ပဲ စတိုးဆိုင်က အစ်မကြီးက ရတီ့ကို ဆီးကြိုပြီးပြောသည်။

"အတော်ပဲ စစ်မှန်ရေ၊ အခုပဲ နင့်ကို ခေါ်င်းလောင်းဆွဲခေါ်တော့မလို့။ နင့်ဖုန်း လာနေတယ်"

သူက မျက်ခုံးပင့်ကာ ခေါင်းဆတ်ပြလိုက်ပြီးနောက် ဘေးမှာချထားသော ဖုန်းခွက်ကို ကောက်ယူကာ နားအနားမှာ ကပ်လိုက်သည်။

"ဟယ်လို"

"စစ်မှန် ... ရတီပါ"

"ဪ ... ရတီ ... ပြော။ ကိုယ် အခုပဲ ရတီတို့အဆောင်ကို ဖုန်းဆက်တော့မလို့"

"မဆက်တော့နဲ့လေ။ ရတီ အခု ကန်ပေါင်ပေါ်မှာ ရောက်နေပြီ။ စစ်မှန် လိုက်လာခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ရတီက ဘယ်လိုလုပ် ရောက်နေတာလဲ။ အခု ကန်ပေါင်ပေါ်ကနေ ပြောနေတာလား"

"ဟုတ်တယ် ... ကန်ပေါင်ပေါ်ကို လိုက်လာခဲ့တော့နော်၊ ရတီ IBC ဘက်မှာ ရှိတယ်။ ဒါပဲနော်"

"ဟင် ... ဟိတ် ... ဟိတ်"

သူက အံ့ဩရုံရှိသေး သူမက ဖုန်းချသွားလေပြီ။ သူက နားမလည်ခြင်းတို့ဖြင့် ကားကို ကန်ပေါင်ဆီသို့ မောင်းလာခဲ့သည်။ သူမက ကန်ပေါင်ပေါ်ကနေ ဖုန်းဆက်သည်ဆိုတော့ ဘယ်ကဖုန်းနဲ့ ဆက်တာလဲ။ သူ သိရသလောက်တော့ သူမမှာ ဟန်းဒ်ဖုန်းမရှိပါ။ သူသည် သိပ်ရှုပ်ရှုပ်ထွေးထွေး စဉ်းစားမနေတော့ဘဲ ကားကို ကန်ပေါင်ဆီသို့ရောက်အောင် မောင်းလာခဲ့သည်။

IBC ဘက်က ကန်ပေါင်ပေါ်တွင် သူမ ရောက်နေတာကို အဟုတ်ပဲ တွေ့ရလေသည်။ အဖြူနဲ့အနက် ဘောလုံးပြောက် ဂါဝန်တို လက်ပြတ်လေးဖြင့် သူမသည် စိတ်မချချင်စရာကောင်းလောက်အောင်ကို လှပနေသည်။ သူလာတာကို မြင်သောအခါ လက်ဖေ့ယမ်းပြကာ ကြိုဆိုပုံလေးက အင်မတန် ချစ်စရာကောင်းလှပါသည်။

"ရတီက ဒီကို ဘယ်လိုရောက်နေတာလဲ၊ အခုဆောင်ကို ကိုယ်က လာကြိုမယ့်ဟာကို"

"Susprise လေ"





"ရတီ ကန်ပေါင်ကနေ ဖုန်းပြောတာလား"

"အင်း ... ဒီမှာလေ ရတီ့ဖုန်း။ ဘော့စ်က ဆုချလိုက်တာ"

သူက မျက်ခုံးပင့်သွားမိသည်။ ရတီ အလုပ်ဝင်တာ ဘယ်လောက်များ ကြာလို့ပါလိမ့်။ ဆုချရအောင်လည်း အချိန်အခါ မဟုတ်ကြီး။ သူ ဆိုလိုတာက New Year လိုမျိုး၊ သီတင်းကျွတ် သင်္ကြန်လိုဟာမျိုးလည်း မဟုတ်ဘဲ ဘာကြောင့် ဆုချရတာပါလိမ့်။ ဘာပဲဖြစ်ဖြစ် ရတီ့ထံမှာ ဖုန်းလေးတစ်လုံး ရှိသွားပြီဆိုတော့ သူ့အတွက်တော့ ဆက်သွယ်ရ လွယ်ကူသွားပြီဖြစ်သည်။

"ရတီ့ သူဌေးက တော်တော်သဘောကောင်းတာပဲ။ ဟန်းဒ်ဖုန်းတစ်လုံး,လုံးတောင် ဆုချတယ် ဟုတ်လား"

"အင်း ... ရတီ့အလုပ်က ဘော့စ်ရဲ့စက္ကရီတေရီဆိုတော့ ဘော့စ်နဲ့ အမြဲဆက်သွယ်နေဖို့ လိုတယ်လေ။ အဲဒါကြောင့်လည်း ပါ,ပါတယ် ...

ခုဆိုရင် ဘော့စ်က ရတီ့ကို တချို့ကိစ္စတွေမှာ မျက်နှာလွှဲထားပြီ။ ဒီတော့ ဘော့စ်ကိုယ်စား ဟိုဟိုဒီဒီ သွားရတာမျိုးလေးတွေလည်း ရှိလာတော့ လိုအပ်တာနဲ့ ပေးလိုက်တဲ့ သဘောပါ ...

အပြီးပေးတယ်လို့ မပြောဘူး။ အလုပ်ထွက်ရင်တော့ ပြန်သိမ်းမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ရတီရဲ့ ကလေးဆန်ဆန် အပြောလေးကို ချစ်စနိုးဖြင့် မြတ်နိုးစွာ ပြုံးငေးမိသည်။ ဒီကောင်မလေးဟာ တစ်ခါတလေတော့လည်း ကလေးဆန်စွာ ချစ်ဖို့ကောင်းသလောက် တစ်ခါတလေတော့လည်း လူကြီးဆန်ဆန်နှင့် စွဲမက်ဖို့ကောင်းနေပြန်သည်။ သူ့အတွက်ကတော့ ကြာလေ ကြာလေ ရတီနှင့်မခွဲနိုင်ဘူးဆိုတာ သေချာလာလေလေပဲ ဖြစ်တော့သည်။

"ဩော် ... ဘယ်လိုပဲ ပေးပေးပေါ့၊ လက်ရှိမှာတော့ ရတီကို တိုက်ရိုက်ဆက်သွယ်လို့ အဆင်ပြေသွားပြီပေါ့။ အင်း ... ကိုယ့်မှာလည်း ဟန်းဒ်ဖုန်းတစ်လုံးလောက်ရှိရင် ကောင်းမယ်ကွာ။ ရတီနဲ့ ညဦးနက်သန်းခေါင် ဖုန်းပြောချင်တယ် ... သူများတွေ ဖုန်းပြောတာကို ကြားရင် အားကျတယ်"

သူမက သူ့ကို ပြုံးမြမြလေး မော့်ကြည့်သည်။ စာနာ နားလည်သော အကြည့်လေးမို့ သူသည် အဲဒီအကြည့်လေးကို နစ်ဝင်မတတ် စိုက်ကြည့်နေမိသည်။ သူ ကြည့်တာ ဗိုအားများသွားသောကြောင့် သူမက မျက်နှာလွှဲသွားလေရာ အဲဒီတော့မှပဲ သူက ပြောမိပြောရာတွေ လျှောက်ပြောမိတော့သည်။

"ရတီတို့ဘော့စ်က လူပျိုကြီးလားဟင်"

"မဟုတ်ပါဘူး၊ အိမ်ထောင်နဲ့ပါ၊ သားတစ်ယောက်ရှိတယ် နိုင်ငံခြားမှာ"





"ဩော် ... ရတီ အဲဒီမှာ အလုပ် လုပ်ရတာ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်၊ ဘာလို့ မေးတာလဲ"

"ဩော် ... ရတီက လှလည်းလှတယ်။ တော်လည်းတော်တယ်။ Active လည်း ဖြစ်တော့ ရုံးမှာလည်း ရတီကို ကြိုက်တဲ့သူတွေ ရှိမှာပဲနော်"

သူ့အပြောကို ရတီက လွင့်လွင့်လေးပြုံးကာ ဘာမှ ပြန်မပြောဘဲ ဒီအတိုင်းပဲ ငေးကြည့်နေသည်။ အဲဒီလို ပြုံးကြည့်နေတာကိုက သူ့ကို ပို၍ အသည်းယားစေပါသည်။ ရတီ့ကိုချစ်တယ်ဟု ပြောလိုက်ချင်သော စကားသည် သူ့နှုတ်ခမ်းဝတွင် ပြူတစ် ပြူတစ် ဖြစ်လို့နေပေသည်။ ပြောမိမလိုလို ဖြစ်နေသောကြောင့် ရင်ထဲကို ပြန်မျိုချနေရတာလည်း အကြိမ်ကြိမ်ပင်။ ဒီတစ်ခါတော့ သူသည် ဘယ်လိုမှ မတတ်နိုင်တော့သဖြင့် ပါးစပ်ဟလိုက်လျှင် ရတီကလည်း ဒီဘက်ကိုလှည့်ကာ သူ့ကို တစ်ခုခုပြောဖို့ ပြင်တာနှင့် ကြုံသည်။

နှစ်ယောက်စလုံးက အဲဒီအဖြစ်အပျက်ကို ပြိုင်တူ ပြုံးမိသွားကြရင်း ပြိုင်တူလည်း ထပ်ပြောမိကြသည်။

"ပြောလေ စစ်မှန်"

"ပြောလေ ရတီ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စကားပြောတွေ တူနေသောကြောင့် နှစ်ယောက်စလုံးကလည်း ပြိုင်တူရယ်မောမိကြလေသည်။

"ကဲ ... ပြောပါ၊ lady first ပေါ့ ရတီရဲ့"

"ဩော် ... လမ်းလျှောက်မလားလို့ မေးတာပါ။ လမ်းလျှောက်ပြီးရင် အောက်က မွန်းဘောကရီမှာ တစ်ခုခုသွားစားမယ်လေ။ အဲဒီမှာ ကိုရီးယားအစားအစာ ရတယ်။ဟိုတစ်နေ့က ရှင်စားတဲ့ ကိုရီးယားထမင်းသုပ်ကို ကြိုက်လား"

"အင်း ... အဲဒါတော့ ကြိုက်တယ်"

"အိုကေ ... ကြိုက်ရင် အဲဒါစားပေါ့။ ရတီကတော့ ထမင်းလိပ် စားချင်လို့။ သွားမယ်လေ လမ်းလျှောက်ကြစို့"

သူမက သွက်သွက်လေးပြောကာ မတ်တတ်ထရပ်လိုက်သောကြောင့် သူကပါ မနေသာတော့ဘဲ ခေါင်းညိတ်ရတော့သည်။ လမ်းအတူယှဉ်တွဲ လျှောက်နေရင်းမှနေ၍ သူမမျက်နှာလေးကို ငုံငုံကြည့်ရတာလောက် စိတ်ချမ်းသာဖို့ မရှိတော့ပြီ။ အဖြစ်အပျက်တွေဟာ အိပ်မက်တွေလားဟုတောင် ထင်ရပါသည်။ တစ်ချိန်က အဝေးပြေးကားကွင်းမှာ ဆုံခဲ့ရသော ဘုကျကျကောင်မလေးနှင့် အခုလို လမ်းတွဲလျှောက်ရလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးချေ။ အခုတော့ ...။

"စစ်မှန် အခုနက ဘာပြောမလို့လဲ၊ ပြောလေ"





သူက သူမကို နူးညံ့ရီဝေစွာ လှည့်ကြည့်မိသည်။ သူ့ကို မေးဆတ်ပြကာ အောက်နှုတ်ခမ်းလေးကို ရှေ့သို့တွန်းဒုတ်လျက် မေးပုံလေးက ရင်ကို ဘယ်လိုထိမှန်းမသိပါ။ အဲဒီလိုထိသွားသောကြောင့် သူသည် ချစ်စကားများကိုလည်း မမျိုသိပ်နိုင်တော့။

"ရတီ့ကို ချစ်တယ်လို့ ပြောမလို့ပါ"

သူမက မထင်ထားသော စကားကြောင့် အံ့သြသွားသလို ရှိပြီးမှ ဟာခနဲ သံရှည်ဆွဲပြီး ရေရွတ်သည်။ သူသည် ပြောပြီးမှတော့ မထူးတော့သဖြင့် မျက်နှာပူပူဖြင့် ဆက်ပြောရတော့သည်။

"ကိုယ် တကယ်ပြောတာပါ ရတီ။ ကိုယ်လေ ဟို ... ဖွဲ့ဖွဲ့နွဲ့နွဲ့တွေလည်း မပြောတတ်ပါဘူးကွာ။ ရတီ့ကိုလေ တကယ်ချစ်တာပါ ..."

ရဟီ စိတ်ဝင်စားအောင် စာသားတွေ စကားလုံးတွေဟို Romance ဆန်တဲ့ အပြုအမူတွေနဲ့ ကိုယ် မလုပ်တတ်ပါဘူးကွာ။ ချစ်တဲ့အကြောင်းကို ရိုးရိုးလေးပဲ ပြောတတ်လို့ပါ"

သူမက မလှုပ်တော့။ ခေါင်းကိုငုံ့ပြီး လမ်းလျှောက်လျက်ရှိသည်။ သူမ စိတ်များဆိုးသွားတာလား။ ဘေးဘီဝန်းကျင်က ကြည့်နူးနေသော အတွဲတွေကိုကြည့်ကာ သူ့ရင်ထဲ၌ ပျာလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့သူငယ်ချင်း ရာဇာကတော့ သူ့ကို ပြောဖူးသည်။ မိန်းကလေးတစ်ယောက်ကို တကူးတက ချိန်းဆိုပြီး ရည်းစားစကား ပြောခွင့်ရပြီ ဆိုကတည်းက မိုင်းနှပ်စ်ပြနေသော အခြေအနေတော့ မဟုတ်ဘူး ဆိုပဲ။ ဒါကြောင့် စမ်ပြီဆိုမှဖြင့် ရှေ့ကိုတိုးသာတိုးဟု လက်ချာရိုက်ထားဖူးသည်။

"ရတီ ... ကိုယ့်ကို စိတ်ဆိုးသွားတာလားဟင်"

"ဟင့်အင်း"

အားပါး သူ ပျော်သွားသည်။ ရာဇာ ပြောတာမှန်သွားပဲ။ တကယ်တော့ သူသည်လည်း မိန်းကလေးတွေနဲ့ ပတ်သက်လာလျှင် အတွေ့အကြုံရှိသောသူ မဟုတ်ပါ။

"ဒါဆိုရင် ... ဟို ... ကိုယ့်ကို ပြန်ချစ်နိုင်မလားဟင်"

"အို ... စစ်မှန်နော်၊ ဘာတွေမေးတာလဲ"

"မဟုတ်ဘူးလေ၊ ကျွတ် ... ဘယ်လိုပြောရမလဲ။ ကိုယ်က မိန်းကလေးတွေနဲ့ ပတ်သက်လာရင် အတွေ့အကြုံ မရှိဘူး ရတီရယ်။ အဲဒီတော့ ဘယ်စကားကိုပြောရင် ဘာဆိုတာ ကိုယ် မသိပါဘူး ...

ကိုယ်သိတာ ရတီ့ကို ကိုယ်ချစ်တယ်။ ကိုယ်ချစ်သလိုပဲ ရတီကလည်း ကိုယ့်ကို ပြန်ချစ်စေချင်တယ်။ ရတီ့ဆီက အချစ်ကို လိုချင်တယ်၊ အဲဒါပဲ ...

အဲဒါ ..."





"ကဲ ... တော်ပါပြီ။ ဆက်မပြောပါနဲ့တော့"

အဲဒီစကားကြောင့် သူက တကယ်ပဲ ဝမ်းနည်းလို့သွားလေသည်။

ဒါကြောင့် တကယ်ကိုပဲ ဆက်မပြောနိုင်တော့။ နှုတ်ဆိတ်စွာ လမ်းလျှောက်နေသောကြောင့် သူမက သူ့ကို ငဲ့ကြည့်လာကာ ...

"ရှင်က ရတီ့စကားကို တကယ်နားထောင်တယ်နော်။ ဆက်မပြောနဲ့တော့ ဆိုတာနဲ့ တကယ်ကို ပါးစပ်ပိတ်လိုက်တော့တာပဲ"

"ရတီ စိတ်ဆိုးသွားမှာ ကြောက်လို့ပါ"

"အင်း ... စိတ်တော့ မဆိုးပါဘူး"

သူမက ပြောပြီး ကန်ဘက်သို့ ခြေစုံရပ်၍ လှည့်လိုက်လျှင် သူကပါ လိုက်၍ရပ်လိုက်ရသည်။ လူတစ်ယောက်ကို ချစ်ရတာ တကယ်ပဲ ရင်မောရပါသည်။

"ဘယ်လိုလဲ ရတီရယ်။ ကိုယ့်ကို ရင်မောအောင် မလုပ်ပါနဲ့။ ကိုယ် တစ်ခုခုကို သိပါရစေနော် မှန်

Yes or No လေးပေါ့" ပွဲဘာ

ရတီက သူ့ဘက်သို့လှည့်ပြီး ပြုံးပြသည် နှန်းသလို ဘာ ခေါင်းသော အပြုံးတစ်ခုမို့ သူတောင် အူလည်လည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရတီသည် ဒီလိုအခြေအနေအတွက် ပြောရမည့် စကားလုံးတွေကို ကြိုတင်ရွေးချယ်ထားသလားတော့ မပြောတတ်ပါ။ သူမကိုကြည့်ရတာတော့ အဲဒီလိုပုံစံမျိုး ဖြစ်သည်။

"စစ်မှန် ရတီ့ကို တွေ့တာ ဘယ်လောက်ကြာသေးလို့လဲ။ ထားပါ ငါးလလောက်တော့ ရှိပြီပေါ့။ ဒီငါးလအတွင်းမှာ စစ်မှန်တစ်ယောက် ရတီရဲ့ စိတ်နေသဘာဝကို ဘယ်လောက်သိနေပြီမို့လဲ ...

ရတီ လက်ခံထားတဲ့ အချစ်ပုံစံဆိုတာက တစ်ယောက်စိတ်ကို တစ်ယောက်က သိတဲ့ နားလည်မှုရှိတဲ့ အချစ်မျိုးပါ။ အဲဒါက အချိန်အတိုင်းအတာတစ်ခုနဲ့ တည်ဆောက်ရတယ်လေ။ ဒီတော့ အချစ်ဆိုတာကို မစဉ်းစားခင် တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်နားလည်နိုင်လဲ၊ အရင်ဆုံး ဆန်းစစ်ကြည့်ကြတာပေါ့"

"ရတီ ဆိုလိုတာက ..."

"ရတီတို့ တွဲကြည့်ကြမယ်လေ"

အဲဒီအပြောကြောင့် သူ့ရင်ထဲ၌ တစ်မျိုးကြီးဖြစ်သွား ဒီစကားက သူ့ရင်ထဲသို့ မဝင်ပါ။ ဘာကြီးမှန်းလဲမသိ။ ရယ်ဆိုသော စကားကမှ နည်းနည်းပျော်ဖို့ ကောင်းလိမ့်င်သည်။ အခုတော့ ...။





သူ့ရင်ထဲက ပြောနေသော စကားတွေကို သူမကြားသွားဟန် တူပါသည်။ သူ့ကို ပြုံးပြီးကြည့်လာပုံက ဆရာမကြီးသဖွယ်ဖြစ်သည်။

"ရတီ့စကားကို တစ်မျိုးဖြစ်သွားတယ် မဟုတ်လား။ ရတီ့အတွေးက တစ်မျိုး စစ်မှန်ရဲ့။ စဉ်းစားပါဦးမယ်ဆိုတဲ့ စကားကို ရတီကတော့ သဘောမကျဘူး။ အချစ်ဆိုတာ အဲဒီလို စဉ်းစားပြီးမှ ချစ်လို့ရသလား ...

ရတီ့ သဘောကတော့ တစ်ယောက်နဲ့တစ်ယောက် အတူသွား အတူစား သွားသွားလာလာကနေ တစ်ယောက်စိတ် တစ်ယောက်သဘောထားကို နားလည်တာမျိုးပဲ လိုချင်တာ ...

သံယောဇဉ်ကတစ်ဆင့် အချစ်ဖြစ်သွားတာမျိုးပေါ့။ ရတီ့စကားကို စစ်မှန် လက်မခံချင်လည်း ပြဿနာမရှိပါဘူး"

အဲဒီစကားကြောင့် သူက ပြုံးပြုံးပျာပျာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ အဲဒီလိုတော့လည်း လက်မခံလိုသေးပါ။ သူမ ပြောလိုက်တော့လည်း ဟုတ်သလိုလို မှန်သလိုလို။ သံယောဇဉ်ကတစ်ဆင့် အချစ်တဲ့။ သူ့မှာ ရင်တွေဘာတွေဟောင် ပြန်ခုန်လာသည်။ ဒါကြောင့် သူ့ကို မေးမြန်းသလိုကြည့်နေသော မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ကာ ခေါင်းတွေ အထပ်ထပ် အခါခါ ညိတ်ပြမိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေဟာ ချစ်သူမိန်းကလေးတွေနဲ့ တွေ့သွားတဲ့အခါမှာ ပုတ်သင်ညို ဖြစ်သွားတတ်သလားတော့ မပြောတတ်ပါ။

♥ ❋ ♥





## ၁၂

"ရတီရေ ... ဒီ List ကို တစ်ချက်လောက် ပြန်စစ်စမ်းပေး။ ကိုယ့်အထင်တော့ လွဲနေတယ် ထင်တာပဲ"

ရတီက ကြည့်လက်စ Laptop ပေါ်မှ အကြည့်ကိုခွာကာ ဦးသီဟရဲ့အနားသို့ ထလာခဲ့သည်။ အခုဆိုလျှင် ဦးသီဟရဲ့အနားမှာ ရတီက တကယ့်ကို မရှိမဖြစ်ပုဂ္ဂိုလ် ဖြစ်လာခဲ့ပြီဖြစ်သည်။ ကိုယ်ရေးကိုယ်တာကိစ္စကအစ အလုပ်တာဝန်တွေအထိ တစ်ခါတလေ ရတီရဲ့လူငယ်အတွေးအခေါ် လတ်ဆတ်သည့် အတွေးအခေါ်တွေကိုပါ ဦးသီဟက သဘောတကျ လက်ခံကာ တိုင်ပင်ဆွေးနွေးလာတတ်ပြီဖြစ်သည်။ ဒီအတွက် ကုမ္ပဏီတစ်ခုလုံးရဲ့ အာရုံစိုက်ခြင်းကို ခံရသော်လည်း ရတီကတော့ အေးဆေးပင်။ ရတီ ဂရုစိုက်သည်မှာ ဦးသီဟ တစ်ယောက်တည်းသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတီက ဦးသီဟ ကမ်းပေးသော စာရင်းတွေကို ပြန်စစ်ကြည့်လိုက်ကာ ...

"ဟုတ်တယ် အန်ကယ်၊ နှစ်နေရာတောင် လွဲနေတယ်"

"အေး ... အဲဒါကြောင့် ပြောတာ။ အဲဒါ ဘယ်သူ့ဆီက ဝင်လာတာလဲ။ ပြန်ပို့စမ်း ငါ့ဆီကို ခုချက်ချင်း Report တင်လို့"

"ဟုတ်ကဲ့ ... ညွှန်ကြားပါ့မယ် အန်ကယ်"

"အေး ... အသုံးမကျတဲ့ဟာတွေ"

ဦးသီဟက မြည်တွန်တောက်တီးနေတုန်းမှာပဲ ရတီက သက်ဆိုင်ရာဌာနကို ဖုန်းဆက်ကာ လှမ်းပြောလိုက်သည်။ ပြီးလျှင် နာရီကို တစ်ချက်ကြည့်ကာ ဦးသီဟရဲ့အနားသို့ လျှောက်လာခဲ့ရင်း ...

"အန်ကယ် လက်ဖက်သုပ် စားမလားဟင်"

ဦးသီဟက ရတီ့ကို မျက်ခုံးပင့်ပြီး မော့ကြည့်ကာ ...

"လက်ဖက်သုပ် ! ဘယ်သူသုပ်မှာလဲ၊ မင်း သုပ်မှာလား"

"ရတီ သုပ်မှာပေါ့ အန်ကယ်ရဲ့။ ဟိုဒင်း မနေ့က အိမ်က ပို့လိုက်တဲ့ လက်ဖက်နဲ့ အကြော်စုံပါ။ မန္တလေးက လက်ဖက်နှပ်၊ ချင်းနှပ်နဲ့ သဲတောက အကြော်စုံပေါ့။ အန်ကယ် ကြိုက်မလားလို့ ...





ဒီနေ့ Tea time ကို ခါတိုင်းလို မဟုတ်ဘဲ အပြောင်းအလဲလေး စီစဉ်ပေးချင်လို့ပါ"

ဦးသီဟက ခေါင်းတဆတ်ဆတ်ညိတ်ကာ မျက်နှာက ပြုံးယောင်သမ်းလာသည်။

"အေး ... ယူခဲ့စမ်း။ ကြားတာနဲ့တောင် စိတ်ဝင်စားလာပြီ"

ရတီက တစ်ချက်ပြုံးကာ လှပစွာ ပြင်ဆင်ထားသော လက်ဖက်ပွဲကို ယူဆောင်လာခဲ့သည်။ လက်ဖက်နှပ်၊ ချင်းနှပ်၊ နှစ်ပြန်ကြော်၊ ကြက်သွန်ဖြူနွှာပြီးသားလေးတွေနှင့် ရေနွေးကြမ်းအိုးက တစ်အိုးဖြစ်သည်။ ဦးသီဟက ရတီရဲ့လက်ဖက်ပွဲကို မြည်းကာ နောက်တော့ ဇွန်းကို မချစတမ်း အားပေးတော့သည်။

ရတီ ပြုံးကြည့်နေတာကို မြင်တော့မှ ရှက်ကိုးရှက်ကန်းဟန်ဖြင့် ဇွန်းကို အောက်ချလျက် ရေနွေးကြမ်းကို မော့သောက်သည်။

"မင်းရော စားလေ။ မစားဘူးလား"

"ရတီက ညကျမှ အဆောင်က သူငယ်ချင်းတွေနဲ့ သုပ်စားမှာပါ။ အန်ကယ့်ကို ဦးဦးဖျားဖျား စားစေလို့ ယူလာတာ ...

စားလို့ကောင်းရဲ့လား အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တော်တော်ကောင်းတယ်။ ရန်ကုန်မှာ မကြာခဏ စားဖူးတယ်။ ဒီလိုအရသာမျိုး မဟုတ်ဘူး။ အခုဟာက ဟိုးအရင်က မန္တလေးမှာ စားခဲ့ဖူးတဲ့ အရသာမျိုးပဲ"

အဲဒီစကားကြောင့် ရတီက ဦးသီဟရဲ့ မျက်လုံးထဲသို့ တည့်တည့်စိုက်ကြည့်ရင်း ပြုံးကာမေးလိုက်သည်။

"အန်ကယ် ... မန္တလေးကို နှံ့စပ်လားဟင်"

"အင်း ... အရင်ကတော့ ခဏ ခဏ တက်ဖြစ်တယ်လေ။ နှံ့စပ်ပါတယ်။ ကိုယ်က မန္တလေးက အစားအသောက်တော်တော်များများကို ကြိုက်တယ် ... မန္တလေးမြီးရှည်တို့၊ မန္တလေးနန်းကြီးသုပ်တို့ဆို အလွန်ကြိုက်လေ"

ဦးသီဟက တခုတ်တရ ပြောပြလျှင် ရတီက သူ့အပြောကို ပြုံးပြုံးလေးဖြင့် ပြန်ပြောလိုက်သည်။

"အဲဒီ အစားအသောက်တွေ ရတီ ကျွမ်းပါတယ်။ အန်ကယ့်ကို တစ်နေ့လောက် လုပ်ကျွေးပါ့မယ်"

ဦးသီဟက ရတီ့ကို အကြာကြီး ငေးကြည့်သည်။ ရတီကလည်း အကြည့်တို့ကို မလွှဲဖယ်ပါ။ ဦးသီဟရဲ့မျက်နှာကိုသာ ပြုံးပြုံးလေး ပြန်ကြည့်နေမိသည်။ ခဏနေတော့မှ ဦးသီဟက ရတီ့ထံမှ အကြည့်တွေကို လွှဲဖယ်ကာ တစ်နေရာသို့ ငေးနေသည်။ သူ ငေးနေသောပုံစံက တစ်ခုခုကို နက်နက်နဲနဲတွေးကာ အတွေး





ထဲ ရောက်ဝင်နေသော ပုံစံမျိုးဖြစ်သည်မို့ ရတီကလည်း ဘာမှမပြောတော့ဘဲ အသာငြိမ်သက်နေလိုက်သည်။

ခဏနေတော့မှ ဦးသီဟက ရတီ့ဘက်သို့လှည့်လာကာ ...

"မင်းကိုကြည့်ရတာ တစ်ခုခုတော့ ထူးခြားနေသလိုပဲ ရတီ"

"ဘာများပါလိမ့် အန်ကယ်"

ရတီက ပြုံးပြုံးလေး မေးလိုက်သော်လည်း ဦးသီဟကတော့ မပြုံးပါ။ ရတီ့ကိုပဲ စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ ပြီးတော့မှ မေးစေ့ကိုပွတ်ကာ ...

"အဲဒါကတော့ မင်းကိုယ်မင်း အသိဆုံး ဖြစ်မှာပေါ့။ မင်းကိုကြည့်ရတာ ပဟေဠိတစ်ပုဒ်ကို ဖတ်နေရသလိုမျိုးပဲ ... ရှင်းရှင်းလင်းလင်း မရှိဘူး ရတီ"

ရတီက အဲဒီအပြောကြောင့် မျက်ခုံးတစ်ချက်ပင့်ကာ ...

"ရတီ့ကို မရိုးသားဘူး၊ မရှင်းလင်းဘူးလို့ ပြောချင်တာလား အန်ကယ်"

"နိုး ...။ အဲဒီလို ဆိုလိုတာတော့ မဟုတ်ပါဘူး။ မရှင်းလင်းတာတော့ ဟုတ်တယ်။ မရိုးသားတာမျိုးတော့ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကြည့်ရတာ နိုင်ငံခြားဟာသတစ်ပုဒ်ကို သွားသတိရမိတယ်။ မင်းကလည်း အဲဒီလိုပဲ ဖြစ်နေတယ်။ သူကတော့ စာရင်းအင်းပညာကို လှောင်ထားတာပါ။ ဒါပေမဲ့ မင်းနဲ့တူတယ်။ နီးစပ်တယ်”

ဦးသီဟက ဆက်မပြောဘဲ စကားကိုရပ်ကာ ရေနွေးကြမ်းကို ငုံ့သောက်လျက် လက်ဖက်တစ်ဇွန်းကို အကြော်နှင့် ရောစပ်စားသည်။ ရတီသည် အဲဒီမြင်ကွင်းကို ကြည့်ကာ လွင့်လွင့်လေးပြုံးမိသည်။ ဦးသီဟက သူ့စကားကို ရတီ စိတ်ဝင်စားအောင် တမင် အချိန်ဆွဲနေတာဖြစ်သည်။ ကိုယ့်အကြောင်းကို လူတစ်ယောက်က မှတ်ချက်ပေးတာလောက် လူတွေစိတ်ဝင်စားတဲ့ကိစ္စ မရှိလေရာ ရတီသည်လည်း ဒီကိစ္စကို အသည်းထဲက ကျလိ ကျလိ မြည်အောင် စိတ်ဝင်စားရလေသည်။ ပြီးတော့ သူဟာ ကိုယ်အရေးအထားရဆုံး အထက်ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်နေသေးသည်။

ရတီသည် ကိုယ်မမေးလျှင် မပြောမှာ သိနေသောကြောင့် ပြုံးပြုံးလေးပဲ မေးလိုက်ရသည်။ ဒါပေမဲ့ မေးခွန်းဆန်ဆန် အမေးသာ ဖြစ်လေသည်။ မေးခွန်းကြီးရယ်လည်းတော့ မဟုတ်။

“အန်ကယ်ပြောတဲ့ နိုင်ငံခြားဟာသကို ရတီ မသိဘူး၊ မကြားဖူးဘူး အန်ကယ်”





“သိချင်လို့လား”

တွေ့လား။ သိချင်ပါတယ်လို့ မဝန်ခံမချင်း သူကပြောမှာ မဟုတ်ပေ။

“သိချင်ပါတယ် အန်ကယ်”

“အိုကေ ... စာရင်းစစ် လာစစ်တဲ့အခါမှာ စာရင်းအင်းကလူတွေကို လှောင်ထားတာ၊ စာရင်းအင်းပညာဆိုတာ ရေကူးဝတ်စုံနဲ့ တူတယ်တဲ့။ ပြထားတဲ့ အရာတွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ အဓိကအရာနှစ်ခုကိုတော့ ဖုံးထားတယ်တဲ့ ...

မင်းလည်း အဲဒီလိုပဲလို့ ထင်ရတယ်။ အပေါ်ယံအားဖြင့်တော့ တက်ကြွတယ်၊ အလုပ်ကြိုးစားတယ်၊ အလိုက်သိတယ်၊ နားလည်တယ်၊ အလုပ်ပေါ်မှာ စိတ်ဝင်စားမှုအပြည့်ရှိပြီး စေတနာအပြည့်အဝ ထားရှိတယ်လို့ ထင်ရတယ်”

“ဟင် ... အန်ကယ်ကလည်း ... ထင်ရတယ် ဆိုတော့”

ရတီက မကျေနပ်သလို ရှုပွပွနှင့် စောဒကတက်လိုက်လျှင် ဦးသီဟက ရတီ့ကို စိုက်ကြည့်နေသည်။ ဒီတော့မှ ရတီက ဇက်ကလေးကို ပုသွားကာ လျှာတစ်လစ် ထုတ်မိသွားသည်။ တကယ်ဆို ဦးသီဟလို အရှိန်အဝါကြီးသော အလုပ်ရှင်သူဌေးတစ်ယောက်ကို ရတီ ဒီလိုမဆက်ဆံသင့်ချေ။ တခြားဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းတွေဆိုလျှင် ဦးသီဟကို စေ့စေ့တောင်ကြည့်ပြီး စကားပြောရဲတာ မဟုတ်။

ရတီကသာ မသိစိတ်ထဲက လှိုက်လှဲသော ရင်းနှီးမှုကြောင့် ဒီလိုဆက်ဆံမိသွားခြင်း ဖြစ်သည်။

"ဆောရီး အန်ကယ်၊ ရတီ အန်ကယ့်ကို ဒီလိုမဆက်ဆံသင့်ပါဘူး။ တောင်းပန်ပါတယ်"

"ပြဿနာ မရှိပါဘူး။ မင်းက အဝေဖန် မခံနိုင်ဘူးလား"

"မဟုတ်ပါဘူး။ ဝေဖန်ပါ အန်ကယ်။ ဒါပေမယ့် ရတီ တစ်ခုပြောစရာရှိတာက အန်ကယ် အခုနက ပြောခဲ့တဲ့ အချက်တွေဟာ ရတီရဲ့စိတ်ရင်းတွေပါ ...

တမင်လုပ်ထားတာ မဟုတ်ပါဘူး အန်ကယ်၊ ဒီကုမ္ပဏီကြီး အပေါ်မှာထားတဲ့ ရတီရဲ့ စိတ်ရင်းစေတနာ အမှန်တွေပါ"

"အဲဒါကိုလည်း ကိုယ် လက်ခံပါတယ်"

အဲဒီအပြောကြောင့် ရတီက ပြုံးသွားရသည်။ ရတီ ပြုံးနေတုန်းမှာပဲ ဦးသီဟက ဆက်ပြောတာဖြစ်သည်။

"ဒါပေမဲ့ အခုနက ကိုယ် ပြောသလိုပဲ။ မင်းမှာ နက်ရှိုင်းမှုတစ်ခုရှိနေတယ်၊ စိတ်ထဲမှာရှိနေတဲ့ Sense တစ်ခုခုဟာ သိတော့သိနေတယ်၊ လက်ဆုပ်လက်ကိုင်နဲ့ သက်သေမပြ





နိုင်ဘူးဆိုတဲ့သဘောကို မင်း ကြုံဖူးချင်လည်း ကြုံဖူးကြားဖူးမှာပေါ့ကွာ ...

အခုလည်း အဲဒီလိုမျိုးပဲ မင်းကို ကိုယ် မြင်နေရတယ်"

မြင်နေရတယ်ဟု ပြောပင်ပြောသော်လည်း ဦးသီဟရဲ့မျက်လုံးတွေကတော့ ရတီ့ကို အဲဒီလိုဟုတ်တယ်မှလားဟု လှမ်းမေးနေသလိုပဲဖြစ်သည်။

အဲဒီအကြည့်တွေကြောင့် ရတီသည် စိတ်ထဲမှာ နည်းနည်းလန့်သွားကာ ဖျားသွားသော်လည်း ဟန်မပျက်စေရဘဲ အသာပြုံးနေလိုက်ရသည်။

တစ်စုံတစ်ရာကိုလည်း မငြင်းဆို၊ တစ်ခုခုကိုလည်း ဝန်မခံသော ရတီ့ကို ဦးသီဟက တစ်ချက်စိုက်ကြည့်ပြီးတော့မှ ခေါင်းတစ်ချက်ဆတ်လိုက်ကာ ...

"အေးလေ ထားလိုက်ပါတော့၊ မင်း လုပ်စရာရှိတာဆက်လုပ်ပါ ရတီ၊ ရပါပြီ"

ရတီက ဦးသီဟကို ခေါင်းတစ်ချက်ညွတ်လိုက်ပြီးတော့မှ အလုပ်ဆက်လုပ်ဖို့အတွက် ထထွက်လာခဲ့သည်။ လူကသာ ထွက်လာခဲ့သော်လည်း ရတီ့နားထဲတွင်တော့ ဦးသီဟ ပြောခဲ့သည့် စကားသံတွေက အသံဖမ်းထည့်ထားသလို စွဲထင်ပြီး ကျန်ရစ်ခဲ့သည်။ သူဟာ ရတီ့ကို သံသယ ရှိနေခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



သံသယရှိနေပေမယ့် ရတီကို သတိထားဆက်ဆံတဲ့ပုံစံမျိုးတော့ လည်းမရှိချေ။ ရတီအပေါ်တွင် အေးအေးဆေးဆေးပဲ ဟူသော ဒီဖိုင်းဖမ်းထားကာ ရတီရဲ့ Imageကို သူ ဘယ်လောက်ဖမ်းမိတယ် ဆိုတာလည်း ပြသလိုက်ခြင်းပဲဖြစ်သည်။

ဒီအတွက် ရတီသည် သက်ပြင်းတစ်ခုကို ကျိတ်ရှိုက် လိုက်မိသည်။ တစ်ခုခုအတွက်တော့ ရတီ ကြိုတင်ပြင်ဆင်ရတော့ မည် ဖြစ်လေသည်။

♥ ❋ ♥





"ရတီရေ ဒီနေ့ညနေတော့ Over timeဆွဲရတော့မယ်နဲ့တူ တယ်ဟော့၊ ဘယ်လိုလဲ ဖြစ်မလား"

ဦးသီဟက ရတီကို အလုပ်လုပ်နေရာမှ လှမ်းပြီးမေး လိုက်လျှင် ရတီက ပြုံးပြီး ခေါင်းညိတ်ပြီးသားဖြစ်သည်။

"ဖြစ်ပါတယ် အန်ကယ်"

"အိုကေ ... ဒါဆိုရင် ဖယ်ရီကို မလိုက်တော့ဘူးလို့ အကြောင်းကြားထားလိုက်တော့၊ မနက်ဖြန်မှာ အစည်း အဝေးရှိတော့ ဒီနေ့ညနေ အလုပ်တွေကို ကောင်းကောင်း ဖြတ်ရလိမ့်မယ် ...

ညဘက်လောက်မှ ပြီးမယ်နဲ့တူတယ်၊ မနက်ဖြန် အစည်းအဝေးမှာပြောမယ့် စာသားတွေလည်း စီပေးရဦး မယ်နော်. ရတီ ...

ပြီးတော့ စက်ရုံမှတ်တမ်း Report တွေကိုလည်း ရှယ်ယာရှင်တွေအာလုံးအတွက် Copyတစ်စုံစီတွေ ကူးပေး ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်၊ အဲဒါတွေအားလုံး ရတီ အစီအစဉ် ဆွဲပြီးသားပါ၊ ပြီးရင် အားလုံး အန်ကယ့်ကို ပြပါ့မယ်"

"အိုကေ ... အိုကေ ... မင်းကို ယုံပါတယ်၊ မင်းသိခ်ဝတ္ထု တွေကအတိုင်း ပြောရရင်တော့ ကမ္ဘာမြေမှာ အမှုလိုက်ဖို့ အတွက် ဘုရားသခင်က ဆားပုလင်းနှင်းမောင်ကို ဖန် ဆင်းပေးလိုက်သလို ကိုယ့်အလုပ်တွေကို ကူညီဖို့အတွက် ဘုရားသခင်က မင်းကို ဖန်းဆင်းပေးလိုက်တယ်နဲ့တူတယ် နော်"

အဲဒီအပြောကိုတော့ ရတီက ပြုံးပြုံးလေးပဲနေမိသည်။ ရတီ ပြုံးနေသောအခါ ဦးသီဟက ဆက်ပြောသည်။

"အစက မင်းကို အဲဒီလောက်လုပ်နိုင်မယ်မထင်ခဲ့ဘူး ရတီ၊ အလုပ်လာလျှောက်တဲ့အထဲမှာ မင်းထက် Experience ရှိတဲ့သူတွေလည်း အများကြီးပါတာပဲ ...

ဒါပေမဲ့ ဘာဖြစ်လို့လဲတော့ မသိဘူး၊ မင်းကို စိတ် ထဲမှာ ရင်းနှီးနေသလို ခံစားရတယ်"

"ဟုတ်လား အန်ကယ်၊ အဲဒီလို တကယ်ပဲ ခံစားရလား ဟင်"

ရတီရဲ့ပုံစံက လှိုက်လှဲသောအသံဖြင့် မေးလိုက်လျှင် ဦးသီဟက ရတီ့ကို တစ်ချက်စိုက်ကြည့်ကာ ခေါင်းညိတ်ပြသည်။





"မင်းက တစ်မျိုးတော့တစ်မျိုးပဲ ရတီ၊ အဲဒါကို မင်းကိုယ် တိုင်ရော လက်ခံရဲ့လား"

"လက်ခံပါတယ် အန်ကယ်"

ရတီက အဲဒီမေးခွန်းကို အသက်အောင့်ပြီး ဖြေလိုက် တာဖြစ်သည်။ ဦးသီဟက ရတီ့ကို ငေးခနဲကြည့်ကာ ခဏကြာတော့ မျက်နှာလွှဲသွားလေသည်။ အဲဒီတော့မှပဲ ရတီသည် လုပ်စရာရှိသော အလုပ်များကို ဆက်လက်လုပ်ကိုင်ဖြစ်သည်။ နှစ်ဦးသားဟာ တခြားစကားတွေ မပြောဖြစ်ကြတော့ဘဲ အလုပ်ကိစ္စထဲပဲ အာရုံ အပြည့်ထည့်ထားဖြစ်ကာ အလုပ်အကြောင်းပဲ ပြောဖြစ်ကြတော့ သည်။ ဒီလိုနဲ့ပဲ အချိန်တွေက တရွေ့ရွေ့ဖြင့် ဘယ်လို ကုန်သွား မှန်းတောင် မသိချေ။

ရတီ့ဖုန်းမှ အသံမြည်လာတော့မှပင် ရတီက ဖုန်းကို ဖွင့်ကာ ခပ်လှမ်းလှမ်းသို့ လျှောက်သွားရင်း နားထောင်မိသည်။

"ဟယ်လို"

"ရတီ ကိုယ်ပါ"

အသံကြားလိုက်တာနှင့် ရတီသည် ဘယ်သူလဲဆို တာကို ချက်ချင်း သိလေသည်။ အဲဒီ အသံကို ကြားလိုက်ချင်း ချင်းပဲ ကိုယ့်ရင်ထဲမှာ နွေးခနဲဖြစ်သွားတာကိုလည်း သတိထားမိ လိုက်သည်။ ကေန္တတော့ အဆောင်ကို ရတီ ပြန်မရောက်သေး သဖြင့် ဖုန်းဆက်တာ ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောလေ စစ်မှန်"

"ရတီ ဘယ်မှာလဲဟင်၊ ကိုယ် ရတီ့အဆောင်ကို မြေအိုးမြီးရှည်လာပို့တော့ ရတီ ပြန်မရောက်သေးဘူး ပြောလို့"

"သြော် ... ဒုက္ခရှာလို့ စစ်မှန်ရယ်။ ရတီက ဒီနေ့ ရုံးမှာ Over time ဝင်ရတယ် စစ်မှန်ရယ် ...

အခုလည်း အလုပ်နည်းနည်း ရှုပ်နေတာ၊ ညမှပဲ ပြန်ဆက်လိုက်တော့နော်"

"အင်းပါ ... အင်းပါ၊ ရတီ ထမင်းစားပြီးပြီလား၊ ဘာစားပြီးပြီလဲ၊ ဗိုက်ဆာနေရင် ကိုယ် တစ်ခုခု လာပို့ပေးမယ်လေ ဘာစားချင်လဲ"

ရတီသည် သူ့ရဲ့ စေတနာစကားလေးကြောင့် အမောပြေသွားသော်လည်း အဲဒါတွေကို ကြာကြာမခံစားနိုင်ပါ။ အရေးကြီးသဖြင့် Over time ဆောင်း ဆင်းနေရသောကြောင့် ဖုန်းကြာကြာပြောရင်တောင် ကောင်းမှာမဟုတ်ချေ။

ဒါကြောင့် စကားစကို အမြန်ဖြတ်ရသည်။

"အလိုက်သိတာကို ကျေးဇူးတင်တယ် စစ်မှန်၊ ဒါပေမဲ့ ဘာမှလာမပို့ပါနဲ့တော့၊ ရတီ စားပြီးပါပြီ ...

အလုပ်တွေ ရှုပ်နေလို့ ညဘက်မှပဲ ပြန်ဆက်တော့နော်"

"အင်း ... အင်း၊ ဒါပဲနော် ရတီ"





ရတီက အင်း ... အင်းလိုက်ကာ ဖုန်း အမြန်ချလိုက်ရသည်။ ဦးသီဟက ရတီ့ကို ဘာမှ မပြော။ သူလည်း သူလုပ်စရာရှိသည့် အလုပ်တွေကို စိတ်ပါဝင်စားစွာ လုပ်နေသည်။ ရတီသည် မနက်ဖြန်မှာရှိသည့် အစည်းအဝေးအတွက် လိုအပ်တာကို ပြင်ဆင်ကာ ဦးသီဟကို သွားပြရသည်။

ဦးသီဟက ပြင်စရာရှိတာတွေကို ပြန်ပြင်ပေး၊ လိုတာတွေဖြည့်ပေး စသဖြင့် ခေါင်းချင်းဆိုင် အလုပ်ရှုပ်နေကြပြီး အားလုံးပြီးသောအချိန်သည် ညဆယ်နာရီတောင် ထိုးတော့မည် ဖြစ်လေသည်။

ဒီတော့မှ မျက်လုံးပြူးကာ ရတီ့ကို ပခုံးတွန့်ပြသည်။

"အချိန်တောင် မနည်းတော့ဘူးပဲ၊ ဆောရီး ရတီရေ၊ မင်းကို အားနာလိုက်တာ၊ မင်း အဆောင်က ရရဲ့လား"

"ရပါတယ် အန်ကယ်၊ ရတီ အစောကြီးတည်းက အဆောင့်ပိုင်ရှင်ဆီကို ဖုန်းဆက်ပြီး ခွင့်တိုင်ထားပြီးပါပြီ"

"အိုကေ ... တော်သေးတာပေါ့၊ ကဲ ... ဒါဆိုရင်လည်း သွားကြရအောင်၊ မင်းကို အဆောင်ထိ ပြန်လိုက်ပို့ပေးပါ့မယ်"

"ရပါတယ် အန်ကယ်၊ ရတီ တခြားကားတစ်စီးနဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရတီ့ရဲ့စကားတောင် မဆုံးသေး။ ဦးသီဟက ဖြတ်ပြီးပြောသည်။

"မဟုတ်တာပဲ၊ ကိုယ့်အလုပ်ကို ဒီအချိန်ထိ မညည်းမညူနဲ့ စေတနာပါပါလုပ်ပေးတဲ့ မင်းအတွက် မင်းရဲ့ဘော့စ်ကို အားနာစရာမလိုပါဘူး ...

တကူးတက ပို့ပေးရတာလည်း မဟုတ်ဘူးလေ၊ ကိုယ့်ခြံကလည်း ကိုးမိုင်မှာပဲဆိုတော့ မင်း အဆောင်နဲ့ လမ်းသင့်နေတာပဲ ...

ကဲ ... ကဲ ... ဘာမှ လျှောက်တွေးမနေနဲ့တော့၊ ပစ္စည်းတွေ သွားသိမ်း၊ မင်းနေတဲ့အဆောင်ကိုလည်း ကိုယ်ကြည့်ချင်ပါသေးတယ်"

ဦးသီဟက ဤကဲ့သို့ ရှည်ရှည်ဝေးဝေးပြောနေလျှင် ရတီသည် စောဒကတက်မနေတော့ဘဲ ပစ္စည်းတွေ သိမ်းစရာရှိတာကိုသိမ်းကာ တံခါးတွေကို သေချာပိတ်လျက် ဦးသီဟနဲ့အတူတူ ဓာတ်လှေကားဖြင့် ဆင်းလာခဲ့သည်။ ရတီတို့ ဓာတ်လှေကားက မြေအောက်ထပ် ကားပါကင်အထိ သွားလေရာ ကားပါကင်တွင် ဦးသီဟရဲ့ ဒရိုင်ဘာက တခြားသက်တော်စောင့် တစ်ယောက်ယောက်နဲ့အတူ စောင့်နေကာ ရိုရိုကျိုးကျိုး တံခါးဖွင့်ပေးသည်။ ဒရိုင်ဘာနှင့် သက်တော်စောင့်ပါ ပါသည်မို့ ရတီက ဦးသီဟနဲ့ အတူတူ ကားနောက်ခန်းထဲမှာပဲ ဝင်ထိုင်ရသည်။





ရတီတို့ တက်ပြီးလျှင် ကားအနက်ကြီးက ငြိမ့်ခနဲ မောင်းထွက်လို့သွားလေသည်။ တယောသံ ငြိမ့်ငြိမ့်လေး လွင့်ပျံ့နေသော အေးစိမ့်မွှေးပျံ့နေသည့် ကားထဲတွင် ရတီသည် အနည်းငယ် အနေကျုံ့လျက်ရှိနေသည်။ စကားမပြောသော ရတီ့ကို ဦးသီဟကပဲ စကား စတင်ပြောသည်။

"မနက်ဖြန်ကျရင် ဘာဖက်ရှင်ဝတ်မယ် စိတ်ကူးသလဲ ရတီ"

မျှော်လင့်မထားသောမေးခွန်း ဖြစ်နေသောကြောင့် ရတီသည် အနည်းငယ်ကြောင်သွားသည်။ ရတီကြောင်နေသောပုံစံကို ဦးသီဟက ဟက်ခနဲရယ်တော့မှသာ သူ ပေါ့ပေါ့ပါးပါး စကားတွေ ပြောနေတယ်ဆိုတာကို နားလည်ရလေသည်။

"အင်း ... အဆင်ပြေသလိုပါပဲ အန်ကယ်"

"မင်းမှာ မြန်မာဝတ်စုံရှိရင် ဝတ်စေချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မနက်ဖြန်ကျရင် နေ့လယ်စာကို နိုင်ငံခြားသားတွေနဲ့ စားစရာရှိတယ် မဟုတ်လား ...

Meeting လည်း ရှိတယ်ဆိုတော့ မြန်မာဝတ်စုံက ပိုအဆင်ပြေမလားပဲ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ရတီ ဝတ်လာခဲ့ပါ့မယ်"

"အိုကေ ... အိုကေ၊ မင်းမှာ အဆင်မပြေတဲ့ကိစ္စတွေ ဘာတွေရော ရှိသလား ရတီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... မရှိပါဘူး အန်ကယ်၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ မင်းက ကိုယ့်ရဲ့ဝန်ထမ်းကောင်းဆိုတော့ မင်းကို ကိုယ်က ပြန်ကြည့်တဲ့သဘောပါ ...

မင်းမှာ ဘာအခက်အခဲပဲရှိရှိ ကိုယ့်ကို အကူအညီတောင်းနိုင်ပါတယ် ရတီ၊ လူမှုရေးကိစ္စပဲဖြစ်ဖြစ်၊ ငွေရေးကြေးရေးကိစ္စပဲဖြစ်ဖြစ်ပေါ့၊ ဟုတ်ပြီလား"

ဦးသီဟက ရတီ့ကို ကရုဏာပါသော အကြည့်များဖြင့် နွေးထွေးစွာကြည့်ရင်း ပြောသည်မို့ ရတီသည် ကြည်နူးလိုက်ပုံစွာပြုံးရင်း ခေါင်းညိတ်မိသည်။ ဘယ်လောက်ပဲ သတ္တိခွန်အားတွေမွေးကာ သူများရပ်ရွာမှာ တစ်ကိုယ်တည်း ရဲရဲရင့်ရင့် လာရောက်ရပ်တည်နေတယ်ပြောပြော၊ ကိုယ် ယုံကြည်လေးစားရတဲ့ ကိုယ့်ရဲ့အထက်လူကြီးက ကိုယ့်ကို ဂရုစိုက်ပြီး နွေးနွေးထွေးထွေး ဆက်ဆံတာသည် ရတီ့အတွက်တော့ အိမ်ဝေးသူတစ်ယောက်အတွက် ခွန်အားတွေကို ရစေပါသည်။

"မင်းရဲ့ Biographyမှာ မင်းအဖေက ဆုံးသွားပြီလို့ သိရတယ်၊ မင်း အမေကရော ဟိုမှာ တစ်ယောက်တည်းပဲလား"

"ဟုတ်ကဲ့၊ အဒေါ်တစ်ယောက်နဲ့ အတူနေနေပါတယ်"

"ဪ ... ရန်ကုန်မှာ မင်းနဲ့အတူ လိုက်မနေဘူးလား"

"ဟုတ်၊ ရတီတောင် အဆောင်မှာနေရတာဆိုတော့ အမေက လိုက်နေဖို့ အဆင်မပြေဘူး"





"တိုက်ခန်းတွေ ဘာတွေနဲ့ နေရမယ်ဆိုရင်တော့ လိုက်နေဖို့ အဆင်ပြေမှာပေါ့"

ရတီက ဦးသီဟရဲ့စကားကို တစ်စုံတစ်ရာ ပြန်မပြောမိဘဲ အသာငေးကြည့်နေမိသည်။ ကားလမ်းရှင်းနေပြီမို့ ရတီတို့စီးလာသော ကားသည် ပြည်လမ်းတစ်လျှောက် အရှိန်ပြင်းပြင်းဖြင့် ပြေးနေသည်။ ရတီတို့တစ်တွေသည် နောက်ထပ်စကားတစ်စုံတစ်ရာမပြောမိတော့ဘဲ တိတ်ဆိတ်စွာဖြင့် လိုက်ပါလာကြသည်။ သိပ်မကြာသောအချိန်တွင် ရတီ့ရဲ့အဆောင့်ရှေ့သို့ ရောက်သွားလေသည်။ ဦးသီဟက သပ်ရပ်သော နှစ်ထပ်တိုက်လေးကို စိတ်ဝင်တစားငုံ့ကြည့်ကာ ...

"ရတီတို့အဆောင်က သပ်ရပ်သားပဲ"

"ဟုတ်ကဲ့၊ နေရထိုင်ရ အဆင်ပြေပါတယ် အန်ကယ်၊ ခုလို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်၊ ရတီ့ကို ခွင့်ပြုပါဦး"

"အိုကေ ... ဆီးယူ"

ရတီက အပြုံးတစ်ခုဖြင့် ခေါင်းညွတ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ရတီ ဆင်းသွားပြီးလျှင် ဦးသီဟရဲ့ကားနက်ကြီးက ငြိမ့်ခနဲ ထွက်ခွာသွားသည်။ ရတီသည် ကားပေါ်က အလုပ်ရှင်ကို ခါးတစ်ချက်ညွတ်ကာ ထပ်မံအရိုအသေပြုပြီးမှ ကားထွက်ခွာရာသို့ တစ်ချက်ငေးကြည့်ကာ အဆောင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်သည်။ အုတ်တံတိုင်းမှာ ကပ်ထားသော ဘဲလ်ကို နှိပ်ဖို့ပြင်နေတုန်းမှာပဲ ရတီရဲ့နောက်မှ ခေါ်သံတစ်ခုက ကပ်ငြိပြီး လွင့်ပါလာသည်။

"ရတီ"

တိုးတိတ်ညင်သာသော ခေါ်သံလေး ဖြစ်သော်လည်း အဲဒီအသံသည် ရတီ့နားထဲတွင် အကျယ်ကြီးမြည်သွားသလိုပင်။ ရတီသည် ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် ဆတ်ခနဲဖြစ်သွားကာ နောက်သို့ ကမန်းကတန်း လှည့်ကြည့်မိသည်။

"ဟင် ... စစ်မှန်ပါလား"

လမ်းမီးတွေ ထွန်းထားသောကြောင့် ရတီသည် သူ့ရုပ်သွင်ကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်။ ဒီအချိန်ကြီးမှာ သူ့ကို တွေ့မယ်ဟု လုံးဝ မျှော်လင့်မထားသဖြင့် အံ့ဩပြီး ကြောင်ကြည့်နေမိသည်။ သူကတော့ ရတီ့ကို ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံးသော စိတ်ပူစိုးရိမ်မျက်နှာထားဖြင့် နင့်နဲစွာ ကြည့်နေသည်။ အဲဒီအကြည့်တွေကြောင့် ရတီ့ရင်ထဲတွင် အနွေးလှိုင်းတစ်ခု ဖြတ်ပြေးစီးဆင်းသွားသည်။

"နောက်ကျလိုက်တာ ရတီရယ်၊ ကိုယ် စိတ်ပူလိုက်ရတာ"

သူ့စကားတွေက ဒီလောက်ပဲဖြစ်သော်လည်း သူ့မျက်လုံးထဲမှာတော့ ရတီ့အပေါ်တွင် ဘယ်လောက် စိုးရိမ်စိတ်ပူနေတယ်ဆိုတာကို အတိအကျ ပြောပြနေသလိုပဲဖြစ်သည်။ ရတီ





သည် သူ့အကြည့်တွေနဲ့ သူ့စကားတွေကို ဘာမှ ပြန်မပြောနိုင်ဘဲ ငေးကြည့်နေမိသည်။ ရတီတို့နှစ်ယောက်သည် တစ်ယောက်နဲ့တစ်ယောက် ဘာမှ မပြောနိုင်ကြဘဲ နင့်သီးစွာ မျောနေမိကြသည်။ ညဉ့်နက်နက်တစ်ခုမှာ ညလေပြည်တချို့ရဲ့ ပွတ်သပ်ကျီစယ်မှုနဲ့ ကိုယ့်အပေါ်ကို နွေးထွေးစွာကြည့်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြည့်တွေသည် မှုးယစ်ရီဝေစရာမကောင်းပါဘဲနဲ့ ရတီ့ရင်ထဲတွင် လှိုက်မောလာသည်။

ဒါကြောင့် သူ့ကို စကားပြောနိုင်ဖို့ အမြန်ကြိုးစားရသည်။

"အင်း ... အလုပ်နည်းနည်းရှုပ်နေလို့ပါ"

"ဒီအချိန်ကြီးအထိလား ရတီရယ်"

သူက မချိတင်ကဲ ရေရွတ်လျှင် ရတီက သူ့ကို တစ်ခုခုပြန်ပြောဖို့ ကြိုးစားသော်လည်း နှုတ်က ထွက်မလာ။ အဘယ်ကြောင့်ဆိုသော် စိုးရိမ်စိတ်အပြည့်ရှိနေသော သူ့မျက်ဝန်းတွေထဲမှာ မျောနေသောကြောင့်ဖြစ်သည်။

"ကဲ ... ကဲ ... ရတီ ဝင်တော့လေ၊ နောက်ကျနေပြီ၊ နောက်ထပ် ဆယ့်ငါးမိနစ်လောက်နေရင် ကိုယ် ဖုန်းဆက်လိုက်မယ်နော်"

"အင်း"

"သွား ... သွား ရတီ၊ ဝင်တော့ ကိုယ် သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရတီ ခြံတံခါးဘဲလ်ကို မနှိပ်မီ လှည့်ထွက်သွားဖို့ပြင်သည်။ သူ လှည့်အထွက်မှာပဲ ရတီက သူ့ကို လှမ်းခေါ်မိသည်။

ရတီ့ခေါ်သံကြောင့် သူက ရတီ့ကို လှည့်ကြည့်လာသည်။ သူ့မျက်ဝန်းတွေက ဘာပြောမလို့လဲဟု မေးနေသလိုပဲဖြစ်သည်။

"စိမ်မှန် ရတီ့ကို ဒီနားမှာလာစောင့်နေတာ ကြာပြီလားဟင်"

"ဟင့်အင်း ... ဒီနားမှာ စောင့်နေတာမဟုတ်ဘူး၊ ရတီတို့ရုံးရှေ့မှာ လာစောင့်နေတာ၊ ရတီတို့ကား ထွက်လာတည်းက ကိုယ့်ကားက နောက်ကပါတယ်လေ"

"အို"ခနဲ ဟူသော အာမေဋိတ်သံသည် ရတီ့ပါးစပ်များမှ ကျမလာဘဲ ရင်ထဲမှာသာ မြည်ဟည်းသွားသည်။ သူ့ကို ငေးစိုက်ကြည့်မိသွားသော မျက်ဝန်းများကို သူက ကျေနပ်စွာဖြင့် ပြုံးပြီး ခေါင်းတစ်ချက်ညိတ်ပြကာ ...

"ကဲ ... ရတီ သိချင်တာတွေကို ပြီးရင် ကိုယ် ပြောပြမှာပါ၊ ကိုယ် ဖုန်းဆက်မယ်၊ ရတီ သက်သောင့်သက်သာဖြစ်အောင် အရင်လုပ်လိုက် ဟုတ်ပြီလား ...

ကဲ ... ဝင်တော့ ရတီ၊ အရမ်း မိုးချုပ်နေပြီ"

သူက လက်တစ်ချက်ပြကာ လှည့်ထွက်သွားသည်။ ရတီသည် ဒီတော့မှ ပခုံးကို တစ်ချက်တွန့်ကာ ခြံတံခါးဘဲလ်ကို တီးလိုက်သည်။ ခဏကြာတော့ အဆောင်က အဒေါ်ကြီးက ရတီ့ကို တံခါးလာဖွင့်ပေးလျှင် ရတီသည် အဆောင်ထဲသို့ လှမ်းဝင်လာခဲ့သည်။ အခန်းထဲသို့ရောက်တော့မှပဲ ရေတစ်ခွက်သောက်ကာ တစ်နေကုန် ပင်ပန်းနွမ်းနယ်စွာ ဝတ်ဆင်လာသော အဝတ်အစားများကို လွတ်လပ်ပေါ့ပါးသော ချည်သားဂါဝန်ရှည်တစ်ထည်ဖြင့် လဲလှယ်လိုက်သည်။

ပြီးလျှင် လန်းဆန်းသွားအောင် မျက်နှာသစ် ခြေဆေးလက်ဆေးလုပ်ကာ ခုတင်ပေါ်မှာ အသာလှဲလိုက်သည်။ ခုတင်ပေါ်မှာ အကြောဆန့်ပြီး လှဲလိုက်တော့မှပင် တစ်နေကုန် ဘယ်လောက် ညောင်းညာ ပင်ပန်းနေခဲ့သည်ဆိုတာကို သိတော့သည်။ တစ်နေကုန်မှာတော့ အလုပ်ထဲမှာ စိတ်ရောကိုယ်ပါ (Whole heartedly) နှစ်ပြီး ပြောရလျှင်တော့ ဇောတစ်ခုကပ်ပြီး လုပ်ခဲ့တာမို့ ပင်ပန်းရကောင်းမှန်းမသိ၊ နားလိုက်သည့်အချိန်မှာတော့ လူက ဘယ်လောက်တောင် ပြိုင်းနေပြီလဲဆိုတာကို သိတော့သည်။

ဒါပေမဲ့ လူက သုံးထားသော Energy တွေ ကုန်သလောက်တော့ ပင်ပန်းမနေ။ ရတီ့အပေါ်တွင် ဦးသီဟကလည်း နွေးထွေးကြင်နာစွာ ဆက်ဆံလိုက်ခြင်းကြောင့် ဝမ်းသာကြည်နူးရသလို စိမ်မှန်ကလည်း ထင်မထားအောင် ဂရုစိုက်ကြင်နာတာကြောင့် အဲဒီ ပီတိတွေနှင့် ရတီသည် အားအင်မကုန်ဘဲ လန်းဆန်းလျက်ရှိနေသည်။ ရတီသည် ခုတင်ပေါ်မှာ လှဲလျောင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများကို မေးမိတ်ကာ အနားယူနေတုန်းမှာပဲ ရတီ့ရဲ့ဖုန်းလေးမှ မြည်သံလေး ထွက်ပေါ်လာသည်။

"ဟယ်လို"

"အင်း ... ရတီ ကိုယ်ပါ၊ ဘယ်လိုလဲ နားနေပြီလား"

"အင်း ... နားနေပြီ ဆိုပါတော့"

"ရတီ့အလုပ်ကလည်း ပင်ပန်းလိုက်တာ ရတီရယ်၊ ပြီးတော့ Over time ကလည်း ညဆယ်နာရီထိတောင် အရမ်းနောက်ကျတာပဲနော်"

"အင်း ... ဒီနေ့က ခါတိုင်းထက်ကို အလုပ်ပိုရှုပ်လို့ပါ စစ်မှန်ရယ်၊ မနက်ဖြန်မှာလည်း အလုပ်တွေ ရှုပ်မှာဆိုတော့ မနက်ဖြန်အတွက် ပြင်ဆင်ရတာတွေလည်း ပါသွားလို့ပါ"

"အေး ... ဟုတ်တော့ ဟုတ်မှာပေါ့၊ ဒါပေမဲ့ ကိုယ်ကတော့ ရတီ့အတွက် စိတ်ပူနေတာကွာ အရမ်းပဲ၊ ဟို ... ရတီ့ဘော့စ်ကို တစ်မျိုးမြင်တာတော့ မဟုတ်ပါဘူး ...

အလုပ်ရှုပ်တာတော့ ရှုပ်တာပဲပေါ့၊ ဒါပေမဲ့ ရတီက မိန်းမပျိုလေးလေ။ ဒီအချိန်ကြီးကို သူနဲ့အတူတူ ညထိ အလုပ်လုပ်ရတယ်ဆိုတော့ ကိုယ်က သူ ဘာပဲဖြစ်နေဖြစ်နေ ရတီ့အတွက် စိတ်ပူတာပေါ့ကွာ ...

နောက်ကို အဲဒီလောက် ညဉ့်နက်မိုးချုပ်ကြီးထိ Over time မဆင်းပါနဲ့တော့ကွာ၊ နော် ... ရတီ"



သူ့စကားတွေသည် သာမန် မိတ်ဆွေအချင်းချင်းအတွက်ဆိုလျှင်တော့ ဆောင်ကျော်နေသည့် စကားတွေ ဖြစ်သော်လည်း သူ့မျက်ဝန်းတွေထဲမှာ ရတီ့အတွက် ဘယ်လောက် စိတ်ပူစိုးရိမ်နေသလဲ ဆိုတာကို ခံစားနားလည်ရသည့်အတွက် ရတီက ဘာမှ ပြန်မပြောသာပေ။ သူ ပြောတာကလည်း ဟုတ်တော့ဟုတ်ပါသည်။ ဒါပေမဲ့လည်း ရတီက ဦးသီဟရဲ့ သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ယုံကြည်ထားသည့်အတွက် စိတ်သန့်သန့်နှင့် အလုပ်လုပ်နိုင်ခြင်းဖြစ်သည်။

"အင်း ... ဒါမျိုးက အမြဲတမ်းရှိတာ မဟုတ်ပါဘူး စစ်မှန်ရယ်။ ရတီ အလုပ်လုပ်တဲ့ သက်တမ်း ခြောက်လကျော်အတွင်းမှာ ဒါမျိုး Over time က ဒါ ပထမဆုံးပါပဲ ...

တကယ်ကို အလုပ်တွေ ရှုပ်နေတဲ့အတွက် ဒီလောက်ထိဖြစ်သွားတာပါ၊ စစ်မှန် စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူးကွာ၊ ကျေးဇူးအတင်ခံချင်လို့ ဒီလိုလုပ်တာလည်း မဟုတ်ပါဘူး ...

ရတီ့ကို တကယ်စိုးရိမ်လို့ပါ။ ရတီ့ကို အထင်သေးတာလည်း မဟုတ်ဘူး၊ ရတီ့ဘော့စ်ကို စွပ်စွဲတာလည်း မဟုတ်ဘူး၊ စီးပွားရေးလောကမှာ ကျားတွေက အများကြီး၊ ကောင်းတဲ့သူတွေလည်း မရှိဘူး မဟုတ်ဘူး ရှိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မြင်နေ ကြားနေရတာတွေ သိတာတွေကြောင့် ရတီ့အတွက် စိတ်ပူတာပါ ...

ရတီနဲ့ဖုန်းပြောပြီးတည်းက ကိုယ် ရုံးရှေ့မှာ ကား ရပ်ပြီး စောင့်နေတာ၊ တစ်ချိန်လုံး စိတ်ပူနေတာ ရတီ၊ ရတီတို့ကားနောက်က လိုက်လာတော့လည်း ရင်တထိတ် ထိတ်နဲ့လေ၊ ဘယ်ကိုများ မောင်းမလဲ ဆိုပြီးတော့ပေါ့"

သူ့အပြောကြောင့် ရတီသည် အသံထွက်အောင်ပင် ရယ်မောမိလေသည်။ သူ စိုးရိမ်တဲ့ပုံစံကလည်း သဘာဝတော့ကျပါ သည်။ အင်း ... သူ့အပြောက ရတီ့ကို တသိမ့်သိမ့်တော့ ရင်ခုန် စေသား။ ကိုယ့်ကို စိုးရိမ်တကြီးနှင့် လာစောင့်ကာ ကိုယ်မသိသော စောင့်ရှောက်မှုပေးနေတယ်ဆိုသော အဖြစ်ဟာ မိန်းကလေး တစ် ယောက်အတွက်တော့ အလွန်အင်မတန် ကြည်နူးဖို့ ကောင်းပါ သည်။

"အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ စစ်မှန်ရယ်၊ ဦးသီဟ က အဲလိုကိစ္စတွေမှာ နာမည်ပျက်မရှိတဲ့သူပါ၊ သူ့ကို ယုံကြည်လို့သာပဲ ရတီလည်း ဒီအချိန်အထိ အလုပ်လုပ်နေ တာပေါ့"

"အင်းပါ၊ အဲဒါကလည်း တစ်ပိုင်းပါ၊ စိုးရိမ်တာကလည်း စိုးရိမ်ရတာပဲပေါ့၊ စိတ်ပူရတာလည်း စိတ်ပူရတာပေါ့ ... ဘာလဲ ရတီ့ကို စိတ်ပူခွင့် မရှိဘူးလား"





"သြော် ... ပူတာကတော့ ကိုယ့်ဗိုက်နဲ့ကိုယ် ပူတာပဲ ပူပေါ့"

"မနောက်ပါနဲ့ ရတီရယ်၊ ကိုယ်က တကယ်ခံစားပြီးပြော နေတာပါ၊ ရတီက ကတိလည်း မတည်ဘူး"

"ဟင် ... ဖြစ်ရပြန်ပြီ၊ ဘယ်တုန်းက ဘာကတိတွေ ပေး ထားလို့လဲ"

"ရတီက မေ့ပစ်ပြီကွာ၊ ရတီကပဲ ပြောထားတယ်လေ၊ ကိုယ်တို့နှစ်ယောက်ကြားမှာ နားလည်မှုတွေရှိအောင် သံယောဇဉ်တွေဖြစ်လာအောင် တွဲကြည့်ကြမယ်တဲ့၊ ခုတော့ ဘယ်မှာ တွဲရလို့လဲ။ ဒီပုံအတိုင်းဆို သံယောဇဉ်က ဘယ် လိုလုပ် ဖြစ်တော့မှာလဲ"

သူ့ရဲ့ စူပွပွနှင့် မကျေမချမ်းအပြောကြောင့် ရတီ့မှာ ဟက်ဟက်ပက်ပက်ပဲ ရယ်မောရလေသည်။ သူဟာ ရတီ့အတွက် အမောပြေဆေးများ ဖြစ်နေပြီလား။ အင်း ... တစ်စုံတစ်ယောက် ကို လိုအပ်တယ် ဆိုတာလည်း ရှိနေတာထက် ပိုမိုစွမ်းဆောင်နိုင် ခြင်းကြောင့် ဖြစ်လိမ့်မည်။

"သံယောဇဉ်ဆိုတာ အဲဒီလို လုပ်ယူလို့ရလို့လား စစ်မှန်ရဲ့"

"လုပ်ယူလို့ရတယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ သံယောဇဉ် ဖြစ်ချင်တယ်ဆိုရင်တော့ သံယောဇဉ်ဖြစ်အောင် လုပ်ရမှာ ပေါ့ ရတီရယ်"

"အေး ... သူ ရှင်းပြတော့မှပဲ နားလည်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါနဲ့ ရတီရယ်၊ ကိုယ့်အချစ်ကို တကယ်အသိ အမှတ်ပြုပေးပါ၊ ကိုယ် ရတီ့ကို ရည်းစားထားချင်ရဲ့အပျော် သဘောလေးနဲ့ ပေါ့ပေါ့လေးချစ်ခဲ့တာ မဟုတ်ပါဘူး ...

ကိုယ့်ဘဝရဲ့ လက်တွဲဖော်အထိ ရည်ရွယ်ပြီး လေးလေးနက်နက် ချစ်တာပါ"

"အင်းပါ သိပါတယ်"

ရတီ့ရဲ့ ချိုချိုဆတ်ဆတ် အသံလေးကို သူက ကျေနပ်သွားသလိုဖြင့် အသာငြိမ်သက်နေပြီးတော့မှ ...

"သိတယ်ဆိုရင် ရတီ ရုံးပိတ်တဲ့တစ်ရက်လောက် ကိုယ်တို့ အေးအေးဆေးဆေး တွေ့ကြရအောင်လေ ...

ရတီ ကိုယ့်ကို ဘယ်အချိန် ပေးနိုင်မလဲ၊ ဆိုလိုတာက မနက်လား ညနေလား"

"အင်း ... ညနေဘက်ပဲ ကောင်းမယ်ထင်ပါတယ်၊ မနက်ကတော့ ရတီ အိပ်ရေးဝဝအိပ်ပြီး အဆောင်မှာ လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ် ...

ညနေခင်းလောက် တွေ့ကြမယ်လေ"

"အိုကေ ... ညနေခင်း ဘယ်မှာတွေ့မလဲ"

"အင်း ... အဲဒါတော့ မပြောတတ်ဘူး၊ စစ်မှန်ပဲ ရွေးချယ်တော့၊ သာသာယာယာရှိတဲ့ နေရာမျိုးတော့ ဖြစ်စေချင်တယ်"





"သာသာယာယာရှိပြီး အေးအေးဆေးဆေး စကားပြောလို့ကောင်းတဲ့နေရာပေါ့၊ အိုကေ ... ကိုယ် စဉ်းစားထားလိုက်ပါမယ် ...

ကဲ ... အဲဒါဆို ရတီလည်း နားချင်ရောပေါ့ နားတော့လေ၊ တစ်နေကုန် ပင်ပန်းလာတာ၊ မပင်ပန်းဘူးလား"

"အင်း ... ရုံးမှာတုန်းကတော့ သိပ်ပင်ပန်းတယ် မထင်ရပါဘူး၊ Air con ခန်းထဲမှာ သက်သောင့်သက်သာ လုပ်ရတော့လေ။ ဒါပေမဲ့ ဘယ်လောက်ပဲ လူသက်သာသက်သာ အလုပ်လုပ်နေရတဲ့စိတ်ကရှိတော့ အဆောင်ပြန်ရောက်တာနဲ့ ပြိုင်းသွားတော့တာပဲ ...

ဒါပေမဲ့ စစ်မှန်က ရတီ့ထက် ပိုပင်ပန်းမှာပေါ့"

"အဲလို ထင်ရလား၊ ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ် သိပ်ပင်ပန်းတယ်လို့ မထင်ဘူး၊ ကိုယ်က အံ့နာဆိုက ယူမောင်းတာဆိုရင်တော့ အံ့နာကြေး ဘာညာတွက်ပြီး ပင်ပန်းရတာရှိမှာပေါ့ ...

ခုတော့ ကိုယ့်ဟာကိုယ် နားနားနေနေဆိုတော့ ပင်ပန်းတယ်မထင်ပါဘူး၊ ဆရာမရှိ တပည့်မရှိ အလုပ်ဆိုတော့ နားအေးတယ်လေ"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ကဲ ... အဲဒါဆိုရင် ရတီ အိပ်တော့မယ်လေ၊ Good night"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းသောညလေးပါ ရတီ၊ မင်း အိပ်မက် မက်ရင် ကိုယ့်ကို ထည့်မက်ဖို့ မမေ့ပါနဲ့ ... နော်"

ရတီသည် အဲဒီ အပြောကိုတော့ အသာပြုံးမိကာ ဘာမှ ပြန်မပြောတော့ဘဲ ဖုန်းကို အသာချလိုက်လေသည်။ ပြီးတော့ မျက်ဝန်းများကို အသာမှေးမှိတ်ထားမိကာ စိတ်ကို ဖြေလျှော့ထားလိုက်သည်။ အိပ်ခါနီးမှာ ဘာအကြောင်းအရာကိုမှ မစဉ်းစားတော့ဘဲ အသက်ရှူခြင်းတစ်ခုတည်းမှာပဲ စိတ်ကို အပြည့်အဝ ထည့်ထားသော ရတီသည် အိပ်ခါနီးမှာတော့ မျက်နှာနစ်ခုကို တစ်လှည့်စီပဲ ဖျတ်ခနဲ မြင်ယောင်ပါလေသည်။ အဲဒီနောက်မှာတော့ သိပ်မကြာမီမှာပဲ အသိစိတ်တို့ အနားယူရာ အိပ်စက်ခြင်းသို့ လျှင်လျှင်မြန်မြန်ပဲ ရောက်လေသည်။

♥ ❋ ♥





၁၃

"ဒကာ လာပါပြီ ခင်ဗျာ၊ ဒကာ လာပါပြီ၊ ကြွပါ ... ကြွပါ၊ ဘာသောက်မလဲ၊ ဟော့ကောင်တွေ မင်းတို့ဆရာ လာတယ်၊ ရှယ်ပုံမှန်တစ်ခွက် ဆွဲမယ်။ ကော်ပြန့်လား၊ စမူဆာလား ဆရာ။ ဒါမှမဟုတ် ပဲပလာတာလား"

သူ့သူငယ်ချင်း ဘာဘူက ပဲများများဖြင့် သူ့ကို ပျာပျာသလဲ ကြိုဆိုလျှင် သူက နှုတ်ခမ်းတွန့်ရုံပြုံးကာ ခုံတစ်ခုံ ဆွဲ၍ ဝင်ထိုင်လိုက်သည်။ သူသောက်မည့် လက်ဖက်ရည်ကိုမှာ ပြီးတော့မှ ဘာဘူကိုကြည့်ကာ ...

"ဟော့ကောင် ... ဘာမှ လာဖားမနေနဲ့။ လကုန်ရက်နော် မင်းတို့ ကျွေးရမှာ၊ မင်းနဲ့ ရာဇာနဲ့ ပေါင်းရှင်း၊ ဒါပဲ"

"ဟာ ... အဲ့နာ ဒရိုင်ဘာ မသာ၊ အဲ ... အဲလေ ... ယောင်လို့။ အဲ့နာ ဒရိုင်ဘာ ဘောစိကြီးကလည်းလို့ ပြောလို့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကလည်း သစ်ဖိမင်းနဲ့ သစ်ဖိမန်း အဲဒီလိုတွေ မတွက်ပါနဲ့ကွာ"

"ငါက တွက်နေတာ မဟုတ်ဘူးကွ။ မင်းတို့ကသာ တွက်နေတာ၊ မင်းတစ်ယောက်တည်းလား ဟိုကောင်ရော"

"လာမယ်တဲ့၊ ဒီကောင် ခုမှ ရေချိုးတုန်း။ ဘယ်လိုလဲ မင်းရဲ့အခြေအနေ"

"ဘာအခြေအနေလဲ"

"သိရက်သားနဲ့ ပဲများနေပြန်ပြီ။ မင်းနဲ့ ရတီဝတ်မှုံတို့ရဲ့ အခြေအနေကို ပြောနေတာ။ မင်းတို့ အိုကေနေကြပြီ မဟုတ်လား"

"အင်း ... အိုကေတယ်ရယ်လည်း မဟုတ်ပါဘူး"

"ဒါဖြင့်ရင် မအိုကေတယ်ရယ်ပေါ့"

သူက ဘဘူရဲ့စကားကို သိပ်မရယ်ချေ။ မျက်လုံးထဲတွင် နူးညံ့စွာ စွဲလမ်းဖို့ကောင်းသော ရတီရဲ့မျက်နှာကို ပြေးမြင်ယောင်လာသည်။ အခုညနေ ရတီတစ်ယောက် စာအုပ်ဆိုင်ကို လာရင် သိပ်ကောင်းမှာပဲ။ ရတီရဲ့ညနေခင်းအလှကို သူ တမေ့တမော ခံစားကြည့်ချင်ပါသည်။

"ဟော့ကောင် ပြောပါကွ။ မင်းကလည်း လျှို့မထားစမ်းပါနဲ့။ ဘော်ဒါအချင်းချင်း ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပေါ့ ...





ငါတို့လည်း ကူညီသင့်တာ ကူညီပြီး ဝိုင်းစဉ်းစားပေးလို့ ရတာပေါ့"

"လျှို့ထားတာ မဟုတ်ပါဘူးကွာ။ အခြေအနေက ဘာမှ မထူးခြားသေးပါဘူး။ ဒီလိုပဲ အလိုက်သင့် အနေအထားနဲ့ပေါ့"

"ဘာလဲကွာ အလိုက်သင့် အနေထားဆိုတာ။ မင်းကလည်း ဘာကြီးမှန်း မသိပါဘူး။ မပြတ်မသား ဝါးတားတားနဲ့ ...

အေးပါ ... မင်းက ငါ့ကို အထင်မကြီးလို့ မပြောပြဘူးဆိုရင် ဟိုမှာ မင်းရဲ့စီနီယာ လာပါပြီ။ ဟော့ကောင် ရာဇာရေ၊ ဒီမှာ မင်းကောင်ကို စစ်စမ်းပါဦး။ ငါမေးတာကို မြိုစိစိနဲ့ လျှို့နေတယ်။ ကောင်က ငါတို့ကို ကျွေးရမှာစိုးလို့နဲ့ တူတယ်"

ဘဘူက သူ မနိုင်၍ အခုမှ ဆိုင်ထဲသို့ လှမ်းဝင်လာသော ရာဇာကို စစ်ကူတောင်းသည်။ ရာဇာက သူ့ကို ပြုံးစိစိနှင့် စပ်ဖြဲဖြဲ ကြည့်ကာ ...

"ဟော့ကောင် ... ဟုတ်လား၊ ယောက်ဖ"

"မဟုတ်ပါဘူးကွာ မင်းတို့ကလည်း။ ငါ့မှာ ပြောပြစရာ ရင်ဖွင့်စရာဆိုလို့ မင်းတို့ပဲ ရှိတာပဲလေ။ မင်းတို့ကို ဘာလျှို့ရမှာလဲ ...

ဘာလျှို့စရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ။ မင်းပဲ လက်သိပ်ထိုးပြီး အဆင်ပြေနေသလား လို့ပေါ့"

"မပြေပါဘူးကွာ"

"ဟော ... ပေါ်လာပြီ။ ဟောကောင် ... လျှို့မနေစမ်းပါနဲ့ ကွာ။ မင်း ငါ့ကို လျှို့တယ်နော် ... အေး ... မင်းကို ငါ ပြောပြစရာရှိတာကိုလည်း မပြောပြဘူး"

"ဘာပြောပြမှာလဲ၊ မပြောနဲ့ပေါ့"

"တကယ်နော်။ အေး ... ငါ ပြောမှာက တခြားသူအကြောင်း မဟုတ်ဘူး။ မင်း ကောင်မလေးအကြောင်း ပြောမှာ"

"ဘာရယ် ... ငါ့ကောင်မလေး။ ရတီ အကြောင်းလား"

"အေးပေါ့"

"ဘာအကြောင်းလဲ"

"ဪ ... ဒီလိုတော့ ဘယ်ပြောမလဲ၊ မင်းတောင်မှ လျှို့သေးတာပဲ။ အေး ... ဒါပေမဲ့ မင်း လျှို့ပေမယ့် ဒီကိစ္စက တော့ ငါက မင်းကို လျှို့လို့မဖြစ်ဘူးကွ ...

မင်း သိထားသင့်တဲ့ ကိစ္စဆိုတော့ ပြောပြရမှာပဲ"

ရာဇာ့ပုံစံက နည်းနည်း အတည်အတံ့လို ဖြစ်နေလျှင် သူက အဲဒီအတွက်ကြောင့် ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည်။ ရတီအကြောင်းဟာ ဘာများပါလိမ့် ဟူသော သိချင်စိတ်က ရင်ထဲမှာ လှိုက်တက်လာသည်။ သတင်းကောင်းလား၊ သတင်းဆိုးလား ဟူသော စိုးရိမ်စိတ်က ရင်ထဲမှာ ဘောင်ဘင်ရိုက်ခတ်လာလေသည်။ "မင်း သိထားသင့်တဲ့ ကိစ္စ" ဟူသော စကားဟာ အကောင်းဘက်သို့တော့ သိပ်ဦးတည်မနေဟု သူက အလိုလို အာရုံရနေခဲ့သည်။

"ဘာများလဲကွာ"

"ငါ့ကောင်မလေးရဲ့ သူငယ်ချင်းတစ်ယောက်က သူတို့ရုံး ကပဲကွ။ သူကတော့ ကွန်ပျူတာကိုင်တဲ့ ဘက်ကပေါ့။ သူနဲ့ ရတီဝတ်မှုန်နဲ့က ဆုံဖြစ်ကြတာလည်း မဟုတ်ပါဘူး။ သူတို့ရုံးကလည်း ဝန်ထမ်းခုနစ်ဆယ်လောက် ရှိတာဆိုတော့ ...

ဒါပေမဲ့ သူတို့ဘော့စ်ရဲ့ စက္ကရီတေရီကိုတော့ ကောင်းကောင်းသိတာပေါ့။ ဘော့စ်ကလည်း နေအောင်လိုလို ဘာလိုလို ခပ်ဖြောင့်ဖြောင့် ...

စက္ကရီတေရီကလည်း ခပ်မိုက်မိုက်လေးဆိုတော့ လူတွေက စိတ်ဝင်စားကြတာပေါ့ကွာ။ ကောင်မလေး အလုပ်စဝင်တည်းက ရုံးကလူတွေက အာရုံစိုက်နေကြတာပေါ့"

ရာဇာက မောသွားသလိုနှင့် လာချထားသော လက်ဖက်ရည်ကို အခုမှ တစ်ငုံစပြီးမော့သည်။ သူကတော့ လက်ဖက်ရည်ကိုတောင် ဆက်မမော့နိုင်တော့ပါ။ ရှေ့ဆက်ကြားရမည့် စကားများမှာ သိပ်နားထောင်ကောင်းမှာ မဟုတ်ဘူးဆိုတာ ကြို







www.burmeseclassic.com

www.burmeseclassic.com



သိနေသည်။ ခဏနေတော့ ရာဇာက ခေါင်းတစ်ချက်ဆတ်ပြီး ထပ်ပြောပြန်သည်။

"ရုပ်ပိုင်းဆိုင်ရာ Attrection ရှိတော့ ရုံးကကောင်တွေကလည်း ချိန်တဲ့သူက ချိန်ပေါ့ကွာ။ ဒါပေမဲ့ ဘယ်သူမှအနားကပ်လို့ မရဘူးလေ ...

သူက ဘော့စ်ရဲ့အနားမှာပဲ တစ်ချိန်လုံး နေ့နေရတာ။ အခုနောက်ပိုင်း ဘာသတင်းထွက်လာလဲ ဆိုတော့ကွာ ဘော့စ်နဲ့ သူနဲ့က ဘာလိုလိုပေါ့"

အဲဒီစကားကြောင့် သူ့ရင်ထဲတွင် ပူခနဲ ဖြစ်သွားသည်။ ဒါပေမဲ့ ဆေးပတ်ဝန်းကျင်ရဲ့ အပြောစကားကို ချက်ချင်းယုံပစ်သည်အထိတော့ သူ မမိုက်မဲသေးပါ။ ဒါကြောင့် သူမဘက်ကနေ၍ ရှေ့နေလိုက်ပေးလိုက်သေးသည်။

"ဖြစ်နိုင်ပါ့မလားကွာ။ လူတွေက ထင်ရာ မြင်ရာတွေ လျှောက်ပြောကြတာ နေမှာပါ"

"ဩော် ... ထင်ရာ မြင်ရာ လျှောက်ပြောတာတော့ မဟုတ်ပါဘူး။ သူတို့ပုံစံကအရမ်း Close ဖြစ်တယ်တဲ့။ ရှုးရှုး ပြောတာတော့ ... အေး ... ရှုးရှုး ဆိုတာက သူတို့ရုံးက တစ်ယောက်ကွာ။ သူတို့ဘော့စ်က အဲဒီလိုကိစ္စမျိုးမှာ နာမည်ပျက် လုံးဝမရှိခဲ့ဖူးဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့ တကယ်ပဲ ထူးခြားတယ်တဲ့ ...





သူတို့ ဆက်ဆံရေးကကွာ မင်းတို့ ငါတို့ အပြင်မှာ ကြားဖူးနေတဲ့ ဟိုလို ငွေရေးကြေးရေးကဏ္ဍကြောင့် မတ်သက်ရတဲ့ Give & take ပုံစံမျိုး မဟုတ်ဘူး။ အဲဒီထက် အများကြီး နက်ရှိုင်းတယ်တဲ့ကွ"

အဲဒီစကားကြောင့် သူ့ရင်ထဲတွင် ထောင်ဆယ်လုံးကို တစ်ပြိုင်နက် တက်လာခဲ့ရသူလို မောပန်းဟိုက်ကျသွားသည်။ အခြေအနေတွေက ထင်တာထက်တောင် ပိုမိုရှုပ်ထွေးလာသည်ဟု ထင်ရလေသည်။ သူတောင် ဘာမှမေးစရာမလို။ ဘာဘူကတောင် နားမလည်ခြင်းများစွာ လိုက်မမီခြင်းများစွာဖြင့် ဝင်မေးသည်။

"ဘာတွေလဲကွာ ဘာနက်ရှိုင်းတာလဲ။ သူ့ဘော့စ်က သူ့ကို လူပျိုကာနေ အပျိုကိုကြိုက်သလို Romance ဆန်စွာရင်ခုန်ပြီး ချစ်နေတာတဲ့လား"

"အေး ... အဲဒီလိုသဘောမျိုး ဖြစ်နေတယ်တဲ့"

"ဟင် ... ဘာကြီးလဲ"

ဘာဘူက နှာခေါင်းရှုံ့ကာ နားမလည်နိုင်သလို ထအော်သည်။ သူကတော့ မျက်စိမျက်နှာပျက်စွာဖြင့် မျက်ခုံးကျောတွေကို တင်းတင်းရှုံ့ထားမိသည်။ သူ မေးရမယ့် မေးခွန်းကို ဘာဘူကပဲ ကိုယ်စားမေးပေးပြန်လေသည်။

"နေပါဦး၊ အဲဒီ ဘော့စ်မှာ မိန်းမရှိတယ် မဟုတ်ဘူးလား၊ မိသားစုနဲ့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ သားတစ်ယောက်လည်း ရှိတယ်။ သားက ဩစတြေးလျမှာ ရှိတာက ရှိတာပဲကွာ။ ရှိတာကို ထည့်မပြောနဲ့တော့ ...

သူတို့ပုံစံက ငါ့ အခုနကပြောသလို Give & take ပုံစံမျိုး မဟုတ်ဘဲ နက်ရှိုင်းနေတာကို ပြောနေကြတာ။ သူ့ကိုဆိုရင် ကွယ်ရာမှာ အသည်းကျော်လေးလို့ ခေါ်ကြတယ်တဲ့ကွ။ ဘော့စ်ရဲ့အသည်းကျော်လေးပေါ့ ...

သူတို့နှစ်ယောက် ပတ်သက်ဆက်ဆံတဲ့ ပုံစံက အရမ်းနွေးထွေးတယ်လို့ ပြောတယ်"

"နွေးထွေးတယ် ဆိုတာ ဘယ်လိုဟာမျိုးလဲ"

ဘာဘူက အရှုံးကြောင်ကြောင် ဝင်မေးပြန်သည်။

"ဩော် ... နွေးထွေးတယ်ဆိုတာကကွာ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံတာ အလုပ်သဘော မကဘူးပေါ့၊ ဘော့စ်ကလည်း သူ့ကို favour ပေးတယ်။ ဂရုစိုက်တယ်။ ပြောတာ ဆိုတာ ဆက်ဆံတာက သူများနဲ့ မတူဘူး ...

သူကလည်း ဘော့စ်ကို အရမ်း ဂရုစိုက်တယ်။ ဆေးတောင် သူကိုယ်တိုင် တိုက်တာတဲ့။ စားချင်တာ သူကိုယ်တိုင် လုပ်ကျွေးတာတဲ့ကွာ ...

အဲဒီလောက်ထိပေါ့။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် အရမ်းဂရုစိုက်နေကြတာပေါ့ အဲလိုမျိုး ပုံစံတွေကကွာ Deep ဖြစ်တာ အရမ်းသိသာတယ် ...





ဟိုလို ဒီလိုတွေ လျှောက်စွပ်စွဲနေတာ မဟုတ်ဘူး။ အေး ... ဒါပေမဲ့ အဲဒီထက်တောင် ဆိုးတယ်။ စိတ်ပိုင်းဆိုင်ရာအရကို တစ်ယောက်နဲ့တစ်ယောက် Need ဖြစ်နေတာ၊ ဒီလောက်ပြောရင် မင်း ရိပ်မိတော့ပေါ့ကွာ ...

ဒါကြောင့် မင်းကို မေးနေတာ။ မင်းနဲ့အခြေအနေ ဘယ်လိုရှိလဲလို့။ တစ်ဖက်မှာတော့ အဲလို အဲလိုတွေ ဖြစ်နေတယ်။ ငါပြောတာ မယုံရင်တော့ မင်းဘာသာ စုံစမ်းကြည့်ပေါ့"

သူသည် ဘာမှပြန်မပြောနိုင်လောက်အောင် တိတ်ဆိတ်ဆွံ့အလို့သွားရသည်။ မျက်လုံးထဲတွင် စွဲမက်ဖို့ကောင်းသာ သူမရဲ့လပြည့်ဝန်းပမာ နုဖပ်မျက်နှာကို ပြေးမြင်ယောင်လာသည်။ သူတောင် ဒီမျက်နှာလေးကို နှစ်ခွဲဝ မမြင်မတွေ့ရပါဘဲနှင့် ခွဲလမ်းနှစ်သက်စွာ ချစ်မြတ်နိုးခဲ့သေးတာပဲ။ တစ်နေကုန် တစ်နေခန်း နီးနီးကပ်ကပ် ပူးပူးတွဲတွဲ အလုပ် လုပ်နေတဲ့သူ ဆိုရင်တော့။ သူ့နှုတ်ခမ်းတွေက ချက်ချင်းပဲ ခြောက်သွေ့လာသဖြင့် လျှာနှင့်တောင် တစ်ချက်သပ်မိသည်။ ဒါပေမဲ့ မဖြစ်သင့်ဘူးလေ။ နီးစပ်တိုင်း သံယောဇဉ်ဖြစ်ရအောင် အဲဒီထဲက တစ်ယောက်က လွတ်လပ်တဲ့သူမှ မဟုတ်တာ။

"နေပါဦး ... မင်းပြောတဲ့အတိုင်းဆို စဉ်းစားစရာက ဘော့စ်က ကောင်မလေးကို လိုက်နွယ်နေတာ မဟုတ်ဘဲ သူတို့ချင်းကကို နှစ်ဦးနှစ်ဖက် အဲလိုလား"



www.burmeseclassic.com

www.burmeseclassic.com



ဘာဘူက ဘယ်လက်ညှိုးနှင့် ညာလက်ညှိုးကို ဓား ခုတ်သလို ဟိုဘက် ဒီဘက် လှည့်ကာ လက်ဟန်ခြေဟန်ဖြင့် ဟန်ပါပါပြောသည်။ ရာဇာက လက်ဖက်ရည်ကို စိတ်မရှည်သလို ကောက်မော့ပြီးမှ ...

"မင်းကလည်းကွာ ဒါပါဆိုတာကို ဒါလား မေးနေပြန်ပြီ။ ငါက အရှင်းဆုံး ပြောပြထားတာ။ သူတို့ ပတ်သက်ဆက်ဆံပုံက ကြားဖူးနေကြ ပုံစံမျိုးကို မဟုတ်ဘူး။ အရမ်းကို နူးညံ့သိမ်မွေ့တဲ့ Romance ဆန်တဲ့ ပုံစံမျိုးမို့ ပြောနေတာ ...

ပြောနေကြတဲ့ လူတွေကလည်း နှာခေါင်းရှုံ့ပြီး ပြောနေတာ မဟုတ်ဘူး။ ဆွတ်ပျံ့ဖွယ်ကောင်းတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရသလို ပြန်ပြောကြတာ ...

ဟော့ကောင် ... နားထောင်ပြီး ငုတ်တုတ်မေ့နေပြီလား၊ မင်း သိထားသင့်တယ်ထင်လို့ ပြောတာပါကွာ။ စဉ်းတော့ စဉ်းစား၊ လေ့တော့ လေ့လာပါ ...

ဘာပဲဖြစ်ဖြစ် မိန်းကလေး တော်တော်များများက ပိုက်ဆံကို မက်ကြတဲ့သူတွေချည်းပဲ။ တချို့က သာမန်လောက်မက်တယ်၊ တချို့က အရမ်းမက်တယ်။ ဒါပဲကွာ တယ်။ ဦးသီဟရဲ့ကြွယ်ဝမှုမျိုးနဲ့ဆို တချို့မိန်းကလေးတွေကတော့ မိုက်မိုက်မဲမဲ ရှေ့ဆက်တိုးကြမှာပဲလေ"

"တော်ပါတော့ကွာ၊ ဆက်မပြောပါနဲ့တော့"





သူက စိတ်ပျက်စွာဖြင့် အေးစက်နေသည့် လက်ဖက်ရည်ကို အစုမှ ကောက်မော့ဖြစ်သည်။ သူ့မျက်လုံးထဲတွင် ဦးသီဟ၏ နောက်ကျောဆုံးပေါ်ကားကြီးပေါ်မှ ပေါ့ပါးသွက်လက်စွာ ဆင်းလာသည့် ရတီရဲ့ပုံရိပ်ကို ပြန်မြင်ယောင်လာကာ သောက်နေသည့် လက်ဖက်ရည်တောင် နင်သွားလေသည်။

"မင်း အဖြေတော့ တောင်းပြီးပြီ နေမှာပေါ့၊ သူက ဘာပြောလဲ"

သူက ပထမတော့ မပြောဘူးဟု စိတ်ကူးထားသော်လည်း အခုတော့ ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။ ဘာပဲပြောပြော သူ တစ်ယောက်တည်း မွန်းကျပ်နေတာနှင့်စာလျှင် သူ့သူငယ်ချင်းတွေဆီက အကြံဉာဏ်လေးပဲဖြစ်ဖြစ်၊ ထင်မြင်ချက်လေးပဲဖြစ်ဖြစ်ရလျှင် သက်သာမည်ဟု မျှော်လင့်ရသောကြောင့် ဖြစ်ပါသည်။

"ဘယ်နေ့မှာ အဖြေပေးမယ်လို့ အတိအကျ မပြောပါဘူးကွာ။ သူနဲ့ ငါနဲ့ တွဲကြည့်ကြမယ်တဲ့"

"တွဲကြည့်ကြမယ် ! "

ဘာဘူက သူ့စကားကို သံယောင်လိုက်သည်။ ရာဇာကတော့ အထာနပ်သည့်ပုံစံဖြင့် ပခုံးတစ်ချက်တွန့်သည်။

"ဘာကိုတွဲကြည့်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်း ရှင်းရှင်းလေးကို ထပ်စားနေကြပြန်ပြီ။ ဟင်း ... တော်ပါပြီကွာ၊ ဒီအကြောင်းတွေ ဆက်မပြောနဲ့တော့"

"အေးပါ ... မင်း နင်နေတယ် ဆိုရင်လည်း ပြီးတာပဲ။ တွဲကြည့်ကြမယ်လို့ ပြောပုံထောက်တော့ သူဟာ အတွေ့အကြုံရှိပြီးသားဆိုတာ အကဲခတ်လို့တော့ ရတယ် ...

သတိတော့ ထားပေါ့ကွာ၊ မင်းက သူ့ကို တကယ်ချစ်တဲ့ကောင်၊ သူက မင်းကို အပျော်တွဲရုံလေး ဆိုရင်တော့ မင်းအတွက် မကောင်းဘူးနော်။ အေး ... သူ့စကားနဲ့သူ ပြန်ချည်ပေါ့ကွာ၊ တွဲရင်းနဲ့မှ သူ့အခြေအနေကို အကဲခတ်လေ့လာပေါ့၊ ငါလည်း ဆက်ပြီးစုံစမ်းပေးပါမယ် ...

ကဲပါ ... အဲဒီလောက်လည်း ညစ်မနေပါနဲ့၊ အချိန်တန်တော့ သူ့အလိုလို ဖြစ်သွားမှာပါ၊ ကဲ ... ဒီနေ့ ဒီဝိုင်းကို ငါ ရှင်းမယ်နော် ...

ပျော်လိုက်တော့၊ ဟုတ်ပြီလား ယောက်ဖ"

ရာဇာက သူ့ပခုံးကို တစ်ချက်ဖက်ကာ ရယ်ရယ်မောမော ပြောသော်လည်း သူ့မှာ ခါတိုင်းလို မပြုံးမရယ်နိုင်ပါ။ သူမနဲ့ပတ်သက်သောသတင်းက သူ့အပြင် တခြားကောင်လေးတစ်ယောက်နဲ့ ဆိုရင်လည်း သူ ဒီလောက် feel ဖြစ်မှာ မဟုတ်။ အခုတော့ သူမရဲ့သိက္ခာတရားနဲ့ပါ ငြိနေသေးသည်။ သူ ဘယ်လိုမှ မခံစားနိုင်ပါ၊ ဘယ်လိုလုပ်ရမှန်းလဲ မသိ။ သူမကို အဲဒီလိုလည်း မဖြစ်စေချင်။

ရန်ကုန်ကို ကြီးပွားရာ တိုးတက်ကြောင်း အတွက် ရောက်လာခဲ့ပြီး ဦးတည်ချက် ပြောင်းသွားမှာမျိုး မလိုလားချေ။ တခြား ဘာစိတ် ညာစိတ်ထက် ကိုယ်ညီမလေးတစ်ယောက်ကို လမ်းမှားသို့ မရောက်စေချင်သော စိတ်ရင်းစေတနာကလည်း သူ့ရင်ထဲမှာ အပြည့်ရှိနေခဲ့သေးသည်။

♥ ✱ ♥







www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"အေးချမ်းသာသာယာယာရှိတဲ့ နေရာလေးတစ်ခုကို ခေါ်သွားမယ်ဆိုလို့ ဘယ်နေရာများ မှတ်တယ်၊ လက်စသတ်တော့ ကန်တော်ကြီးထဲကိုး"

သူမက သူ့ဘေးကနေ၍ ပြုံးပြုံးလေး မှတ်ချက်ချလိုက်လျှင် သူက အဲဒီပုံစံလေးကို အသာငဲ့ကြည့်ရင်းမှ သက်ပြင်းတစ်ချက် အသာရှိုက်မိသည်။ သူမကတော့ ဘာမှမသိပါ။ လန်းဆန်းလှပစွာဖြင့် သွက်သွက်လက်လက် ရှိနေသည်။ ပုံမှန်အားဖြင့် ဆိုရင်လည်း သူသည် သူမထက် အဆတစ်ရာလောက် တက်ကြွသွက်လက်နေမှာ ဖြစ်သည်။ အခုတော့ ဒံပေါက်နှင့် ဝက်သား ရောစားကာ ဒူးရင်းသီးတစ်လုံးလောက်ကို အချိုတည်းထားသူလို အီလည်လည်နှင့် မထွေးနိုင် မအန်နိုင် ဆိုးဆိုးရွားရွား ခံစားနေရသည်။





"တစ်ခုခု စားမလား ရတီ။ ဒီထဲမှာ ဆိုင်တော်တော်များများတော့ ရှိပါတယ်"

"ဗျူးကောင်းတဲ့ တစ်ဆိုင်ဆိုင်မှာ ကော်ဖီလေး ဘာလေးပဲ သောက်တာပေါ့"

သူက ခေါင်းတစ်ချက်ဆတ်ကာ ကားကို အတွင်းပိုင်းအထိ မောင်းလာခဲ့သည်။ ကန်စပ်နားမှာ တဲလေးတွေ ဆောက်ထားသော စားသောက်ဆိုင် တစ်ဆိုင်ရှေ့မှာပဲ ကားကို ထိုးရပ်လိုက်သည်။ သူမက စိမ်းလန်းသာယာသော ပတ်ဝန်းကျင်ကို နှစ်သက်စွာ ခံစားဟန်ဖြင့် ကားပေါ်မှဆင်းကာ မတ်တတ်ရပ် လက်ပိုက်လျက် ရပ်ကြည့်နေသည်။ အနီရဲရဲ လည်ထောင်လက်ပြတ်အင်္ကျီအကျပ်ကို အနီနှင့် အနက်၊ အဖြူရောင် အကွက်ကြီးကြီးများ ပါဝင်သော စကတ်အကားလေးနှင့် တွဲဖက်ဝတ်ဆင်ထားကာ ကြိုးသိုင်းဒေါက်မြင့်အနက်ရောင် စီးထားသော သူမပုံစံမှာ သပ်ရပ်စမတ်ကျပြီး ဆွဲဆောင်မှုအပြည့် ရှိနေသည်။

"ထိုင်လေ ရတီရဲ့"

ကပ်ပြောလိုက်သော သူ့အပြောကြောင့် သူမက ရပ်ကြည့်နေရာမှ အသာလှည့်ပြီး ပြုံးပြသည်။ ပြီးတော့ သူနဲ့အတူတူ ခုံမှာဝင်ထိုင်သည်။ အစားအသောက်ကိုတော့ ထွေထွေထူးထူး မမှာတော့ဘဲ ကော်ဖီတစ်ခွက်စီသာ မှာဖြစ်တော့သည်။ အင်းလေ ... ဒီထဲကို ရောက်လာကြတဲ့ သူတွေကလည်း အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်ကို အဓိကစားချင်လို့ ရောက်လာကြတာမှ မဟုတ်တာ။ ဒါဖြင့်ရင် ဘာကို အဓိကထားပြီး ရောက်လာကြတာလဲ။ (ဒါတွေကတော့ အတွဲတွေကို လိုက်ဖျူးကြည့်မှပဲ သိနိုင်ပေါမည်။)

သူက ကော်ဖီကို တစ်ငုံယူသောက်နေသော ရတီရဲ့ မျက်နှာလေးကို တစ်ချက် ငေးမောကြည့်မိသည်။ ဆံနွယ်အခွေအလိပ်တွေကို နောက်ဘက်မှာ ခပ်မြင့်မြင့်လေး ယူစည်းထားပြီး တချို့ဆံနွယ်လေးတွေက နားသယ်စပ်မှာ နဖူးပြင်ပေါ်မှာ ကပိုကရိုကျနေပုံသည် သူ့အတွက်တော့ ကဗျာတစ်ပုဒ်လိုပဲ ဖြစ်သည်။ ဒါပေမဲ့ အဲဒီကဗျာလေးကို ခံစားလိုက်တိုင်း သူ့ရင်ထဲမှာ နင့်နင့်သွားလေ့ ရှိပါသည်။

သူ ကြားသိရသော ကိစ္စတွေအတွက် သူမကို ဘယ်လိုကွေ့ရှောင်ကာ မေးရမှန်းမသိပါ။

ကန်ရေပြင်ကို အားချမ်းစွာ ငေးနေသည့် သူမမျက်နှာလေးကတော့ အင်ရှက်စရာ မရှိအောင် အဆင့်အတန်းတစ်ခုဖြင့် မြင့်မားခမ်းနားနေသည်။ အားလေ ... ပြောတဲ့လူတွေကလည်း ငွေကြေးကိစ္စတစ်ခုတည်းကို ဇန်းတင်ပြီး ပြောခဲ့တာမှ မဟုတ်တာ။ တစ်နေ့ကတင် သူ့အသိ အစ်မကြီးတစ်ယောက်က သူမတို့ကုမ္ပဏီရဲ့လက်အောက်ရှိ ရုံးတစ်ရုံးမှာ အလုပ်,လုပ်သူမို့ သူမအကြောင်းကို (သူ မေးသဖြင့်) ပြောပြသွားသေးသည်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဂရုစိုက်ကြသော ဘော့စ်နဲ့





စက္ကရီတေရီလေးတို့ရဲ့ သံယောဇဉ်ကို ဆွတ်ပျံ့ဖွယ်ရာ ကြားသိခဲ့ရပါသေးသည်။

"စစ်မှန် ... ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် ... ဘာမှ မစဉ်းစားပါဘူး"

"မစဉ်းစားဘူးရယ်သာ ပြောတယ်။ စစ်မှန်ကို ကြည့်ရတာ တစ်ခုခုကို အပြင်းအထန် စဉ်းစားနေတဲ့ပုံစံပါ ... ရတီ့ကို တစ်ခုခုပြောဖို့ စဉ်းစားနေတာလား"

ပါးနပ်သော သူမက အဲဒီလို မေးသည်။ သူသည် သူမမျက်နှာလေးကို နင့်သီးစွာ ငေးမောမိသည်။ အရာရာကို ပါးနပ်စွာ ထိုးထွင်းသိမြင်နိုင်သော ကောင်မလေးက အပြင်ဘက်မှာ ပွဲတင်နေသည့် စကားသံတွေကို ပြန်လည်မကြားဘူးတဲ့လား။ ပတ်ဝန်းကျင်က သူမကို ကြည့်လာသည့် မျက်ဝန်းတွေကိုရော ဘာသာ မပြန်တတ်ဘူးတဲ့လား။ သူမအတွက် သူ တကယ်ပဲ ရင်မောရပါသည်။

"အင်း ... ဆိုပါတော့။ ရတီက လူကဲခတ် တော်သားပဲ။ ဒါဖြင့်ရင် ရတီ့ကို ကိုယ် ဘာပြောမလဲ၊ နည်းနည်းလောက် မှန်းကြည့်ပါလား"

သူမက စတော်ဘယ်ရီရောင် နှုတ်ခမ်းများကို အရမ်းလှပစွာ ပြုံးသည်။ ပြီးတော့ ခေါင်းတစ်ချက်ဆတ်ကာ ...

"ကျွန်မကို အရမ်းလှတယ်လို့ ပြောမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ မဟုတ်သေးဘူး"

"ဟင် ... ဒါဖြင့်ရင်တော့ မသိတော့ဘူး"

"ရတီ့ကို တစ်ခုမေးမယ်။ အမှန်အတိုင်း ဖြေမှာလား"

သူမက မျက်လုံးများကို လှပစွာ ပင့်ချီလျက် မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပြီးတော့မှ ...

"မေးမယ့် မေးခွန်းကို ညာဖြေမယ်လို့ ထင်ထားလို့လား"

သူမက ဖြေတတ်လွန်းသဖြင့် သူက သူမကို သဘောကျစွာဖြင့် ပြုံးငေးပြီး ကြည့်မိသည်။ ပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မထင်ပါဘူး။ ဒါပေမဲ့ လိုလိုမယ်မယ် ထည့်မေးလိုက်တာပါ။ ရတီ အမှန်ကို ဖြေမယ်ဆိုတာ ကိုယ် သိပါတယ်"

သူမက မပြောတော့ဘူးဟူသော သဘောဖြင့် သူ့ကို ပြုံးထေ့ထေ့ပဲ စိုက်ကြည့်နေသည်။ အဲဒီကြည့်ပုံလေးက အလွန်အင်မတန်မှပဲ ချွဲမက်ဖို့ ကောင်းပါသည်။

"ရတီ့မှာ ချစ်သူရှိဖူးလားဟင်"

"ရှိဖူးလား ဆိုတော့ အတိတ်ကို ရည်ညွှန်းပြီး မေးတာပေါ့။ အခုတော့ မရှိဘူးလို့ ထင်နေတာပေါ့လေ"

သူမက ပြုံးစစလေး မေးဆတ်မေးတာ ဖြစ်သော်လည်း သူ့ရင်ထဲမှာတော့ ဆစ်ခနဲ ကျဉ်သွားသည်။ ဒါကို သူမကတော့ သတိထားမိဟန် မတူပါ။ သူမဘာသာ လွတ်လပ်စွာ ရယ်မောလျက်မှ ဆက်ပြောသည်။





"အခုမှ ဘာစိတ်ကူးပေါက်ပြီး လာမေးနေတာလဲ။ ဒါတွေ မေးဖို့ ခေါ်တာပေါ့လေ၊ ဟုတ်လား"

"အဲလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရတီနဲ့က ခုမှပဲ အေးအေးဆေးဆေး ဆုံဖြစ်တာ ဆိုတော့လေ။ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့အကြောင်းကို သိချင်ရုံသက်သက် မေးကြည့်တာပါ။ ရတီ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အချစ်က ပြောင်းလဲသွားစရာ အကြောင်းမရှိပါဘူး"

သူမက အံမယ် ဟူသော သဘောဖြင့် မျက်ခုံး တစ်ချက် ပင့်ပြသည်။ ကော်ဖီကို တစ်ငုံယူသောက်ရင်းမှ သူ့မေးခွန်းကို ဖြေပေးပါသည်။

"ရတီ တစ်ခါမှ မချစ်ဖူးသေးဘူး"

အဲဒီအဖြေစကားကြောင့် သူ့ရင်ထဲတွင် လွင့်ခနဲ ဖြစ်သွားပါသည်။ တစ်ပြိုင်နက်တည်း လိုလိုမှာပဲ ကြည်နူးခြင်းတစ်မျိုးက ရင်ထဲသို့ စိမ့်ဝင်ပြီးလာသည်။ ဘယ်သူမဆို ကိုယ်ချစ်သော မိန်းကလေးတစ်ယောက်ရဲ့ အချစ်ဦး အချစ်ဖျား ဖြစ်ချင်ကြသည်မှာ သူသူကိုယ်ကိုယ် ယောကျ်ားလေးတိုင်းပဲ ဖြစ်ပါမည်။

သူ အဲဒီစကားလေးကြောင့် အခြေအနေ အရပ်ရပ်ကိုတောင် မေ့လျော့သွားစွာဖြင့် သူမရှေ့သို့ ကုန်းကုန်းကိုင်းကိုင်း ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့်ရင် ကိုယ်သာ ကံကောင်းမယ်ဆိုရင် ရတီရဲ့အဦး ဆုံးချစ်သူတစ်ယောက် ဖြစ်လာမှာပေါ့နော်”

သူမက သူ့ကို မျက်စောင်းတစ်ချက် ခွယ်ကြည့် လျှင် သူ့ရင်တွေ ဝုန်းဒိုင်းကြဲသွားသည်။ သူမကတော့ ဘာမှပြန် မဖြေပါ။ နှုတ်ခမ်းလေးက လွန့်လွန့်လေးသာ ပြုံးနေ၏။ သူက အားမလို အားမရဖြစ်ကာ ထပ်မေးမိသည်။

“ရတီ ကိုယ် မေးတာ ဖြေဦးလေ”

“အေးပေါ့၊ ရှင့်ကို ကျွန်မ ချစ်မိသွားမယ် ဆိုရင်တော့ ရှင်က ကျွန်မရဲ့အချစ်ဦးတစ်ယောက် ဖြစ်ခွင့်ရမှာပေါ့”

“အဲဒါဆိုရင်လည်း မြန်မြန်ပြန်ချစ်တော့လေ ရတီရာ။ အချိန်တွေ ဘာတွေ ဆွဲမနေပါနဲ့တော့”

“အချစ်ဆိုတာ မြန်မြန်ပြန်ချစ်လို့ ရလား”

မျက်လုံးလှန်ကြည့်ပြီး မေးပုံက အသည်းယားချင် စရာ။ အင်း အဲဒီလို အကြည့်မျိုးတွေနဲ့ သူမရဲ့ဘော့စ်ကိုရော ကြည့်တာပဲလား။ ဒါဆိုရင် ဟိုလူကြီးကရော ရင်မခုန်ဘူးတဲ့လား။ သူသည် အဲဒီအကြောင်းက ခေါင်းထဲရောက်လာလျှင်တော့ ရင် တွေက ပြန်ပူသွားလေ့ရှိသည်။ သူမကို အဲဒီအကြောင်း ဘယ်လို သွယ်ဝိုက်ပြီးမေးရင် ကောင်းမလဲ။ သူ့ဦးနှောက်သည် မရှိသော အကြံဉာဏ်ကို ထုတ်နေရသဖြင့် ဖျစ်ဖျစ်မြည်လျက် ရှိနေသည်။





နောက်မှ ပြန်သတိဝင်လာတာက အချစ်အကြောင်း ပြောနေရာကနေ မြန်မြန်ကြီး စကားလွှဲပစ်လို့ မရဟု စဉ်းစားမိ တာကြောင့် သူက အချစ်အကြောင်းကိုပဲ ပြန်ဆက်ဖို့ သတိဝင် သွားရပြန်သည်။

“မြန်မြန်ပြန်ချစ်လို့ ရတယ်တော့ မဟုတ်ဘူးပေါ့ ရတီရယ်။ ဒါပေမဲ့ ကိုယ်က ရတီ့အချစ်ကိုတော့ အမြန်ဆုံး ပြန်ပိုင် ဆိုင်ချင်တာပေါ့ ...

ရတီက သိပ်လှတော့ ကိုယ် စိတ်မချဘူးလေ”

“ဘာဆိုင်လဲ၊ သိပ်လှတဲ့ မိန်းမတွေက စိတ်ချချင်စရာ မကောင်းဘူးလို့ ဆိုလိုတာလား”

“အဲလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရတီ့ကို ပိုင်ပိုင်နိုင် နိုင် ပိုင်ဆိုင်ချင်တာပေါ့ကွာ”

“ရည်းစားဖြစ်သွားရင် ပိုင်ပိုင်နိုင်နိုင် ဖြစ်သွားပြီလို့ ဆိုလို ချင်တာလား”

“အင်း ... ကိုယ့်ချစ်သူဆိုတဲ့ အသိက အား ... ပြောတတ် တော့ဘူးကွာ။ ဘာလဲ ... ရတီက ချစ်သူဆိုရင်လည်း ပိုင် ပိုင်နိုင်နိုင် မရှိဘူးလို့ ပြောချင်တာလား ...

လူတစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်သွားပြီ ဆိုရင် တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က ပိုင်ဆိုင်သွား တယ်လို့ ကိုယ်ကတော့ ထင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ရတီက အဲဒီအယူအဆကို လက်မခံဘူးလား"

"အတိုင်းအတာ တစ်ခုထိတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

"အတိုင်းအတာတစ်ခုထိတော့ ဖြစ်နိုင်တယ်ဆိုတော့ ခြွင်းချက်က ဘာများပါလိမ့်၊ ကိုယ့်ကို ရှင်းပြနိုင်မလား"

"အင်း ... ရတီ့ အထင်တော့ လူနှစ်ယောက်ချစ်တဲ့ကိစ္စမှာ ချစ်နေရုံနဲ့ ဆိုရင်တော့ သိပ်ပြဿနာမရှိပါဘူး။ အဆင်ပြေနေမှာပေါ့။ တစ်ယောက်နဲ့တစ်ယောက်က လိုတာထက် ပိုင်ဆိုင်ချင်လာပြီ သဘောထားတွေ သိပ်မညီညွတ်ကြဘူးဆိုရင်တော့ အဲဒီအချစ်မှာ ရှော့ရှိလာမယ် ထင်တာပဲ ...

ဒီတစ်ယောက်က ဒါလုပ်ချင်တယ်၊ တစ်ယောက်က ဒါမလုပ်ချင်ဘူး၊ ဆန္ဒတွေ မညီညွတ်ကြရင် အချစ်ကပျော်စရာ မကောင်းတော့ဘူးလို့ ထင်တယ်"

ဒီလိုကြတော့လည်း သူမက အချစ်ကို ပျော်စရာကောင်းစေချင်သူ ဖြစ်နေပြန်သည်။

"ဒါဆိုရင် ရတီက ပျော်စရာကောင်းတဲ့ အချစ်ကို လိုချင်တာပေါ့၊ ဟုတ်လား"

"အင်းပေါ့"

သူမက ချိုနွဲ့နွဲ့လေးဖြေလျှင် သူသည် အဲဒီပုံစံလေးကို ဆွဲပြီးမွေ့ယမ်းချင်စိတ် ပေါက်သွားသည်။ သူမဟာ အချစ်ကိုပဲ မက်တာလား။ ဂုဏ်သိက္ခာနဲ့ လဲရမယ့် ငွေကြေးတွေကို မမက်





ဘူး မဟုတ်လား။ သူ့ရင်ထဲမှာ တကယ်ရှိနေသော မေးခွန်းတွေကို မေးလိုက်လျှင် သူမ ဘယ်လိုများ ပြန်ဖြေမလဲတော့ မသိပါ။

"ရတီ ... ကိုယ်ကလေ မင်းကို ပျော်အောင် ဖန်တီးပေးချင်တဲ့လူပါ။ ကိုယ့်အတွက်နဲ့ မင်း ပျော်ရွှင်စေရပါမယ် ရတီရယ်။ ကိုယ့်အချစ်ကို ယုံကြည်လိုက်စမ်းပါနော်"

"ဟင့်အင်း ... အဲဒီအယူအဆကိုလည်း ရတီ ရာနှုန်းပြည့် လက်မခံဘူး။ သူများက ဘယ်လောက်ပဲ ပျော်အောင်ဖန်တီးပေး ဖန်တီးပေး ကာယကံရှင်ကိုယ်၌က ကျေနပ်မှုရှိမှ ပျော်ရွှင်နိုင်တယ် ထင်တာပဲ ...

ကာယကံရှင်ကသာ အရေးအကြီးဆုံး ထင်တာပဲ"

"ဟုတ်ပါပြီ ရတီရယ်။ မင်းကို ကိုယ် နိုင်အောင်မပြောနိုင်တော့ပါဘူး။ ရတီတို့ မန္တလေးသူတွေက စကားပြောအရမ်းကောင်းတယ်နော် ...

ရတီ ဒီလောက် အပြောကောင်းနေတာ ရတီ့ဘော့စ်က ရတီ့ကို တော်တော်သဘောကျမှာပဲ"

"အံမယ် ... ရတီက အပြောသမား မဟုတ်ပါဘူးနော်။ အလုပ်သမားပါ။ အလုပ်နဲ့ပဲ သက်သေပြတာ"

"ရတီ့ဘော့စ်က ရတီ့ကို တော်တော် သဘောကျမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

သူမက သူ့ကို စူးခနဲ ကြည့်သည်။ သူက အကယ်ဒမီမင်းသားပမာ ရိုးသားစွာ ဘာမှမသိသယောင် ပြောလိုက်တာမို့ သူမကို ခပ်ရိုးရိုးပဲ ပြန်ကြည့်နေလိုက်သည်။ သူ့မျက်ဝန်းထဲသို့ ကြည့်နေသော သူမ မျက်လုံးတွေသည် သူ ဘာပြောချင်သလဲ ဟူသော အရိပ်ယောင်တွေကို ရှာဖွေနေသလိုပဲ ဖြစ်သည်။ သူမဟာ ထင်ထားတာထက် ပါးနပ်သော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

"စစ်မှန် စကားက တစ်မျိုးပဲ။ စစ်မှန် ဘာကို ဆိုလိုချင်တာလဲ"

သူသည် သက်ပြင်းတစ်ချက်ကို ခပ်သွက်သွက်ပဲ ချလိုက်သည်။

သူ့ရင်ထဲမှာ ဒီထက်ပိုပြီး မမျိုသိပ်နိုင်တော့ပါ။ သူမကိုလည်း ဆင်ခြင်စရာ ရှိတာတွေကို ဆင်ခြင်စေချင်ပါသည်။ ရန်ကုန်မြို့ကြီးသည် လေးဖြူရဲ့ အမဲလိုက်အံက သီချင်းထဲကလို မြို့ပြကြီး ဆိုပေမယ့် တောနက်ကြီးတစ်ခုဆိုတာ သူမ ရိပ်မိစေချင်သည်။

"ရတီ့ကို ငွေကြေးချမ်းသာသူတွေရဲ့ ဖြားယောင်းမှုအောက်မှာ သတိလက်လွတ် ကျဆုံးသွားမှာကို စိုးရိမ်တာပါ ရတီရယ် ..."





ဒီစကားက ကိုယ် ရတီ့ကို အထင်သေးလို့ ပြောတာမဟုတ်ပါဘူး။ ကိုယ့်ကို စိတ်ဆိုးဒေါသထွက်ချင်ရင်လည်း ထွက်ပါ ရတီ ...

ကိုယ့်ရင်ထဲမှာ တကယ်စိုးရိမ်နေလို့ ပြောနေတာပါ"

သူမက သူ့ကို စူးရှစွာ တစ်ချက်စိုက်ကြည့်သည်။ သူကတော့ အဲဒီအကြည့်တို့ကို ရှောင်လွှဲမသွားမိပါ။ သူ့ရင်ထဲမှာ တကယ်ရိုးသားစွာ တည်ရှိနေသူမို့ သူမကို ခပ်လွင်လွင့်ပဲ ကြည့်နေလိုက်သည်။ ခဏကြာတော့မှ သူမရဲ့နှုတ်ခမ်းတွေက တဖြည်းဖြည်းနှင့် ပြုံးလာခဲ့ပါသည်။

"ရှင့်စေတနာကို တကယ် နားလည်ပေးလိုက်လို့ စိတ်မဆိုးတော့တာနော်၊ မဟုတ်ရင် စိတ်ဆိုးပြီ"

"စိတ်ဆိုးလည်း ကိုယ်က ခံယူဖို့ အသင့်ပါပဲ ရတီရယ်။ ကိုယ့်ရင်ထဲမှာ မင်းအတွက် ကြီးမားတဲ့ စိုးရိမ်စိတ်တွေ ရှိနေတာပါ ...

ဘာပဲပြောပြော မင်းက ကိုယ့်ရှေ့မှာပဲ ရန်ကုန်ကို ရောက်လာတယ်။ အလုပ် လုပ်တယ်။ မင်းရဲ့ပြောင်းလဲဖြတ်သန်းပုံ အဆင့်ဆင့်ကို ကိုယ်က အနီးကပ်မြင်တွေ့နေရတဲ့သူ ဆိုတော့ မင်းဘဝ တိုးတက်မြင့်မားရင် ကိုယ်ဝမ်းသာရမှာပေါ့ ..."


www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆိုတာ လေးဖြူ ဆိုထားတဲ့ အမ်လိုက်အက သီချင်းထဲကလို မြို့ပြဆိုပေမယ့် တောနက်ကြီးတစ်ခုလိုပါပဲ ရတီရယ်။ ဒါလေးကို မင်း သတိရစေချင်တယ်"

"စစ်မှန် ... ရှင်ပြောနေတဲ့ ပုံစံက ကျွန်မကို တောက တက်လာတဲ့ မိန်းကလေးတစ်ယောက်လို ဖြစ်နေပြီနော်"

"ကိုယ်က အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ မင်းကို တကယ်စိုးရိမ်လို့ ပြောနေတာပါ ရတီရယ်။ ကိုယ် ဒီလောက် ပြောနေရင် မင်း နားလည်ပေးပါတော့"

"ကဲပါ နားလည်ပါပြီ။ ထပ်ပြောရရင် ကျွန်မ တကယ်ပဲ စိတ်တိုတော့မှာ။ ရှင် နားလည်အောင် တစ်ခုပြောရရင် ကျွန်မက ကိုယ့်ဘဝကိုယ် ဘယ်တော့မှ အနစ်မွှန်းခံမယ့် မိန်းကလေးမျိုး မဟုတ်ဘူး ဆိုတာပဲ။ ကျွန်မဘဝကို ဘယ်သူကမှ ဖျက်ဆီးလို့ မရဘူး ...

ကျွန်မ အောင်မြင်ချင်တယ်၊ တိုးတက်ချင်တယ်၊ ကြီးပွားချမ်းသာချင်တယ်၊ ဒါပေမဲ့ အဲဒါတွေအားလုံးဟာ ကျွန်မရဲ့ရပိုင်ခွင့်တွေစစ်မှ ကျွန်မလုပ်မယ့် အရာတွေပါ။ ကျွန်မဘဝနဲ့ စတေးပစ်ပြီးတော့မှ ရလောက်တဲ့အထိတော့ ကျွန်မ မမက်ဘူးလေ။ ဒါကိုတော့ ရှင် ကောင်းကောင်း သဘောပေါက်သင့်ပါတယ်"





သူမရဲ့အဆုံးသတ်စကားလေး အပြီးတွင် သူ့ရင်ထဲ၌ အေးခနဲ ဖြစ်သွားသည်။ ကန်ရေပြင်နှင့်အပြိုင် အေးချမ်းတည်ငြိမ်နေသော မျက်နှာလေးကို ကြည့်ကာ သူ့ရင်ထဲမှာလည်း ခိုင်မာသော ယုံကြည်ခြင်းတစ်ခု ဖြစ်ထွန်းလို့လာခဲ့သည်။ ဒီလောက် ပြောလျှင်လည်း သူက သဘောပေါက်ပြီဖြစ်သည်။ သူသည် ဒီတစ်ခါတော့ ကျေနပ်စွာဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ...

"ကိုယ် ယုံပါတယ် ရတီရယ်၊ မင်းရဲ့ကိုယ်ကျင့်တရားကိုရော မင်းကိုရော ကောင်းကောင်းကြီး ယုံကြည်ပါတယ်"

ပြုံးသွားသော သူမရဲ့နှုတ်ခမ်းလေးသည် ဒီကမ္ဘာပေါ်တွင်တော့ အလှဆုံးပဲ ဖြစ်ပါလိမ့်မည်။ သူသည် စားပွဲပေါ်တွင် တင်ထားသော သူမရဲ့လက်လေးတစ်ဖက်ကို ဝမ်းသာအားရဖြင့် အခုမှတွေ့သောလူလို လှုပ်ယမ်းနှုတ်ဆက်မိလျှင် သူမက ရယ်ဟဟဖြင့် ကြည့်နေသည်။ အဲဒီမျက်နှာထားလေးက ဘယ်လိုချစ်ဖို့ကောင်းမှန်း မသိပါ။

"ဒါဆိုရင် ကိုယ်တို့နှစ်ယောက်ကြားမှာ နားလည်မှုရှိတယ်ပေါ့နော်။ မင်းကလည်း ကိုယ့်စေတနာနဲ့ စိုးရိမ်ပူပင်မှုကို နားလည်တယ်။ ကိုယ်ကလည်း မင်းရဲ့စကားတွေကို နားလည်ပြီး မင်းကို ယုံကြည်သွားပြီဆိုတော့ ကိုယ်တို့နှစ်ယောက်ကြားမှာ ပျော်စရာကောင်းတဲ့ နားလည်မှုလေး ရသွားပြီပေါ့၊ ဟုတ်လား ရတီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးပြီး ခေါင်းညိတ်ပြသည်။ အဲဒီနေ့က သူ့ရင်ထဲမှာ တော်တော်ကြီးကို ပျော်ရွှင်နေခဲ့သည်။ သူမအချစ်ကို ရသလောက်နီးနီးကို ပျော်ရွှင်နေခဲ့လေသည်။ ညနေစောင်းသွားသော အခါ သူမနဲ့အတူတူ ကန်တော်ကြီးထဲတွင် လေညင်းခံရင်း လမ်းလျှောက်ကြသည်။ သူမ မျက်ဝန်းထဲတွင် သူ့အတွက် သံယောဇဉ် အရိပ်လေးတွေ ဖမ်းယူရရှိသောအခါ သိပ်မကြာသောအချိန်မှာ သူတို့ချစ်သူတွေ ဖြစ်သွားလိမ့်မည်ဟု အလိုလို သိနေခဲ့ပါသည်။

♥ ❋ ♥



# ( ၁၄ )

"ဒါက ဘာလဲ အန်ကယ်"

ရတီသည် ကိုယ့်ရှေ့မှာ ချထားသော သော့တွဲတစ်စုံကို မြင်လျက်သားနှင့် ဒါက ဘာလဲဟု ပါးစပ်က ရုတ်တရက် ယောင်၍ ထွက်သွားမိသေးသည်။ ဦးသီဟကတော့ ရတီ့ကို မရယ်မပြုံးပဲ အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ခပ်နက်နက်စိုက်ကြည့်ရင်းမှ ခေါင်းတစ်ချက် ဆတ်ကာ ...

"ဒါက ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင်တော့ အခန်းသော့တစ်စုံပေါ့။ အတိအကျ ပြောရရင် အင်းလျားကန်နားက သီရိသံလွင်ကွန်ဒိုမီနီယံကြီးရဲ့ ဆယ်လွှာက အခန်းတံခါးသော့ပေါ့ ...

အရင်တုန်းကတော့ ကိုယ့်ရဲ့ဝန်ထမ်းမိသားစု နေခဲ့တယ်။ အခု သူတို့က နယ်က Branch တစ်ခုကို ရွှေ့သွားရတော့ ပိတ်ထားရတဲ့ အခန်းပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ မင်းကို နေစေချင်တယ်"

"ရတီ အဆောင်မှာလည်း အဆင်ပြေပါတယ် အန်ကယ်"

"အဆောင်မှာ အဆင်ပြေတာ သိပါတယ်။ ဒါပေမဲ့ ကွန်ဒိုဆိုတဲ့ သဘောက သူ့ရဲ့လစဉ်စရိတ်တွေက သုံးလေးသောင်းလောက် ကျတာရှိတယ် ရတီဝတ်မှုရဲ့။ လုံခြုံရေးစရိတ်၊ သန့်ရှင်းရေးစရိတ်၊ တခြား အထွေထွေစရိတ်စတာတွေက အမြဲတမ်း လစဉ်ဆောင်နေရတာ။ ပြီးတော့ အိမ်ဆိုတာမျိုးက လူမနေတာကြာရင် ပျက်စီးတယ်။ အဲဒါကြောင့်ပါ ...

ကိုယ်က မင်းကို ကူညီတဲ့အနေနဲ့နေခိုင်းတာ မဟုတ်ပါဘူး။ မင်းက ကိုယ့်ကို ကူညီတဲ့အနေနဲ့ နေခိုင်းတာပါ"

ရတီသည် စကားပြောကောင်းသော ဦးသီဟရဲ့စကားကြောင့် အသာပြုံးမိသည်။ ဦးသီဟက ရတီရဲ့ပြုံးနေသော မျက်နှာလေးကို ငေးကာ ခေါင်းတစ်ချက်ညိတ် ...

"မင်းအတွက် တစ်ယောက်တည်း နေရမှာ အခက်အခဲရှိနေလို့လား ရတီ။ မနေရဲဘူးလား၊ အဲဒီမှာ လုံခြုံရေးကတော့ အရမ်းစိတ်ဝင်စားစရာကောင်းတဲ့ စိတ်ချမှုမျိုး ရှိပါတယ် ...

နိုင်ငံတကာ အဆင့်မီ လုံခြုံရေးနဲ့လေ။ တစ်ခါလောက် မင်း သွားအကဲခတ်ကြည့်ပေါ့၊ စိတ်ဝင်စားတယ်





ဆိုမှ လုပ်ပါ။ အဲဒီအခန်းထဲမှာ တခြား Facilities တွေကလည်း အပြည့်အစုံပါပဲ။ ဘာမှ မလိုအပ်ပါဘူး"

"ရတီ သိပါတယ် အန်ကယ်။ ရတီ ရုံးလာတိုင်း အဲဒီရှေ့က ဖြတ်ဖြတ်လာခဲ့တာပါ။ နေလို့ ထိုင်လို့ ကောင်းမယ်ဆိုတာလည်း ရတီ သိပါတယ်"

"အေး သိရင်လည်း ပြီးတာပဲလေ။ ဘယ်လိုလဲ နေဖို့စဉ်းစားလား"

"ရတီ စဉ်းစားပါရစေဦး အန်ကယ်။ ဟိုလေ ဒါက ဘယ်လိုသဘောမျိုးနဲ့မှ ပြောတာ မဟုတ်ပါဘူး။ အန်ကယ့်စေတနာကိုလည်း ရတီ နားလည်ပါတယ် ...

ဟို ... ဒါပေမဲ့"

"ကဲပါ ... မင်း ဘာပြောချင်တယ် ဆိုတာကို ကိုယ်သဘောပေါက်ပါတယ်။ ဒါပေမဲ့ အခြေအနေတစ်ခုကို ရိုးရိုးလေးပဲ တွေးပါ ရတီ ...

မင်း ကိုယ့်ဆီမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒီခုနစ်လအတွင်းမှာ မင်းကြောင့် ကိုယ် အကျိုးအမြတ်တွေ အများကြီး ရခဲ့ပါတယ်။ မင်းက ကိုယ့်ကို အကူအညီတွေ အများကြီး ပေးခဲ့တယ်။ ဒါတွေကို ကိုယ်က အသိအမှတ်ပြုတဲ့အနေနဲ့ ကိုယ်မှာလည်း အလဟဿဖြစ်နေတဲ့အတွက် မင်းကို ကြည့်တဲ့သဘောပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက်က ဘာမှမဟုတ်ပါဘူး ရတီ။ မင်း တစ်ယောက်တည်းနေဖို့ ခက်ခဲနေတယ် မနေရဲဘူး ဆိုရင်လည်း အဆောင်က ပါတနာတစ်ယောက်ယောက်ကို ခေါ်နေဖို့ ကိုယ် ခွင့်ပြုပါတယ်"

"ရပါတယ် အန်ကယ်၊ ရတီ တစ်ယောက်တည်းလည်း နေလို့ဖြစ်ပါတယ်"

"အိုကေ ... ဒါဆိုရင် မင်း အဆင်ပြေတဲ့နေ့ကို ပြောင်းပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်။ ကျေးဇူးတင်ပါတယ်"

"မလိုအပ်လှပါဘူး၊ မင်းကိုသာ ကိုယ်က ပြန်တင်ရမှာပါ။ ကဲ ... လုပ်စရာရှိတာ ဆက်လုပ်ပါ"

ရတီက ဦးသီဟကို ခေါင်းညွှတ် အရိုအသေပေးပြီးနောက် ကွန်ဒိုသော့ကို တင်းတင်းဆုပ်ကာ လှည့်ထွက်လာခဲ့သည်။ သူ ဘာရည်ရွယ်ချက်နဲ့ ပေးတယ်ဆိုတာတော့ ရတီမသိ။ ဒါပေမဲ့ မရိုးသားတဲ့ ရည်ရွယ်ချက်တော့ လုံးဝမရှိဘူးဆိုတာ ရတီ ရိပ်မိလေသည်။ ရတီ့ကိုကြည့်သော၊ ဆက်ဆံသော မျက်လုံးနှင့် အမူအရာများမှာ နွေးထွေးခြင်း တစ်မျိုးတည်းသာရှိလျက် ရတီတို့နှစ်ယောက်ကြားတွင် မမြင်ရသော သံယောဇဉ်ဆိုတာ တဖြည်းဖြည်း ဖွဲ့တည်လာပြီဟု ရတီ ရိပ်မိလာရပြီ ဖြစ်သည်။ ဒီအတွက်လည်း ရတီ့ ရင်ထဲမှာ ကြည်နူးခြင်းတို့က တစိမ့်စိမ့်။



ဒါပေမဲ့ ဒါဟာ နဂိုတည်းက ရတီ လိုချင်သောပုံစံမျိုး မဟုတ်ခဲ့ပါ။ ဦးသီဟရဲ့အနားသို့ ရတီ ရောက်လာခဲ့တာဟာ နွေးထွေးခြင်းတို့ကို ခံစားဖို့ ရောက်လာခဲ့တာ မဟုတ်ချေ။ နဂိုမူလက ဘာရည်ရွယ်ချက်ဖြင့် ရောက်လာခဲ့သည် ဆိုတာကို ရတီ ကိုယ်တိုင်လည်း အသိဆုံးပဲဖြစ်သည်။ ဒါပေမဲ့ အဲဒီရည်ရွယ်ချက်တွေ လွင့်ပါးချိန် မေတ္တာတရားနှင့် သံယောဇဉ်တို့ကို နားလည်စပြုချိန်မှာတော့ ဦးသီဟဘက်ကလည်း ရတီ့ကို စောင့်ရှောက်ခြင်းတွေ ပေးလာခဲ့ပြီ။

ဒီအတွက် ရတီသည် အသွားအပြန်ရှိသော မေတ္တာအကြောင်းကို နက်နက်ရှိုင်းရှိုင်းပဲ တွေးမိနေတော့သည်။

♥❋♥

www.burmeseclassic.com

စစ်မှန်သည့် ရတီတို့ အဆောင်ရှေ့မှာ ကားရပ်လိုက်ပြီးနောက် မဖိတ်အောင် သေချာထိန်းလာသော မုန့်ဟင်းခါးချိုင့်ကို မ,ကာ ကားပေါ်မှ ဆင်းလာခဲ့သည်။ ဒီနေ့ဟာ သူ့အဖေဆုံးတာ ငါးနှစ်ပြည့်သောနေ့မို့ အိမ်မှာ မုန့်ဟင်းခါးချက်ပြီး ဘုန်းကြီးတွေကို အရုဏ်ဆွမ်းကပ်တာဖြစ်သည်။ သူ့အမေရဲ့လက်ရာ မုန့်ဟင်းခါးက အင်မတန် ကောင်းတာမို့ မုန့်ဟင်းခါးကြိုက်သော အညာသူလေးကို စားစေချင်လွန်း၍ စောစောစီးစီး လာပို့တာဖြစ်သည်။ ဒီနေ့ဟာ သူမ ရုံးပိတ်သော စနေနေ့ ဖြစ်တာကြောင့် ချစ်သောသူမကတော့ နိုးသေးမှာ မဟုတ်။ ရုံးပိတ်ရက်ဆိုလျှင် ဒီကလေးမဟာ ကိုးနာရီလောက်ထိ အေးအေးဆေးဆေး နှပ်တတ်မှန်း သူက သိပြီးသားဖြစ်သည်။

ဒါကြောင့် နိုးလာရင် အဆင်သင့်စားပါစေတော့ဟူသော စေတနာဖြင့် စတီးလ်ချိုင့်လေးမှာ စာခေါက်လေးညှပ်ထားပေးကာ သူမတို့အဆောင်စောင့်ကိုပဲ ပေးခဲ့တော့မည်ဟု





စိတ်ကူးရလျက် သူက အေးအေးဆေးဆေးပဲ လျှောက်လာခဲ့သည်။ သူမတို့ အဆောင်ရှေ့သို့ရောက်လျှင် ထုံးစံအတိုင်းပဲ အဆောင်စောင့် ဦးလေးကြီးကို သွားဖြဲပြရင်းမှ စတီးလ်ချိုင့်လေးကို ကမ်းပေးဖို့ ကြိုးစားသည်။

"ဦးလေး ... ရတီဝတ်မှုံအတွက် ဒါလေး ထားခဲ့မယ်နော်၊ ပေးပေးပါဦးခင်ဗျ"

"ရတီဝတ်မှုံ အဆောင်ပြောင်းသွားပြီကွ"

"ဗျာ ... ဘယ်ကိုပြောင်းသွားတာလဲ"

သူက အလွန်အမင်း အံ့ဩသွားရသော လေသံဖြင့် မေးလိုက်သည်။ တစ်နေ့ကတင် သူမစားဖို့ ညနေပိုင်းမှာ အမဲအူသုပ် လာပို့ပေးခဲ့သည်။ မနေ့က မနက်ကတောင် သူမထံ ဖုန်းဆက်ကြည့်သည်။ အဆောင်ပြောင်းမည့် ကိစ္စအတွက် သူမက ဘာမှမပြောခဲ့ပါ။ အခုချိန်မှာ သူနဲ့ သူမဟာ ချစ်သူတွေမဖြစ်ကြသေးဘူး ဆိုပေမယ့် တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ နားလည်မှုတွေနှင့် သံယောဇဉ်တွေ အတော်တန် ရှိနေပြီ ဆိုတာတော့ ကိုယ်စီ ကိုယ်စီ သိနေကြပြီဖြစ်သည်။

ဒီလို အဆောင်ပြောင်းသည့် ကိစ္စမှာ သူ မသိသေးဘူး ဆိုတာတော့ သူ့အတွက် တစ်ခုခု လွဲနေပြီဖြစ်သည်။ မုန့်ဟင်းခါးချိုင့်လေးကို ကိုင်ကာ ငုတ်တုတ်မေ့နေသလိုရှိသော သူ့ကို ဦးလေးကြီးက သနားသလို တစ်ချက်ကြည့်ကာ ...

"ကဲ ... ဘယ်လိုလုပ်မှာလဲ။ ဘယ်ကိုပြောင်းသွားတာလဲ ဆိုတာတော့ ငါလည်း မသိဘူး။ သူ့သူငယ်ချင်း တစ်ယောက်ယောက်ကို မေးကြည့်ပေါ့ ...

ခေါ်ပေးရမလား"

"ရပါတယ်၊ မခေါ်ပါနဲ့တော့၊ ဘယ်အချိန်က ပြောင်းသွားတာလဲ"

"မနေ့က ညနေက"

"ဩော် ... ဟုတ်ကဲ့။ ကျေးဇူးပဲ"

သူက မုန့်ဟင်းခါးချိုင့်ကို ပြန်ယူလာကာ ကားပေါ်တက်ပြီး ယောင်ချာချာ မောင်းထွက်လာခဲ့သည်။ ဘယ်ကိုမောင်းလို့ ဘာလုပ်ရမှန်းလဲ မသိ။ စိတ်ထဲမှာလည်း သူမအတွက် စိုးရိမ်စိတ်က အပြည့်ဖြစ်နေသည်။ သူမ ဘာများဖြစ်လို့ပါလဲ။ အလုပ်မှာ တစ်ခုခု အဆင်မပြေတာနဲ့ပဲ မန္တလေးများ ပြန်သွားတာလား။ ဒီလိုတော့လည်း မဟုတ်နိုင်ပါ။ သူမနဲ့ပတ်သက်၍ သူ့ဆီမှာ တစ်ခုတည်းသောကျန်ရှိရာ ဖုန်းနံပါတ်လေးကိုပဲ နှိပ်ခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။ အချိန်က မနက်ခင်း ခြောက်နာရီခွဲရှိပြီဖြစ်သော်လည်း သူမ အိပ်နေမှာကတော့ သေချာသည်။ ဒါပေမဲ့ မတတ်နိုင်တော့။

သူသည် မိုးအလင်းဖွင့်သော လက်ဖက်ရည်ဆိုင်က ဖုန်းဖြင့် သူမဆီကို ဆက်သွယ်လိုက်သည်။ ဖုန်းမြည်သံ တော်တော်





ကြာသော်လည်း သူမက မကိုင်သေးပါ။ သူကလည်း ခွဲမလျှော့။ နောက်တော့ သူမက အိပ်ချင်မူးတူးလေသံဖြင့် ဖုန်းကိုဖွင့်ထူးသည်။

"ရတီ ... ကိုယ်ပါ၊ မင်း အဆောင်ပြောင်းသွားပြီဆို၊ အခု ဘယ်မှာလဲ၊ ကိုယ် စိတ်ပူလိုက်ရတာ ရတီ"

စိတ်ပူလိုက်ရတာ ဆိုသော်လည်း သူမ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ဟူသော အသိကို ရသောကြောင့် သူ နည်းနည်းတော့ ရင်အေးသွားရတာ အမှန်ပင်။ သူမက အင်မတန်ကို အိပ်ချင်နေသော လေသံဖြင့် ပြန်ဖြေသည်။

"စိတ်မပူပါနဲ့၊ ကျွန်မ အိပ်ရေးမဝသေးလို့ ပြန်အိပ်ဦးမယ်၊ ဆောရီး ... နောက်မှ ပြန်ဆက်နော်"

"အေးပါ ... ဒါပေမဲ့ မင်း အဆောင်ပြောင်းသွားတာ ကိုယ့်ကို ဘာလို့ ကြိုမပြောတာလဲ။ ဖြူနန်းစားကြီးကွာ"

"ဟုတ်တယ်။ ဖြူနန်းစားကြီး ပြောင်းဖြစ်သွားတာ။ အေးပါ နောက်ကျမှ အေးဆေးရှင်းပြပါ့မယ်"

"အေးဆေးရှင်းပြလို့ မရဘူး။ အခုပဲ ရှင်းပြရမယ်။ မင်း ဘယ်မှာလဲပြော၊ မင်းရှိတဲ့နေရာကို ကိုယ် အခုလာခဲ့မယ် ...

မင်း အဆောင်ကို ကိုယ် အခုနကပဲ ရောက်ခဲ့တာ ရတီ။ ဒီနေ့ ကိုယ့်အဖေအတွက် ကုသိုလ်လုပ်တဲ့နေ့မို့ မုန့်ဟင်းခါးဆွမ်းကပ်တာ။ မင်းအတွက် စေတနာနဲ့ မုန့်

www.burmeseclassic.com

ဟင်းခါး လာပို့မှ မင်းက မရှိဘူးတဲ့။ ကိုယ် ရေလည်နင်တာပဲ ...

အဲဒီအကြွေးကို မင်း အခုပဲ ပြန်ဆပ်ရမယ်။ မင်းရှိတဲ့နေရာကို ပြော၊ မင်းအတွက် မုန့်ဟင်းခါး ကိုယ်လာပို့မယ်။ အဲဒါကို မင်း ကိုယ်တိုင်ထွက်ယူပြီး လက်ခံရမယ် ...

နောက်မှ မင်းဘာသာ ပြန်အိပ်ချင်အိပ်။ ဘယ်လိုလဲ မဟုတ်ရင်တော့ မင်းကို ကိုယ် ခွင့်မလွှတ်တော့ဘူး။ စိတ်ဆိုးတော့မှာ"

သူမက သူ့စကားတွေကို ငြိမ်သက်စွာ နားထောင်ပြီးနောက် နံနက်ခင်းနှင့် မလိုက်စွာ တဟားဟားပဲ အော်ရယ်လေသည်။ ပြီးတော့မှ ရယ်သံစဲသွားသော ရယ်လက်စလေသံဖြင့် ...

"အေးပါ ... အေးပါ။ ဒါဆိုရင်လည်း ပြီးတာပဲ။ အခုပဲ ကျွန်မရှိတဲ့နေရာကို ရှင့်မုန့်ဟင်းခါး လာပို့လှည့် ... ကျွန်မကိုယ်တိုင် ထွက်ယူမယ်"

"မင်းက ဘယ်မှာမို့လို့လဲ"

"ရှင် ရောက်နေတဲ့နေရာနဲ့ သိပ်မဝေးပါဘူး။ သီရိသံလွင် ကွန်ဒိုကို ကျွန်မ ပြောင်းသွားတာ။ Lift နဲ့ ဆယ်လွှာကို တက်ခဲ့လေ။ အခန်းနံပါတ်က (...) ...

ရောက်ရင် ဘဲလ်တီးလိုက် ...

"အင်း ... အဲဒီမှာ မင်းရှိနေတယ်ပေါ့"





"ဩော် ... မရှိနေဘဲ ခေါ်မလား။ အပိုတွေ မမေးစမ်းပါနဲ့ရှင်။ ကျွန်မကို အိပ်ရေးပျက်အောင် လုပ်တဲ့သူဆို ကျွန်မက သိပ်မုန်းတာနော် ...

ဒါပေမဲ့ ရှင့်ကိုတော့ Brakfast လာပို့တဲ့သူအဖြစ် ခွင့်လွှတ်လိုက်တာ"

"အေး ... ကိုယ်ကလည်း ကိုယ့်ကို သတင်းအမှောင်ချထားတဲ့သူအဖြစ် မင်းကို ခွင့်မလွှတ်ချင်ဘူး။ မင်း အဲဒီမှာ ရှိတာ သေချာတယ်နော်။ ကိုယ် တကယ်လာခဲ့မှာ"

"ရော် ... သဘောပဲ။ မယုံလည်း မလာနဲ့၊ ကျွန်မတော့ ပြန်နှပ်ပြီ။ ရောက်ရင် ဘဲလ်တီးလိုက်၊ ဒါပဲ"

သူမက စိတ်မရှည်စွာ ပြောပြီးနောက် ဖုန်းချသွားသည်။ သူသည် ဖုန်းခွက်ကို ယောင်ပြီးစိုက်ကြည့်နေပြီးမှ ကမန်းကတန်းချကာ သူမ ရွတ်ပြသော လိပ်စာကို ကမန်းကတန်းပဲ မမေ့အောင် ထပ်ရွတ်ကြည့်ရသည်။ အဲဒီ ကွန်ဒိုကြီးကို သူသိပါသည်။ ကွန်ဒိုမှန်လျှင် တော်ရုံတန်ရုံ ပိုက်ဆံရှိမှ နေနိုင်တာဖြစ်သော်လည်း အဲဒီ ကွန်ဒိုကြီးကတော့ တော်ရုံအနားမကပ်နိုင်သော ကွန်ဒိုကြီးဖြစ်သည်။ အင်းလျားကန်ပေါင်နှင့်နီးကာ အပြင်ခန်းက ကြည့်ရုံနှင့် လုပအဆင့်မြင့်သော ဤကွန်ဒိုကြီးပေါ်ကို နေ့ချင်း ညချင်းဖြင့် သူမက ဘယ်လိုလုပ် ရောက်သွားရတာပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲတွင် တစ်စုံတစ်ရာကို ချက်ချင်းပဲ တွေးမိကာ ပူလောင်လာသည်။ ဒါကလွဲလို့ တခြားဘာဖြစ်နိုင်မှာတဲ့လဲ။ သူသည် ခေါင်းတွေကို ခပ်သွက်သွက်ပဲ ခါယမ်းကာ သူမပြောသော ကွန်ဒိုကြီးဆီသို့ ကားကို ခပ်မြန်မြန်ပဲ မောင်းလာခဲ့၏။ နံနက်စောစောမို့ ကားရှင်းနေသဖြင့် ခဏတွင်းမှာပဲ ရောက်ရှိလို့ သွားလေသည်။ လုံခြုံရေးတင်းကျပ်သော ကွန်ဒိုဝင်းထဲသို့ ဝင်ဖို့တောင် စစ်ဆေးရေးဂိတ်မှာ အင်တာဗျူးဝင်ပြီးမှ အထဲသို့ရောက်ရသည်။ အထဲသို့ ရောက်တော့လည်း Taxi ကား နံပါတ်အနီနှင့် မောင်းဝင်လာသောသူ့ကို ဓာတ်လှေကားမတက်ခင် လုံခြုံရေးက ထပ်၍ အရစ်တက်သေးသည်။ ဓာတ်လှေကားထဲ ရောက်သောအခါ သူ တော်တော်ဒေါသထွက်နေခဲ့ပြီ။

ဒါကြောင့် သူမရဲ့အခန်းတံခါးကို ဘဲလ်နှိပ်တာတောင် အားနဲ့ ဒေါသပါပါဆောင့်၍ နှိပ်မိသည်။ ဒါတောင် သူမက ချက်ချင်းလာဖွင့်မပေး။ သုံးလေးချက် နှိပ်ပြီးတော့မှ အခန်းတံခါးကို အသာဟကြည့်သည်။ သူမှန်းသိတော့မှ အခန်းတံခါးကို ဖွင့်ပေးလေသည်။ ကာတွန်းရုပ် ညဝတ်အင်္ကျီ၊ ဆံပင်ကပိုကရို နှင့် အိပ်ရာထစ သူမရဲ့ပကတိအလှသည် သူ့ဒေါသတွေကို ခေတ္တခဏ မေ့လျော့သွားအောင် ဖမ်းစားသွားသည်။ သူမက သော့ဖွင့်ရင်းမှ ရယ်သွမ်းသွေးဆိုသည်။

"ဆောရီး ... ကျွန်မ ပြန်အိပ်ပျော်သွားလို့"





"ကိုယ် အိမ်ထဲဝင်ရမှာလား ရတီ၊ မင်း တစ်ယောက်တည်းလား"

"ကျွန်မ တစ်ယောက်တည်းပါ။ ရှင် အိမ်ထဲကိုဝင်ချင်နေတယ် မဟုတ်လား။ ဝင်တာက ဝင်လို့ရပါတယ်။ ကျွန်မ မျက်နှာသစ်တာကိုတော့ ခဏစောင့်ရမယ်၊ ဘယ်လိုလဲ၊ သဘောတူရင်ဝင်"

မေးပုံက ခပ်နာနာလေး ရိုက်ပစ်ချင်စရာ။ သူသည် သူမကို ဘာမှမပြောတော့ဘဲ ခပ်နက်နက်လေးပဲ တစ်ချက်စိုက်ကြည့်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ စားပွဲပေါ်မှာ တင်ထားသော စတီးလ်ချိုင့်ကို သူမကယူကာ နောက်ထဲသို့ ဝင်သွားသည်။ သူသည် လည်သာဆိုဖာ အနက်ရောင်ပေါ်မှာ ဝင်ထိုင်ရင်းမှ အခန်းတွင်းသို့ လှည့်လည်အကဲခတ်မိသည်။ ရှင်းလင်းသော ဒက်ကရေးရှင်း ပြင်ဆင်မှုနှင့် လူဦးရေများများစားစား မရှိသောကြောင့် အိမ်တွင်းမှာက သပ်ရပ်သန့်ရှင်းကာ အေးစိမ့်မွှေးပျံ့နေသည်။

ဘာပဲပြောပြော ခမ်းနားသော အဆောင်အယောင်တစ်ခုမို့ သူမအတွက် သူ ရင်မောရပါသည်။ သူ ရင်မောနေတုန်းမှာပဲ သူမက ကြွေမတ်ခွက်ကြီးတစ်ခုဖြင့် ကော်ဖီဖျော်လာကာ သူ့ရှေ့သို့ ချပေးသည်။ မျက်နှာသစ်ပြီးကာစ ရေဓာတ်ကြွယ်ဝနေသော မျက်နှာလေးသည် လန်းဆန်းစွာ တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပါဦး၊ ရှင်က ဒီအိမ်ကိုရောက်လာတဲ့ ပထမဆုံး ဧည့်သည်ပဲ"

"အင်း ... ကိုယ်လေ မင်းကိုယ်တိုင် ဖျော်တိုက်မယ့် ကော်ဖီကို သောက်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးဘူး"

"ဟုတ်လား၊ မမျှော်လင့်ထားတဲ့ ပျော်ရွှင်မှုက ပိုပြီးချိုမြိန်တယ်၊ ကဲ ... သောက်လေ"

"မင်းရော ... မုန့်မစားသေးဘူးလား"

"စားမှာပေါ့၊ ပြီးမှပဲ အေးအေးဆေးဆေးစားမယ်။ ရှင် ကျွန်မ ဒီကို ကောက်ခါငင်ခါကြီး ပြောင်းလာတာကို သိပ်သိချင်နေတယ် မဟုတ်လား ...

ဒါ ရုံးကပိုင်တဲ့အိမ်ပါ။ ကျွန်မရှေ့မှာ ဝန်ထမ်းမိသားစု နေခဲ့တယ်။ သူတို့ နယ်ပြောင်းသွားလို့ ကျွန်မက ခဏနေတဲ့ သဘောပဲ။ ပြောင်းခိုင်းနေတာ ကြာပါပြီ။ ကျွန်မက ရက်ရွှေ့နေတာနဲ့ ...

မနေ့က ညနေက ရုံးစောစောဆင်းတာနဲ့ ရုံးကားနဲ့ပဲ ပြောင်းလိုက်တာ။ ပစ္စည်းကလည်း သိပ်များများစားစား မရှိတော့ ခပ်မြန်မြန်ပဲ ပြောင်းရရွှေ့ရ လွယ်ကူသွားတာပေါ့ ...





ကျွန်မကိုယ် ကျွန်မတောင် အဲဒီမနက်ထိ ပြောင်းဖို့ စိတ်ကူးမရှိတာနဲ့ ရှင့်ကို မပြောဖြစ်တာပါ။ အဲ ... suprise နည်းနည်းလောက် လုပ်ချင်တာလည်း ပါတာပေါ့"

သူမက မျက်စချီပြီး ပြောလိုက်သောအခါ သူ ဘာမှမတတ်နိုင်ပါ။ အေးလေ ... သူမက သူ့ရဲ့ချစ်သူလည်းမဟုတ်၊ ချစ်ခွင့်ပန်ထားဆဲ မိန်းကလေးတစ်ယောက်ဖြစ်ကာ ဘယ်နေ့မှာ အဖြေပေးမယ် ဆိုတာတောင် အတိအကျ မသိသေး။ အခုမှတွဲကြည့်ရုံ သံယောဇဉ်အရိပ်အငွေ့တွေကို တွေ့ရရုံ ရှိသေးကာ ဒီလိုအချိန်မှာ သူ့အနေနဲ့ သူမကို ဘာမှစောဒကတက်ခွင့်တော့ မရှိသေးပါ။ ချစ်သူတွေ ဖြစ်လျှင်တောင် တားမြစ်ခွင့်မရှိဘူးဟု ထင်ပါသည်။

အခုချိန်မှာတော့ သူမ ဖျော်တိုက်သော ကော်ဖီတစ်ခွက်နဲ့ပဲ ကျေနပ်ရမည်လား။ သူသည် ဘာမှမတွေးတတ်တော့စွာနှင့် ရှေ့မှာချထားသော ကော်ဖီခွက်ကို ကောက်မော့လိုက်သည်။ ခါးဆိမ့်ဆိမ့် အရသာသည် သူ့လျှာဖျားမှတစ်ဆင့် အရသာရှိစွာ ဖြတ်စီးသွားသည်။ ကော်ဖီကတော့ လွယ်ကူမြန်ဆန်သည့် ကော်ဖီမစ်ကို ဖျော်လာတာပါပဲ။ ဒါပေမဲ့ သူမ ဖျော်တိုက်တဲ့ ကော်ဖီမို့ အရမ်းအရသာရှိသွားသည်။ ကြည့်စမ်း ... ဒီလိုသာ သူမဖျော်တိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကော်ဖီနဲ့ သူမကိုယ်တိုင် ပြင်ဆင်ပေးတဲ့ နံနက်စာကို နေ့တိုင်း လက်ခံခွင့်ရရင် သူ့ဘဝဟာ ဘယ်လောက်တောင်များ အဓိပ္ပာယ်ရှိမလဲ။

သူမဟာ သူ့ရဲ့အိမ်ရှင်မလေးဆိုလျှင် ... ? ? ...။

သူ့အတွေးထဲတွင် ပျော်ရွှင်စရာကောင်းသော နှစ်ကိုယ်တည်းကမ္ဘာကို မြင်ယောင်လာမိသည်။ ဒါပေမဲ့ သူ့ဘဝထဲကို သူမ ဝင်လာချင်ပါ့မလား။ သူဟာ သူမကို ကွန်ဒိုနဲ့လည်း မထားနိုင်။ ဟန်းဒ်ဖုန်းလည်း မပေးနိုင်။ သူမဝတ်ဆင်သုံးစွဲနေသော ပုံစံမျိုးနဲ့ သူရှာနေသော ဝင်ငွေနဲ့။ ချက်ချင်းပင် သူ့အတွေးတွေက အဝီစိငရဲထိ ထိုးကျသွားသည်။

"ရှင် ကျွန်မကို ရှေ့မှာထားပြီး ဘာတွေ တွေးနေတာလဲ"

သူမက သူ့စိတ်ထဲက အတွေးကိုများ ရိပ်မိနေသလားတော့ မပြောတတ်။ သူက ကော်ဖီကို တစ်ငုံ ငုံလိုက်ရင်းမှ ...

"သြော် ... ဒီမှာ ရတီ တစ်ယောက်တည်းနေတော့ ဖြစ်ပါ့မလားလို့။ တစ်ယောက်တည်း နေရဲလို့လား ရတီ။ စိတ်ချရပါ့မလား"

"တစ်ယောက်တည်း နေရဲပါတယ်။ လုံခြုံရေး စိတ်ချရလား မရဘူးလား ဆိုတာတော့ ရှင် အခုနက ဒီထဲကို ဘယ်လိုဝင်ခဲ့ရလဲ"





"ဟုတ်တော့ ဟုတ်ပါတယ်။ ကိုယ်ကတော့ မင်းကို အဆောင်မှာနေတာ ပိုကောင်းသလားလို့ပဲ ရတီရယ်။ ဒီမှာကျတော့ မင်း မပျင်းဘူးလား"

သူမက သူ့စကားကို ပခုံးကာစ်ချက်တွန့်ကာ ...

"ကျွန်မက တစ်ယောက်တည်း အေးအေးဆေးဆေး နေရတာ ပိုကြိုက်တော့ ဒီမှာက ပိုအဆင်ပြေပါတယ်။ ရုံးကပြန်ရောက်ရင် ခဏတဖြုတ်နားပြီး ကိုယ်စားချင်တာချက်စား၊ ပြီးရင် သီချင်းနားထောင် စာဖတ်၊ ဒါမှမဟုတ် TV ကြည့် ဒါနဲ့ အိပ်ရာဝင်ဖြစ်ရော။ ညပိုင်းလေးပဲ အေးအေးဆေးဆေး နားရတာဆိုတော့ ပျင်းတယ်ဆိုတာ ဘာမှန်းလဲ မသိတော့ပါဘူး"

အေးပေါ့။ ဒီလောက်တောင် လူ့အသုံးအဆောင်တွေ ပြည့်စုံနေတဲ့ နေရာမှာ နေရမှတော့ ပျင်းတယ်ဆိုတာ ဘာမှန်းလဲ သိတော့မှ မဟုတ်ပါဘူးဆိုတာ ဖြစ်တော့ ဖြစ်နိုင်ပါတယ်လေ။ သူက ဘာမှမပြောချင်တော့ဘဲ ကော်ဖီကိုသာ ကုန်အောင်မော့သောက်လိုက်မိသည်။ ပြီးတော့ ပြန်ဖို့သင့်ပြီဟု သဘောထားကာ ထိုင်ရာမှ ထရပ်လိုက်မိသည်။ သူမက သူ့ကို မော့ကြည့်ကာ ...

"ပြန်တော့မလို့လား"

"အင်းပေါ့၊ ပြန်တော့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... မုန့်ဟင်းခါးကို သတိတရနဲ့ လာပို့ပေးတာ ကျေးဇူးတင်ပါတယ်၊ ကောင်းကောင်းစားပါ့မယ်၊ ကောင်းမယ်ထင်ရတယ်။ ဟင်းရည်အနံ့က မွှေးနေတာပဲ"

"အင်းပေါ့။ မင်း ကြိုက်ရင် ကိုယ် ဝမ်းသာပါတယ်။ ဘာပဲဖြစ်ဖြစ် မင်းကို ကိုယ်က သတိရပါတယ် ရတီ။ မင်းလည်း တစ်ခုခုဆို ကိုယ့်ကို သတိရဖို့ မမေ့ပါနဲ့လား"

သူ့ရဲ့အဓိပ္ပာယ်ပါသော စကားကို သူမက နက်ရှိုင်းစွာ တစ်ချက်ကြည့်ပြီးနောက် ခေါင်းညိတ်ပြသည်။ အဲဒီနောက် သူ့ကို အပေါက်ဝထိ လိုက်ပို့ကာ နှုတ်ဆက်ပြုံးပြသည်။ သူသည် သူမကို စာစ်စုံတစ်ရာပြောဖို့ မေ့လျော့စွာဖြင့် ကျောခိုင်းထွက်ခွာလာခဲ့သည်။ ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲတွင် လေးလျက်ရှိသည်။ သူမကို သူ စိတ်မချနိုင်ပါ။

သူ့မျက်လုံးထဲတွင် အဝေးပြေးကားကွင်းထဲမှာ စတွေ့ခဲ့ဖူးသော သူမရဲ့ပုံသဏ္ဌာန်လေးကို မြင်ယောင်လာမိသည်။ ရိုးသားစွာ ရူးစမ်းချင်သော ပုံရိပ်လေး၊ အပြစ်ကင်းစင်သောပုံရိပ်လေးဟာ အခု သူ တွေ့နေသောပုံစံနဲ့ နည်းနည်းတော့ ခြားနားနေခဲ့ပြီဟု သူ ထင်သည်။ သူမဟာ တကယ်ပဲ မြို့ပြရဲ့အဆောင်အယောင်တွေကို မက်မောခဲ့ပြီလား။ အဲဒီ့အတွက် ပေးဆပ်ချင်ခဲ့ပြီလား။





လွန်ခဲ့သော တစ်ပတ်က သူမ ပြောခဲ့သော စကားတွေကို သူက ယုံစားပြီး ကျေနပ်နှစ်သိမ့်ခဲ့သည်။ ဒါပေမဲ့ အခု သူမက ဘော့စ်ရဲ့ကွန်ဒိုမှာ ရောက်နေခဲ့ပြီ။ သွေးမတော် သားမစပ်သော လုပ်ငန်းရှင်တစ်ယောက်က ဝန်ထမ်းမိန်းမပျိုလေးတစ်ယောက်ကို အချိန်တိုတွင်းမှာ လက်ကိုင်ဖုန်း၊ ကွန်ဒို ပေးထားတာတွေဟာ ရိုးသားမှုတစ်ခု၊ ထားပါတော့ ရိုးသားစွာ ချီးမြှောက်မှုတစ်ခုဟု ထင်ပါသလား။ သူမရဲ့ မျက်နှာလေးကတော့ မထင်ရက်စရာ ရိုးသားနေဆဲပါပင်။

ဟင်း ... ရင်မောရတယ် ရတီဝတ်မှုံရယ်။

♥ ❋ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

အေးစိမ့်နေသော အအေးဓာတ်က တဖြည်းဖြည်း ကျဲပါးပြီး အနွေးဓာတ်ရလာချိန်ဝယ် ရတီသည် အိပ်ရာမှ နိုးလာခဲ့သည်။ Air con ကို ရတီ ထမည့်အချိန်မှာ Auto ပိတ်ဖို့ လုပ်ထားသည်မို့ Air con ပိတ်သွားပြီး အနည်းငယ် ပူလာလျှင် ရတီ နိုးလာပြီဖြစ်သည်။ ရတီသည် အိပ်ရာမှထလျှင် လုပ်နေကျထုံးစံအတိုင်း ခုတင်ဘေးက စားပွဲပုလေးပေါ်ရှိ ရေဂျားထဲမှ ရေတစ်ခွက်ကို ဖန်ခွက်ထဲထည့်ကာ မှန်ချပ်များမှတစ်ဆင့် လှမ်းမြင်နေရသော အင်းလျားကန်ရှုခင်းကို ငေးမောနေကြဖြစ်သည်။ ဆယ်ထပ်အမြင့်မှ မြင်ရသော ရှုခင်းများကို ရတီ အင်မတန်ပဲ နှစ်သက်ပါသည်။

အမြင့်ကြီးကနေ အငေးကြီးကို လှမ်းကြည့်ရသော အရသာကို ဘယ်လိုကြိုက်မှန်းမသိ။ ဒါကြောင့်လည်း ဒီအခန်းမှာ





နေရတာကို ရတီ စိတ်ချမ်းသာသည်။ ရတီ စိတ်ချမ်းသာပေမယ့် တစ်ယောက်သောသူ စိတ်မချမ်းသာဘူး ဆိုတာကိုလည်း ရတီ သိသည်။ ဒါပေမဲ့လည်း အခြေအနေတွေဟာ သူ ထင်သလိုမဟုတ်ဘူးဆိုတာကို ရှင်းပြနိုင်ဖို့ အခြေအနေက မပေးသေးချေ။ ပြီးတော့ တစ်ဖက်သားရဲ့ ကိုယ့်အပေါ်မှာထားသော အစစ်အမှန်စိတ်ဓာတ်ကို စမ်းသပ်ချင်တာလည်း ရှိသေးသည်။

ရတီသည် လူကဲခတ် အဲဒီလောက် ညံ့ခဲ့သော မိန်းကလေးတစ်ယောက် မဟုတ်ခဲ့ပါ။ အချိန်တိုအတွင်းလေးမှာ ကိုယ့်ရဲ့ကြိုးစားမှုကြောင့် ဦးသိဟက အသိအမှတ်ပြုကာ အရေးပေး ဆက်ဆံခဲ့တာတွေကို ပတ်ဝန်းကျင်က ဘာတွေပြောလာကြပြီ ဆိုတာကိုလည်း သိသည်။ ချစ်မိခဲ့ပြီဖြစ်သော စစ်မှန် တစ်ယောက် ကိုယ့်ကို ဘယ်လိုထင်နေသလဲ ဆိုတာကိုလည်း ရတီ သိသည်။ ဒါပေမဲ့ ရတီသည် လူတွေအားလုံးကို suprise လုပ်ချင်သောသူ ဖြစ်သည်။ လူတွေ မထင်ထားသော ကိစ္စတွေကိုမှ suprise လုပ်ချင်တာ ဖြစ်သည်။ ထင်စရာ မကောင်းတာတွေကို လူတွေက ထင်ထားကြပြီး မထင်ရက်စရာတွေကနေ အံ့သြစရာဖြစ်လာတာကို ရတီက လိုချင်သည်။

အဲဒီအတွက်လည်း အချိန်ကာလတစ်ခုကို စောင့်ဆိုင်းခဲ့တာဖြစ်သည်။ အခုတော့ အဲဒီအချိန် ကျရောက်လာခဲ့ပြီဟု ထင်ပါသည်။ ရတီသည် မှန်ချပ်ကြီးတွေနားမှာ အတွေးလွင့်



www.burmeseclassic.com

www.burmeseclassic.com



မျှော်နေခြင်းကို ရပ်ဆိုင်းလိုက်ကာ ရုံးသွားဖို့ ပြင်ဆင်ရန် လုပ်ငန်းစသည်။ ရေချိုး အလှပြင်ပြီးသောအခါ ရတီသည် ခုတလော ဝတ်နေကျဖြစ်သည့် ဖဲသားအကျီ ကျောက်စိမ်းရောင်ကို မီးနီစကတ် အနက်ဖြင့် တွဲဖက်ဝတ်ဆင်လိုက်သည်။ လေ့ဒီရှူးအနက်ကိုစီးပြီး အိတ်ကို ကောက်လွယ်ပြီးသောအခါ ရုံးသွားဖို့ အဆင်သင့် ဖြစ်နေပြီ။ ကော်ပီ သောက်နေတုန်းမှာပဲ ကွန်ဒိုမှ တပ်ဆင်ထားသော ဖုန်းမြည်လာသည်။ ရတီက ကောက်ကိုင်လိုက်လျှင် ...

"ကျွန်တော် ကိုမျိုးပါ မရတီ။ ဆရာက ကားလွှတ်လိုက်လို့ မရတီကို လာကြိုတာပါ။ အောက်မှာ ရောက်နေပါပြီ"

ရတီက နှုတ်ခမ်းကို အသာကိုက်ကာ နှုတ်ဆိတ်သွားမိသည်။ ပြီးတော့မှ ကောင်းပါပြီဟု ပြောကာ ဖုန်းချလိုက်သည်။ ကားကြီးသည့်ကိစ္စနှင့် ပတ်သက်၍ ဦးသီဟက ရတီ့ကို ဘာမှပြော မထားပါ။ အရင်လို ရုံးဖယ်ရီမစီးတော့ဘဲ ရုံးသို့ Taxi နှင့်လာတတ်သော ရတီ့အတွက် အလိုက်သိစွာ စီစဉ်ပေးလိုက်တာပဲဖြစ်နိုင်ပါသည်။ ရတီသည် နံနက်စာ စားသောက်ပြီးသောအခါ ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကားပါကင်မှာ ရတီတို့ရုံးမှ ကိုမျိုးကို ကားနားမှာ အဆင်သင့်စောင့်နေတာကို တွေ့ရလေသည်။ ရတီ လျှောက်လာတာကို မြင်သောအခါ ကားတံခါးကို အဆင်သင့် ဖွင့်ပေးသည်။ ရတီသည် အေးစိမ့်စိမ့်





ကားပေါ်မှာ မန္တလေးအက်ဖမ်ကို နားဆင်ရင်း လမ်းဘေးဝဲယာကို ကြည့်ရှုလိုက်ပါလာသည်။

တစ်နေရာအရောက်မှာတော့ ကားက မီးပွိုင့်မိသွားလျှင် ရတီသည် ဘေးဘီဝဲယာကို ငဲ့စောင့်ကြည့်မိသည်။ အဲဒီအချိန်မှာပဲ ရတီ့ကို ငေးကြည့်နေသော မျက်ဝန်းတစ်စုံကို အမှတ်တမဲ့ တွေ့လိုက်ရတာဖြစ်သည်။ ရတီသည် ရုတ်တရက် တွေ့လိုက်ရသောအခါ ကိုယ်သည်လည်း ကြောင်ပြီး ကြည့်နေပြီးမှ သတိဝင်လာသောအခါ အယောင်ယောင် အမှားမှားဖြင့် ပြုံးပြပြီး လက်ပြမိသည်။

သူကတော့ ရတီ့ကို အစောကြီးတည်းက မြင်ထားဟန်ဖြင့် အေးအေးဆေးဆေးပဲ ခေါင်းညိတ်ပြုံးပြသည်။ သူ့ကားနောက်ခန်းမှာလည်း ပါဆင်ဂျာနှင့်ဖြစ်ကာ သူ့ပုံစံက ရတီ့ကိုတွေ့ရခြင်းအတွက် သိပ်လန်းဆန်းမနေ။ တစ်ခုခုအတွက် ကြေကွဲနာကျင်နေသော ပုံစံမျိုးဖြစ်သည်။

ရတီသည် အဲဒီအတွက် ခံစားနားလည်စွာဖြင့် သက်ပြင်းတစ်ချက် ရှိုက်မိသည်။ အဲဒီအချိန်မှာပဲ ပွိုင့်လွတ်သွားပြီမို့ ကားတွေက အပြိုင်အဆိုင် မောင်းထွက်ကြလျှင် ရတီတို့ကားနှင့် သူ့ကားမှာ တစ်လမ်းစီဖြစ်လို့ သွားကြသည်။ တစ်လမ်းစီဖြစ်သွားသော်လည်း သူ့ရဲ့ညှိုးရိပ်ဆင်သော ရုပ်သွင်သည် ရတီ့ရဲ့အာရုံတွင် ကပ်ငြိပြီး ပါလာသည်။ ဘာကြောင့်မှန်း မသိဘဲ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပုံစံသည် ရတီရဲ့စိတ်နှလုံးကိုလည်း ထိခိုက်စေနိုင်သည်။ သူ့ကို ရတီ ရင်ထဲမှာ နေရာတစ်ခု ပေးပြီးသားမို့လည်း ဒီလိုဖြစ်နေတာ ပွင်။

ရတီဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ချင်သော မိန်းကလေးတစ်ယောက်မို့ သူ့ကိုလည်း ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတာကို အထင်မသေးခဲ့ပါ။ သပ်ရပ်သန့်ရှင်းသော သူ့ရုပ်သွင်၊ ကြိုးစားရိုးသားသော ပုံစံလေးတွေနှင့် နွေးထွေးသော မျက်ဝန်းတွေကြောင့် တဖြည်းဖြည်း တွယ်တာလာခဲ့ရတာလည်း မှန်သည်။ အခုလို ပတ်ဝန်းကျင်က ဟိုဟိုဒီဒီ ပြောလာတာတွေအပေါ် ရတီ့ကို အထင်မလွဲဘဲ ဖျောင်းဖျပြောဆိုတတ်တာကိုလည်း ကြည်နူးသည်။

ဒါဟာလည်း သူ့အတွက် ရတီရဲ့ အချစ်တစ်ခုဆိုပါစို့။ အဲဒီအချစ်တစ်ခုအတွက် ရတီသည် ရုံးရောက်တဲ့အထိ လွင့်နေတုန်းပဲ ဖြစ်သည်။ ရတီ့အတွက် ကားကြိုလွှတ်ပေးသော ဦးသီဟကိုတောင် ကျေးဇူးတင်စကား ဆီး၍မပြောနိုင်။ ဦးသီဟကသာ ရတီ့ကို မေးရသည်။

"မနက်က ကားလွှတ်လိုက်တာ အဆင်ပြေရဲ့လား ရတီ"

"ပြေပါတယ် အန်ကယ်"

ရတီက ခပ်အေးအေးဖြေရင်း ဦးသီဟကို ငေးကြည့်လိုက်သည်။ ရတီ့ကို ငေးကြည့်သော ဦးသီဟရဲ့မျက်လုံးတွေက





လည်း နွေးထွေးလွန်းနေခဲ့သည်။ အဲဒီ နွေးထွေးသော မျက်လုံးတွေကနေတစ်ဆင့် ရတီ အားအင်တွေ ရခဲ့သည်။ ဒီအားအင်တွေနဲ့ပဲ ရတီရဲ့ခြေလှမ်းတွေ ရှေ့ဆက်တိုးရတော့မည်။

"အန်ကယ့်ကို ရတီ တစ်ခုလောက် ပြောချင်လို့ပါ"

"အင်း ... ပြောလေ၊ ဘာများလဲ"

"ရှေ့တစ်ပတ် ဆန်းဒေးဟာ ရတီ့ရဲ့မွေးနေ့ပါ အန်ကယ်"

"အင်း ... အဲဒီတော့ ..."

"အဲဒီနေ့ အန်ကယ်အားမယ့်အချိန်၊ ရတီ့အခန်းကို အန်ကယ့်ကို ဖိတ်ချင်လို့ပါ"

ရတီ့စကားကြောင့် ဦးသီဟက မျက်ခုံးတစ်ဖက်ပင့်သွားသည်။ အများကြီးလည်း အံ့သြသွားပုံလည်း ရပါသည်။

"အန်ကယ့်ကို ရတီ အနူးအညွတ် request လုပ်တာပါ အန်ကယ်။ အချိန်အများကြီးပေးဖို့ မလိုပါဘူး။ အန်ကယ် အဆင်ပြေသလိုပါ"

"မင်းအခန်းမှာ Birthday Party ကျင်းပမလို့လား"

"အဲဒီလို ပြောရင်လည်း ရပါတယ်။ ပြီးတော့ အန်ကယ်နဲ့လည်း အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"အဆန်းပါလား၊ အေးအေးဆေးဆေး စကားပြောလို့ရတဲ့ ရက်စတော့ရင့်တွေ အများကြီး ရှိပါတယ်။ အဲဒီအခန်းမှာမှ စကားပြောချင်တာက ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟရဲ့မျက်လုံးတွေက စူးစမ်းရိပ်တွေဖြင့် ပြည့်လာသည်။

ရတီ့ကို ကြည့်နေသော မျက်လုံးတွေမှာ အပြည့်အဝ အကဲခတ်ရိပ်တွေနဲ့ ဖြစ်သည်။

ရတီကလည်း အဲဒီ အကြည့်တွေကို မရှောင်လွှဲမိပါ။

ကိုယ်က ရိုးသားစွာ ရပ်တည်နေသူမို့ ရဲရဲဝံ့ဝံ့ပင် ပြန်ကြည့်နေလိုက်သည်။

"အဲဒီနေ့ကျရင် အန်ကယ် သိရပါလိမ့်မယ်။ အန်ကယ့်မှာလည်း အန်ကယ့်ရဲ့ဂုဏ်သိက္ခာရှိသလို ရတီ့မှာလည်း ရတီ့ရဲ့ဂုဏ်သိက္ခာ ရှိပါတယ် ...

တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တစ်ယောက်က အပြန်အလှန် လေးစားရင် ဘာမှစိုးရိမ်ကြောင့်ကြမှု ဖြစ်စရာ မလိုပါဘူး အန်ကယ်"

ဦးသီဟက ရတီရဲ့အပြောကို ငေးစိုက်နားထောင်ပြီးတော့မှ သူ့စတိုင်လ်အတိုင်း ပခုံးတစ်ဖက် တွန့်သည်။

"အေးလေ ... မင်းကို ကိုယ် ယုံပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ ထူးခြားမှုတစ်ခုခု ကြုံရတော့မယ်လို့ ခံစားနေရသလိုပဲ ...





မင်းက ကိုယ့်အတွက်တော့ ပဟေဠိတစ်ပုဒ်ပဲ ရတီ။ အဲဒီပဟေဠိကို ကိုယ် အမြဲဖော်နေခဲ့တာပဲ၊ ဒါပေမဲ့ ဖော်လို့ကို မရနိုင်ဘူး ...

ကိုယ့်စိတ်ထဲမှာ ထင်သလိုလို ဖြစ်နေတာ တစ်ခုက မင်းမွေးနေ့မှာ အဲဒီပဟေဠိကိုများ ဖော်နိုင်မလားလို့ပဲ ...

အဲဒီလို ထင်လို့လည်း မင်းရဲ့အခန်းကို ကိုယ်လာဖို့ ဆုံးဖြတ်ခဲ့တာပဲ"

"အဲဒီပဟေဠိက အန်ကယ် ဘယ်လိုဖော်ဖော် ရတီကဖော်ဖို့ ခွင့်မပေးရင် မဖော်နိုင်ပါဘူး"

"ဘယ်လို ! ... မင်း ဖော်ပေးမှ ဖော်နိုင်မယ်ပေါ့"

"ဟုတ်ပါတယ်"

ရတီရဲ့တည်ငြိမ်စွာ ပြန်ဖြေပုံကို ဦးသီဟက အံ့သြခြင်းဖြင့် ငေးကြည့်သည်။ ပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကောင်းပါပြီလေ ရတီ။ ကောင်းပါပြီ၊ မင်းဆီက တစ်ခုခုကို သိရတော့မယ်ဆိုတော့ ကိုယ်လည်း စိတ်ဝင်စားပါတယ် ...

အဲဒီတော့ လာမယ့်ဆန်းအေး ညနေငါးနာရီလောက် မင်းအခန်းကို ကိုယ် အရောက်လာခဲ့မယ်။ မင်းကို ယုံကြည်လို့ ကိုယ် အရောက်လာခဲ့မှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မင်းရဲ့သိက္ခာကို ယုံကြည်လို့ပါ။ မင်းဟာ မိကောင်းဖခင်သားသမီးတစ်ယောက်လို့ ကိုယ်ယုံကြည်ပါတယ် ရတီ"

ဦးသီဟရဲ့စကားက ရတီ့ကို အပိုင်ချည်လိုက်သလို ဖြစ်သည်။

ရတီသည် အဲဒီစကားကြောင့် မဲ့ပြုံးဆန်ဆန် ပြုံးမိသွားရသည်။

"ယုံကြည်ထားပါ အန်ကယ်။ ကျွန်မဟာ မိကောင်းဖခင်သားသမီးတစ်ယောက်ဆိုတာ အဲဒီနေ့ကျရင် အန်ကယ် ပိုသိသွားမှာပါ"

"အိုကေ ... အိုကေ ... စိတ်ဝင်စားစရာကောင်းတဲ့ အဲဒီကိစ္စကို အဲဒီနေ့ကျမှပဲ ဆက်ပြောကြတာပေါ့ ...

ကဲ ... ဒီနေ့ တစ်နေ့တာ ဘာတွေလုပ်ဖို့ ရှိလဲ။ schedules ကို ပြော ရတီ"

ဦးသီဟက စကားစကို ဖြတ်လိုက်လျှင် ရတီက ခေါင်းတစ်ချက်ဆတ်ကာ ဖိုင်တစ်ချပ်ကို ဆွဲယူပြီး ဒီနေ့အဖို့ ဆောင်ရွက်ဖွယ်ရာများကို ပြောပြလိုက်သည်။ ဦးသီဟရော ရတီရောသည် ခေါင်းစဉ်ထပ်ထားသော အလုပ်ကိစ္စကို နာမည်တပ်ပြောနေကြသော်လည်း နှစ်ဦးစလုံးရဲ့စိတ်တွေကတော့ လာမယ့် တနင်္ဂနွေနေ့ကို ရောက်နေခဲ့ကြသည်။





အထူးသဖြင့် ရတီရဲ့စိတ်တွေက ပို၍လှုပ်ရှားရင်ခုန်နေခဲ့သည်။ အဲဒီနေ့ကို စောင့်ခဲ့ရတာ ခုနစ်နှစ်တောင် ရှိခဲ့တယ်လေ။ ခုနစ်နှစ်ဆိုတဲ့ အချိန်ကာလဟာ တစ်ရက်ချင်း လက်ချိုးရေတွက်နေခဲ့သူအဖို့ ဘယ်လောက်တောင် ကြာခဲ့သလဲဆိုတာ စောင့်ဖူးသူတိုင်း သိကြမှာပါ။

♥ * ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

စစ်မှန်သည် မြို့ထဲသို့ ခရီးသည်တစ်ယောက် ပို့ပေးပြီးနောက် ပြန်ထွက်ဖို့ အပြုမှာပင် ရုံးတစ်ရုံးထဲမှ ချိုင့်လေးကိုင်ကာ အိတ်လေးလွယ်လျက် ထွက်လာသော သန္တာ့ကို တွေ့လိုက်ရသည်။ ဒါကြောင့် သူက ကားကို ဘီးလိမ့်ရုံမောင်းကာ လမ်းဘေးသို့ အသာကပ်လျက် ခေါင်းပြူပြီး ခေါ်လိုက်သည်။ သူ့ခေါ်သံကြောင့် သန္တာက ကားထဲသို့ ငုံ့ကြည့်ကာ သူ့ကို မြင်သွားသောအခါ ပြုံးရယ်နှုတ်ဆက်သည်။

"သန္တာ ပြန်မှာလား"

"အင်း ... ပြန်တော့မလို့။ ရုံးဆင်းလာပြီလေ"

"ဟုတ်လား ... ကိုယ်လည်း လှည်းတန်းဘက် ပြန်မှာမို့ တစ်ခါတည်း လိုက်ခဲ့လေ"

"ဪ ... ပြန်တော့မှာလား။ အားနာစရာကြီး"





"အားမနာပါနဲ့၊ ကိုယ်လည်း ကားသိမ်းတော့မှာ။ လာ ... လာ ... တက်၊ နောက်ကားတွေ ဟွန်းတီးနေပြီ"

သူ ပြောတော့မှပင် သန္တာက ကားရှေ့ခန်းထဲသို့ ကမန်းကတန်း တက်သည်။

သန္တာတက်ပြီးသောအခါ သူက ကားကို မောင်းထွက်လိုက်သည်။ သန္တာသည် အရင်တုန်းက ရတီနဲ့အတူတူ အခန်းချင်းကပ်ရပ်နေခဲ့သည် သူငယ်ချင်းဖြစ်သည်။ သူ့နဲ့ ရတီနဲ့ ကိုလည်း မိတ်ဆက်ပေးခဲ့သူ ဖြစ်သည်။ အခုလည်း ကားပေါ်တက်၍မှ မကြာသေး။ သန္တာကပဲ ရတီ့အကြောင်းကို စတင်ပြောလာသည်။

"ရတီနဲ့ရော တွေ့ဖြစ်လား ကိုစစ်မှန်။ အဲဆင်ရော ပြေရဲ့လားဟင်"

"အင်း ... တစ်ခါတစ်ရံတော့ တွေ့ဖြစ်ပါတယ်။ အဆင်ပြေလားဆိုတော့ ဒီလိုပါပဲ"

"ဒီလိုပါပဲ ဆိုတာက ဘယ်လိုပါပဲလဲ။ အဆင်မပြေဘူးလား။ သန္တာ သိသလောက်ကတော့ ရတီက ကိုစစ်မှန်ကို စိတ်ဝင်စားပါတယ်။ သူက တော်ရုံတန်ရုံ စကားထဲထည့်ပြောတာမျိုး မဟုတ်ဘူး"

ဒီစကားက သူ့နားထဲသို့ နားဝင်ချိုသော်လည်း ...င်ထဲသို့တော့ မအေးမြစေနိုင်တော့ပါ။ ရတီ တစ်ယောက် ဘာ...



www.burmeseclassic.com

www.burmeseclassic.com



တွေလုပ်ဖို့ စိတ်ကူးနေသလဲတော့မသိ။ သူ ကြားရသောသတင်းတွေကတော့ သိပ်မဟုတ်တော့ချေ။ ပတ်ဝန်းကျင်ကပဲ ချဲ့ကားပြောသလား၊ တကယ်ပဲလားတော့ မပြောတတ်။ လူ့သဘာဝတာကလည်း နည်းနည်းဆိုလျှင် များများချဲ့ကားပြောတတ်ကြ မို့ ချင့်ယုံရမှာဖြစ်သော်လည်း ဘော့စ်ပေးထားသော ကွန်ဒိုအခန်းမှာ တစ်ယောက်တည်း နေတယ်ဆိုသော အဖြစ်က သူ့ကို နင့်တော့ နင့်စေသည်။

သူ့မှာ တောင်းထားတဲ့ အဖြေကိုပဲ မရမကဆက်တောင်းပြီး အဖြေရတာနှင့် သူမလက်ကိုဆွဲကာ အဲဒီအခန်းထဲခေါ်ချလာရမည်လား၊ ဒါမှမဟုတ် ပတ်ဝန်းကျင်ရဲ့စကားကိုယုံစားကာ သူမအနားက ရှောင်ထွက်သွားရတော့မှာလား။ ဘာဆက်လုပ်ရမှန်းတောင် မသိတော့။ သူ့သူငယ်ချင်းတွေကတော့စောစောစီးစီး နောက်ဆုတ်တာက သူ့အတွက် အကောင်းဆုံးဖြစ်မည်ဟု အကြံပေးကြသည်။ ဒါပေမဲ့လည်း အသက်နှစ်ဆယ့်သုံးနှစ်မှ အချစ်ဆိုတာကို တိတိပပကြီး ခံစားသိရှိရသော သူဟာ သူမကို မထင်မှတ်အောင်ဘဲ စွဲလမ်းနေသေးသည်။

ဒီလို ဒီလိုဟု ကြားထားတာတောင် ကိုယ်တိုင်လည်း သံသယရှိချင်စရာ အဖြစ်တွေနဲ့ ကြုံနေရတာတောင် သူဟာ သူမကို အချစ်မပြယ်သေး။ မက်မောနေတုန်း • စွဲလမ်း မထင်နေတုန်း။





"မသိတော့ပါဘူး သန္တာရယ်၊ ကိုယ်လည်း စိတ်တွေတော်တော်လေနေတယ်၊ ဘာဆက်လုပ်ရမှန်း မသိဘူး"

သူ ဒီလောက်ပြောလိုက်လျှင် သန္တာလည်း သဘောပေါက်သွားပြီဖြစ်သည်။ သန္တာတို့လည်း မသိဘဲနေမှာမဟုတ်။ တစ်ယောက်နဲ့တစ်ယောက် ဘာသိနေကြတယ်ဆိုတာ နှစ်ဦးနှစ်ဖက် ရိပ်မိသွားပြီးမှတော့ သန္တာကလည်း နားလည်စွာနှင့် သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... သန္တာတို့လည်း ကြားတော့ ကြားပါတယ်။ ဒါပေမဲ့ အတိအကျကြီးတော့ မသိဘူး။ သူတို့ရုံးကလူတွေ ပြောတော့ ပြောနေကြတာပဲလေ ...

ဒါပေမဲ့ ရတီတို့ပုံစံကလည်း ထင်ရက်စရာ မရှိပါဘူး ကိုစစ်မှန်ရယ်"

ဟုတ်တယ်။ ကျွန်တော်လည်း အဲဒီလိုပါပဲ ဟူသောစကားကိုတော့ သူ့ရင်ထဲမှာပဲ ပြောဖြစ်တော့သည်။ နောက်တော့ သန္တာကပဲ စကားဆက်ပြောလာသည်။

"ရတီက အဆောင်မှာလည်း သူ့ဟာသူ အေးဆေးပဲ နေတတ်တယ်။ မန္တလေးမှာလည်း သူတို့က ပြည့်ပြည့်စုံစုံ ထဲကပါပဲ။ စားဝတ်နေရေးအတွက် ရန်ကုန်ကို သက်သက် အလုပ်လာလုပ်ရတဲ့ ပုံစံလည်း မရှိပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူသာ ဝါသနာပါလို့ ထိုင်မနေချင်လို့ အလုပ် လုပ်နေတဲ့ပုံစံပဲ။ ပညာတတ်ပြီး အထက်တန်းဆ တဲ့ပုံလည်း ပေါက်ပါတယ်။ ဒါပေမဲ့ ဒီလိုအသံတွေ ဘာ လို့ထွက်လာလဲတော့ သန္တာလည်း မပြောတတ်ဘူး –

သူနဲ့ သန္တာက ခင်ကြတယ် ဆိုပေမယ့် အဲဒီလို ကိစ္စကြီးတွေကို ဖြောင့်ဖြောင့်ပြောမေးဖို့ ကျတော့လည်း ...”

“ဟုတ်ပါတယ် သန္တာ။ ကိုယ် နားလည်ပါတယ်။ ကိုယ် လည်း ရိပ်ဖမ်းသံဖမ်းနဲ့ တဲ့တိုးကြီး မဟုတ်တောင် စောင်း ပါးရိပ်ခြည်တော့ ပြောဖူးပါတယ် ...

သူကလည်း သူ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ဦးဘည်ကာကွယ်ပြီး ပြောသွားတာပါပဲ။ ကိုယ်လည်း ကြည့်ခဲ့ပါတယ်။ ဒါပေမဲ့ အခု ကြားနေ ကြုံနေရတာ တွေကတော့ ကိုယ်လည်း ဘာမှကို နားမလည်နိုင်တော့ပါ ဘူးကွာ”

“သန္တာလည်း ဘယ်လိုကူညီရမှန်းတောင် မသိတော့ပါဘူး ကိုစစ်မှန်တယ်။ ကိုစစ်မှန်ကိုရော သူက အဖြေမပေးသေး ဘူးလား”

“ဟင့်အင်း”

“အင်း ... အဲဒါလည်း တစ်မျိုးတော့ စဉ်းစားစရာ ကိုစစ်မှန်ကို သူ စိတ်ဝင်စားပါတယ်”





ဒါတော့ သူလည်း သိတာပဲ။ ဘယ်မိန်းကလေးကမှ တော့ စိတ်မဝင်စားဘဲနဲ့ တွဲကြည့်မယ်ဟု ပြောမှာမဟုတ်။ ဒါပေမဲ့ ...။ အဲဒီဒါပေမဲ့တွေကပဲ ခက်နေတာ ဖြစ်တော့သည်။

“မပြောတတ်တော့ပါဘူးကွာ”

သန္တာသည်လည်း မပြောတတ်တော့သလိုဖြင့် ငြိမ် သက်သွားသည်။ အဲဒီနောက်မှာတော့ သူက သန္တာ့ကို အဆောင် ရှေ့ထိပဲ လိုက်ပို့ပေးလိုက်သည်။ သန္တာက နှုတ်ဆက်ပြီး ဆင်း သွားသောအခါ သူသည် သူမရှိခဲ့ဖူးသော အဆောင်လေးကို လွမ်းမောစိတ်ဖြင့် ကားကို မောင်းမထွက်သေးဘဲ ငေးမောနေမိ သေးသည်။ သူ့မျက်လုံးထဲတွင်လည်း မန္တလေးမှ ရောက်ကာစ သူမ တစ်ယောက် သူ့ကားကို ဈေးဆစ်ခဲ့ပုံ၊ ဒီအဆောင်ထိ သူ က ပထမဦးဆုံး ပို့ပေးခဲ့ပုံ၊ အဲဒီနောက် မကြာခဏ သူမနဲ့ဆုံတွေ့ ခဲ့ပုံ စတာတွေကို ရုပ်ရှင်ကြည့်သလို တရေးရေး ပြန်မြင်လို့လာ လေသည်။

အဲဒီနောက် သူမကို အလွန်အမင်း လွမ်းဆွတ်သတိ ရလာခဲ့သည်။ အဆုံးမရှိချစ်ခြင်းရဲ့အောက်မှာ သူမကို ဒီလို လူ ပြောသူပြော ဘဝမျိုးသို့လည်း အရောက်မခံနိုင်တော့ချေ။ ဒီလို ကြီး သွေးအေးစွာ ဓာတ်မှောကြီး ဖြစ်နေတာထက်စာလျှင် တစ် ခုခုကို ပြတ်ပြတ်သားသား ဖွင့်မေးပြီး ပေါက်ကွဲလိုက်တာက အခြေအနေတစ်ခုကို ပြောင်းလဲသွားလိမ့်မည်ဟု မျှော်လင့်ရသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါကြောင့် သူသည် ချက်ချင်းပဲ စိတ်ပြောင်းကာ ကားကို သူမရှိနေသော ကွန်ဒိုဘက်သို့ ပြန်လည်ဦးတည်လိုက်သည်။

အဲဒီနောက် သူ့ကားသည် သူမရဲ့ကွန်ဒိုရှိရာသို့ တစ်ဟုန်ထိုး ဦးတည်သွားနေခဲ့သည်။ ကွန်ဒိုဝင်းထဲသို့ ရောက်သွားလျှင်တော့ စုံစမ်းမေးမြန်း အရစ်တက်သူများကို ခပ်မာမာပဲ တုံ့ပြန်ကာ ကားပါကင်မှာ ကားကို တရကြမ်း ထိုးရပ်လိုက်သည်။ အဲဒီနောက် ကားပေါ်က ဆင်းချိန်မှာပဲ သူ့မျက်လုံးတွေဟာ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ ပြေးမြင်သည်။ ဦးသီဟ။

သူသည် တိုနေသော စိတ်တို့ကိုပင်လျှင် မေ့လျော့သွားကာ ဦးသီဟကို ကြောင်ပြီးငေးနေမိသည်။ ဦးသီဟကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ဟန် မတူပါ။ သူ့ဟာသူ အေးအေးဆေးဆေးပင် ပထမဆုံး လှေကားထစ်ကို စတင်တက်သည်။

သူသည် ပထမတော့ ကြောင်ငေးနေပြီးမှ နောက်ပိုင်းမှာတော့ နှလုံးသွေးတွေ တဒိတ်ဒိတ်ခုန်လာကာ ဦးသီဟရဲ့နောက်မှ အလျှင်အမြန် ပြေးလိုက်လာခဲ့သည်။ ဓာတ်လှေကားထဲသို့ဝင်ကာ ဓာတ်လှေကားတံခါးကို ပိတ်နေသော ဦးသီဟထံသို့ အလျှင်အမြန် ပြေးသွားမိသည်။ ကမန်းကတန်း ပြေးလိုက်လာသော သူ့ကို ဦးသီဟကတောင် စူးစမ်းကြည့်တာနှင့် ကြုံရလေသည်။ ဓာတ်လှေကားတံခါးက ပိတ်လို့သွားလျှင် ဦးသီဟက နံပါတ်(၁၀)ခလုတ်ကို နှိပ်လိုက်သည်။ သူ့ရင်ထဲတွင် အေးခနဲ





ဖြစ်သွားကာ ဦးသီဟရဲ့မျက်နှာကို အလန့်တကြား မော့ကြည့်မိသည်။ ဦးသီဟကတော့ သူ့ကို ကြည့်မနေတော့ပါ။ ခလုတ်နှိပ်ပြီးသောအခါ ဘောင်းဘီထဲသို့ လက်နှိုက်လျက် သူ့ဟာသူ စမတ်ကျစွာ မတ်တတ်ရပ်နေသည်။

သူသည် ဦးသီဟ ဆိုသူကို ရတီနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်သူဟူ၍ ခပ်ဝေးဝေးကသာ လှေလာအကဲခတ်ဖူးသော်လည်း ဒီလောက်ထိတော့ နီးနီးကပ်ကပ် မကြုံဖူးသေးချေ။ အသက်အရွယ်က လေးဆယ်ကျော်ဟုပဲ မှန်း၍ရမည့် အနေအထားဖြစ်ကာ အရပ်မြင့်မြင့် အသားဖြူဖြူဖြင့် ဖြောင့်မတ်သော ရုပ်သွင်ရှိကာ ကြည့်ကောင်းသောသူ ဖြစ်သည်။ လူမှုရေ ဖောက်ပြန်ချင်သူဟု ထင်ရက်စရာမရှိ။ ဒါပေမဲ့ လောကလည်း မထင်ရက်စရာတွေပဲ ဖြစ်ဖြစ်နေတတ်တာတော့ တကယ်ပဲ ခ[illegible] လှသည်။

အခုလည်းပဲ ဒီလူဟာ ရတီ တစ်ယောက်တည်း ရှိနေသော အခန်းကို ဘာလာလုပ်တာတဲ့လဲ။ ဒီအတွေးကို ဆင့်ပွားမတွေးမိအောင်ကို သူ့ရင်ထဲ၌ ပူလောင်လှုပ်ခတ်လျက်ရှိ၏။ ဒီလူ လာတာကို ရတီ သိသလား။ ဒါမှမဟုတ် ဒီလိုပဲ လာနေကြလား။ ဒီလို လာစရာ ဘာအကြောင်းရှိသလဲ။ လုပ်ငန်းရှင်ဘော့စ်တစ်ယောက်ဟာ သူ့ရဲ့စက္ကရီတေရီထံသို့ ရုံးပိတ်ရက်ညနေခင်းမှာတော့ အလည်သက်သက် ရောက်လာစရာ အကြောင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဒါဆို ဘာအကြောင်းလဲ။ သူသည် အဖြေမရှိသော အထူးသဖြင့် သူကိုယ်တိုင် မဖြေနိုင်သော မေးခွန်းပုစ္ဆာများကို ကိုယ့်ဟာကိုယ် အရူးလိုမေးရင်းမှ ဓာတ်လှေကားတံခါးက ဆယ်လွှာအရောက်တွင် တုံ့ခနဲ ပွင့်သွားသည်။

ဦးသီဟက ထွက်သွားသည်၊ သူသည် ဘာလုပ်ရမှန်းမသိခြင်းများစွာဖြင့် ဓာတ်လှေကားထဲ၌ ကျန်နေရစ်ခဲ့သည်။ ဓာတ်လှေကားတံခါးက ပြန်ပိတ်သွားပြီး သူက အထဲမှာကျန်ရစ်ခဲ့သည်။ ယောင်ယောင်ကန်းကန်းဖြင့် နှိပ်မိနှိပ်ရာ ခလုတ်တစ်ခုကို နှိပ်လိုက်လျှင် ဓာတ်လှေကားက အောက်ထပ်သို့ သူ့ကို ပြန်ခေါ်သွားသည်။ အောက်ထပ်သို့ ရောက်သောအခါ သူသည် ဓာတ်လှေကားဘယ်၊ ထွက်ပြီးနောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ဘာလုပ်လို့ လုပ်ရမှန်းမသိ။ အောက်ထပ်မှာရှိသော ထိုင်ခုံများမှာ ဝင်ထိုင်လိုက်၊ မတ်တတ်ပြန်ရပ်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေသော သူ့ကို လုံခြုံရေးဝန်ထမ်းက မသင်္ကာသလို လာမေးသေးသည်။ သူက စိတ်တိုတိုနှင့် ဘုပြောတော့မလိုဖြစ်ပြီးမှ ဆွဲထုတ်မှာစိုးသဖြင့် ပြေရာပြေကြောင်း ပြောကာ ခုံမှာပဲ ထိုင်ချလိုက်တော့သည်။ သူ ဘာဆက်လုပ်ရမလဲ။ ဦးသီဟဟာ သူမဆီကို လာတာ ဒါပထမဆုံးအကြိမ်လား။ ဒီလိုပဲ လာနေကြလား။ သူမအတွက် အန္တရာယ်ရှိလား။ သူ့ခေါင်းထဲတွင် ဟိုဟိုဒီဒီတွေးရင်း ယောက်ယက်ခတ်လာသည်။





နောက်ဆုံးတော့ သူ့လက်ဖဝါးနှစ်ဖက်ထဲတွင် မျက်နှာအပ်ရင်း ဘယ်လောက်ကြာအောင် ငြိမ်သက်နေမိသလဲတော့ မသိ။

သူ့ပခုံးကို တစ်စုံတစ်ယောက်က လာပုတ်၍ မော့ကြည့်လိုက်လျှင် လုံခြုံရေးဝန်ထမ်း ဖြစ်လို့နေသည်။ လုံခြုံရေးဝန်ထမ်းက သူ့ကို ခပ်တည်တည်ကြည့်ကာ ...

"ခင်ဗျား ဘယ်အခန်းကို သွားချင်တာလဲ၊ မေးတော့လည်း ရေရေရာရာမရှိဘူး၊ ခုလည်း ဒီမှာထိုင်နေတာ နာရီဝက်လောက်ရှိနေပြီ ...

စိတ်တော့မရှိနဲ့ဗျာ၊ ကျုပ်က ဒီကွန်ဒိုရဲ့လုံခြုံရေးအတွက် တာဝန်ယူထားရတာ၊ ကိစ္စအထွေထူးမရှိရင်လည်း ဒီမှာ ဆက်မနေနဲ့တော့ ...

ပြဿနာတစ်စုံတစ်ခု ဖြစ်ရင် ကျုပ်တို့ခေါင်းပေါ်လာမှာ"

သူက လူကို မသင်္ကာ မယုံသလိုဖြင့် လာပြီး နှုတ်လွှတ်နေသော လုံခြုံရေးဝန်ထမ်းကြောင့် ဒေါသတွေက အတုံးလိုက်အတစ်လိုက် ပေါက်ကွဲသွားရသည်။ ဒါကြောင့်လည်း ထိုင်နေရာမှ ဝုန်းခနဲထရပ်ကာ ...

"ဒီမှာ ကျုပ် မဟုတ်တာလုပ်ဖို့ လာတဲ့ကောင် မဟုတ်ဘူးဗျ၊ ကျုပ်ရည်းစားအခန်းကို လာတာ၊ ကျုပ်ရဲ့ရှေ့မှာအင်



www.burmeseclassic.com

www.burmeseclassic.com



တခြားယောကျ်ားတစ်ယောက်က သူ့အခန်းထဲကို ဝင်သွားလို့ သွေးပျက်နေတာ သိလား ...

နားလည်လား၊ ကျုပ် ဘာလုပ်ရမှာလဲ၊ လိုက်ဝင်ရမှာလား၊ ပြန်လှည့်ရမှာလား ခင်ဗျားပဲ ကြားထဲက စဉ်းစားကြည့်ဦး"

သူ့ရဲ့ပေါက်ကွဲနေသောပုံစံကြောင့် ထိုလူက ကြောင်တောင်တောင်ဖြစ်သွားကာ ပြီးတော့မှ ခပ်ဆတ်ဆတ်ဆိုသည်။

"ဒါဆိုလည်း လိုက်သွားပေါ့ဗျာ၊ ခင်ဗျား ယောကျ်ားမဟုတ်ဘူးလား"

အဲဒီအပြောက သူ့ရင်ခွင်ကို လင်းခနဲ ပွင့်သွားသည်။ သူက ဘာမှမပြောတော့ဘဲ ချာခနဲပဲ လှည့်ထွက်လာခဲ့သည်။ အဲဒီနောက် ဓာတ်လှေကားတံခါးကိုဖွင့်ကာ ဆယ်လွှာကို အပြေးတက်လာခဲ့သည်။ ဒီအချိန်မှာ သူ့ရင်ထဲ၌ ဘာမှမသိတော့။ ရတီ့ကိုချစ်တဲ့ အချစ်စိတ်ရယ်၊ စိုးရိမ်စိတ်ရယ် နောက် ဦးသီဟဆိုသော လူပုဂ္ဂိုလ်အပေါ်၌ ဒေါသစိတ်ရယ်သာ ရှိတော့သည်။ ရတီနေသော အခန်းရှေ့သို့ရောက်လျှင် တံခါးဝရှိဘဲလ်ကို ဆောင့်ကြီးအောင့်ကြီး ဖိနှိပ်ချပစ်လိုက်သည်။

ပထမတစ်ချက် တံခါးက ပွင့်မလာ။ နောက်ထပ်တစ်ချက်။ နောက်တစ်ခါမှာတော့ တံခါးက ဖျတ်ခနဲ ပွင့်လာသည်။ လာဖွင့်ပေးသူက သူ အမျှော်လင့်ကြီးမျှော်လင့်ခဲ့သည့် ရတီပဲဖြစ်



သည်။ ရတီသည် အနက်ရောင် ကိုယ်ကပ်ဂါဝန်လက်ပြတ်ကို ခွဲမက်စရာကောင်းအောင် ဝတ်ဆင်ထားကာ မျက်နှာမှာတော့ တစ်စုံတစ်ခုကို နင့်သီးသောခံစားချက်တွေဖြင့် မျက်ရည်လည်ရွဲဖြစ်လို့နေသည်။ ရတီ့ရဲ့ မျက်ရည်တွေကိုမြင်လျှင် သူ့တစ်ကိုယ်လုံး မှောင်မိုက်သလို ဖြစ်သွားကာ အခန်းထဲသို့ ဘယ်လိုရောက်သွားမှန်းတောင် မသိလိုက်။

ဦးသီဟက မှန်တံခါးချပ်တွေနားမှာ ရပ်ကာ ကမူးရှူးတိုးနှင့် ဒေါသတကြီးဝင်လာသော သူ့ကို အံ့သြမှင်သက်စွာ ကြောင်ငေးပြီးကြည့်သည်။ သူက မျက်ရည်တွေ ရွဲနစ်နေသော ရတီ့မျက်နှာကို ကြေကွဲစွာကြည့်ကာ ရတီ့လက်မောင်းကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လှုပ်ယမ်းမိသည်။

"ရတီ ... ဘာဖြစ်တာလဲဟင်၊ မင်း ဘာဖြစ်ထားတာလဲ၊ ကိုယ့်ကို ပြောစမ်း၊ မင်းကို ဒီလူကြီး ဘာလုပ်တာလဲ"

ရတီ့မျက်လုံးတွေက ထိတ်လန့်တကြား ပြူးကျယ်ဒိုင်းစက်သွားကာ ...

"အို ... မဟုတ်ဘူး၊ ဘာမှ မဟုတ်ပါဘူး၊ ရှင်က ဘယ်လိုလုပ်ပြီး ..."

"ကျွတ် ... ဒါတွေ မေးမနေစမ်းပါနဲ့၊ မင်း ဘာဖြစ်လို့ ငိုနေရတာလဲ၊ မင်းပုံစံက ဘာဖြစ်လို့ ဒီလောက် ထိခိုက်နာကျင်ကြေကွဲတဲ့ပုံ ပေါက်နေရတာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းတစ်ယောက်တည်းနေတဲ့ အခန်းကို ဒီလူကြီးက ဘာအကြောင်းကြောင့် ရောက်နေရတာလဲ ...

ဦးသီဟ ... ခင်ဗျား သူ့ကို ဘာလုပ်လိုက်တာလဲ၊ ဟင် ... ခင်ဗျား ... ခင်ဗျား ... ခင်ဗျား တော်တော်ပက်စက်ယုတ်မာတဲ့ သူပါလား"

သူက ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ သူ့ကို ကြောင်ငေးနေသည့် ဦးသီဟရဲ့လည်ပင်းကော်လာကို ဆောင့်ဆွဲလိုက်လျှင် ဦးသီဟက သတိဝင်လာကာ သူ့လက်ထဲမှ ဆောင့်ရုန်းထွက်သည်။ ရတီကအပြေးရောက်လာကာ သူ့လက်တွေကို ဆွဲယူလျက် ...

"လွှတ်လိုက်ပါ စစ်မှန်၊ ရှင် ဒီလို မလုပ်နဲ့"

"ကျွတ် ... ဖယ်စမ်း ရတီ၊ မင်းအတွက် ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းမသိဘူး မဟုတ်လား၊ မင်းကွာ အဖြာန်တန် ပြောထားရက်နဲ့"

"စစ်မှန် ... ရှင် ဘာတွေပြောတာလဲ၊ လွှတ်လိုက်ပါ"

"ဟော့ကောင် ... မင်း ဘယ်သူလဲ၊ ဘာတွေ ပြောနေတာလဲ၊ လွှတ်စမ်း ငါ့ကို၊ ရတီ ဒါ ဘယ်ကကောင်လဲ"

"ဩော် ... ကျုပ်က ဘယ်ကကောင်လဲ ဟုတ်လား၊ ရော့ ဒီလိုကောင်ပဲ၊ သူများသားသမီးကို နှမချင်းမစာနာတဲ့လူ"





သူက ဒေါသစိတ်ကြောင့် အသိတရားကင်းမဲ့စွာဖြင့် ဦးသီဟကို ဆွဲထိုးမိသွားလေသည်။ တစ်ပြိုင်နက်ထဲလိုလိုမှာပင် ရတီရဲ့ "မလုပ်နဲ့"ဟူသော အသံကျယ်ကြီး ဟိန်းထွက်လာသော်လည်း ဘယ်လိုမှ မမီတော့။ သူ့ကို ရတီက ဆောင့်တွန်းလိုက်သောကြောင့်သာ သူက ပြိုလဲမလို ဖြစ်သွားရသည်။ အဲဒီအတွက် ရတီ့ကိုပါ ဒေါသထွက်သွားရကာ စူးစူးဝါးဝါးကြည့်မိသည်။

"ရတီ ... မင်း ဘာလုပ်တာလဲ၊ မင်းကပါ အလိုတူ ..."

"တော်စမ်း၊ ရှင့်ပါးစပ်ကို ပိတ်ထား၊ ရှင်နဲ့ ဘာဆိုင်လို့ ရှင်က ရောက်လာရတာလဲ၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

ရတီရဲ့ စူးစူးဝါးဝါး အော်ဟစ်သံက အခန်းထဲတွင် ပျံ့လွင့်သွားသည်။ အဲဒီအော်သံ တူးတူးခါးခါးကြောင့် သူ့ရင်ထဲမှာလည်း တကယ်ကို အောင့်မျက်နှာကျင်သွားရပါသည်။

"ဩော် ... မင်းက ကိုယ့်ကို ခုတော့ ဒီလိုပြောပြီပေါ့၊ ဟုတ်လား ရတီ၊ နောက်ဆုံးတော့ မင်းလည်း ဒီထောင်ချောက်ထဲက မလွတ်နိုင်ခဲ့ဘူးပေါ့ ...

ကိုယ် မယုံခဲ့ဘူး ရတီ၊ ပတ်ဝန်းကျင်ရဲ့ စကားတွေကို ကိုယ် တကယ်မယုံခဲ့ဘူး၊ မင်းကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ မျက်စိမှိတ်ပြီး ယုံခဲ့တယ် ရတီ၊ ဒါပေမဲ့ ခုတော့ မင်းကိုယ်တိုင်ကပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

အဲဒီအသံကတော့ ရတီ့ရဲ့လက်ဝါးနှင့် သူ့ရဲ့ ဘယ်ဘက်ပါးကို ထိခတ်ပြီး ထွက်ပေါ်လာသည့် အသံကပဲဖြစ်သည်။ သူသည် အခြေအနေကို မယုံနိုင်စွာဖြင့် ရတီ့ကို ကြောင်ပြီး ငေးကြည့်နေမိသည်။ ရတီ့ကို ဝမ်းနည်းစွာ ငေးကြည့်မိသော်လည်း သူမ ပြန်ကြည့်သော အကြည့်တွေက မုန်တစ်ချပ်လို မွမွကြေကာ နေသည်။ ပြီးတော့ အက်ကွဲဆို့နင့်သော ရတီ့အသံက ထွက်ပေါ်လို့လာခဲ့သည်။

"ရှင့်အတွေးက ဒီတစ်ခုပဲရှိလား။ ဟင် ... ပြောစမ်းပါဦး။ လူတကာထင်တတ်တဲ့ ဒီလို ပေါ့သွမ်းသွမ်း အတွေးမျိုးမှာပဲ ရှိတတ်သလား ...

ဒါ ဘယ်သူမှတ်နေလဲ၊ ရှင်တို့ ထင်နေတာတွေ ဘာတစ်ခုမှ မဟုတ်ဘူး၊ ကျွန်မရဲ့အဖေရှင့်၊ အဖေ ... သိလား"

ဘာ ... ဟူသော သူ့ရဲ့ အာမေဍိတ်သံသည် စကားလုံးအနေနှင့် ထွက်မလာဘဲ နှုတ်ခမ်းဝမှာတင် ပျောက်ဆုံးသွားသည်။ သူ့ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားသလိုပင် ဦးသီဟကိုတစ်လှည့်၊ ရတီ့ကိုတစ်လှည့် အပြန်ပြန် အလှန်လှန်ကြည့်မိရင်းမှ သူ့အာရုံတွေ ဝေဝါးလာသည်။ ဘာတွေ ဖြစ်ကုန်ပြီတဲ့လဲ။





ရတီက အနီးရှိ ဆိုဖာတစ်ခုပေါ်သို့ အရုပ်ကြိုးပြတ်လဲသွားသည်။ "သမီး"ဟူသော ကြင်နာသံအပြည့်ဖြင့် ဦးသီဟရဲ့ အသံ။ ရတီ့ရဲ့ နာကျင်စွာ ငိုရှိုက်သံသဲ့သဲ့။

သူ ဘာဆက်လုပ်ရမှန်း မသိတော့။ အားလုံးဟာ မှန်တကျ မှားယွင်းခဲ့တာပဲ ဖြစ်တော့သည်။

♥ * ♥



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၇ )

"အေး ... တကယ်တမ်း ပြောရရင်တော့ မင်းကို ငါ
ဒီလောက်ထိ လူရာသွင်းပြီး ခေါ်ရှင်းပြဖို့ အစီအစဉ်မရှိဘူး
ဒါပေမဲ့ သေချာပြန်စဉ်းစားကြည့်လိုက်တော့ မင်းဟာ ငါ
သမီးအပေါ်မှာတော့ တကယ့်မေတ္တာစစ်နဲ့ ချစ်တဲ့သူ -
ငါ့သမီးကို ဖူးကိဆီးတဲ့သူဆိုရင် လူတောင်သတ်မ
သဘောမျိုးရှိတာမို့ အဲဒီစိတ်စေတနာကို အသိအမှတ်ပြု
မင်းကို ခေါ်တွေ့ရတာပဲ"

ဦးသီဟရဲ့ ပဏာမအပျိုး စကားသံအဆုံးတွ
သူက ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ တနင်္ဂနွေနေ
ဖြစ်ပွားခဲ့သော အဖြစ်အပျက်များ ပြီးဆုံးသွားပြီးနောက် အင်္ဂါ
မှာပဲ ဦးသီဟရဲ့ တပည့်တစ်ယောက်က သူ့အိမ်သို့လာ
သူ့ကို ဦးသီဟထံသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ဒီလို





တစ်သက်နဲ့တစ်ကိုယ် သူ ရောက်ဖို့ မမျှော်လင့်သော ဦးသီဟ၏
ရုံးခန်းထဲသို့ နားမလည် ပါးမလည်ဖြင့် ရောက်ရှိနေခဲ့ခြင်း ဖြစ်
လေသည်။

"တကယ်တော့ ရတီက ငါ့သမီး ဆိုတာကို အဲဒီနေ့ကျမှ
ငါကိုယ်တိုင်ပဲလည်း သိခဲ့ရတာပဲ ...

ရတီဝတ်မှုံဆိုတဲ့ သမီးတစ်ယောက် ငါ့ရင်သွေးတစ်
ယောက် ဒီကမ္ဘာလောကကြီးမှာ ရှိနေခဲ့တယ်ဆိုတာ ငါကိုယ်
တိုင်လည်း မသိခဲ့ဘူး၊ အရင်တုန်းက မန္တလေးအခြေစိုက်
လုပ်ငန်းတွေကြောင့် ငါက မန္တလေးကို မကြာခဏသွား
ရတယ်၊ အဲဒီမှာ ရတီ့အမေနဲ့ဆုံခဲ့ရတာပဲ၊ ငါ့မှာအိမ်ထောင်
ရှိတာကြောင့် ရှေ့ဆက်မတိုးဖြစ်ခဲ့ကြပေမယ့် မန္တလေး
ရောက်တိုင်း သူနဲ့ ဆုံဖြစ်ကြတာပေါ့ ...

နောက်တော့ ရတီ့အမေကလည်း ငါ့အိမ်ထောင်ကို
မပြိုကွဲစေချင်တာနဲ့ အေးဆေးပဲ လမ်းခွဲလိုက်ကြတော့တယ်၊
ဒါပေမဲ့ သူ့ဆီမှာ ငါ့ရင်သွေးလေး ရတီ ပါသွားမှန်း
လုံးဝ မသိခဲ့ဘူးလေ၊ သူကလည်း ပြောမပြခဲ့ဘူးကိုး ...

ဒီလိုနဲ့ပဲ အဆက်အသွယ် ပြတ်သွားခဲ့ကြတာ ရတီ
တစ်သက်ပေါ့၊ ရတီ အရွယ်ရောက်လာတဲ့ အခါမှာတော့
သူ့အဖေ ဘယ်သူလဲဆိုတာ သိပြီး ဒီအထိ ရောက်လာခဲ့
တော့တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူက ဒီအတိုင်း ဖွင့်ပြောပြီး ရိုးရိုးဝင်လာ
ထက် မထင်ထားတဲ့ပုံစံမျိုးနဲ့ ဝင်လာခဲ့တာလေ၊ အမေ
ယောက်အနေနဲ့ ဂရုတစိုက် ပြုစုအလိုက်သိခဲ့တာတွေ
ငါကိုယ်တိုင်လည်း ရိုးရိုးသားသားပဲ ခံစားခဲ့ပါတယ်
သွေးက စကားပြောတာပေါ့ကွာ ...

အဲဒီနေ့ကတော့ ရတီက သူ့ကို သမီးတစ်ယော
အဖြစ် အသိအမှတ်ပြုပေးဖို့ အားလုံးသိအောင်ပါ ကြေ
ပေးဖို့ တောင်းဆိုလို့ ...

ငါကလည်း အဲဒီလိုတော့ မဖြစ်နိုင်သေးဘူး
ပြောတာနဲ့ သူလည်း ဝမ်းနည်းပက်လက်ဖြစ်ပြီး
ပေါက်ကွဲနေတုန်း မင်း ရောက်လာခဲ့တာပဲ"

"နေပါဦး၊ ရတီက ဦးရဲ့သမီးအရင်း ဆိုတာကိုရော
လက်ခံလား"

"လက်ခံတာပေါ့ကွ၊ ငါဝတ်တဲ့ စိန်လက်စွပ်ကို သူ့အမေ
ဆီမှာ ငါ ပေးခဲ့တာပဲ၊ သူ ပြောလိုက်တဲ့အချိန်မှာ ငါ
သူ့အမေ၊ သူဟာ သူ့အမေနဲ့ ငါ ရခဲ့တဲ့သမီးဆိုတာ
ချက်မရှိ ငါ ယုံသွားပြီးသား ...

ငါ့အမွေကို လက်ခံမယ့် သမီးတစ်ယောက် ဆို
ငါ သွေးနဲ့ရင်းပြီး သိပြီးသားပါ"



BURMESE CLASSIC .com



"ဒါပေမဲ့ သူ့အတွက် ဦး ထည့်စဉ်းစားပေးသင့်ပါတယ်၊ ဦးသာ သူ့ကို သမီးအရင်းအဖြစ် မကြေငြာရင် လူတွေကြားထဲမှာ အသိအမှတ်မပြုပေးခဲ့ရင် အားလုံးကလည်း ..."

ဦးသီဟက သူ့စကားမဆုံးခင် လက်ကာပြသည်။

"အေး ... အစကတော့ ဒီကိစ္စက သိပ်မလွယ်ဘူး ထင်ခဲ့တာပဲ၊ ဒါပေမဲ့ အခု ငါ့မိန်းမလည်း တစ်ဆင့်စကား တစ်ဆင့်နားတွေနဲ့ ငါ့သမီးကို အထင်လွဲနေလို့ အခုတော့ ငါ့မိန်းမ သိသွားတဲ့အတွက် အားလုံးသိအောင် ရှင်းလင်းတော့မှာပါ ...

ရတီကိုလည်း ငါ့ရဲ့သမီးအရင်းဖြစ်ကြောင်း တရားဝင် ကြေငြာတော့မှာ"

"ဗျာ ... တကယ်လား၊ အဲ ... အဲဒါကို ရတီ သိလား"

"ရတီ မသိသေးပါဘူး၊ သူ ရုံးလည်း မလာဘူးလေ၊ ဟန်းဒ်ဖုန်းလည်း ပိတ်ထားတယ်၊ အဲဒါ မင်း သူ့ကို သတင်းကောင်းလေးပေးပြီး ငါ့ဆီကို ခေါ်လာခဲ့ပါ"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

သူက ကပျာကယာ ထရပ်လိုက်လျှင် ဦးသီဟက သူ့ကို တစ်ချက်စိုက်ကြည့်ကာ ...

"ဟေ့ကောင် ... မင်း ငါ့ကို လက်သီးတစ်ချက်ကျွေးထားတာ အဲဒီကိစ္စ မရှင်းရသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အဲဒီအတွက် ကျွန်တော် ကန်တော့ပြီး တောင်းပန်ရမလား ခင်ဗျာ"

"မလိုဘူး၊ ငါ့သမီးကိုသာ ငါ့ဆီရောက်အောင် ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

သူက ဦးသီဟရဲ့ ရုံးခန်းထဲမှ အင်မတန် လွတ်လပ်ပေါ့ပါးသော နှလုံးသားဖြင့် ပြေးထွက်လာခဲ့သည်။ သူ့ရင်ခွင်တစ်ခုလုံးသည် ဝမ်းသာစိတ်ဖြင့် တုန်ယင်လှိုက်ဖိုနေသည်။ ကားပေါ်ကိုတက်ပြီး ရတီရှိနေမည့် ကွန်ဒိုသို့ အလျင်အမြန် မောင်းလာခဲ့သည်။ ကွန်ဒိုဝင်းထဲသို့ ကားကို ချိုးကွေ့လိုက်ပြီးနောက် အပေါ်သို့ တက်ဖို့ပြင်လျှင် သူ့ကို မှတ်မိသိရှိကာ အော့ကြောလန်နေပြီဖြစ်သော လုံခြုံရေးဂိတ်စောင့်က အပြေးအလွှား ရောက်ရှိလာကာ ...

"ဟော့လူ ... ခင်ဗျား ဒီတစ်ခါလည်း ဆယ်လွှာက ဟိုကောင်မလေးဆီ လာတာပဲလား"

"ဗျာ ... ဟုတ်ကဲ့"

"အေး ... အဲဒီကောင်မလေး ခုနကတင်ပဲ အဝတ်သေတ္တာနဲ့ အဝေးပြေးကွင်းကို သွားပြီဗျ၊ မရှိတော့ဘူး"

"ဗျာ ... တကယ်လား၊ ဘယ် ... ဘယ်ကို သွားတာလဲ ခင်ဗျားကို တကယ်ပြောသွားတာလား"



"သြော် ... ဒီမှာနေတဲ့လူတွေနဲ့ ကျုပ်တို့နဲ့က ရင်းနှီးပြီး အမြဲတွေ့နေမြင်နေရတာ၊ သူ သေတ္တာဆွဲ ထွက်လာလို့ ကျုပ်ပဲ Taxi ငှားပေးလိုက်တာ ...

အောင်မင်္ဂလာအဝေးပြေးကွင်းကို သွားမှာတဲ့၊ မန္တလေးကို ပြန်မယ်ပြောတာပဲ"

"ဗျာ ... ဘယ် ... ဘယ်အချိန်ကလဲ ကြာပြီလား"

"လွန်ခဲ့တဲ့ နာရီဝက်လောက်ကပေါ့၊ ကားကတော့ လေးနာရီခွဲထွက်မယ့် Express ကားပဲ"

"ဟာဗျာ ... ကျွတ် ... ခုက္ခပါပဲ၊ ကျေးဇူးပဲဗျာ"

သူက စိတ်ပူပန်ခြင်းများစွာဖြင့် ကားကို ကမန်းကတန်းတက်ကာ မောင်းထွက်လာခဲ့သည်။ ကားက နာရီကိုကြည့်လိုက်လျှင် လေးနာရီကို ညွှန်ပြနေသည်။ သူမ စီးမယ့်ကားက လေးနာရီခွဲထွက်မှာတဲ့။ သူဟာ အဝေးပြေးကွင်းသို့ လေးနာရီခွဲ ရောက်အောင် နာရီဝက်နဲ့မောင်းရမည်။ အခုကိုပဲ ပြည်လမ်းပေါ် ရောက်နေပြီမို့ မီတော့မီနိုင်သေးသည်ဟု အားတင်းကာ ကားကို တရကြမ်း မောင်းလာခဲ့သည်။

ဟိုတစ်နေ့တည်းက ရတီ့ကို နောက်ဆုံးတွေ့ခဲ့ပြီး နောက်ထပ် ထပ်မတွေ့ရတော့သော သူ့နှလုံးသားသည် သူမအတွက် အပြင်းအထန် ခံစားပေးလျက်ရှိသည်။ ဖခင်ရင်းတစ်ယောက်ရဲ့ အနားမှာ လှို့ဝှက်စွာနေပြီး သံယောဇဉ်တွေတည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆောက်ကာ ဖခင်ရင်းခွင်၏ လက်ခံနိုင်ဖို့ ကြိုးစားမျိုးသိပ်နေခဲ့ရတဲ့ ရတီရဲ့ နှလုံးသားတွေ ဘယ်လောက်တောင် မင်ပန်းနေခဲ့မှာပါလိမ့်။

ဒါကို သူကလည်း....။

သူသည် ဆက်မတွေးရက်စွာဖြင့် ကားကိုသာ အမြန်ဆုံး သတိထားရင်း မီးပွိုင့်တွေကို ကပ်ကပ်ပြီး ဖြတ်လာခဲ့သည်။ နာရီလက်တံတွေကလည်း တရွေ့ရွေ့။ တဖြည်းဖြည်းနှင့် လေးနာရီခွဲတော့မည်။ နောက်ဆုံးတော့ လေးနာရီခွဲအတိမှာပင် သူက ကားကွင်းထဲသို့ ရောက်သွားတော့သည်။ အထဲရောက်တော့လည်း ကားတွေက လိုင်းမျိုးစုံမို့ သူမ ဘယ်ကားဂိတ်မှာလဲ ဆိုတာကို မသိရချေ။

နောက်ဆုံးတော့ သူမ လာတုန်းက စီးခဲ့ဖူးသည့် ရွှေမန္တလာကားဂိတ်ကိုသာ သတိတရ မောင်းလာခဲ့သည်။ ကားဂိတ်နားမှာ ကမူးကရူးထိုးရပ်ပြီး ဆင်းလိုက်လျှင် သူတောင် မေးစရာမလို။ ဂိတ်ကဝန်ထမ်းက ဆီးပြီးမေးသည်။

"ဘာလဲ အစ်ကို၊ မန္တလေးသွားမယ့်ကားလား"

"ဟုတ်တယ်၊ လေးနာရီခွဲထွက်မယ့်ကား ထွက်သွားပြီလား"

"ခြော် ... ခုလေးတင်ပဲ ထွက်သွားပြီ၊ ခုလေးတင်ပဲ ခုလေးတင်မှ ခုလေးတင် ကားဝင်းထဲကတောင် အပြင်ရောက်သေးမှာ မဟုတ်ဘူး"





"ဟာ ... ပြဿနာပဲ ဒါဆိုရင် လိုက်ဦးမှ"

သူက ကားပေါ် အမြန်တက်ကာ မောင်းထွက်လာ သည်။ သူက ကားသေးသေးနှင့် ခပ်သွက်သွက် မောင်းသည်မို့ ခဏတွင်းမှာပဲ အိပ့်ပုံမောင်းနေသော Expressကို ကားဝင်းအထွက် မှာပဲ မြင်လိုက်ရပြီ။ သူက ကားကြီးကို တွန်းသံပေးပြီး ရှေ့တ ကျော်တက်ကာ ရှေ့ကနေ ပိတ်ရပ်လိုက်သည်။ သူ ကားပေါ်က ဆင်းသောအခါ တစ်ဖက်ကားက စပါယ်ယာကလည်း ဆင်းလာ သည်။"

သူက အမောတကောဖြင့် မေးမိသည်။

"ဒီကားမှာ ရတီဝတ်မှုံဆိုတဲ့ မိန်းကလေးပါသလားဟင်"

"ခဏစောင့် မေးပေးမယ်"

စပါယ်ယာက ကားပေါ်ပြန်တက်သွားကာ အော်မေး နေစဉ် သူ့မှာတော့ ရင်တမမနှင့် စောင့်နေရသည်။ ခဏကြာ တော့ စပါယ်ယာက ပြန်ဆင်းလာကာ ...

"ပါတယ်"

"ဗျာ ... ကျွန်တော့်ကို ခေါ်ပေးပါ"

စပါယ်ယာက ခေါင်းကုတ်ပြီး ကားပေါ်ပြန်တက် သွားပြန်သည်။ ဒီတစ်ခါတော့ သူသည် စိတ်မထိန်းနိုင်တော့ဘဲ သူပါ ကားပေါ်သို့ လိုက်တက်မိတော့သည်။ အလယ်မှ



www.burmeseclassic.com

www.burmeseclassic.com



ခုံမှာ စပါယ်ယာကို စကားပြောနေသော ရတီသည် သူ တက်လာ[illegible]ကို မြင်သွားသည်။ သူသည် ရတီ့အနားသို့ အမောတကော ပြေးရောက်သွားကာ ...

"ရတီ ... ရတီ ဘယ်မှမသွားပါနဲ့၊ ကိုယ်နဲ့ ပြန်လိုက်ခဲ့ပါ"

"အို ... ဘာလို့ လိုက်ရမှာလဲ၊ ဘာမှ မဆိုင်ဘူး၊ ဒီမှာ ကားကို ဆက်ထွက်လို့ရတယ်၊ သူက ဘာမှမဟုတ်ဘူး"

"ဟာ ... ဘာလို့ ဘာမှ မဟုတ်ရမှာလဲ၊ ဒီမှာ သူ့အိတ်ကို ကားပေါ်က ချပေးပါ၊ သူက ကျွန်တော့်အမျိုးသမီးပါ၊ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားလို့ပါ"

"ဘာ ... ရှင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမှာ သူ ပြောနေတာတွေက အလကား၊ ရှင်တို့ ကားကို ဆက်ထွက်ပါ"

"မထွက်ပါနဲ့၊ အစ်ကို သူ့အိတ်ကို ချပေးပါ၊ ရတီ လာပါကွာ၊ အားလုံး အဆင်ပြေသွားပါပြီ၊ ကိုယ် အားလုံး ရှင်းပြပါ့မယ် ...

ရတီ စိတ်ချမ်းသာရတော့မှာပါ၊ နော် ... ရတီ လာပါကွာ"

သူက ချော့ချော့မော့မော့ ဖျောင်းဖျခေါ်နေတာကို စပါယ်ယာက မဲ့ရွဲ့ကြည့်ရှုကာ ...



"ကဲပါ ... ကဲပါ ... အားလုံး အဆင်ပြေသွားပြီတဲ့၊ စိတ်ချမ်းသာရတော့မှာပါတဲ့၊ လိုက်သွားတော့ ... လိုက်သွားတော့ ...

ကျွန်တော်တို့ကားက ခရီးဆက်ရဦးမှာဗျို့"

"လာပါ ရတီရယ်၊ လာပါ"

သူက ကိုယ့်ဘက်ပါနေသော မျက်လုံးတွေရဲ့အားကိုးဖြင့် ရတီ့လက်ကိုပါ ညာတာပါတေးကိုင်ပြီး ဆွဲခေါ်လို့လာလျှင် ရတီက ရန်းရင်းကန်ရင်း လိုက်ပါလို့လာသည်။ စပါယ်ယာကတော့ ချစ်ဖို့ကောင်းစွာပဲ ကားအောက်ထဲက ရတီ့အိတ်ကို ဆွဲထုတ်ပေးထားလေသည်။

သူတို့နှစ်ယောက်စလုံး အောက်သို့ ရောက်လျှင် ကားကြီးက သူတို့ကို ချန်ထားရစ်ကာ မန္တလေးမြို့သို့ မောင်းနှင်သွားတော့သည်။

သူသည် တင်းမာစူပုပ် မှုန်တင်းနေသော ရတီ့ရဲ့ မျက်နှာလေးကို ချစ်မဝစွာဖြင့် ငုံ့ကြည့်မိကာ ပခုံးလေးကို ဖွဖွ ကိုင်မိသည်။

"ရတီ ... ကိုယ် ဦးသိဟန်နဲ့ တွေ့ပြီး သူက ရှင်းပြလို့ အားလုံး သိပြီးသွားပါပြီ၊ သူကလည်း ရတီ့ကို သမီးအရင်း ဖြစ်ကြောင်း တရားဝင် ကြေညာတော့မှာတဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင့်ပြေသွားပါပြီ ရတီ၊ ကိုယ့်ကိုလည်း ခွင့်လွှတ်ပါ၊ ကိုယ်ဟာ ရတီ့ကို အရမ်းချစ်လို့ စိုးရိမ်ပြီး ဒီလိုတွေ ဖြစ်သွားခဲ့ရတာပါ ရတီရယ်"

ရတီက သူ့မျက်နှာကို အံကြိတ်ပြီးကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ် ရှင် ကျွန်မသိက္ခာကို အထင်သေးခဲ့တယ် မဟုတ်လား၊ ကျွန်မ ကိုယ်ကျင့်တရားကို မယုံကြည်ခဲ့ဘူး မဟုတ်လား"

"အဲလို မဟုတ်ပါဘူး ရတီရယ်၊ ကိုယ် ရတီ့ကို ယုံခဲ့ပါတယ်၊ နောက်ဆုံး သံသယဝင်ခဲ့တယ် ဆိုရင်တောင် အချစ်ကတော့ လုံးဝ လျော့မသွားဘူး ရတီ ...

ရတီ ... ဘာပဲဖြစ်ဖြစ် ကိုယ် ချစ်မြဲချစ်လျက်ပါ"

သူမက နှုတ်ခမ်းတွေကို လှပစွာ မဲ့ရွဲ့ကာ ...

"ဟွန်း ... မထင်ရက်စရာပဲနော်"

"ဟုတ်တယ်၊ ရတီကလည်း အဲဒီလို လုပ်လိမ့်မယ်လို့ ကိုယ်ကို မထင်ရက်စရာပဲနော်၊ အစကတည်းက ပွင့်ပွင့်လင်းလင်း ဖွင့်ပြောခဲ့ရင် လူတွေက ဒီလိုတွေ သို့လော သို့လော ဘယ်ထင်တော့မလဲ ...

အခုတော့ မထင်တောင်းစရာ ရတီရယ်"

"တော်ပါပြီ ဆက်မပြောနဲ့တော့"



သူမအား အနိုင်နဲ့ပိုင်းကာ ခပ်ငေါက်ငေါက်ဆေး အော်လျှင် သူက အဲဒီပုံစံလေးကို အဆုံးမရှိ ချစ်မြတ်နိုးသွား သည်။

ဒါကြောင့် ရင်ထဲကလာသော အသံဖြင့် လှိုက်လှဲစွာ ခေါ်မိကာ ...

"ရတီ ... ကိုယ့်ကို ချစ်တယ်လို့ မပြောသေးဘူးနော်၊ ခုချိန်မှာ ရတီက သူဌေးသမီး ဖြစ်သွားပြီဆိုတော့ ကိုယ့်လို လူတစ်ယောက်ကို ချစ်နိုင်သေးရဲ့လား"

"ကျွန်မက လူတစ်ယောက်ရဲ့အချစ်ကို ကြွယ်ဝမှုနဲ့ မဆုံး ဖြတ်ပါဘူး၊ ကျွန်မအပေါ်ထားတဲ့ စိတ်ရင်းအမှန်နဲ့ပဲ ဆုံး ဖြတ်တာ၊ ဒါကြောင့်လည်း ရှင် အထင်လွဲမှာကို မစိုးရိမ်ဘဲ တမင် ဖွင့်မပြောခဲ့တာပေါ့"

"ရတီရယ် ... ဒါဆို ကိုယ့်အချစ်က စစ်မှန်တယ် ဆိုတာ ယုံပြီပေါ့နော်"

"ယုံပါဘူး၊ ရှင့်အချစ်က မစစ်မှန်ဘူး၊ ကျွန်မအချစ်ကသာ စစ်မှန်တာ"

သူက ပထမတော့ အဲဒီအဓိပ္ပာယ်ကို နားမလည်။ နောက်မှ နားလည်ပြီး သူမကို ဆွဲဖက်လိုက်လျှင် သူမက သူ့ ရင်ခွင်ထဲသို့ အလိုက်သင့်စီးမျောလာသည်။ သူ့ပခုံးပေါ်မှာ သူမ ရဲ့ အပြုံးလေးက မေးတင်လာချိန်ဝယ် သူသည် ဘဝမှာ ကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



စရာအကောင်းဆုံးအချိန်တစ်ခုကို မထောင်ရက်စရာ ပိုင်ဆိုင်မိပြီဟု ကိုယ့်ဟာကိုယ် နားလည်နိုင်သွားခဲ့လေသည်။

**ရှိသေလေးစားလျက်**

**ချစ်မြတ်မွန်မွန်**

**24th Sept: 2009.**

**10:00(P:M)**

BURMESE CLASSIC .com

ဧ စ တ နှ ၁ စ ၁ ဧ ပ

၏

## အ မှ တ် တ ရ အ စီ အ စဉ်

မမြတ်.

ကျွန်တော် ပထမဦးဆုံးအကြိမ် စာရေးလိုက်တာပါ။ ဝါရင့်စာရေးဆရာတွေ အများကြီးရှိတဲ့ စာပေလောကထဲကို ချစ်မြတ်မွန်မွန်ဆိုပြီး ထိုးဖောက်ဝင်ရောက်နိုင်တဲ့ မမြတ်ကို တကယ်ချီးကျူးမိတယ်။ ကျွန်တော် မမြတ်ရဲ့ ထွက်ပြီးသမျှစာအုပ်တွေကို ဖတ်ပြီးပါပြီ။ မမြတ်ရဲ့ စာအုပ်တွေကို ဖတ်ရတာ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်နေရသလိုပဲ ခံစားရတယ်။ ပျော်ရွှင်စရာကောင်းတဲ့ ကျောင်းသားဘဝကို နောက်ကြောင်းခံပြီး ဇာတ်လမ်းလေးရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ မမြတ်ရဲ့ ဇာတ်ကောင်အမည်တွေက ဆန်းတယ်နော်။ မမြတ်ရဲ့ စာအုပ်ငှားရဖို့အတွက် စာအုပ်ဆိုင်တွေမှာ အမည်စာရင်းတွေတောင် ပေးထားကြရတယ်။ မမြတ်ရဲ့ အနုပညာ အရည်အချင်းကို လေးစားမိတယ်ဗျာ။ မမြတ်ရဲ့ နောက်ထပ် အသစ်ထွက်လာမဲ့ စာအုပ်ကိုလည်း မျှော်နေပါတယ်။ မမြတ် အနုပညာလောကမှာ လင်းလက်သော ကြယ်တစ်ပွင့် ဖြစ်လာပါစေ။

မမြတ်ရဲ့

ထာဝရ ပရိသတ်

ကျော်ဇေဦး 2nd year (Eco)

မကွေးတိုင်း၊ ပွင့်ဖြူမြို့

အနောက်ပိုင်း၊ ယုဇနလမ်း(ရဲရွာ)မြို့၂

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ

မဆုမြတ် သမီးက မဆုမြတ်ရဲ့ အာမခံပရိသတ်ပါ။ မဆုမြတ်ရဲ့ ဝတ္ထုတွေကို မလွတ်တမ်းဖတ်ပါတယ်။ 'အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား'ဆိုတဲ့ စာအုပ်လေးကို အရမ်းကြိုက်ပါတယ်။ မဆုမြတ်ရေ သူငယ်ချင်း (၃)ယောက်ပါတဲ့ ဇာတ်လမ်းလေးတွေကို ရေးပေးပါဦးနော်။ မဆုမြတ် သမီးတို့ အားပေးတာကို အသိအမှတ်ပြုတယ်ဆိုရင် ပြန်စာနဲ့ အတူ ဓာတ်ပုံလေး ထည့်ပေးပါအုံးနော်။

မဆုမြတ်ရဲ့
အာမခံ ပရိသတ်
အေးမိုးမိုးကျော်

ဦးအေးရွှေ (အလှတုန်ဆိုင်)။
ဆိုင်မှတ်(49) ဈေးကြီး (၃)ရုံ။
အနောက်ဘက်ထိပ်၊ ပြည်မြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဆုမြတ်

မမရဲ့ဝတ္ထုတွေမှာ ဇာတ်ဆောင်တွေအတွက် သုံးနှုန်းထားတဲ့ စကားလုံးလေးတွေက အရမ်းမိုက်တယ်။ စာအုပ်တွေအများကြီးဖတ်ဖူးတယ်။ ဒါပေမယ့် မမရဲ့ ဝတ္ထုတွေကို အကြိုက်ဆုံးပါပဲ။ မမရဲ့ စာအုပ်တွေက မဖတ်ဘဲ မနေနိုင်လောက်အောင် ဆွဲဆောင်မှုရှိတယ်။ မမရဲ့ စာအုပ်တွေကို နေနေတို့ သူငယ်ချင်းတွေကလည်း အရမ်းကြိုက်တယ်။ မမက စိုးမြတ်သူဇာနဲ့တူတယ်။ မြှောက်ပြောတာ မဟုတ်ဘူး။ တကယ်ပြောတာပါ။ မမဒီထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းဖြင့်။

ညီမလေး
နေပိုင်း

www.burmeseclassic.com